www.burmeseclassic.com



# သာရ

BURMESE CLASSIC

# ချစ်ဇနီး ချစ်လင်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်သူများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

# ချစ်ဇနီးချစ်လင်

## သာဓု

ပဏ္ဏမြားဧမောက်စာပေ
အမှတ်-၁၆၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၂၈၄၃၈၇

www.burmeseclassic.com

www.burmeseclassic.com

တတိယအကြိမ်

အုပ်ရေ (၁၀၀၀)

ဇွန်လ-၂၀၀၃ ခုနှစ်

တန်ဖိုး - [redacted] ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၉၄၀/၂၀၀၀ (၁၂)

မျက်နှာဖုံးခွင့်ပြုအမှတ် - ၆၇၂/၂၀၀၁ (၈)

မျက်နှာဖုံးပုံနှိပ် - ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဒေါ်နှင်းရီ (၀၄၅၆၀)
သဇင်ပုံနှိပ်တိုက်
အမှတ်-၁၃၉၊ လမ်း- ၅၀၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ်(၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

မျက်နှာဖုံးဒီဇိုင်း - နေမင်းဦး

ကွန်ပျူတာစာစီ - သန်းသန်းရီ

ဖြန့်ချိရေး - ပတ္တမြားမောက်စာပေ
အမှတ်- ၁၆၈၊ ၃၃ လမ်း၊ ရန်ကုန်။
ဖုန်း - ၂၈၃၃၈၇

# ချစ်ရဦး ချစ်လေင်

တစ်ယောက်လက်မောင်း တစ်ယောက်ဖက်၍ မျက်နှာချင်းထိလုနီးပါးမျှ အိပ်မောကျနေသော ကိုလှပိုနှင့် မြမြတင်တို့၏ အိပ်ခန်းထဲသို့သာ တစ်စုံတစ်ယောက်သည် ဝင်ခွင့်ရအံ့၊ တစ်နည်းအားဖြင့် သူတို့ဇနီးမောင်နှံ အိပ်စက်နေဟန်ကို ကြည့်ရှုခွင့်ကြုံရအံ့။ မည်သူမဆို...ဖိုဖိုမမ ကိလေသာစိတ် မကုန်သေးသူမှန်က ကောန်မှချပင် အားကျပေမည်။ သူတို့နည်းတူ အဆင်ပြေချင်မည်သာဖြစ်၏။

အမှန်မှာ မြမြတင်တစ်ယောက်တည်းသာလျှင် နိမ့်တုန်မြင့်တုန် ရင်အုံကလေးတကြွကြွနှင့် နှစ်နှစ်ကာကာ အိပ်မောကျနေလျက် ကိုလှပိုမှာမူ အဘယ်အချိန်က နိုးနေသည်မသိ၊ ကြည်ကြည်လင်လင် ပွင့်နေပြီဖြစ်သော မျက်လုံးများဖြင့် သူ့ဇနီးကလေးအား ရှုမငြီး တင်းမတိမ် နိုင်သလို စိမ်ခံ၍ ကြည့်နေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာလျှင် ကိုလှပိုလည်း သူ့အား ဖက်တွယ်ထားသော မြမြတင်၏ လက်ကလေးကို အသာအယာမ,၍ ဖယ်လိုက်ပြီး တတ်နိုင်သမျှ ညင်သာစွာ ထ,ထိုင်လိုက်၏။ သို့...ထိုင်ရင်းကပင် မြမြ၏ မျက်နှာကလေးကို စူးစူးစိုက်စိုက်ကြည့်၍ ကြည့်နေရာမှ တစ်ဖန် လက်နှစ်ဖက်ကို ထောက်မှေးရင်း၊ မြမြတင်အား ငုံ့၍ မွှေးလိုက်တော့မည်ပြုပြီးမှ ချစ်လှစွာသော ဇနီးကလေး နိုးသွားမည်စိုး၍လောမသိ ကိုယ်ရှိန်ကိုသတ်ပြီး ခပ်မတ်မတ် ပြင်ထိုင်လိုက်ကာ ...မကြာမီ ခုတင်ပေါ်မှ အသာဆင်း၍ ခြေဖျားကလေး ဖော့နင်း၍ တစ်လှမ်းချင်း ထွက်ခွါသွားတော့၏။

ကိုလှပို ထွက်ခွါသွားပြီးသည့်နောက်... မိနစ်ကိုးဆယ် လောက် ကြာသည့်တိုင်အောင်..,မြမြတင်မှာမူ နိုးရန်ကိုမဆိုထားဘိ ပုံပျက်ရုံကလေးသော်မျှ လွန့်လူးဖော်မရဘဲ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိနေသေး၏။

ဖိုဖိုမမ ကိလေသာစိတ် မကုန်သေးသူမှန်က သူတို့ဇနီး မောင်နှံ၏ မြင်ကွင်းကိုတွေ့ရလျှင် ကေန်မှုချ အားမကျဘဲ နေနိုင်မည်မဟုတ်၊ သူတို့နည်းတူ အဆင့်မြေချင်ကြမည်သာ ဖြစ်၏။

သို့လျှင် ဂုဏ်တင်ခဲ့ရသို့ အကြောင်းမဲ့ဟူ၍ မှတ်ချက် မချမိစေရန် တစေ့တစောင်းအားဖြင့် နောက်ကြောင်းကို ပြန်လည် တွေးထင်သည်ရှိသော်...

ကိုလှပို...

သူ့တွင် ခေတ်ပညာဟုခေါ်နေကြသော အရည်အချင်းမှာ များများစားစားမရှိ၊ တက္ကသိုလ်ဝင်တန်းလောက်အထိသာ သင်ခဲ့ ဖူး၏။ ထိုပညာမှာလည်း ချောင်ချောင်ချိချိ သင်ခဲ့ရသည်မဟုတ်။ မုန့်ဟင်းခါးရောင်းရင်း ဝမ်းကျောင်းနေရရှာသော မုဆိုးမ မိခင်ကြီး၏ ချွေးနဲစာဖြင့် ထိုစာကို သင်ခဲ့ရ၏။



မြမြတင်...

သူသည်လည်း ကိုလှပိုနှင့် တန်းတူလောက်သာ ခေတ်ပညာ ကို သင်ကြားခဲ့ဖူးလျက်၊ အခြေအနေအားဖြင့်ဆိုသော် သိန်းနှင့်ချီ၍ ကြွယ်ဝသူ ရွှေကျင်ဆေးကုန်သည် မိဘတစ်စုံ၏ တစ်ဦးတည်းသော သမီးကလေး ဖြစ်၏။

ခေတ်သဘောအရ အရည်အချင်းကို သေးဖယ်လျက် ဂုဏ်ဒြပ်ချင်း ဆက်လိုက်ဘိမူ၊ သိသိသာသာ ကွာခြားနေ၏။ သို့တိုင်အောင် ကိုလှပိုနှင့် မြမြတင်တို့၏ မင်္ဂလာသည် နှစ်ဖက် မိဘ သဘောတူ ထည်ထည်ဝါဝါ ဆင်ယင်ခွင့်ရခဲ့ကြ၏။

ဤသည်၌လည်း အကြောင်းသည်ရှိ၏။ မြမြတင်၏ ဖခင် ဦးညိုမောင်မှာ သူနေထိုင်ရာ ရေကျော်လမ်း ပတ်ဝန်းကျင်၌ တဟင်ဟင် အံ့ဩယူရသော လူတစ်မျိုးကြီးအဖြစ် ကျော်ကြားခဲ့၏။

မြန်မာ့ထုံးတမ်း စဉ်လာတစ်ရပ်လို ဖြစ်နေသော အိမ်ထောင် ရေးကိစ္စနှင့် ပတ်သက်၍ မိဘသည် အထူးသဖြင့် သမီးဖြစ်သူ အရွယ်ရောက်လာပြီဆိုလျှင် အရိပ်တကြည့်ကြည့်နှင့် ပိုပိုရိုရို ထိန်းသိမ်းတတ်ကြ၏။ သို့...စောင့်ရှောက်နေသည့် ကာလအပိုင်း အခြားအတွင်းမှာပင် သမီးဖြစ်သူအတွက် ကြင်ဖက်ကို မိဘက ရှာလေ့ရှိကြ၏။ သမီးဖြစ်သူ မေတ္တာရှိသည်မှာ အကြောင်းမဟုတ် အုပ်ထိန်းသူမိဘက ရွေးချယ်ပေးစားသူကိုသာလျှင် လင်အဖြစ် ကြည့်၍ ချစ်ရမည်ဟူသော စနစ်သည် မြန်မာ့သားရေး သမီးရေး ကိစ္စတွင် ဦးကျိုးခဲ့ပြီ ဖြစ်၏။

မြမြတင်၏ ဖခင် ဦးညိုမောင်မှာမူကား၊ လူတစ်မျိုးဟု ကင်ပွန်းတပ်ခံရလောက်အောင်ပင် သားရေး၊ သမီးရေးကိစ္စ၌ ထူးခြားခဲ့၏။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ အိမ်ထောင်ရေးကိစ္စမှာ ဖေဖေတို့ ဘာမှ ဝင်မစွက်ဘူး၊ ကိုယ့်ကြင်ဘက်ကို ကိုယ်တိုင် လွတ်လပ်စွာ ရှာဖွေ ရွေးယူခွင့် ပြုလိုက်ပြီ..."ဟူသော ဦးညိုမောင်၏ စကားသည် ပတ်ဝန်းကျင်အနှံ့ တစ်မဟုတ်ခြင်း ပြန့်ပွားသွားတော့၏။

ချီးကျူးသူလည်းရှိ၏၊ ကဲ့ရဲ့သူတွေလည်း မရှား၊ သို့သော် ဦးညိုမောင်ကား လားလားမျှ ဂရုမစိုက်ခဲ့ဘဲ ထိုစီမံကိန်းအတိုင်းပင် သမီးဖြစ်သူ မြမြတင်အား သူ့အိမ်ထောင်ရေးအတွက် သူ့ကြမ္မာ သူဖန်တီးခွင့် ပြုခဲ့၏။

"ခုခေတ်မှာ တော်ရုံမိဘ မပေးနိုင်တဲ့ အခွင့်အရေးမျိုးကို ပေးလိုက်တာဟာ သမီးမှာရှိတဲ့ အရည်အချင်းကို စိတ်ချလို့ဆိုတာ ဘယ်တော့မှ မမေ့လေနဲ့... သမီးဟာ ပေါင်ဒါဝယ်တာကအစ ဘယ်ဟာ အကောင်းဆုံးဆိုတာ ရွေးတတ်သလို၊ အိမ်ထောင်ဖက် ရွေးရာမှာလည်း တတ်နိုင်သလောက် အကောင်းဆုံးနဲ့ အဆင်ပြေဖို့ကို ရွေးတတ်ရမယ်။ ပြီးတော့ ဖေဖေတို့ ခုလို ခွင့်ပြုလိုက်တဲ့ စေတနာကို တန်ဖိုးထားတဲ့အနေနဲ့ ဖေဖေတို့ပါ သဘောမျှ ကြည်ဖြူနိုင်မယ့် လူမျိုးကို သမီး ရွေးတတ်လိမ့်မယ်လို့လည်း ဖေဖေတို့ ယုံကြည်တယ်..."

စင်စစ်သော် ဦးညိုမောင်သည် လူကုံထံလောက ညြချယူရလောက်အောင်...သမီးကလေးအား ထူးထူးခြားခြား အခွင့်အရေး ပေးခဲ့ရာ၌ စည်းမဲ့ကမ်းမဲ့ကားမဟုတ်၊ ဆိုခဲ့သည့်အတိုင်း တဖွဖွ သတိပေးလေ့ ရှိသည်သာ ဖြစ်၏။

"မြန်မာတစ်ပြည်လုံးကို ဖယ်ထား၊ ရန်ကုန်တစ်မြို့တည်း မှာတင် သမီးတို့နဲ့ ရွယ်တူ လူပျိုတွေဆိုရင် ရိုက်သတ်လို့တောင် ကုန်နိုင်စရာ မရှိလေတော့ ခုန ဖေဖေပြောသလို ဖေဖေတို့လည်း သဘောကျ၊ သမီးကိုယ်၌ကလည်း ကြည်ဖြူမယ့် လူပျိုတစ်ယောက်ကို ဒီလောက်များလှတဲ့ လူပျိုထုထဲက သမီး ရွေးထုတ်ဖို့ဟာ မခဲယဉ်းပါဘူး သမီးရယ်နော်..."ဟူ၍လည်းကောင်း။

"မိန်းကလေးတွေဟာ ယောကျ်ားကလေး တစ်ယောက် ယောက်ကို မေတ္တာရှိလာပြီဆိုရင် ဒီလူ့ရဲ့ကိုယ်ကျင့်တရား ကောင်း, မကောင်းဆိုတာတွေ ထည့်မစဉ်းစားချင်ကြဘူး။ (တူနှစ်ကိုယ်–တဲအိုပျက်မှာနေရ)ဆိုတဲ့ သီချင်းထဲက စာသားကို ဇွတ်နှစ်ကြတယ်၊ အဲဒီသီချင်းထဲမှာပဲ ပါတဲ့ (ရွှေပုံပေါ်မှာစံရ)ဆိုတဲ့ အပိုဒ်ကိုတော့ ဘာကြောင့် မေ့ထားချင်ကြတယ် မသိဘူး။ ဒါကို ဖေဖေ့သမီးကတော့ သဘောပေါက်တယ် မဟုတ်လား..."ဟူလည်းကောင်း။

"ဩ... သမီးကို ဟိုသူငယ်က ချစ်သတဲ့လား... သူ့မှာ ဘယ်လို အရည်အချင်းတွေ ရှိသလဲ၊ အရည်အချင်းဆိုတာက ငွေတို့၊ ဂုဏ်တို့ကို ဖေဖေမဆိုလိုဘူးနော်...အသက်မွေးဝမ်းကျောင်း ပညာ အရည်အချင်းကို ပြောတာပဲ၊ မိန်းမလည်း လိုချင်တယ်၊ ကိုယ့်ကိုယ်၌ကလည်း မိဘကို မှီခိုစားသောက်နေရတယ်...အဲသလို မပြည့်ဝတဲ့ လူတစ်ယောက်က သမီးကို ချစ်သတဲ့လား၊ ဘယ်လို အချစ်မျိုးနဲ့ ချစ်တာတဲ့လဲ လင်မယားဖြစ်ရရင် ပြီးရောဆိုတဲ့ အချစ်မျိုးနဲ့တော့ သူတောင်းစားကလည်း ချစ်တတ်တာပဲ မဟုတ်လား သမီးရဲ့...ဟင်..."ဟူ၍ တစ်နည်း။

"ဒီအသီးက ချိုတယ်၊ လူကို အားဖြစ်စေတယ်၊ ဟိုအသီးကတော့ ဆိမ့်တယ်၊ ဒါပေမယ့် ဥပါဒ်ပေးတတ်တယ်၊ ဘယ်အသီးကတော့ စားရင် မူးတတ်တယ်၊ မူးတတ်တယ်ရယ်လို့ ဥပမာတွေ ပေးပြီး သမီးကို နည်းလမ်းညွှန်ပြခဲ့ပြီ။ အဲဒီတော့ သမီးကြိုက်ရာ ကိုရွေး၊ ဘယ်လိုလူစားဖြစ်ဖြစ် ဖေဖေ ပေးစားမယ်၊ အား...



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုတော့ ရှိတယ်။ ဘာပဲဖြစ်ဖြစ် မိဘမှန်ရင် သားသမီးကောင်းစားတာကိုသာ မြင်ချင်တယ်ဆိုတဲ့ မိဘမေတ္တာအတိုင်း ဖေဖေ အမြဲသတိပေးခဲ့သလို အားလုံးအဖို့ အဆင်ပြေနိုင်မယ့် ကြင်ဖက်မျိုးကို ရွေးရင် သမီးစံရမှာပဲ၊ ဒီလိုမှ မဟုတ်လို့ တူးတူးခါးခါး ညားရရင်ပြီးရောဆိုတဲ့ သဘောမျိုးနဲ့ ဘာအရည်အချင်းမှ မရှိတဲ့ လူစားကို ရွေးမိရင်တော့၊ အေး... ပေးတော့ ပေးစားမယ်၊ ဒါပေမယ့် အဲဒီနောက်ပိုင်းမှာ ကိုယ့်ထိုက်နဲ့ ကိုယ်ကံ ခံနိုင်ရည်ရှိရလိမ့်မယ်၊ ဖေဖေ ပြန်ကြည့်လိမ့်မယ်တော့ မထင်လေနဲ့...”ဟူ၍ တစ်ဖုံ။

စုံနေအောင် နည်းပေးလမ်းပြ သွန်သင်ဆုံးမခဲ့သည့်အတိုင်း မြမြတင်မှာလည်း အလိမ္မာတတ်ခံရှိသူကလေးပီပီ...သူ့ချစ်ရေးကို လေးလေးနက်နက် စဉ်းစားခဲ့၏။

ဦးညိုမောင်၏ ဆန္ဒမှာ သူက သဘောတူသည့်တိုင်အောင် သမီးဖြစ်သူ မကြည်ဖြူက ဇွတ်အတင်း ပေးစားရန် ရည်ရွယ်ရင်းမရှိ၊ သမီးကလည်း မေတ္တာမျှ၊ မိဘကလည်း သဘောကျ... ဤလို အစစ, အဆင်ပြေမှုကို လိုလားသူဖြစ်သည့်အတိုင်း ခင်မင်နီးစပ်ရာ ပေါ့ချမ်းသာမိတ်ဆွေတစ်ဦး၏ သားတစ်ယောက်ကိုပင် အိမ်ပေါ် တင်၍ သမီးနှင့် ယဉ်ပါးအောင် ကြိုးစားခဲ့၏။

ပထမသော်...ဦးညိုမောင် မျှော်လင့်သည့်အတိုင်း...သူကိုယ်တိုင် အိမ်ပေါ်ခေါ်တင်ထားခဲ့သော ကိုတင့်မောင်ဆိုသူနှင့် မြမြတင် အဆင်ပြေလုနီးနီးခရီးရောက်ခဲ့သေး၏။ သို့စေကာမူ...ကိုတင့်မောင်၏ အလျှင်စလို မူးရစ်ရမ်းကားမှုကြောင့် မြမြတင်က တူးတူးခါးခါး ငြင်းပယ်လိုက်သည့်တွင် အဆုံးသတ်သွားတော့၏။

ယခု မြမြတင်နှင့် အကြောင်းဆက်၍ ပေါင်းဖက်နေရပြီဖြစ်သော ကိုလှပိုမှာမူ မုန့်ဟင်းခါးသည် မဆိုးမ မိခင်တစ်ယောက်၏



သားမျှသာ ဖြစ်သည့်အတိုင်း သူ့အခြေအနေမှာ ရှင်းနေ၏။ ခေတ်ပညာဆို၍လည်း သာမန်ရာထူးကလေး တစ်ခုတစ်လေသော်မျှ ရနိုင်လောက်အောင် တတ်မြောက်သူမဟုတ်။

“လူမှာ အဓိက အရေးအကြီးဆုံးဟာ ကိုယ်ကျင့်တရားပဲကွဲ....ကိုယ်ကျင့်တရား လုံပြီဆိုရင် ဝမ်းရေးဟာ ဘာမှ မခဲယဉ်းတော့ဘူး... ပညာတွေ မိုးပျံအောင် တတ်ထားပေမယ့် ကိုယ်ကျင့်တရား ခေါင်းပါးနေရင် အလကားပဲ၊ လူအနေနဲ့ ဘာမှ တန်ဖိုးမရှိတော့ဘူး...”

ဦးညိုမောင်သည် သို့လျှင် ကိုယ်ကျင့်တရားကို အမြဲတမ်း တန်ဖိုးထား၍ ပြောလေ့ရှိခဲ့၏။ ထိုအရည်အချင်းသည် ကိုလှပို၌ ကျပ်ပြည့်ရှိခဲ့၏။

ငွေအင်အားအခြေအနေကြောင့်...ပညာရည်ပင် မဝ,ခဲ့သော်လည်း ကိုလှပိုတွင် အစွမ်းအစရှိကြောင်း၊ ဦးညိုမောင် ကောင်းကောင်း သိ၏။ အထူးသဖြင့် အမှန်တရားနှင့် ကိုယ်ချင်းစာ ဝါဒကို လက်ကိုင်ထား၍ ကျင့်သုံးတတ်သော ကိုလှပို၏ စိတ်နေသဘောထားကို ဦးညိုမောင် အနှစ်သက်ဆုံး ဖြစ်၏။ သို့ကြောင့်လည်း သမီးဖြစ်သူနှင့် ဝမ်းမြောက်ဝမ်းသာ မင်္ဂလာဆောင်ပေးခဲ့၏။

ဦးညိုမောင်သည် ဤမျှလောက်သာ ခေတ်မီသည်မဟုတ်သေး၊ သမီးနှင့် သမက်တို့၏ အိမ်ထောင်ရေး လွတ်လပ်မှုကိုပါ ရှေ့ရှုသောအားဖြင့် တိုက်ကလေးတစ်လုံးပါ ဝယ်ပေးပြီး အနောက်အယှက်ဝေးဝေးဖြင့် အေးအေးလူလူ တစ်သီးတစ်ခြား နေခွင့်ပြုခဲ့၏။

သို့လျှင် အဆင်ပြေခဲ့ကြသလောက် သူတို့ ဇနီးမောင်နှံနှစ်ယောက် ချစ်လိုက်ကြသည်မှာလည်း ပြောစရာမရှိ၊ တစ်ယောက်မျက်နှာ တစ်ယောက်ပင် ကြည့်မဝနိုင်ဖြစ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟေး... မြ ပေါင်ဒါမလိမ်းတော့ဘူးလား..."

"ဟင့်အင်းကွယ်... အိပ်တော့မှာပဲဥစ္စာ...လိမ်းချင်တော့ဘူး..."

"ဒါဖြင့် 'ဒီညအဖို့မှာ ကိုယ် မွှေးမွှေးကြိုင်ကြိုင် မအိပ်ရတော့ဘူးပေါ့"

"ဘာဆိုင်လို့လဲ...မွှေးမွှေးကြိုင်ကြိုင် အိပ်ချင်ရင် ကိုယ့်ဟာကိုယ် လိမ်းအိပ်ပါလား"

"ပေါင်ဒါနှင့် အမွှေးနံ့သာတို့မည်သည်မှာ မိန်းမများကသာ လိမ်းချယ်သည်မှန်သော်လည်း စင်စစ်သော်... ယောကျ်ား(ဝါ) မိမိတို့ လင်သားများအတွက်သာ ဖြစ်၏။ ထို့ကြောင့်...လိမ္မာပါးနပ်သော အိမ်ရှင်မသည် ချစ်သောလင်အတွက်..."

"ကဲ... ပိုမနေနဲ့တော့ လိမ်းမယ်"

ဤသို့လည်း ဘီတီတာတာ ကြည်နူးခဲ့ကြ၏။

"မြရေ... ဒီနေ့လေ... ကိုပို အော်ဖီရုံးသွားတော့ စာရေးမတစ်ယောက် ထုံးထားတဲ့ ဆံထုံးပုံစံတစ်မျိုး တွေ့ခဲ့ရတယ် ဆရာ... သိပ်ကြည့်လို့ကောင်းတာပဲ... ကဲ... လာမြ...ကိုယ်ထုံးပြမယ်..."

ချစ်သောလင် ပြန်ချိန်နီးတိုင်း ကျကျနန သ,ထားလေ့ရှိသော မြမြတင်သည် ယနေ့လည်း လှလှပပ ချယ်ထား၏။ တစ်ပတ်လျှိုသျှောင်တစောင်းနှင့် ဖောင်းရွရွ ဖွါရရာ လက်ျာဘက်သို့ ဖြာကျနေသော ဆံမြိတ်ကလေးမှာလည်း ကြည့်၍ မငြီးနိုင်အောင် တင့်တယ်နေပါလျက် ကိုလှပို၌ ရိုးနေပြီဖြစ်၍လောမသိ၊ ဤသို့ပြောရင်း မြမြတင်အနီးသို့ ချဉ်းကပ်သွားစဉ်...



"လာပြန်ပြီလားတစ်မျိုး...သူမလဲ မယားကို အလှပြင်ခိုင်းနေရတာနဲ့ အချိန်ကုန်နေတော့တာပဲ... သူများ တပင်တပန်းထုံးထားရတဲ့ ဆံထုံးကို ဖျက်ရဦးမယ်တဲ့... ကဲပါ မြဟာမြပဲလုပ်ပါ့မယ်၊ ကိုယ်တော်အကြိုက်တွေ့လာခဲ့ ဆံထုံးပုံစံသာပြောတော်မူ..."

"ဒီလိုပါ မြရဲ့... ဆံပင်ကို ကျစ်ဆံမြီးကျစ်ပြီး ဟောဒီလိုဂုတ်စောင်းမှာ ရွရွကလေး တင်ထားတယ်...ပြီးတော့မှ...ပန်းခက်တစ်ခက်ကို အဲဒီ ကျစ်ဆံမြီးပေါ် ကန့်လန့်ဖြစ်ပြီး နွဲ့နွဲ့ကလေး ညှပ်ထားပုံဟာ...ကိုပို့မျက်စေ့ထဲ ဘယ်လိုကြည့်လှမှန်း မသိဘူး၊ ဒါ့ကြောင့် ကိုယ့်မယားလေးလည်း အဲသလို လှသွားအောင်..."

"ဒါဖြင့်... မြကတော့ မလှဘူးပေါ့"

"ဟောလုပ်ပြီ...ဒီမှာ...ဒီမှာ...ကိုပိုပြောမယ်...ခုအတိုင်း မြဟာ တော်တော်ကလေး ချစ်စရာကောင်းတယ်ရယ်လို့ မြဟာမြသိတယ်နော်၊ ကဲ... လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်ကလို ပဒုမ္မာအကျီ လက်ပွပွနဲ့ ကြည့်လို့ လှမတဲ့လား၊ ကိုပိုက ဒီသဘောပြောတာပါ၊ မြဟာ လှတယ်...ဒါပေမယ့် အပြောင်းအလဲလေးနဲ့ ပြင်ပြင်ဆင်ဆင်ဆိုတော့ ပိုပြီး ချစ်စရာ ကောင်းတာပေါ့..."

ကိုလှပိုကလည်း ဤလို ရေရေလည်လည် ရှင်းပြလေ့ရှိ၏။ မြမြတင်ကလည်း အကြိုက်ကိုဆောင်ရင်း... မမောနိုင်အောင် အလိုဖြည့်၏။ ဤသို့လျှင် ချစ်ခဲ့ကြသော သူတို့ ဇနီးမောင်နှံ၏ ကြည်နူးဖွယ် ချစ်ကိစ္စကလေးများမှာ တစ်ခုနှင့်တစ်မျိုး ထပ်သွားသည်ဟူ၍ မရှိသလောက်ပင် အမယ်မယ် ပွားနေခဲ့၏။

သူတို့ ဇနီးမောင်နှံအဖို့၌ အချစ်နှင့် ယှဉ်သော တီတီတာတာ စကားဟူသမျှ မပြောဘူးသည်မရှိ၊ မြတ်နိုးသည့်အမူအရာ၊ ပြောင်နှာ

www.burmeseclassic.com

www.burmeseclassic.com



သည့်အသွင်တို့မှာလည်း သူတို့၌ အသစ်တွင်စရာပင် ကုန်သလောက် ရှိနေပြီ ဖြစ်၏။

တစ်နေ့သော်... မဆီမဆိုင် စကားဦး ယိုင်သွားပြီး...

"မြ တစ်ခုမေးမယ် စိတ်မဆိုးနဲ့နော်... ကိုပို၊ မြကို မမေးခင်က ရည်းစား ဘယ်နှစ်ယောက်ထားဖူးသလဲ...ဟင်..."

"လေးယောက်..."

"ဘယ်သူရယ်... ဘယ်သူရယ်လဲ... ကိုပို"

"ချစ်ဇနီးရယ်–မယားလေးရယ်... မြမြတင်ရယ်–ဟောဒီ မြရယ်..."

"ကြည့်ပါလား... ဒီက အကောင်းမှတ်လို့ နားထောင်နေတာ..."

"ကိုပိုကလည်း တကယ်ပြောတာပါ...ဝေးချင်တဲ့ သစ္စာပေး ကိုပို့အဖို့မှာ အချစ်ဦးလည်း မြပဲ... မယားဦးလည်း မြပဲ..."

မြမြတင့်၌ ကြည်ကြည်လင်လင်ကလေး ရွှင်သွားရာမှ...

"မြရဲ့ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ချစ်တဲ့ အချစ်ဦးဟာလည်း ကိုပိုပဲလို့ ဆိုရင် ယုံမလား..."

"ယုံပြီလား မြရယ်... ဟောဒီ နှလုံးသည်းပွတ်ထဲကကို ယုံတယ်"

"ဒါနဲ့ မြတို့အိမ်မှာ အရင်နေသွားတဲ့ ကိုတင့်မောင်နဲ့ ပတ်သက်လို့ မြအပေါ်မှာ ကိုပို သံသယကင်းရဲ့လား...ဟင်..."

အိမ်ထောင်ရေး အဆင်ပြေမှုတွင် လုံးဝ အထောက်အပံ့ မပြုရုံသာမကသေးဘဲ၊ ကြီးလေးသော စိတ်ဒုက္ခဖြင့်သာ အဆုံးသတ်လေ့ရှိသည့် ထိုထို မလိုလားအပ်သော စကားမျိုးကို မြမြတင် အဘယ်ကြောင့် အစဖော်သည်မသိ၊ စင်စစ်သော် ဤလို ကိစ္စမျိုးသည် ညားပြီးသည်၏ ဤမှာဘက်၌ အမှန်ပင် ပေါ်လာသင့်သော ပြဿနာမျိုး မဟုတ်။

"ဒီနောက်ကြောင်းတွေကို ဘာပြုလို့ တွေးနေ မေးနေရတာလဲ မြရယ်၊ ခုလောလောဆယ်မှာ မြက ကိုပိုကို ချစ်တယ်၊ ကိုပိုကလည်း မြကို ချစ်တယ်၊ တစ်ယောက်ကိုတစ်ယောက် စံချိန်မီမီ ကြင်နာကြတယ်၊ ဘာလိုသေးတုန်း၊ ကဲ... အိပ်တော့မြ... ၁၀–နာရီတောင် ထိုးလုနေပြီ..."

ကိုလှပိုလည်း ပြောပြောဆိုဆိုပင် ခြေရင်းရှိ သင်္ကလပ်စောင်ကို လှမ်းယူ၍ မြမြတင်အား လွှမ်းခြုံပေးလိုက်ပြီးသည်၏ မရှေးမနှောင်းမှာပင် မာတ်မီးရောင်မှိတ်ပြီး အသံတွေပါ တိတ်သွားတော့၏။

ည... သုံးနာရီလောက်တွင်မူ...

"မြ... ခဏလောက် ထစမ်းပါ" ဟူသော အသံနှင့်အတူ ကိုလှပိုက မြမြတင်အား အသာလှုပ်၍ နိုးလိုက်သဖြင့်...မြမြတင်ကလေး အလူးအလဲ ထထိုင်မိသည့်တွင်...

"ကိုလှပို လုံးဝမေ့နေတဲ့ ပြဿနာတစ်ခုကို မြက အစဖော်လိုက်လို့ ကိုပို တစ်ညလုံး အိပ်မပျော်ဘူး..."

"ဟင်... ကိုပို ဘာတွေပြောနေတာလဲ မောင်ရယ်..."

"မောင်ရယ်တွေ ဘာတွေ လုပ်မနေနဲ့တော့ မြရယ်၊ ကိုပို မေးချင်တာတစ်ခု ရှိတယ် ဟို... ကိုတင့်မောင်ဆိုတဲ့ လူနဲ့ မြနဲ့ တကယ်မှ လွှတ်လွှတ်ကင်းကင်း ရှိကြရဲ့လားဆိုတာ ကိုပို အမှန်အတိုင်း သိချင်တယ် ဒါပဲ..."

"ကိုပို ဘာတွေ မေးနေတာလဲ...စောစောကတော့ ဒီနောက်ကြောင်းတွေ မေးဖို့ မလိုဘူးဆို..."

www.burmeseclassic.com

www.burmeseclassic.com



"အေး… စောစောက မလိုပေမယ့် ခုလိုတယ်… ကိုပိုက မြကို သန့်သန့်ရှင်းရှင်း ချစ်ခဲ့ သို မြကလည်း စင်ကြယ်ဖို့ လိုတယ်…"

သို့လျှင် မရောင်ရာ ဆိုလူးမိရာမှ ကမူးရှူးထိုး စကားရော အခြေအနေပါ ဆိုးလာပြီး၊ နောက်ဆုံး၌ ထိုထိုအမေးအဖြေမှာ အစစ်အမှန်မဟုတ်ဘဲ၊ စောစောက စကားဆက်ကို ဖွဲလန်း၍ မက်နေသော အိပ်မက်ဖြစ်ကြောင်း ကိုလှပို နိုးလိုက်မှပင် ကောင်းကောင်းကြီး ရေလည်သွားတော့၏။

"ခုနတုန်းက…မြနဲ့ ကိုပိုနဲ့ ရန်မဖြစ်ဘူးနော်…"

"တောက်တီးတောက်တဲ့…ဘာလဲ မြ…ဘာတွေ အိပ်မက် မက်နေတာလဲ… ပြောစမ်းပါဦး အချစ်ရယ်"

"မြ… အိပ်မက် မက်တယ်… ကိုပို၊ ကိုပိုက မြကို စိတ်ဆိုးပြီး ရန်ဖြစ်ကြရာက ကိုပို ဆင်းသွားလို့တဲ့"

"ရန်ဖြစ်တယ်၊ စိတ်ဆိုးတယ် ဟုတ်လား… ဟင်း… ကိုပိုတို့ ချစ်အဘိဓာန်ထဲမှာ စိတ်ဆိုးတာ၊ ရန်ဖြစ်တာတွေ မပါဘူးလို့… မြကို ဘယ်နှစ်ခါပြောရမလဲ၊ ဟင်… ကြည့်စမ်းပါဦး မျက်ရည်တွေလည်း ရွဲလို့"

"ဟုတ်တယ်…မြ အိပ်မက်ထဲမှာ ငိုလိုက်တာလေ၊ ကိုပိုက မြကို မပေါင်းတော့ဘူး ဆိုပြီး ဆင်းသွားလို့…"

"ကဲ… ဒါတွေမပြောနဲ့တော့ မြရယ်၊ အိပ်… အိပ် ကိုပို ချော့သိပ်မယ်…နော်၊ ကဲ…ဆွမ်းအုပ်နီနီ အဖေရှက်လို့ နက်ဖြန် မနက် ကျောင်းထွက်မယ်…"

"အို… ဒါ… မြကို ချော့သိပ်တဲ့ သီချင်းတဲ့လား"

"ဟုတ်ဘူးလေ…ဟောဒီထဲက ကိုပို့ သားကလေးကို…"



သို့လျှင် ပျက်ခဲ့သော ညက အိပ်ရေးကြောင့် မြမြတင်သည် ယခုတိုင် ကွေးကွေးကလေး ပျော်နေ့သေး၏။ ကိုလှပိုအသာထ,ပြီး ခြေဖွကလေး နင်း၍ ဆင်းသွားပြီးနောက်၊ နှစ်နာရီနီးပါးလောက်ကြာမှပင် မြမြတင် လူးလွန့်စ ပြုလာ၏။

ချက်ခြင်းဆိုသလိုပင် မျက်လွှာကလေး ပွင့်လာရာမှ ပျာပျာသလဲ ထ,ထိုင်ပြီး အနီးရှိ စားပွဲဝိုင်းကလေးပေါ်သို့ မျက်လုံးရောက်ဒ သွားတွင် နိုးစက်နာရီကလေး၏ လက်တံများက ၉–နာရီ ထိုးရန် ရှစ်မိနစ်ခန့်သာ လိုတော့သည်ကို ပြနေသောကြောင့် မြမြတင်ခမျာ မျက်လုံးကလေး ဝိုင်းသွား၏။

ခါတိုင်းကဲ့သို့ ဆံပင်ကလေးအစ ပြုပြင်ရန် မှန်တင်ခုံဆီသို့ မျက်နှာ မမူနိုင်တော့ဘဲ၊ ခုတင်ပေါ်မှ သုတ်သုတ်ပျာပျာ ဆင်းထွက်သွားတော့၏။

"ဟော… ကဲ… ဒါက ဘာလုပ်နေတာလဲ ကိုပို"

မီးဖိုတံခါးဝဆီမှ ထွက်ပေါ်လာသော မြမြတင်၏ စကားသံကြောင့် ကိုလှပိုလည်း ဖိုပေါ်တင်ထားသော အိုးတစ်လုံးကို မွှေနေရာမှ… ချာခနဲ လှည့်ကြည့်ရင်း…

"ဟော…မြ…နိုးလာပြီလား၊ ကဲ…သွား ရေလေးဘာလေး ချိုးချည်လေ…"

ကိုလှပို စကားအဆုံးတွင် မြမြတင်မှာ မီးဖိုအနီးသို့ ရောက်နေနှင့်ပြီ ဖြစ်လျက် ခါးကလေးသွက်သွက် ထောက်လိုက်ပြီးမှ…

"မေးတာ ပြောစမ်းပါဦး ကိုပို၊ ဒါက ဘာလုပ်တာလဲလို့"

"ကယ်ခက်ပါလား မိန်းမရယ်…,ဟင်းချက်နေတာ မြင်သားနဲ့ ကဲပါ ရေချိုးမှာ သွားချိုးချည်… အမိမေးခွန်းကို နောက်မှ

www.burmeseclassic.com

အေးအေးဆေးဆေး ဖြေပါရစေ…ဒီမှာ…ဟင်းတွေ တူးကုန်လို့ မိန်းမက ဆူနေပါဦးမယ်…”

မြမြတင်က ရင်ကလေး မောက်မော်က်ထားပြီး…ခါးကို နှာနှာထောက်ရင်းက ကြည့်နေစဉ်…ကိုလှပို ဤသို့ ပြောလိုက်သဖြင့် မလှမ်းမကမ်းတွင် ထိုင်၍ ကြက်သွန်ဖြူ လွှာနေသူ မထွေးအား တစေ့တစောင်း ငဲ့ကြည့်လိုက်၏။

“ဘာရယ်နေတာလဲ မမထွေးက…”

“အလိုတော်… ကိုယ့်လင်ကိုဖြင့်… ကိုယ်နိုင်အောင် မပြောဘဲ…ဘယ့်နှယ်…လူလာပြီး မဲနေပြန်ပါလိမ့်…”

မထွေးကတစ်ဖန် မဲ့ကာရွဲ့ကာနှင့် သရော်သလိုလို ပြောလိုက်ပြန်သောကြောင့်…

“ကိုပို အိပ်ရာက နိုးတော့…မြကို ဘာလို့ မနိုးတာလဲ ဟင်… ခု ဈေးဝယ် ဘယ်သူသွားသလဲ…”

“ကိုပို သွားတာပေါ့…”

“ကြည့်… ချက်တော့လည်း သူ့ဟာသူ ချက်နေတယ်၊ ဒါ…ယောကျ်ားအလုပ်လား ကိုပို ပြောစမ်းပါဦး…”

“ဒါတွေ ကို နောက်မှမေးပါလို့ ကိုပိုပြောတယ် မဟုတ်လား၊ ကဲ… ရေသွားချိုးမလား၊ မချိုးဘူးလား ဒါပဲပြော…”

“ချိုးဘူး…မြ မေးတာကို ပြောဦး…”

ကိုလှပိုက ဘာတစ်ခွန်းမျှ မဖြေသေးဘဲ ဟင်းအိုးထဲသို့ ရေအနည်းငယ် ထည့်လိုက်ပြီးမှ မြမြတင်နှင့် မျက်နှာချင်း ထိလုနီးနီး လှည့်ရပ်လိုက်ကာ…

“ကဲ…ရေသွားချိုးရင်ချိုး၊ မချိုးရင် လက်ပေကြီးနဲ့ ဖက်ပြီး မွှေးမွှေးပေးလိုက်မယ်…မမထွေး ခဏလောက် ဟိုဘက်လှည့်နေစမ်းပါ…”





ပြောပြောဆိုဆို ကိုလှပိုက ဖက်တော့မည့်ဟန် ..က်နှစ်ဖက်ကို မြှောက်လိုက်သည်တွင်မှ…

“အို…ကြည့်ပါလား…သူ…အရှူးလိုပဲ”ဟု ရှက်အန်းအန်းကလေး နောက်ဆုတ်ရင်း၊ မထွေးဘက်သို့ လှည့်ကြည့်ပြန်ကာ…

“အင်း…မမထွေးတို့ကတော့ ဒါမျိုးဆို သဘောကျပေါ့… ဟုတ်လား”ဟု လှမ်းမေးလိုက်သောကြောင့် တစ်ဘက်သို့ မျက်နှာလွှဲထားဟန် ဆောင်နေရာမှသင် မြမြတင်ဘက် လှည့်မကြည့်သေးဘဲ–

“ကဲ…မွှေးရင်လည်း မြန်မြန် မွှေးလိုက်စမ်းပါ ကိုလှပို၊ မျက်နှာလွှဲထားရတာ ညောင်းလွန်းလို့ပါ…”ဟု ပြုံးစေ့စေ့နှင့် ပြောလိုက်၍မှ စကားမဆုံးသေးမီ…

“မကောင်းဘူး… ကိုလှပိုရော…မမထွေးရော… တစ်ယောက်မှ မကောင်းတော့ဘူး…”

မြမြတင်လည်း သို့လျှင် တတွတ်တွတ် ပြောရင်း မီးဖိုခန်းထဲမှ နော့နော့ကလေး လှမ်းထွက်သွားတော့၏။

♥

မိနစ်နှစ်ဆယ်ခန့် ကြာလျှင်…မြမြတင်လည်း မှန်တင်ခုံတွင် ထိုင်ရင်း အမြိုင့်သား ဖီးလိမ်းပြင်ဆင်နေပြီ ဖြစ်၏။ နောက်ဆုံးအချောကိုင်သောအနေဖြင့် သွားပွတ်တံကလေး ဓာရှုရှုလှုပ်ရင်း နဖူး–နထင်နှင့် ဆံယဉ်နုနုနေရာများကို ၁၊,နေရာမှ ရုတ်တရက်ဆိုသလို ဆိုးဆိုးဆတ်ဆတ် ထ,ရပ်လိုက်ကာ…

“ဒါမျိုး ဘာရမလဲဆရာ၊ ဒီလို အခါမှာ ကိုပို ဒီလိုပဲ လုပ်တတ်တယ် ဆိုတာ မြသိနေပြီ၊ ဒါကြောင့် မှန်ထဲကနေပြီး အမြဲသတိထား ကြည့်နေတာ… သိလား…”

မြမြတင်လည်း လက်ကလေးဆန့်ကာရင်း ချစ်စရာကလေး ပြုး၍ပြောနေသည်နှင့် ထိုခုံကလေးနောက်တွင် ရပ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကိုလှပိုတွင် အားမလိုအားမရနှင့် ခပ်ဟားဟားကလေး ရယ်ချလိုက်၏။

"ဒီလိုဆို လွတ်ရောလား…မြ…ဟင်"ဟု ပြောပြောဆိုဆိုပင် ကိုလှပိုက ရှေ့ခနဲ ရှေ့တစ်လှမ်းတိုးလိုက်သည်တွင် မြမြတင်ကလည်း နောက်သို့ ရှိကနဲ ဆုတ်လိုက်က…

"မလုပ်နဲ့နော်…ဒါပဲ…သူများအလုပ်တွေ ပျက်ကုန်မယ်"

"ဒါဖြင့် ကြည်ကြည်သာသာလာခဲ့…ဒီနားကို…"

"ဟယ်… ကိုပိုမကောင်းဘူး။ သိပ်ဆိုးတာပဲ…"

ကြည်နူးခြင်းဖြင့် ယှဉ်သော မဲ့မဲ့ရွဲ့ရွဲ့ အမူအရာကလေးဖြင့် မြမြတင်က ညည်းညူရင်း နှုတ်ခမ်းကလေး တစူစူလုပ်နေသောကြောင့်…

"မနက်မိုးလင်းလာရင် ကိုယ့်ချစ်လင်က ဘယ်လို နှုတ်ဆက်တတ်တယ်ဆိုတာ မသိဘူးလား…"

"ဘာလဲ…မနက်က မြ အိပ်နေတုန်း၊ မွှေးပြီးပြီ မဟုတ်လားလို့…"

"ကြည့်… ဒီကတော့ စေတနာနဲ့… သူ အိပ်နေတာနိုးသွားမှာ စိုးလို့ မွှေးချင်ရက်နဲ့ မမွှေးဘူး၊ မြနိုးမှ တဝကြီးမွှေးမယ်ဆိုပြီး အားခဲနေတာသိလား… လာခဲ့… ကိုပို ဖြည်းဖြည်းလေး မွှေးမယ်… ကောင်းကောင်းခေါ်လို့မှ မလာရင်တော့…"

"ကဲ…လာမယ်…ထိရုံကလေး မွှေးရမယ်နော်"

ပါးစပ်ကပင် မူနေသော်လည်း…မြမြတင်သည် ကြည်ကြည်ဖြူဖြူလေး လှမ်းလာ၏။ အနီးသို့ ရောက်သည်နှင့် ကိုလှပိုလည်း မြမြတင်၏ ပါးနှစ်ဖက်ကို အသာမ,လျက် ရွရွကလေး မွှေးလိုက်၏။

"အားမရဘူး မြရယ်…"



"ဒါဖြင့်လဲ… သဘော"

ချစ်လင်ကို သနားသွားသလို မျက်တောင်ကလေး အစင်းသားနှင့် စေတနာတွေ ပွားလိုက်သည်တွင် ကိုလှပိုလည်း ကပိုကရိုဖက်ရင်း ရက်ရောစွာ မွှေးပစ်လိုက်၏။

"ကဲ… တော်တော့ကွယ် နော်…"

ဖက်ထားသော လက်ရှိန်ကို လျှော့၍ ဖြေလိုက်သည်နှင့် မြမြတင်လည်း ကိုလှပိုအား ချစ်ရှည်လည်နေသော မျက်လုံးများဖြင့် ကြည့်နေရာမှ ဆတ်ခနဲ ပြန်မွှေးလိုက်ပြီးမှ မှန်တင်ခုံတွင် ထိုင်ချရင်း သူ့အလှကို ပြင်နေရပြန်တော့၏။

နဖူးနှင့် ပါးနှစ်ဖက်မှ ပျက်သွားသော ပေါင်ဒါများကို မှန်တွင် ကြည့်ရင်း အစားပြန်ဖို့နေရာမှ…

"ကိုပို မနက်က မြကို ဘာလို့ မနိုးသလဲ…ဟင်…"

ကိုလှပိုက တစ်စုံတစ်ရာ အဖြေမပေးသေးဘဲ မြမြတင်နှင့် မျက်နှာချင်းဆိုင်မိသည်အထိ မှန်တင်ခုံကို မှီ၍ ရပ်လိုက်ပြီးမှ…

"ညက မြ အိပ်မက် မက်တယ် မဟုတ်လား၊ ပြုံးတော့ ငိုလိုက်တာလည်း မောလို့၊ ဒါကြောင့် မြ အိပ်ရေးပျက်မှာ စိုးတာနဲ့…"

"ကိုပို မရှက်ဘူးလား… ဟင်"

"ဘာကို ရှက်ရမှာလဲ မြရဲ့…"

"မနက်က ကိုပို ဈေးသွားဝယ်တယ်ဆို… အဲဒါ… ဘေးလူတွေက မြင်တော့ ဘာပြောမလဲ…"

"ဩ… သူဌေးသမီးယူမိလို့… လှပိုတစ်ကောင်တော့ ကိုယ့်ဟာကိုယ် ဈေးဝယ်ပြီး ကိုယ်တိုင်ချက်ကျွေးနေရပြီလို့ ပြောကြမှာကို ကိုပို ရှက်ရမယ်လား…"

www.burmeseclassic.com

"အင်း…ဘာတွေ ခေတ်မီဦးမလို့လဲ ဦးညိုမောင်ကလေး… ကိုပို ရွေးပေးမယ့် မြ ရက်တယ်… ခုလို… လင်လုပ်သူက ရွေးဝယ်ပြီး ကိုယ်တိုင် ချက်လား၊ ပြုတ်လား လုပ်နေတယ်ဆိုတော့ ပတ်ဝန်းကျင်က မြကို ဘာပြောမလဲ… အိမ်ရှင်မ မပီသတဲ့ ချောက်ကျော့နေချင်တဲ့ မိန်းမစားဆိုပြီး…"

"ကိုင်း…မြ…ဒါတွေ နောက်မှ ဆွေးနွေးရအောင်လား… ဟိုမှာ ၁၀–နာရီထိုးလုနေပြီ…ထမင်းစားကြစို့၊ ကိုပို ကိုယ်တိုင် ချက်ထားတဲ့ စားကြည့်စမ်း… မြနဲ့ ဘယ်သူ သာသလဲလို့… လာ…"

ပြောရင်းကပင် မြမြတင် လက်ကလေးကို တယုတယ ဆွဲခေါ်နေ၏။ မြမြတင်ကမူ သူ့စကားကို ထပ်ဆက်လိုသေးဟန် နှုတ်ခမ်းရွရွ လှုပ်နေပြီးမှ…

"အင်း…ကိုပို လုပ်ပုံကဖြင့် အတော့်ကို မကောင်းတာပဲ… ခါတိုင်း ဒီအချိန်ဆို ကိုပို ဆိုင်ရောက်နေပြီ… ဒီနေ့တော့… ထမင်းစားမှာနဲ့ ဘာနဲ့ ဆယ့်တစ်နာရီလောက်မှ…"

"ကပ်ပါဗျာ…ထ,တော်မူပါ…ကိုယ့်မယား ဒီလို တွေးပူတတ်တယ်ဆိုတာသိလို့…မနက်က ဈေးသွားရင်း ဖေဖေ့ကို ဝင်ပြောခဲ့ပြီး ပါပြီ… ဒီနေ့ နည်းနည်းနောက်ကျမယ်လို့"

"ဟင်…နို့…ကိုပိုက ဘယ်လို အကြောင်းပြခဲ့သလဲ… ဈေးဝယ်တာလည်း ဖေဖေသိသွားပြီပေါ့ ဟုတ်လား…"

"မသိပါဘူး မြရဲ့… ကိုပိုကတော့ ပြောမယ်တဲ့လား… ကိုယ့်မယား အရှုံခံရမယ့် ကိစ္စပဲ… အေး… မြ… နည်းနည်း နေမကောင်းဘူးလို့တော့…"



"အဲ… ကောင်းကြရော… ခုနေများ ဖေဖေတို့ စိတ်ပူပြီး လိုက်လာရင် မခက်သေးဘူးလား…ဒီမှာဖြင့် ဖီးလိမ်းထားလိုက်တာ ကျော့လို့…"

"အို… နောက်မှ ကြည့်ရှင်းတာပေါ့ မြရယ်… လာပါ ထမင်းစားချည်ရအောင်"

ပခုံးချင်းယှဉ်၍ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာ ကြည့်ရင်း ဆင်းလာကြရာမှ…ထမင်းစားခန်းသို့ ရောက်လျှင်… အဆင်သင့်ပြင်ပြီး ဖြစ်နေသော ထမင်းစားပွဲတွင် ဝင်ထိုင်မိရာမှ…

"ဟင်းခါး ဘယ့်နှယ့်နေလဲ မမထွေး…မြည်းကြည့်မိသေး လား…"

"အင်း…မြည်းကြည့်တယ်လေ…နည်းနည်းပေါ့သလား လို့– ငံပြာရည်တောင် ထပ်ထည့်ပြီးပြီ"

မကြာမီပင် ဟင်းခွက်စုံသွားပြီး…

"ကဲ… အဲဒါ ကိုပိုကိုယ်တိုင် ချက်တဲ့ ဟင်းတွေပဲ… သြော်…မမရထွေးပါ တစ်ခါတည်း ဝင်လိုက်ပါလားဗျာ…ဟင်"

"ခေါ်နေပြန်ပြီလား ကိုပို…မမထွေးက သူ့အဆက်နဲ့သူ မျက်နှာချင်းဆိုင် စားချင်တယ်ဆိုတာ သိသားနဲ့…"ဟု ကိုလှပိုအား ကြည့်ရင်း ပြောနေရာမှ မထွေးဘက်သို့ လှည့်ကြည့်လိုက်ပြန်က…

"ကဲ…ဘာပြောချင်သေးလဲ မမထွေး… ဟုတ်တယ်မှုတ် လား…"

"ဟုတ်ပါတယ်တဲ့တော်…မမထွေးတို့က ညားခါစဆိုတော့ အမြဲတမ်းပဲ မျက်နှာချင်းဆိုင်နေချင်ပါသတဲ့…"

မြမြတင်မှာ အဘယ်ပုံ ပြန်ချေရမည် မသိတော့ဘဲ… နှုတ်ခမ်းကလေးသာ စူနေမိရာမှ…"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… စားကြနော်… လွတ်လွတ်လပ်လပ်… မမတွေး ကိုဘတူကို ထွက်မျှော်ချည်ဦးမယ်…"

နောက်ဆုံးစကားတွင်ပင် အဖျားဆွတ်၍ ရွတ်သွားသော ကြောင့်… မြမြတင်တွင် သမင်လည်ပြန်ကြည့်ရင်း ငေးကျန်ရစ် ခဲ့ရှာ၏။

"ဘယ့်နယ့်လဲ မြ… မြိန်ရဲ့လား… ဟင်းတွေကော… အဆီအငေါ် တည့်တယ်နော်…"

သို့လျှင် ကိုလှပိုက မေးလိုက်သည်ကို မြမြတင် မဖြေ သေးဘဲ နှုတ်ခမ်းအထက်ပိုင်းတွင် စို့နေသော ချွေးသီးကလေးများ ကို လက်ဝဲလက်ညှိုးဖြင့် အသာသိမ်းလိုက်ပြီးမှ…

"သွား…မမေးနဲ့…မြ ရှက်တောင် ရှက်လာပြီ"

"အို…ဘာလို့လဲ မြရဲ့…ဟင်းတွေ ကောင်း–မကောင်း မေးတာနဲ့ ရှက်တာနဲ့ ဘာဆိုင်လို့တုန်း…"

ကိုလှပိုလည်း ရုတ်တရက် အံ့အားသင့်သွားရာမှ သို့… ပြန်မေးလိုက်သည်တွင်…

"ဘုရားရူး… သိလား… ကိုပို့ကို မြှောက်ပြောတာ မဟုတ်ဘူး… ခု–မြနဲ့ ကိုပိုတို့ အိမ်ထောင်ကျပြီးကတည်းက ဒီတစ်ခါလောက် ထမင်းမြိန်တာ မရှိသေးဘူး…ဟင်းတွေကလည်း အဆင်ပြေနေတော့…"

"ဘာများလဲလို့ မြရယ်…ကိုပိုဖြင့် လန့်တောင်သွားတယ် အဲဒါ–ကိုပို အချက်အပြုတ်ကောင်းလို့ မဟုတ်ဘူး ခင်ဗျ– ဉပမာဆိုပါတော့…"

"ဉပမာတွေ ဘာတွေ ပြောမနေနဲ့ ကိုပိုချက်တာလည်း ကောင်းတယ်…စိမ်ပုံလည်း ဘက်ညီတယ်၊ ကြည့်ပါဦး…ဘူးသီးရဲ့



ဒန့်ဒလွန်ရွက် ဟင်းခါးနဲ့ ငါးကြင်းသား ကြော်ပြီးမှ ငရုတ်ဆီကြော် ကလေးနဲ့ ပြန်လုံးထားတော့ ဘယ်လောက် ဘက်ညီသလဲ…ပြီး ငါးခုံးမချဉ်သုတ်ကလေးကလည်း စားချင့်စဖွယ် ကြက်သွန်ဖြူနိုင်း ခြင်းနဲ့…ဒါတောင်…ဒါတောင် မြ မစားရဲလို့ပေါ့…ဘယ်လောက် မြိန်လိုက်မလဲလို့…ကဲ…မြဟာ အိမ်ရှင်မ ဖြစ်ရက်သားနဲ့ ကိုပို့ လောက်မှ အဆီအငေါ် အစပ်တည့်အောင် မချက်တတ်၊ မစီမံ တတ်တာ ရှက်စရာ မကောင်းဘူးလားလို့… ဟင်…"

မြမြတင်လည်း ပရိယာယ်မဘက် အရိုးခံသက်သက်ဖြင့် မျက်နှာကလေး တငယ်ငယ်ပြောလိုက်သောကြောင့် ကိုလှပိုတွင် သူ့ ချစ်ဇနီးအား သနားသွားသလို တွေကြည့်နေပြီးမှ…

"ခုနပြောသလိုပေါ့ မြရဲ့…အဲဒါ…ကိုပိုတော်လို့ မဟုတ် ဘူး ဖမမေ ခဏခဏ ချက်လေ့ရှိတာကို အတုယူပြီး ချက်လိုက်လို့ အဆင်ပြေသွားတာပါ၊ ပြီးတော့ တစ်ခုလည်း ရှိသေးတယ်… နေ့စဉ်နဲ့အမျှ ဆီပြန်ဟင်းချည့် စားနေရာက တစ်ခါတစ်လေ… ရေတွေဘုံးသောလအောနဲ့ တော်ရိရော်ရိ ချက်ထားတဲ့ ဟင်းမျိုး စားရတဲ့အခါလည်း ဒီလို မြိန်တတ်တာပဲ…အရသာ ပြောင်းသွား တဲ့ သဘောပေါ့…"

"မြ… အရှက်ပြေအောင် ဆိုပြီး လှည့်ပြောနေတာလား ကိုပို…ခု– ကိုပိုချက်ထားတာကို ရေဘုံးသောမှ မဟုတ်တာ…"

"အေးပါလေ…ဒါပေမယ့်…ခါတိုင်း မြချက်တဲ့ ဟင်းတွေ ဟာလည်း အစပ်အဟပ် တည့်သားပဲ…အဲဒါတော့ မြ–ဘာဖြစ်လို့ စားမကောင်းဘူး ထင်သလဲ…အမှန်ကတော့ မြကိုယ်တိုင်လည်း ချက်ပြုတ်နေရတယ်…နောက်ပြီး…မြည်းကြည့်ရတာလည်း မြဲပဲ မဟုတ်လား၊ အဲဒီတော့ မြပါးစပ်ထဲ ရိုးသလို ဖြစ်သွားတာပေါ့…

www.burmeseclassic.com

www.burmeseclassic.com



နောက်–ချက်ပြုတ်ရတာကလည်း မောပြန်…ကိုယ်ပဲချက် ကိုယ်ပဲ မြည်းနဲ့ဆိုတော့…ထကယ်စားတဲ့အခါမှာ မဝင်ချင်တော့ဘူး… ဒါ… မွှေတာပဲ မြရဲ့… ကိုပိုတို့ ရောင်းခဲ့တဲ့ မုန့်ဟင်းခါး ကြည့်ပါလား လာစားလိုက်ကြတာ မြိန်ရေရှက်ရေ… ကိုယ့်ဟာ ကိုယ်ကျတော့ တယ်မစားချင်ဘူး…"

ချစ်သူဇနီးကလေး စိတ်မကောင်းဖြစ်သွားမည် စိုး၍လော… သို့တည်းမဟုတ် လူတို့၏ လျှာသဘာဝကိုပင် အမှန်အတိုင်း သိသာသွားစေလို၍လော မပြောတတ်၊ ကိုလှပိုလည်း ကပ်ကပ် သပ်သပ် အကြောင်းပြရင်း ရှင်းလင်းချက် ပေးနေ၏။

မြမြတင်ကလည်း ယခုမှ စိတ်သက်သာရာ ရသွားသလို ချိုချိုကလေး ပြုံးလာ၏။

"ဒါပေမယ့်…ကိုပိုချက်တာကိုကလည်း ကောင်းပါ့တယ် ကိုပိုရယ်… မြ တကယ်ပြောနေတာပါ…"

"ဒါတော့ မဆန်းပါဘူး မြရယ်…ငယ်ငယ်လေးတည်းက မေမေနဲ့ အချက်အပြုတ်ဘက်မှာ အမြဲဝင်ကူလုပ်နေတာပဲဟာ ဒါပေမယ့် အစီအမံကတော့ နည်းနည်း ညံ့သွားသေးတယ်… ခုန–မြပြောမှ သတိရပြီး…"

"ဟင်… ဘယ်မှာညံ့တယ်လို့… မြ… ပြောမိပါလိမ့်"

"ငါးခုံးမချဉ်ဟာ… မြနဲ့ မတည့်ဘူး မဟုတ်လား… အဲဒါ ကိုပို လုံးလုံး မေ့သွားတယ်"

လောလောဆယ်၌ မြမြတင်မှာ သနွေးလွယ်ထားရသူ ဖြစ်သည့်အတိုင်း လက်လုပ်ချဉ်နှင့် တကွသော မသင့်လျော်သည့် အစားအစာကို ရှောင်လေ့ရှိ၏။ ဤကိုရည်၍ ကိုလှပိုက ပြော လိုက်ခြင်း ဖြစ်ပြီး…



"ကဲ… ဒီနေရာမှာတော့ ကိုပို့ထက် မြက သာတယ် မှတ်မိသေးလား၊ ဟိုတစ်ခါ ကိုပိုက ငါးသလောက် အချဉ်ကလေး ချက်စားရ ကောင်းမှာပဲဆိုတော့… မြက ဘာပြောသလဲ…"

မြမြတင်က မဖြေ၊ ပြုံးပြုံးကလေး တွေကြည့်နေသော ကြောင့်…

"ဘာလဲ…ဇက်ကြောတက်တယ်…ခေါင်းကိုက်တယ်ဆိုပြီး ငါးသလောက်ဟင်း စားချင်သလား မကျွေးနိုင်ဘူး ဆရာ…ကိုပို နေထိုင်မကောင်းဖြစ်တော့ ဒီကောင်မပဲ စိတ်ဆင်းရဲရမှာလို့… မြပြောတယ် မဟုတ်လား၊ ခု–ကိုပို့ အလှည့်ကျတော့ မြနဲ့ မတည့်တာတွေ ဘာတွေ မေ့နေတယ်…ကဲ… ဒီအချက်မှာ မြက မသာဘူးလား"

အဆန်းကား မဟုတ်တော့ပေ။

ဤလို အငြင်းပွားနိုင်၊ စိတ်အနှောက်အယှက်ပေးနိုင်သော သာမန်ကိစ္စကလေးများနှင့် ပတ်သက်လာလျှင် သူတို့ ဇနီးမောင်နှံသည် တစ်ယောက်ကိုတစ်ယောက် အနိုင်ယူလေ့မရှိ၊ နှစ်ယောက် စလုံးပင် မည်သူက သာသည်ဖြစ်စေ ကြံဖန်၍ အကြောင်းပြကာ… ရှုံးသူကို အနိုင်ပေးခြင်းအားဖြင့် အိမ်ထောင်ရေး ဆူးညှောင့်ခလုတ် ကို အမြစ်က လှန်၍ သုတ်သင်လေ့ ရှိကြ၏။

ယခုလည်း ထိုနည်းနှင်နှင် တစ်ယောက်ကို တစ်ယောက် ရှာရှာဖွေဖွေ ကြင်နာနေကြရင်းနှင့် ထမင်းကိစ္စ အပြီးတွင် အပေါ် ထပ်သို့ တက်လာခဲ့ကြ၏။

"ဒီမှာ ကိုပို… နောက်များတော့… ဘယ်တော့မှ… ကိုယ်တိုင် ဈေးသွားမဝယ်ရဘူး…မြ–အိပ်ပျော်နေရင် ဘာဖြစ်လဲ နိုးပေါ့"

www.burmeseclassic.com

"စိတ်ချ… ဘယ်တော့မှ မနိုးဘူး"

"ကြည့်လေ… သူ… ဒီက အကောင်းပြောနေတာကို"

"အေး… ကိုပိုကလည်း အကောင်းပြောနေတာ သိလား၊ မြဟာလေ…မြဟာ…ကိုယ့်လင်ကို ချစ်တာလောက်ပဲ သိတယ်… ကိုယ့်ကျန်းမာရေးကိုတော့ ဂရုစိုက်ရမှန်း မသိဘူး… နောက်နှစ်လ၊ သုံးလလောက်ဆိုရင် မြဟာ သားသည်မအေ ဘဝရောက်တော့မယ်"

"ဒီကိစ္စမပါရင်… စကားမဖြစ်တော့ဘူးလား ကိုပို…"

မြမြတင်သည် ရှက်သွားသလို အမူအရာကလေးများဖြင့် ပြောရင်း…ထမီ အထက်ဆင်နားဆီ မသိမသာ ပွတ်သပ်နေသောကြောင့်…

"ခုဆိုရင်…မြအဖို့ရော၊ ကိုပို့အတွက်ပါ ဒီကိစ္စ အရေးကြီးတယ်…ခုနေအခါမှာ မြ ငြိမ်ငြိမ်ဆိမ်ဆိမ် နေရမယ်၊ အဟာရဖြစ်တဲ့ အစာ စားမယ်… အိပ်ရေးဝ,အောင် အိပ်ရမယ်… ဒါကြောင့် မနက်က ကိုပို မနိုးတာပေါ့…အဲသလို ကျန်းမာရေးကို ဂရုစိုက်မှ… ကိုယ်တို့ရမယ့် သားလေးဟာ ဝဝနဲ့ လုလုကလေး…"

"ဟော… ကိုပို… ဆယ့်တစ်နာရီတောင် ထိုးပြီးနေပြီ"

"ဘာလဲ…စကားကို လွှဲမပစ်နဲ့ ဒီနေ့ ကိုပို အလုပ်မသွားတော့ဘူး၊ ဖေဖေက မလာနဲ့တော့တဲ့ ဒီနေ့ မြတို့ ဖေဖေက သိပ်လိမ္မာတာပဲ နော်"

"ဟင်း…"

မြမြတင်ကလည်း ထိုမျှသာ ဟင်းရှည်ကလေး ချလျက် အသာအယာ ခုတင်ပေါ် လှဲလိုက်ပြီးမှ…

"အင်း… ဖေဖေတို့ကတော့… အလိုက်သိတတ်လွန်းအားကြီးလို့ တစ်ခါတစ်လေ မြတောင် ရှက်မိတယ်…အဟုတ်ပဲ"



"အေးလေ…မနက်ကလည်း မြ နေမကောင်းလို့ ကျွန်တော် နည်းနည်း နောက်ကျမယ် ပြောကာရှိသေးတယ်…အေး…ဒီနေ့ မင်းမလာနဲ့တော့… တဲ့"

မြမြတင်လည်း ခုတင်အမိုးကိုကြည့်ရင်း တွေနေရာမှ… ဘာကို သတိရလာပြန်သည်မသိ၊ သူ့ဘေးတွင် ခြေတွဲလောင်းချ၍ ထိုင်နေသော ကိုလှပိုအား အသာ လှည့်ကြည့်လိုက်ပြီး…

"မနက်က ဖေဖေ့ဆီ ဝင်တော့ ကိုပို ဈေးလာဝယ်တယ်ဆိုတာ ဖေဖေ သိသွားသေးလား… ဟင်"

"ကိုပိုကတော့ မပြောပါဘူး…ဒါပေမယ့် ဖေဖေက စကားပြောရင်း ကားနားအထိ လိုက်လာတာနဲ့ ဈေးတောင်းကို တွေ့သွားတော့… ကိုပိုလည်း မှန်တဲ့အတိုင်း ပြောလိုက်ရတာပေါ့"

"ကဲ… အဲဒါမှ ဒုက္ခပဲ၊ ဖေဖေက ဒါမျိုး နည်းနည်းမှ ကြိုက်တာမဟုတ်ဘူး၊ ကိုပိုလည်း သိသားနဲ့…ဒါပဲ ဆရာ…မြ အဆူခံထိရင်တော့ ကိုပို့ကြောင့်ပဲ… သိလား"

"ဘာလို့ ဆူရမှာလဲ မြရယ်…"

"အေး…ဆူလား, မဆူလားကြည့်နေ…ဖေဖေက မိန်းမနဲ့ဆိုင်တဲ့ကိစ္စကို မိန်းမပဲလုပ်မှ ကြိုက်တယ် သိရဲ့လား… ခု–ကိုပို ဈေးဝယ်တာလောက်သာ သိလို့ကိုယ်တိုင်ချက်ရတာပါ သိရင်လား…ချက်ခြင်း ရောက်လာမှာ…မြကိုလည်း ဆူလိုက်မယ့် ဖြစ်ခြင်း…"

"စိတ်ချ…မြကို မဆူစေရဘူး…ကိုပို ရှင်းပြလို့မှ မကျေနပ်ဘဲ လင်လုပ်သူက ဈေးဝယ်ပြီး ကိုယ်တိုင်ချက်တယ်ဆိုတာ နည်းလမ်းမဟုတ်ဘူးလို့ ဖေဖေပြောရင် ဒီကိစ္စမှာ ဖေဖေ ခေတ်နောက်ကျတာပဲ…"

www.burmeseclassic.com

ထိုစကားကြောင့် မြမြတင် ရုတ်တရက်တွေသွား၏။ အတန်ကြာမှ ရေရေလည်လည် နားရှင်းသွားသလို အမူအရာဖြင့်–

"ဘယ်လိုလဲ ကိုပို...လင်ယောက်ျားဖြစ်သူက ဈေးဝယ်ချက်ပြုတ်နဲ့ မိန်းမအလုပ်တွေ ဝင်လုပ်ရတာဟာ ခေတ်မီတယ်လို့ ဆိုချင်တယ်လား..."

ကိုလှပိုသည် ထိုမေးခွန်းကို ကျကျနနဖြေတော့မည်ကဲ့သို့ တွဲလောင်းချထားသော ခြေတစ်ဖက်ကို ခုတင်ပေါ် ကွေးတင်လိုက်ပြီးမှ...

"ကိုပို စာအုပ်ထဲမှာ ဖတ်ဖူးတယ်၊ ရေးထားပုံဟာ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး သိပ်မှုမှုတတ ရှိတာပဲ၊ ဘယ်လိုလဲ ဆိုတော့... နေဦး...."

ကိုလှပိုလည်း ခုတင်ပေါ်မှ ဆင်းသွားကာ ဗီရိုအနီးရှိ သံသေတ္တာကြီး တစ်လုံးကိုဖွင့်လျက် အတန်ကြာ မွှေနှောက်ရှာဖွေနေပြီးမှ စာအုပ်တစ်အုပ် ဆွဲထုတ်လာရင်း...

"ကဲ... မြ... ကိုပို ပြောပြတာထက်၊ မြ ကိုယ်တိုင် ဖတ်ကြည့်တာက ပိုပြီး အရသာ လေးနက်မှာပဲ၊ ဖတ်မလား..."

"သွား... မဖတ်ဘူး"

မြမြတင်က ငေါက်ဆတ်ဆတ်ကလေး အော်လိုက်သောကြောင့် ကိုလှပိုတွင် ရုတ်တရက် မျက်လုံးဝိုင်းသွားရာမှ...

"ဟင်...ခု အကောင်းကနေ ဘယ့်နယ့်ချက်ချင်း ဘာဖြစ်သွားတာလဲ မြရဲ့၊ ဘာလို့ မဖတ်ချင်တာလဲ၊ ဒါဖြင့် ကိုပို ပြောပြရမလား..."

"ပြောလည်း မပြနဲ့၊ ဖတ်လည်း မဖတ်ဘူး..."

"ဟောဗျ..."





"ဘာဟောဗျလဲ...အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ သင်ခန်းစာပါတဲ့ စာပေဆိုရင် ဘာပဲဖြစ်ဖြစ် မြ–စိတ်ဝင်စားတယ်ဆိုတာ သိသားနဲ့ ကိုပိုက ခုမှ ပေးဖတ်တာကို၊ မြ–စိတ်ဆိုးတာပေါ့"

မြမြတင်က ခေါင်းကလေး တဆတ်ဆတ်နှင့် မကျေနပ်နိုင်သလို ရန်တွေ့နေသည်ကိုပင် တစ်မျိုးကြည့်၍ ကောင်းသလို ကိုလှပိုက သဘောအကျကြီး ကျနေရာမှ...

"ဟုတ်တယ်... ဒါ–ကိုပို့အပြစ်ပဲ"

"ဟင်း...ကိုပိုပဲ ပြောဖူးတယ် မဟုတ်လား၊ အိမ်ထောင်ရေးဗဟုသုတ ဆိုတာမျိုးဟာ တစ်ရက်ကလေး အသိနောက်ကျရုံနဲ့ တစ်သက်လုံး ဒုက္ခပေးနိုင်တယ်ဆို..."

"မှန်ပါတယ် မိန်းမရယ်... ဒါပေမယ့် ဒီစာအုပ်ထဲပါတဲ့ အကြောင်းအရာက ခုမှတိုက်ဆိုင်နေလို့ ခုမှပဲ သတိရပြီး ကဲ... ကဲ...အချိန်မလွန်သေးပါဘူး အချစ်ရယ်၊ ရော့...ဖတ်နေနှင့်နော်"

"နို့...ကိုပိုက ဘယ်သွားဦးမှာလဲ"

"မြ...ဒီစာဖတ်နေတဲ့အခိုက်၊ ကိုပို ဆံပင်သွားညှပ်လိုက်ဦးမယ်... ဟုတ်လား"

မြမြတင်က အလွယ်တကူ ခေါင်းမညိတ်လိုက်သေးဘဲ အတန်ကလေး ကြာအောင် တွေနေပြီးမှ...

"ခါတိုင်းလို အလုပ်သွားတဲ့ နေ့မျိုးဆိုရင်တော့၊ မြ–ဘာမှ မပြောလိုဘူး၊ ဒါပေမယ့် ဒီနေ့ဟာ ဖေဖေ့ ခွင့်ပြုချက်အရ အလုပ်ပိတ်ရက်နော်"

"အင်း... ဆိုစမ်းပါဦး"

"လင်ယောက်ျားရဲ့ အလုပ်ပိတ်ရက်ကို ဘယ်သူပိုင်တယ်ဆိုတာ မေ့သွားပြီလား ဆရာကြီး..."

www.burmeseclassic.com

"ဟုတ်ပါတယ်ဗျာ...မယားက ပိုင်ပါတယ်တဲ့...ဟောဒီ မယား အလိမ္မာကလေးက ပိုင်ပါသတဲ့..."

ကိုလှပိုက ချစ်ဇနီး၏ မေးဖျားနုနုကလေးကို ယုယုယယ ဆွဲလှုပ်ရင်း ပြောလိုက်သည်နှင့်...

"ကဲ... ဒါဖြင့်သွားတော့... ဒီနေ့ဟာ သီးသန့်ခွင့်ပြုတဲ့ အလုပ်ပိတ်ရက်မို့ ဒီချစ်ဇနီးကလည်း အထူးစပယ်ရှယ်နေ့အဖြစ် အသုံးချချင်တယ်... မြန်မြန်သွား မြန်မြန် ပြန်လာ ဒါပဲ"

မပြုံးမရယ် ချစ်စဖွယ်အမူအရာကလေးဖြင့် ပြောလိုက်သောကြောင့် ကိုလှပိုတွင် မချင့်မရဲ ဖြစ်သွားပြီး ခြေလှမ်းကြဲနှင့် ကပ်လိုက်ကာ ဆတ်ခနဲ ငုံ့၍ မွှေးလိုက်၏။ သို့သော် ဤလို အငိုက်မိပေါင်း များနေပြီဖြစ်သော မြမြတင်က စာအုပ်နှင့် မျက်နှာကို ကွယ်ရင်း ခေါင်းကလေးပါ ငဲ့၍ ဖယ်လိုက်၏။

"ရှက်ပါတယ်ဟေ့...ကရော်...ကရော်..."

လက်ညှိုးကလေး ဆတ်တောက်ဆတ်တောက်ဖြင့် မြမြတင်က လှောင်နေသောကြောင့် ကိုလှပိုလည်း အကြမ်းနည်းနှင့် ကိုင်၍ အနိုင်ယူရန် ဟန်ပြင်လိုက်သည်တွင်...

"လုပ်နဲ့ကွယ်...သွား ဆံပင်ညှပ်ချည်ဦး ပြန်လာမှနော်"

ကိုယ်စီကျေနပ်မှုကြောင့် ဤတွင် တစ်ခန်းရပ်သွားသော သူတို့မောင်နှံ၏ မြင်ကွင်းလေးမှာလည်း အားကျဖွယ်ရာပင်...

♥

အမှတ်အသားအဖြစ် ကိုလှပို ခေါက်ပေးခဲ့သော စာမျက်နှာကို လှန်လိုက်သည်နှင့်...

**"အိမ်ထောင်ရေး သမဝါယမ"**

ပန်းချီစာလုံးဖြင့် ရိုက်နှိပ်ထားသော ခေါင်းစီးစာတန်းနှင့် အတူ အလယ်အလတ်အရွယ်၊ ချစ်သူနှစ်ဦး မကြည်မလင် မျက်နှာ



ထားနှင့် တစ်ယောက်ကို တစ်ယောက် ကျောခိုင်းထားသည့် သုံးရောင်ချယ် ပန်းချီပုံကိုပါ တွေ့လိုက်ရသောကြောင့် မြမြတင်မျော သိသိသာသာကြီး မျက်နှာကလေး ညှိုးသွားတော့၏။

အဆိုပါပုံတွင် ဝမ်းနည်းအားငယ်နေသော အမူအရာမဲ့မဲ့ ကလေးဖြင့် မော့ကြည့်နေသည့် သုံးလေးနှစ်အရွယ် ကလေးငယ် တစ်ယောက်ကိုပါ တွေ့ရသည်နှင့် မြမြတင်မှာသာ၍ပင် မကြည့်ရက် သလို မျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်မိသည်အထိ စိတ်မကောင်း ဖြစ်သွားရှာ၏။

သို့စေကာမူလည်း ထိုစာအုပ်ပါ အကြောင်းအရာသည် စိတ်မချမ်းသာစရာ သက်သက်သာဖြစ်ပါက ကိုလှပိုသည် သူ့အား ပေးဖတ်လိမ့်မည်မဟုတ်ဟူ၍ မြမြတင် ချက်ချင်း တွေးမိလာ၏။ ထိုအတွေးနှင့်အတူ...သူ၏ မျက်လုံးများသည်လည်း စာအုပ်ဆီသို့ ရောက်လာပြန်ကာ...

**"အိမ်ထောင်ရေး သမဝါယမ"**

**လူညွန့်-ရေးသည်။**

ထိုခေါင်းစီး စာတမ်းများကို အတန်ကြာတွေကြည့်၍ ပြီးလိုက်ပြီးမှ ဆက်လက်ဖတ်ရှုလိုက်သည်တွင်...

ကျွန်တော် လူဖြစ်လာသည်မှစ၍ ယခု အသက် ၃၄-နှစ် အရွယ်ထိ၊ ဤတစ်ကြိမ်လောက် တစ်ခါမျှ စိတ်မညစ်ခဲ့ဘူးပါ။ စိတ်ညစ်လွန်း အားကြီးသဖြင့် တစ်ခါတစ်ခါတွင် ဖြစ်လိုရာ ဖြစ်စေတော့ဟု ရောက်ရာပေါက်ရာကိုပင် ထွက်သွားချင်စိတ် ပေါ်လာပါသည်။

သို့သော်...ထိုအကြံ မအောင်မြင်ခဲ့ပါ၊ သွားလည်း မသွား နိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော့် ဇနီးနှင့် သားကလေး

www.burmeseclassic.com

www.burmeseclassic.com

အား မခွဲနိုင်၍ ဖြစ်ပါသည်။ ကျွန်တော့် ဇနီးအား ကျွန်တော့် အသက်နှင့် ထပ်တူမြတ်နိုးသကဲ့သို့…သားကလေးကိုလည်း ချစ်လှပါသည်။

ကျွန်တော်၏ စိတ်ညစ်ခြင်းသည် လွန်ခဲ့သော ၇–လ လောက်က အစပြုခဲ့ပါသည်။ ဟိုအရင်ကဆိုလျှင်၊ ကျွန်တော်၊ ကျွန်တော့်ဇနီးနှင့် သားကလေးတို့မှာ အလွန်တရာမှ ပျော်ရွှင်ကြပါသည်။ ကျွန်တော်တို့ နေထိုင်ရာ ဖ–ဆ–ပ–လ ကွက်သစ်ထဲ၌ ကျွန်တော်တို့ အိမ်ထောင်လောက် ပျော်ရွှင်သော အိမ်ထောင်ဆို၍ တစ်ရပ်ကွက်လုံးတွင်မှ သုံးလေးအိမ်မျှသာ ရှိမည် ထင်ပါသည်။ သို့သော် ထိုသုံးလေးအိမ်ထောင်ပင် ကျွန်တော်တို့လောက် အခါခပ်သိမ်း ပျော်ပျော်ရွှင်ရွှင် မရှိကြပါ။

ယခုမူ လက်ရှိနေထိုင်ရာ တောင်ညွန့်ရပ်ကွက်ထဲ၌ ကျွန်တော်တို့ အိမ်ထောင်မှာ သာယာမှု အကင်းမဲ့ဆုံးလိုပင် ဖြစ်နေပါတော့သည်။ ကျွန်တော် စိတ်ညစ်ခဲ့ရသည်မှာ ၇–လ နီးပါးမျှ ရှိပြီဖြစ်၍ ကြာကြာစိတ်အညစ် မခံနိုင်တော့ပါ။ ဘယ်ရောက်ရောက် သွားတော့မည်ဟု ကြံရွယ်ခဲ့သည်မှာလည်း ဆယ်ကြိမ်ထက် မနည်းတော့ပါ သို့သော် ကျွန်တော့်ဇနီးနှင့် သားကလေးကို မခွဲနိုင်။

ယနေ့လည်း စိတ်ညစ်ညစ် ရှိလှသောကြောင့်…စောစောပင် အိမ်မှ ထွက်လာခဲ့ပါသည်။ ဘယ်သွားမည်ဟူ၍မှ ခရီးစဉ်မရှိပါ၊ ခြေဦးတည့်ရာသို့ တငိုင်ငိုင်တွေးရင်း လျှောက်လာခဲ့ရာမှ မိနစ်လေးဆယ်မျှကြာသော် "တူ"ခနဲ မှုတ်လိုက်သော ဥသြသံကို ကြားလိုက်ရမှ ကျွန်တော် ရန်ကုန်ဘူတာကြီးနားသို့ ရောက်နေကြောင်း သတိထားမိပါတော့သည်။

နောက်–အောင်ဆန်း ကစားကွင်းကို တွေ့ရသည်နှင့် ကျွန်တော် နေထိုင်ခဲ့ဖူးသော ဖ–ဆ–ပ–လ ကွက်သစ်ကို သတိရသောကြောင့်…ဦးလေးအရင်းတမျှ ခင်မင်ခဲ့ဖူးသော ဦးဘကျော်ဆိုသူထံ မရောက်သည်မှာလည်း ကြာပြီဖြစ်၍ ဖ–ဆ–ပ–လ ကွက်သစ်ထဲသို့ ဝင်လာခဲ့ပါသည်။

ရောက်လျှင် ရောက်ခြင်းပင် ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်၍…

"ဘယ့်နှယ့်လဲ…မင်းတို့ တောင်ညွန့်မှာ ဟန်ကျရဲ့လား၊ ချက်ကြီးတို့… မညိုတို့ကော နေကောင်းကြရဲ့နော်… ဘသန်းနှယ်ကွာ၊ ပျောက်ချက်သား ကောင်းနေလိုက်တာ တို့ကတော့ အမြဲ သတိရနေတာပဲကွာ"

အစရှိသဖြင့် ဦးလေးကျော်ကချည့် ဒိုင်ခံပြောနေသည်နှင့် လေးငါးမိနစ်လောက် အချိန်ကုန်သွားပါတော့သည်။

"ဒါနဲ့ ဦးလေးကျော် ဒေါ်ဒေါ်တို့၊ မအေးလှတို့ကော မမြင်ပါလား"ဟု ကျွန်တော်က လှမ်းလှမ်းခြေကြည့်ရင်း မေးလိုက်ပါသည်။

"ဒီနေ့အဖို့တော့ ဒီအိမ်မှာ ငါအိမ်စောင့်ဆိုပါတော့ကွာ… သူတို့နှစ်ယောက်စလုံး အလှူသွားကြလေရဲ့"

"ဩော်…"

ကျွန်တော် ဝင်လာသည်မှာ…မူလက ဘာရည်ရွယ်ချက်မျှ မရှိသော်လည်း ဤအိမ်ကို ရောက်သည်နှင့် ဦးလေးကျော်၏ ကြွယ်ဝလှသော ဗဟုသုတများကို သတိရလာပါသည်။ ပေါင်းသင်းဆက်ဆံရေး၊ ရပ်ရေးရွာရေးမှအစ လင်မယားရန်ဖြစ်ကြသည့် ကိစ္စပါမကျန် ဝင်ရောက်ဖြန်ဖြေ အကြံဉာဏ်ပေး ကူညီလေ့ရှိသည်

www.burmeseclassic.com



ကိုပါ အထူးသတိရလာသည်နှင့် ကျွန်တော့် ပြဿနာကို ပြောပြ၍ အကြံဉာဏ်တောင်းရန် ...ချက်ခြင်း စိတ်ကူးမိပါသည်။ သို့ကြောင့်လည်း အိမ်တွင် အခြားလူ ရှိ၊မရှိ မေးမိခြင်း ဖြစ်ပါသည်။

"သို့... ကျွန်တော်ပြောပြမည်ဟု ဟန်ပြင်လိုက်စဉ်မှာပင် ကံအားလျော်စွာ ဦးလေးကျော်က စတင်၍...

"ဘယ့်နှယ့်လဲ မောင်ဘသန်း မင်းတို့ လင်မယား အရင်ကလိုပဲ ပြည်တော်သာကြရဲ့ မဟုတ်လား၊ တို့မလဲ ဟိုလင်မယား စကားများတိုင်း၊ ဒီလင်မယား ကွာမယ်ရှင်းမယ် လုပ်တိုင်း မင်းတို့နှစ်ယောက်ကို နမူနာထားပြောပြပြီး ဆုံးမနေရတယ်ကွ..."

ဦးလေးကျော်ကမူ ကျွန်တော် ဇနီးမောင်နှံ ယခင်လိုပင် အဆင်ပြေပြေ ချစ်နေကြသည်ထင်၍ ပြောနေခြင်း ဖြစ်ဟန်တူပါသည်။

"ဒီမှာ ဦးလေးကျော်၊ ခု ကျွန်တော်လာတာ ကျွန်တော်တို့ အိမ်ထောင်ရေးကိစ္စပဲ အရင်ကလို သိပ်သာသာယာယာ မရှိတော့ဘူး ဦးလေးရဲ့"

"ဟေ... ဟုတ်လား၊ ဟိုတုန်းက မင်းတို့ လင်မယားဟာ အိမ်ထောင်ရေး စံပြပါလားကွာ၊ ခု ...ဘယ်လိုဖြစ်ကြတာတုန်း"

"တောင်ဥက္ကလာ က ခု–နေတဲ့ ကျွန်တော်အိမ်ဟာ ကျယ်လည်းကျယ်တယ်၊ အပျောက်မပေးရဘူး... ရေရော၊ မီးရော အစုံရတယ်... အချိန်မရွေး သွားလို့လာလို့လည်း ကောင်းတယ်ဆိုပြီး ဖ–ဆ–ပ–လက ပြောင်းသွားတယ် ဟုတ်လား၊ ပြောင်းသွားပြီးတဲ့နောက် မကြာဘူး၊ ကျွန်တော် အလုပ်ပြုတ်သွားတယ်..."

"အို... ဖြစ်ရလေနဲ့ ...ဘာပြုလို့ ပြုတ်တာတုန်း၊ မင့်သူဌေးက မင်းကို အတော်ကလေး အရေးပေးသားပါကလားကွ"



"ဟုတ်ပါတယ်...ဒါပေမယ့် ကုမ္ပဏီက ရှုံးတာနဲ့ လုပ်ငန်းကို ရပ်ပစ်လိုက်ရလို့"

"ကွာ... ဒီလိုဆိုတော့လည်း ကံပေါ့ ...နို့ မင်းအလုပ်ထပ် မရှာဘူးလား"

"ရှာတာပေါ့ ဦးလေးကျော်၊ ဘယ်မှ နေရာမကျဘူး"

"ဒါဖြင့် ခု–မင်းတို့ ဘယ်လို စားသောက်နေကြသလဲ"

"ကျွန်တော် အလုပ်ပြုတ်ပြီး တစ်လကျော်ကျော်လောက် အရှိမှာပဲ မညို အလုပ်ဝင်လုပ်တယ်၊ လက်နှိပ်စက် စာရေးမဆိုပါတော့... အတွင်းဝန်ရုံးမှာ..."

"ဟ ...မင်းက လက်ရေးတိုတစ်ခုတောင် ပိုပြီး တတ်သေးတယ် ဟုတ်လား၊ မင်းတော့ အလုပ်မရဘဲ မညိုကတော့ ဒီအလုပ်ကို ဘယ်လိုရတာလဲ..."

"ဦးလေးကျော် သိမှာပေါ့...ခုခေတ်မှာ ဒီလို အလုပ်မျိုးဆိုရင် ယောကျ်ားထက် မိန်းမတွေက အခွင့်အရေး ပိုပြီး ရနေတယ်"

"ဒီလိုလည်း ဟုတ်သေးပါဘူးကွာ...နို့...ခုထိ မင်းအလုပ် မရသေးဘူးပေါ့"

"ဟုတ်ကဲ့...မရသေးဘူး"

ဦးလေးကျော် နောက်ထပ် ဘာမျှ မမေးသေးဘဲ သူ့မေးဖျားကို ပွတ်ရင်း စဉ်းစားနေပါသည်။ အတန်ကလေးကြာမှ...

"ကိုင်း... အဲဒါ မင့်ကို ဘယ်လို အကြံဉာဏ်ပေးရမလဲ"

"တစ်ခြားတော့ မဟုတ်ပါဘူး ဦးလေးကျော်၊ ကျွန်တော် အလုပ်ပြုတ်ခဲ့တဲ့ အချိန်ကစပြီး ခုထိပဲဆိုပါတော့၊ ကျွန်တော် နည်းနည်းမှ စိတ်မချမ်းသာဘူး၊ တစ်ခါတစ်ခါ ဘယ်ရောက်ရောက် ဆိုပြီး ထွက်သွားချင်တဲ့ စိတ်တောင် ပေါက်ပေါက်လာမိတယ်"

www.burmeseclassic.com

www.burmeseclassic.com

“ဟကောင်...ဘာများ ဒီလောက် စိတ်ညစ်စရာ ရှိလို့တုန်း ... အဝင်နဲ့ အထွက် မမျှလို့လား... ကြွေးတင်နေလို့လား”

“ဒီလိုတော့ မဟုတ်ပါဘူး ဦးလေးကျော်၊ ကျွန်တော်ရော၊ မညိုရော စေ့စေ့စပ်စပ် သုံးတတ်တယ်၊ အပျော်အပါး နည်းတယ် ဆိုတာ ဦးလေးကျော်တို့ သိသားပဲ မဟုတ်လား”

“ဒါဖြင့်...ဘာကြောင့် မင်းထွက်ပြေးချင်လောက်အောင် စိတ်ညစ်နေရတာတုန်းကွ ပြောပဲ ပြောစမ်းပါဦး...”

“ဒီလို ဦးလေးရဲ့ သူ–အလုပ်ဝင်လုပ်ပြီး တစ်လလောက် ကြာတဲ့အချိန်ကစပြီး သူ့အမူအရာတွေဟာ တစ်မျိုး ဖြစ်လာတယ်၊ ခါတိုင်းလို ပျော်ပျော်ရွှင်ရွှင်လည်း သိပ်မရှိဘူး၊ ကျွန်တော့်ကိုလည်း စကားပြောချင်သလိုလို၊ မပြောချင်သလိုလိုနဲ့ အမူအရာတွေ ပျက်လာတယ်”

“ပြီးတော့ကော...”

“ညညကျရင်လည်း...ကျွန်တော်က တစ်ယောက်နဲ့ တစ်ယောက် ခါတိုင်းလိုပဲ ချစ်ချစ်ခင်ခင်နဲ့ စကားစမြီ ပြောချင်တယ်... သားကလေးနဲ့ အတူ ပျော်ပျော်ရွှင်ရွှင် သီချင်းဆိုပေး က,ခိုင်း အဲသလို နေချင်တယ်၊ သူ–ခု ဒီလို မဟုတ်တော့ဘူး ဦးလေးကျော်”

“အင်း...”

ညနေအလုပ်ကပြန်လာ...ထမင်းဘာစားသောက်ပြီးတာနဲ့ အိပ်ရာထဲ ဝင်သွားတာပဲ...သားကလေးကိုတောင် မြူဖော်မရတော့ဘူး၊ တစ်ခါတစ်လေ ကျွန်တော်က လိုက်သွားပြီး စကားလေး ဘာလေး ပြောရအောင်လို့ ခေါ်တဲ့အခါ (ကိုဘသန်းရယ်... ကျွန်မ အိပ်ချင်လို့ပါ မနှောက်ယှက်ချင်ပါနဲ့တော့...)ဆိုပြီး တစ်ခါတည်း အိပ်တာပဲဗျ”

“အဲဒါ မင်းက ဘယ်လို ထင်နေလို့လဲ...”

“ခက်သားပဲ ဦးလေးကျော်၊ သူ့အပေါ်မှာ ရှိုင်းရှိုင်းစိုင်းစိုင်း လည်း ကျွန်တော် မတွေးရက်ဘူး၊ ဘာကြောင့်ဆိုတာကို မတွေးဘဲ အမူအရာကို အကဲခတ်ရတာတော့ သူ–ကျွန်တော့်ကို ပေါင်းချင်တဲ့ စိတ် မရှိတော့ဘူး ထင်တာပဲ...”

“ဟာ...ဒီလိုတော့လည်း မဟုတ်တန်ရာဘူး ထင်ပါရဲ့ကွာ”

“အဲဒါတော့... အတတ်မပြောနိုင်ဘူးပေါ့ ဦးလေးကျော်၊ သူ... ပြုမူနေပုံအတိုင်းဆိုရင်... တစ်ယောက်နဲ့ တစ်ယောက် လင်မယားဆိုတာ ဘာမှ အဓိပ္ပါယ် မရှိသလို ဖြစ်နေပြီ”

“အဲဒါကို မင်းက ဘယ်လိုစိတ်ကူးသလဲ”

“ခုအတိုင်းဆိုရင်တော့ ကျွန်တော် နေရတာလည်း စိတ်မချမ်းသာဘူး၊ သူ–ကျွန်တော့်ကို မပေါင်းချင်တော့ဘူးလို့လဲ ယူဆတယ်၊ ဒါပေမယ့် သူပြောရမှာ ခက်နေပုံပဲ၊ ဒီတော့ ကျွန်တော်ကပဲ ရှောင်ပေးလိုက်ရင် ကောင်းမလားလို့...”

“ရှောင်ပေးမယ်ဆိုတာက ခုန မင်းပြောသလို လွတ်ရာ ကျွတ်ရာကို ထွက်သွားမယ်ဆိုပါတော့”

“အဲသလို ဘယ်ရောက်ရောက် ထွက်သွားရရင် ကောင်းမယ် ထင်တာပဲ၊ ကျွန်တော် မညိုကိုလည်း သနားတယ်၊ ကျွန်တော့် ကြောင့် သူ့မှာ တာဝန်တစ်ခုလို ဖြစ်နေပြီ...

“ဟ...နေစမ်းပါဦး၊ မင်း ခုလို ထွက်သွားပြီ ဆိုပါတော့... မညို အလုပ်သွားတဲ့အခါ ကလေးကို ဘယ်သူကြည့်မလဲ”

“ခု–ကျွန်တော်တို့နေတဲ့ အိမ်ရှင်က ချက်ကြီးကို အင်မတန် ချစ်တယ်၊ ဦးလေးရဲ့ မိုးလင်းတာနဲ့ လာခေါ်သွားတာပဲ၊ ည ၇– နာရီ၊ ၈–နာရီလောက်မှ ပြန်ခေါ်တာတောင် သူတို့က စိတ်ဆိုး

www.burmeseclassic.com



ချင်ကြသေးတယ်… ကလေးအတွက်ကတော့ နောက်ကြောင်းအေးပါတယ်…"

ဦးလေးကျော် နောက်ထပ် ဘာမျှ မမေးတော့ပါ… ကျွန်တော့်ကိုကြည့်လိုက်… စဉ်းစားလိုက်နှင့် သူ–တွေနေပါသည်။

"ကိုင်း…မောင်ဘသန်း…အိမ်ထောင်ရေးဆိုတဲ့ ပြဿနာကို တစ်ယောက်တည်း စကား နားထောင်ပြီး ဆုံးဖြတ်လို့ မရဘူးကွ၊ မညိုရဲ့ ဆန္ဒက ဘာဆိုတာလဲ အမှန်သိရသေးတာ မဟုတ်ဘူး၊ မင်းက ထင်နေတာသာ ရှိတယ်…အဲဒီတော့ ဒီလိုလုပ်…ညနေ မညို ရုံးကပြန်လာရင် ငါဆီ လွှတ်လိုက်ကွာ…"

ဦးလေးကျော်က အကြံဉာဏ် ဘာမျှ မပေးသေးဘဲ… ယခုလို တစ်ခန်းရပ်ထားလိုက်ပြီး အခြားစကားများကိုသာ ပြောဆိုနေသောကြောင့်ထိုမျှနှင့်ပင် ကျွန်တော်ပြန်လာခဲ့ရပါ တော့သည်။

ညနေဘက်တွင် မညိုရုံးမှ ပြန်လာသည်နှင့် ကျွန်တော်က ဦးလေးကျော် တွေ့လိုကြောင်းပြောရာ၊ ပထမသော် မညိုက အင်အင်တင်တင် လုပ်နေပါသေးသည်။

ကျွန်တော်က အလွန်အရေးကြီးသော ကိစ္စကြောင့် ခေါ်ခြင်းဖြစ်၍ သွားလိုက်ရန် အတန်တန်ပြောမှ…

"ရှင်ကော မလိုက်ဘူးလား…"ဟု မေးပါသည်။ သို့သော် ဝတ်ကျေဝတ်ကုန် မေးသော သဘောနှင့်ပင် တူပါသည်။ စင်စစ် … ကျွန်တော် လိုက်သွား၍ မဖြစ်ပါ။

"နှစ်ယောက်သွားရင် နှစ်ယောက်တွက် လမ်းစရိတ် ကုန်နေမှာပေါ့ကွယ်… မညိုပဲ သွားပါတော့"ဟု ပြောလိုက်ရပါသည်။

ဦးလေးကျော်နှင့် မညိုတို့ ပြောကြသော စကားများကို နောက်ဆုံးမှ သိရသော်လည်း စာရှုသူများအဖို့ ဖတ်၍ အဆင်ပြေစေရန်–



"အေး…ဒီအတိုင်း မောင်ဘသန် ပြောသွားတာပဲ၊ အဲဒါ ဘယ်လို ဖြစ်ကြတာတုန်း မညို… ဦးလေးကို မှန်တဲ့အတိုင်း ပြောပြစမ်းပါဦး"

ရုတ်တရက် မညို ဘာမျှ မပြောနိုင်၊ မျက်ရည် ဖြိုင်ဖြိုင် ကျနေပါသည်။ အတော်ကလေး ကြာမှ…

"သူ…စွပ်စွဲသလို လုံးလုံး မဟုတ်ရပါဘူး ဦးလေးကျော်… ကျွန်မကို ညောင်ရေအိုးရေချတိုက်ပါ…သောက်ဝံ့ပါတယ်… တကယ်ပါ… သူ့အပေါ်မှာ ကျွန်မ–မပေါင်းချင်တဲ့ စိတ်မျိုး ဘယ်တုန်းကမှ မထားခဲ့မိပါဘူး၊ ဒါပေမယ့် စိတ်ထဲမှာတော့ ဟိုတုန်းကလောက် ပျော်ပျော်ရွှင်ရွှင် မရှိတာတော့ မှန်ပါတယ်"

"အဲဒါကကော… ဘာဖြစ်လို့လဲ"

"ကိုဘသန်းအပေါ်မှာ ငြိုငြင်လို့တော့ လုံးဝ မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်ထဲမှာ တစ်မျိုးပဲ ဦးလေးကျော် ကျွန်မ–မပျော်ဘူး၊ စိတ်ဟာ ညစ်ညစ်နေတယ်၊ ဒါကြောင့် ဘယ်သူနဲ့မှ ကျွန်မ စကားမပြောချင်ဘူး… ကျွန်မ သားကလေး ချက်ကြီးကိုတောင် မြူချင်တဲ့စိတ်မရှိဘူး၊ လူဟာ အလကားနေရင်း…ငြီးငွေ့နေတယ်"

ဦးလေးကျော်ကမူ ခေါင်းတညိတ်ညိတ်နှင့် တွေနေပါသည်။ မညိုစကားဖြတ်လိုက်မှ…

"ကောင်းပြီ… နို့–မင်းတို့ ထမင်းစားတော့ ဘယ်လိုလဲ ဆိုင်ဝယ်စားသလား…"

"မဟုတ်တာပဲ ဦးလေးရယ်၊ ကျွန်မတို့ ဒီလောက် မိုက်ပါ့မလား"

ဦးလေးကျော်က ပြုံးလိုက်ပါသည်။

"ဒါဖြင့် မင်းပဲ ချက်တယ်ပေါ့…"

www.burmeseclassic.com



"ဟုတ်ပါတယ်..."

"ကဲ...မနက်အိပ်ရာက ထ,တဲ့ အချိန်ကနေပြီး ညနေအထိ မင့်လုပ်ငန်းစဉ်တွေ ဦးလေးကို ပြောပြစမ်း"

"ဟုတ်ကဲ့...မနက်ကို ၆-နာရီလောက် ကျွန်မ အိပ်ရာက ထပါတယ်၊ အိပ်ရာက နိုးတယ်ဆိုရင်ပဲ ကိုဘသန်းကိစ္စ... ကလေး ဝေရာဝစ္စတွေ လုပ်ရင်းနဲ့ ၇-နာရီထိုးရော ဦးလေးရဲ့... ဈေးသွားတယ် ပြန်လာတော့ ချက်ပြုတ်လုပ်ကိုင်နဲ့ အဲဒါ ၉-နာရီ ထိုးမှပဲ ကိစ္စဝိစ္စပြီးတယ်..."

"မောင်ဘသန်းက ဘယ်အချိန်လောက်မှ နိုးသလဲ မညို..."

"၈-နာရီ၊ တစ်ခါတစ်လေလည်း စောစောပဲ နိုးပါတယ်၊ အားလုံး ကိစ္စ ၉-နာရီလောက်မှာလည်း ပြီးရော၊ ကျွန်မ ရုံးသွားဖို့ ရေမိုးချိုး ပြင်ဆင်ပြီး...ထမင်းခူးခပ်ကျွေး ကျွန်မလည်း စား၊ ၉-နာရီခွဲရော ကျွန်မ အလုပ်သွားပါတယ် ဦးလေးကျော်"

"ရုံးမှာကော... မင်းလုပ်ရတာ သက်သက်သာသာ ရှိရဲ့လားကွဲ့"

"သိပ်မသက်သာလှဘူး ဦးလေးရဲ့ ကျွန်မတို့ဌာနက ဖွင့်စမို့ အလုပ်ကလည်းများ၊ နားမည်ရအောင် ဝန်ကြီး ကျေနပ်အောင်လည်း ကြိုးစားနေကြရတော့ နားရတယ် မရှိပါဘူး ဦးလေးရယ်"

ခေါင်းတဆတ်ဆတ် ငြိမ့်ရင်း နားစွင့်နေသော ဦးလေးကျော်က...

"ကဲ... ညနေ ရုံးက ပြန်လာတော့ကောကွယ်"

"၅-နာရီ၊ တစ်ခါတစ်လေ ၅-နာရီခွဲလောက်မှ အိမ်ပြန်ရောက်ပါတယ်၊ ရောက်တယ်ဆိုရင်ပဲ ကျွန်မမှာ အမောကလေးမှ ဖြေခွင့် မရနိုင်ဘူး...ချက်ခြင်း ထမင်းအိုးတစ်လုံး ကောက်တည်၊ တံမြက်စည်းလှဲ၊ ရှင်းစရာရှိတာ ရှင်းပြီး... သူတို့သားအဖကို ခူးခပ်ကျွေးနဲ့ ၇-နာရီဟာ ထိုးမှန်းမသိ ထိုသွားတာပဲ..."

"ညကျတော့ကော..."

"စားသောက် သိမ်းဆည်းပြီးတဲ့ အချိန်ဟာ အစောဆုံး ၈-နာရီပဲ ဦးလေးကျော်၊ ဒီနောက်လည်း မအားသေးဘူး၊ နောက်တစ်နေ့ အလုပ်သွားရင် ဝတ်ဖို့က အထည်ပိုမရှိတော့ အချိန်မီ လျှော်ရဖွတ်ရသေးတယ်၊ ဒီကြားထဲ ကလေး နေမကောင်းတဲ့ ရက်နဲ့များ ကြုံနေရင် ဦးလေးရယ်... ကျွန်မဖြင့် ရူးသွားမလား တောင် ကိုယ့်ကိုယ်ကို ထင်မိတယ်"

"အိမ်ကိစ္စ အားလုံးပြီးဖို့ဟာ ၉-နာရီလောက်မှ အဆုံးသတ်တယ် ဆိုပါတော့ကွယ်"

"ထားပါတော့ ဦးလေးရယ်...တစ်ခါတစ်လေလည်း ၁၀-နာရီပေါ့၊ အဲဒီတော့ ကျွန်မမှာ အားလပ်ချိန် ဘယ်မှာ ရှိတော့သလဲ၊ ည ၉-နာရီ၊ ၁၀-နာရီမှာ ဝေယျာဝစ္စတွေ ပြီးတယ်...မနက်လည်း စောစော ထ,ရဦးမယ့် ဝတ္တရားက ရှိနေတာတစ်ကြောင်း နောက်ပြီး မနက် ၆-နာရီက ညအထိ တစ်နေ့လုံး ပင်ပန်းထားရလို့ မောနေတာ တစ်ကြောင်း ဆိုပါတော့ ဦးလေးရယ်၊ ကိစ္စဝိစ္စတွေလည်း ပြီးရော... ကျွန်မ... ဘယ်သူနဲ့မှ စကားမပြောချင်ကော့ဘူး မောတာနဲ့ ဝင်အိပ်လိုက်တာပဲ"

"အေးပေါ့ကွာ... ဒီလိုဆိုတော့လည်း မင်းအပြစ် ဘာမှ မရှိသေးဘူးကွဲ့၊ နို့မောင်ဘသန်းက အလုပ်တွေ ဘာတွေ နောက်ထပ် ကော မရှာဘူးလား..."

"အလုပ်ပြုတ်ပြီး တစ်လ၊ နှစ်လလောက်ကတော့ သူလိုက်ရှာပါသေးတယ်၊ နောက်တော့ သူက ဘာပြောသလဲဆို...(ကျွ...



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကလည်း ဘယ်မှ နေရာမကျဘူး၊ လမ်းစရိတ်ကုန်၊ အချိန်ကုန်တာသာ အဖတ်တင်တာပဲ၊ ငါတော့ စိတ်ပျက်ပြီ)ဆိုပြီး ခုထိပဲ အလုပ်ကို ဟုတ္တိပတ္တိ မရှာတော့ဘူး…"

"တစ်နေ့တစ်နေ့အိမ်မှာ သူဘာလုပ်နေသလဲ မညို…"

"ကိုဘသန်းလား ဦးလေး၊ မယ်မယ်ရရ ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ လက်ဖက်ရည်ဆိုင်ထိုင်၊ သတင်းစာဖတ်၊ ဟိုသွား ဒီသွားပေါ့…"

"ဒီလောက်သိရရင် တော်ပါပြီကွာ၊ ခု ပြန်ရင် ငါတူမလည်း ချက်ရပြုတ်ရ ဦးမှာနဲ့၊ ကဲ… ကဲ… ပြန်တော့၊ ဩ… ဟိုရောက်ရင် ရန်လည်း ဖြစ်မနေကြနဲ့ဦးနော်၊ အမှန်မတော့ မောင်ဘသန်းလည်း မဆိုးပါဘူး၊ မင့်ကို အတော်ပဲ ကြင်နာရှာတယ်၊ အယူအဆတွေ မှားနေကြလို့သာပေါ့ကွာ၊ ကိုင်း… မင်းရောက် ရောက်ခြင်း သူ့ကို လွှတ်လိုက်စမ်း…"

ထိုည မညို ပြန်လာသောအခါ ယခင်ကကဲ့သို့ မကြည်မလင် မဟုတ်တော့ပါ၊ ရွှင်ရွှင်လန်းလန်း အမူအရာနှင့်ပင် ကျွန်တော့်အား ဦးလေးကျော် ခေါ်ပြန်ကြောင်း ပြောပြပါသည်။ ဤသို့ ပြုံးပြုံး ရယ်ရယ် ပြောနေသော မျက်နှာထား၌ ကျွန်တော့်အား သနား သွားသည့် အရိပ်အယောင်လည်း ပေါ်နေသည်ကို တွေ့ရပါသည်။

ချက်ခြင်း… ကျွန်တော် ထွက်လာခဲ့၍ ဦးလေးကျော်နှင့် မျက်နှာချင်းဆိုင်မိလျှင်ပင် ကျွန်တော့်အား ဖိ၍ ကြမ်းပါတော့သည်။ ရှေးဦးစွာ မညို၏ ရှင်းပြသွားချက်ကို ကျွန်တော့်အား ပြောပြပါသည်။

"အဲဒီအတိုင်း မှန်တယ် မဟုတ်လား မောင်ဘသန်း…"

"ကျွန်တော် မငြင်းပါဘူး ဦးလေးကျော်…"

"အေး… မင်းတို့ ပြဿနာကို သေသေချာချာ သတ္တုချကြည့် လိုက်တော့ မညိုမှာ ဘာမှ အပြစ်မရှိဘူး၊ မင့် ချို့ယွင်းချက်နဲ့၊ မင်းပေါ့လျော့မှုကိုသာ တွေ့ရတယ်"

ကျွန်တော်လည်း ဦးလေးကျော် နောက်ဆက်မည့် စကား တွင်သာ နားစွင့်နေမိပါသည်။

"မင်း–အလုပ်ကို တစ်လ၊ နှစ်လလောက်သာ ရှာပြီး… လက်လျှော့လိုက်တာဟာ ပထမ ပြစ်ချက်ပဲကွ၊ အလုပ်ကို ရှာပါ လျက်ကနဲ့ မရတာကိုတော့ တစ်မျိုး စဉ်းစားရမယ်၊ ခု–မင့်ဟာ က လက်လျှော့ပြီး မရှာဘဲနေလို့၊ ဝီရိယမရှိလို့… မရတဲ့ အပြစ် ပေါ်နေတယ်"

ဦးလေးကျော် စွပ်စွဲချက် မှန်နေသဖြင့် ကျွန်တော် ခေါင်း မဖော်ဝံ့ပါ။

"ကဲ…မင်း မနက်ကပြောတယ်…ကျွန်တော် ဘယ်ရောက် ရောက် ထွက်သွားချင်တယ်လို့…ဟုတ်လား၊ ကိုင်း…မင်းထွက် သွားပါပြီတဲ့ကွာ… ရောက်ရာအရပ်မှာ မင်း ဘာနဲ့ စားမလဲ၊ အလုပ်တစ်ခုခု လုပ်ပြီး ကိုယ့်ဝမ်းကိုယ်ကြောင်းရမယ် မဟုတ်လား မောင်ဘသန်း…ဟင်…"

ကျွန်တော်က ခေါင်းငုံ့ထားရာကပင် ညိတ်ပြလိုက်ရပါသည်။

"ကိုင်း… ကတည်းက မင်းဥစ္စာ တစ်လွဲဆံပင်ကောင်း ဖြစ်နေပြီ… ကိုယ်ထင်ရာ ထွက်သွားပြီး အလုပ်ရှာစားရမယ့် အတူတူ…"

"ဟုတ်ကဲ့…ကျွန်တော်သဘောပေါက်ပါပြီ ဦးလေးကျော်"

သူ့စကားမဆုံးမီ ကျွန်တော်က ဝန်ခံလိုက်ရပါသည်။

"အေး… ဒါက အကြောင်းဆိုက်လို့သာ ပြောရတာ၊ မင်းတို့ ပြဿနာထဲမယ်…မင်းအလုပ်မရှိလို့ မင်းဇနီးက ငြီးငြင်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သဘောမျိုး ပါတာမတွေ့ရဘူး... ဒါပေမယ့် အလုပ်ကိုတော့ မင်းမရှေ့ရအောင် ရှာဖို့ ကောင်းတယ်ကွာ..."

"ဟုတ်ကဲ့... ကျွန်တော်ရှာပါ့မယ်"

"လူတွေဟာ အတော်ခက်တယ်ကွ တို့ယောက်ျားတွေကသာပြီး ခက်သေးတယ်၊ မောင်ဘသန်း၊ မိန်းမဆိုတာ ချက်ရပြုတ်ရမယ်၊ အိမ်မှုဘာဟီရကိစ္စတွေ အားလုံး လုပ်ရမယ်... ဒါတွေဟာ မိန်းမအလုပ်ဆိုပြီး ပုံသေ စွဲမှတ်ထားတတ်ကြတယ်ကွ..."

စင်စစ် မိန်းမအလုပ်သည် မိန်းမအလုပ်ပင် ဖြစ်ရမည် မဟုတ်ပါလော၊ ဦးလေးတော့်စကားကို ကျွန်တော် အဘယ်ပုံနားလည်ရမည်မသိ ဖြစ်သွားမိပါတော့သည်။

"မင်းတော့ အူကြောင်ကြောင် ဖြစ်သွားမလား မသိဘူး... ဦးလေး ပြောချင်တာက မိန်းမအလုပ်ကို မိန်းမပဲ လုပ်ရမယ်ဆိုတာကတော့... ငြင်းလို့ မရဘူးပေါ့ကွာ၊ ကဲ... ဒီအတိုင်းတို့ယောက်ျားတွေ တညီတညွတ်တည်း သဘောတူကြရင် မိန်းမဟာ မိန်းမအလုပ်ပဲ လုပ်ရမယ်...ယောက်ျားတွေရဲ့ အလုပ်ကို မလုပ်ရဘူးဆိုတဲ့ သဘောပါ အကြုံးဝင်မနေဘူးလားကွ... ဟော"

ယခုထိ ကျွန်တော် ဇဝေလည်လည်ဖြစ်နေပါသေးသည်။ သို့သော် ခေါင်းကိုမူ ညိတ်ပြလိုက်မိပါသည်။

"ကဲ... အခု မင်းတို့အဖြစ်ကို ကြည့်စမ်း... မညိုဟာ မင်းလုပ်ရမယ့် အလုပ်၊ မင်းထမ်းရမယ့် တာဝန်ကို သူထမ်းနေလုပ်နေရတယ်... ဒါ မင်းက စိမ်ခံပြီး ထိုင်စားနေတယ်..."

ကျွန်တော် အလွန်ရှက်သွားပါသည်။ ဦးလေး စကားမှန်နေ၍ ကျွန်တော်ဘာမှ ပြန်မပြောဝံ့ပါ။



"မိန်းမတာဝန်ကို မိန်းမကပဲ ထမ်းရမယ်ဆိုရင် ယောက်ျားကလည်း ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်ရမယ် မဟုတ်လားကွ... ဟော... မယားက လင့်အလုပ်ဝင်လုပ်တာကို မှန်ကန်တယ်လို့ သဘောထားချင်ရင်... လင်ကလည်း မယားအလုပ်ကိုဝင်ပြီး လုပ်ပေးသင့်တယ်လို့ ဘာကြောင့် မတွေးသလဲ၊ သဘောမထားနိုင်ရသလဲ..."

ဦးလေးကျော် ရှင်းပြသမျှမှာ ကျွန်တော့်အပြစ်ချည့်ဖြစ်နေပါတော့သည်။

"ခု...မင့်မိန်းမက မင်းလုပ်ရမယ့် အလုပ်ကို သွားလုပ်နေတယ်...မင်းကတော့...ဘာ့ကြောင့် မင့်မိန်းမအလုပ်ကို မလုပ်ချင်ရတာလဲကွ... လက်ဖက်ရည်ဆိုင်ထိုင်၊ သတင်းစာဖတ်၊ ဟိုသွားဒီသွား ဒီလိုနဲ့ အချိန်ကုန်နေတယ်"

ယခုမှပင် ကျွန်တော့် ချို့ယွင်းချက်ကို ကျွန်တော် ရိပ်မိလာပါသည်။

"တကယ်လို့ မင်းအလုပ်သွားနေတယ်၊ မင့်မိန်းမက သူ့အိမ်အလုပ်သူမလုပ်ဘဲ သွားချင်ရာ လျှောက်သွားနေတယ်ဆိုပါတော့၊ ကဲ-အဲသလိုဆို မင့်စိတ်ထဲ ဘယ်လိုနေမလဲ၊ မင်းအလုပ်က ပြန်လာတော့လည်း မိန်းမစားဖို့ ထမင်းပါ မင်းတာ ချက်ရဦးမယ်ဆိုရင်တော့ ပြီးရော၊ ချက်လည်း မင်းချက်မှာ မဟုတ်ပါဘူးကွာ... ဒါ-ယောက်ျားအလုပ် မဟုတ်ဘူးဆိုပြီး ဒေါ်တွေ၊ မောတွေ ပွနေမှာ ငါမြင်ယောင်သေးတော့..."

ယခုထိ ကျွန်တော် ခေါင်းမဖော်ဝံ့သေးပါ။

"အေး... ခု-မင်းမိန်းမ အဖြစ်ကိုကြည့်စမ်း... လင်ယောက်ျားရဲ့ တာဝန်လုံးလုံးဖြစ်တဲ့ ဝမ်းရေးအတွက်လည်း အလုပ်

www.burmeseclassic.com

www.burmeseclassic.com

သွား လုပ်ရသေးတယ်၊ မနက်လည်း အစောကြီးထ, ဈေးဝယ်... ထမင်းချက်ကျွေး... ညနေပြန်လာတော့လည်း ထမင်းချက်ရ၊ လျှော်ရဖွတ်ရနဲ့ ဘယ်နေရာတစ်ကွက် သူ့မှာ သက်သာသလဲ၊ တွေးကြည့်စမ်း မောင်ဘသန်း"

ကျွန်တော် မလှုပ်သာတော့ပါ။

"တကယ်ဆိုရင်... ဪ... ငါ့မိန်းမဟာ ငါလုပ်ရမယ့် တာဝန်ကို သူထမ်းဆောင်နေပါကလား ဆိုပြီး ကိုယ်က တတ်နိုင်သလောက် အိမ်မှာ သိမ်းသိမ်းဆည်းဆည်း လုပ်ထားမယ်... ယုတ်စွအဆုံး ကိုယ့်အဝတ်အစားနဲ့ ကလေးပစ္စည်းတွေကိုပါ လျှော်တန်လျှော် ဖွတ်တန်ဖွတ် ဆိုသလို နည်းနည်းပါးပါး ကူညီဖို့ မကောင်းဘူးလား..."

"ဟုတ်တာပဲ ဦးလေးရယ်..."

ကျွန်တော် လှိုက်လှိုက်လှဲလှဲပင် ပြောလိုက်မိပါသည်။

"အေး...အိမ်ထောင်ရေးဆိုတာ တစ်ဦးတစ်ယောက်ထဲရဲ့ စွမ်းဆောင်မှု၊ ကြိုးပမ်းမှု၊ လုံ့လရှိမှုနဲ့ စခန်းသွားလို့ ဘယ်တော့မှ ကျပ်ပြည့်ပျော်ရွှင်ရေးကို မရနိုင်ဘူးကွ... ယောကျ်ားလုပ်သူက နေရေး ထိုင်ရေးနဲ့ စားသောက်ရေးအတွက် တာဝန်ကျေရသလို မိန်းကလည်း ကျစ်ကျစ်လစ်လစ်နဲ့ အိမ်ထောင်ထိန်းသိမ်းမှုမှာ စေ့စပ်ရမယ် တာဝန်ကျေရမယ်၊ တစ်ယောက်ယောက်က ယေ့ဆဆ နေမယ်ဆိုရင် ဘယ်တော့မှ မကြီးပွားနိုင်ဘူး မောင်ဘသန်းရဲ့..."

ကျွန်တော် ထောက်ထောက်ခံခံပင် ခေါင်းညိတ်လိုက်ပါသည်။

"ခု တို့မြန်မာပြည်မှာ ခေတ်စားနေတဲ့ သမဝါယမစနစ်လို အိမ်ထောင်ရေးမှာလည်း ညီတူညီမျှ အားတက်သရော ကြိုးစားကြမှ တကယ့် အိမ်ထောင်ရေး သုခကို ရနိုင်မယ်၊ ဒါဟာ မိန်းမအလုပ်၊ ဒါတော့ဖြင့် ယောကျ်ားရဲ့ တာဝန်ဆိုပြီး တစ်ယောက်နဲ့ တစ်ယောက် တွက်ကပ်နေကြရင်တော့ ဒီလိုပဲ လင်မယား ပြတ်စဲခြင်းသတင်းတွေ နေ့တိုင်း ဖတ်နေကြရဦးမှာပဲကွ..."

ကျွန်တော်လည်း ယခုမှပင် ကျွန်တော့် အမှားအတွက် အကြီးအကျယ် နောင်တရနေမိပါတော့သည်။

"အဲဒီတော့၊ မင်းလည်း... ခုလို ယောင်ခြောက်ဆယ် လုပ်မနေနဲ့တော့ကွာ၊ အလုပ်တစ်ခုခုရအောင်ရှာ၊ အလုပ်ဆိုတာမျိုးက လိုလိုချင်ချင်နဲ့ စိတ်မလျှော့ဘဲ ရှာရင် ရပါတယ်။ နောက်ဆုံး ရသလောက်နဲ့ ဝင်လုပ်ကွာ၊ ပြီး...ကိုယ့်အရည်အချင်းကို အလုပ်နဲ့ ပြပေါ့"

"ဟုတ်ကဲ့ ကျွန်တော် ရှာပါတော့မယ်..."

"ဒီလိုမှပေါ့ကွာ၊ မင်းတစ်ခု မြဲမြဲမှတ်ထား၊ မိန်းမဆိုတာမျိုးက များသောအားဖြင့် မိန်းမအလုပ်ပဲ လုပ်ချင်တယ်ကွ၊ အချက်အပြုတ် အသိမ်းအဆည်း အလျှော်အဖွတ် အချုပ်အဖာ ဒါတွေပဲ သူတို့ လုပ်ချင်တယ်၊ စိတ်ဝင်စားတယ်၊ မင်းကတော့ ဒါတွေကို စိတ်လည်း မဝင်စားဘူး၊ လုပ်လည်း မလုပ်ချင်ဘူး ဟုတ်လား"

ကျွန်တော်က ပြုံးနေပါသည်။

"အေး...ဘယ်စိတ်ဝင်စားမလဲ မင်းက ယောကျ်ားကိုကွ၊ အလုပ်လုပ်မယ်၊ ပိုက်ဆံရှာမယ်၊ မောမောနဲ့ ပြန်လာရင် ထမင်းကောင်း၊ ဟင်းကောင်းနဲ့ အရသင့် စားချင်တယ်၊ အကျီအဟောင်းကို ချွတ်ပြီး တန်းပေါ် ပစ်တင်ထားလိုက်မယ်... ဒီလို ဟုတ်လား"

သဘောကျသွားသလို ကျွန်တော်က ရယ်လိုက်မိသဖြင့်...

www.burmeseclassic.com

"အေး... အကြောင်းအားလျော်စွာပေါ့ကွာ ရုတ်တရက် အလုပ်ရှာလို့ မရရင် အဲဒီရက်တွေမှာ မင်းက မညိုရဲ့ တာဝန်တွေကို ယူတတ်ရမယ်၊ ယူရမယ်ကွာ၊ သူက မင့်တာဝန်ယူထားပြီ မဟုတ်လား၊ ဒါဟာ ရက်စရာမဟုတ်ဘူးကွ၊ ကိုယ့်မယားကို ကိုယ်ချစ်လို့ ကူညီတာပဲ၊ ဘယ်သူ ဘာပြောပြော ဂရုမစိုက်နဲ့၊ သူမနက်ဈေးသွားနေတုန်း အချိန်ရယ်၊ ညနေ ရုံးက ပြန်မလာခင်မှာရယ် ထမင်းကလေး တစ်လုံးလောက်ဖြစ်ဖြစ် ချက်ထားကြည့်စမ်း မညို ဘယ်လောက်များ ဝမ်းသာလိုက်မလဲလို့..."

လက်တွေ့မဆောင်ရွက်ရသေးမီကပင် မညို၏ ရွှင်မြူးအားရနေသော မျက်နှာကလေးကို ကျွန်တော်မြင်ယောင်နေမိပါတော့သည်။

"ဒီမှာ မောင်ဘသန်း၊ ယောက်ျားမို့ ထမင်းဟင်းချက်တတ်ဖို့ မလိုဘူးဆိုတဲ့ ခေတ်ဟာ ကုန်တော့မယ်ကွ၊ ကြည့်ပါလား... နိုင်ငံခြားသွား ပညာတော်သင် မြန်မာကလေးတွေ ထမင်းချက်၊ ဟင်းချက်အတတ်ဟာ မိန်းမအလုပ်ဆိုပြီး ဖင်ခေါင်းကျယ်နေတုန်း ရှိသေးတယ်၊ ဘယ်ပညာ ဘယ်အတတ် ဘယ်ဗဟုသုတဖြစ်ဖြစ်၊ တတ်သိ နားလည်ထားလေ အကျိုးရှိလေပဲ မဟုတ်လားကွ..."

"ဒါပေါ့ ဦးလေးကျော်..."

"အေး...မင်းလည်း ထမင်းဖြစ်ဖြစ် ချက်တတ်အောင် သင်ကွာ၊ မိန်းမ ယူရတာလောက် မခက်ပါဘူး၊ ကဲ...ဒီနေ့ကစပြီး အယူအဆတွေ ပြင်ကွာ၊ သမဝါယမစနစ်နဲ့ မင်းတို့ လင်မယား သာတူညီမျှ ကြိုးပမ်းကြကွာ၊ သူ့အလုပ် ငါ့ဝတ္တရားဆိုပြီး မခိုနဲ့ မကပ်နဲ့ကွာ ဦးလေးပြောသလို တက်ညီလက်ညီ စခန်းသွားကြမယ်ဆိုရင် မင်း... ကြည့်၊ တစ်ပတ်အတွင်း မင်းတို့အိမ်ထောင်ရေး စိုပြေလာလိမ့်မယ်၊ ကိုင်း–ပြန်တော့ မောင်ဘသန်း မိုးချုပ်နေလိမ့်မယ်..."



ကျွန်တော့် ဝမ်းထဲတွင် အလွန်ပျော်သွားပါသည်။ ယခင်က ထွက်ပြေးချင်သလောက်၊ ယခုမူ မညိုနှင့် ဝေ ရမည်ကို သေရမလောက် စိုးရိမ်နေမိပါသည်။ ကျေးဇူးတင်လွန်းသဖြင့် ကျွန်တော်သည်း ဦးလေးကျော်အား ဦးသုံးကြိမ်ချ၍ အထ,တွင်...

"အေးကွာ... သာရ... သာရ... မင်းတို့ လင်မယား အမြန်ဆုံ ပြည်တော်သာပါစေသတည်းပေါ့ကွာ... နော်၊ ဩ... မောင်ဘသန်း ဦးလေးပြောတဲ့ သမဝါယမဟာ အိမ်ထောင်ရေး သမဝါယမကွနော်၊ ဟို...လက်သင့်ရာ စားတော်ခေါ်...ငွေတွေ အပျောက်ရိုက်၊ ပစ္စည်းခြစား၊ ကုန်တွေနောက်ဖေးပေါက်က ခိုးထုတ်တဲ့ လမဝါယမတွေနဲ့ ရောမသွားစေနဲ့ဦး..."ဟူ၍ပင် မျက်လုံးကလေး ယတ်လိုက်ပါသေးသည်။

၃ နှင့် ၃ ပေါင်းလျှင် ၆ ရသည်ဟူသကဲ့သို့ပင် တိကျမှန်ကန်လွန်းလှပါသည်။ ဦးလေးကျော်ပြောသကဲ့သို့ တစ်ပတ်အတွင်း မဟုတ်ပါ။ နောက် တစ်နေ့တွင်ပင် ကျွန်တော်တို့ အိမ်ထောင်ရေးမှာ ယခင်က စံချိန်ကို ကျိုးအောင်ချိုးနိုင်ခဲ့ပါသည်။

မညို ကျွန်တော့်အပေါ်၌ ငြိုငြင်သလို ရှိခဲ့သည်မှာ အခြားဘာအကြောင်းမျှမဟုတ်၊ နွမ်းနယ်ပင်ပန်းလွန်း အားကြီးသူတိုင်းတွင် ဖြစ်ပေါ်တတ်သော ဝေဒနာ တစ်မျိုးကြောင့်သာလျှင် ဖြစ်ကြောင်း နောက်မှ သိရပါသည်။ ချောင်းဆိုးခြင်းသည်... ပင်ရင်းရောဂါ မဟုတ်၊ ပင်ရင်းရောဂါ တစ်ခုခု၏ အရိပ်လက္ခဏာမျှ ဖြစ်သကဲ့သို့ ပင်တည်း။

ယခုမူ...ကျွန်တော်တို့ ဇနီးမောင်နှံ၏ တစ်ကိုယ်ကောင်းစိတ် မပါတော့သော အိမ်ထောင်ရေး သမဝါယမမှာ အစစ,အရာရာ ပြည်တော်သာနေပြီ ဖြစ်ပါကြောင်း။

♥

www.burmeseclassic.com

www.burmeseclassic.com

ထိုဝတ္ထုအဆုံးသတ်မှပင် မြမြတင်လည်း စာအုပ်ကို လက်မှ ချလိုက်တော့၏။ တစ်စုံတစ်ရာကို သဘောကျသွားသလို တွေ၍ ပြုံးနေပြီးမှ ဖက်ကလေးနွဲ့လိုက် ကိုယ်ကလေးလှည့်လိုက်ဖြင့် အညောင်းဖြေနေစဉ်မှာပင် ကိုလှပို ရောက်လာ၏။

"မြရေ၊ ဖတ်လို့ ပြီးသွားပလား..."

မြမြတင်ရုတ်တရက် အဖြေမပေးသေးဘဲ ကိုလှပို သူ့အနီးသို့ ရောက်လာသည်အထိ စောင့်နေပြီးမှ...

"ပြီးပြီ ကိုပို...အကြောင်းအရာကလေးကတော့–အတော် ကောင်းတယ်၊ ဇာတ်လမ်းမရှိတာ တစ်ခုပဲ"

ကိုလှပိုလည်း...မြမြတင်နှင့် ဒေါးချင်းယှဉ်၍ ထိုင်လိုက် ရင်း...

"စာဆိုတာမှာ သဘောအမျိုးမျိုးရှိတယ် မဟုတ်လား၊ မြရဲ့...ဇာတ်လမ်းကို အဓိကထား ရေးတာကျတော့ ဇာတ်လမ်းကို အရသာခံ၊ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာကို အဓိကထား ရေးတာမျိုးကြတော့ အကြောင်းအရာကို အရသာခံပေါ့ မြရယ်"

"ကောင်းလှပါပြီရှင်..."ဟု မဲ့မဲ့ကလေး ပြုံးရင်း ပြောလိုက် ပြီးမှ...

"အင်း... မနက်က ကိုပိုကိုယ်တိုင် ဈေးသွားဝယ်ပြီး ကိုယ်တိုင်ချက်ပြုတ် လုပ်နေတာ လက်စသတ်တော့ ဒီလိုစာမျိုးတွေ ဖတ်ဖတ်ပြီး လက်တွေ့အသုံးချနေတာကိုး..."

"အမယ် ဘာထူးသလဲ မြကော ဒီလိုပဲ စာတွေဖတ်ပြီး ဒီလောက် အိမ်ရှင်မအတတ်တွေ ပြည့်ဝနေတာ မဟုတ်လား..."

မြမြတင်လည်း အလွန်လျှင် ကျေနပ်သွားသလို အမူအရာ ကလေးရှင်နေတော့၏။



"ဟုတ်တယ်နော်...ကိုယ်ဖတ်ပြီ သိထားတဲ့ စာဗဟုသုတ ဂလေးတွေကို လက်တွေ့အသုံးချလိုက်လို့ အောင်မြင်တာသိရရင် သိပ်အရသာ ရှိတာပဲ နော်... ကိုပို..."

"ဒါပေါ့ မြရဲ့...စာတွေ နင်းကန်ဖတ်ပြီး ခေါင်းထဲ သိမ်း ထားလို့တော့ သိတာပဲ ရှိမယ်၊ အခွင့်ကြုံတိုင်း ကောင်းနိုးရာရာ အချက်ကလေးတွေ ထုတ်သုံးတတ်မှ ဖတ်ရကျိုး နပ်တာပေါ့၊ ဒါနဲ့ ခုန စာအုပ်ထဲက ဦးလေးကျော် ပြောတဲ့ စကားတွေ မကောင်းဘူးလား မြ...ဟင်..."

"ကန်တော့နော် ကိုပို..."

မြမြတင်လည်း လိုရင်းစကားကို မဖြေသေးဘဲ၊ သို့လျှင် ကိုလှပိုအား လက်အုပ်ကလေးချီကာ ပြောလိုက်ပြီးမှ ကွေးထားသော ခြေကလေးကို ခပ်ဖြည်းဖြည်း ဆင်းလိုက်သောကြောင့်...

"ဒါများ ကန်တော့တွေ ဘာတွေ ပြောနေရသေးသလား မြရယ်... နေသာသလိုနေပေါ့"

ကိုယ်ဝန်ဆောင် မိန်းမသားတို့မည်သည် ဤလို ခြေကလေး ဆင်း၍လည်းကောင်း၊ ခပ်ကားကားထောင်၍လည်းကောင်း ထို မှသာ နေသာထိုင်သာ ရှိမည်ကို ကိုလှပို သိ၏။ ထို့ကြောင့်လည်း ခွင့်လွှတ်၏။

"ခုန–ကိုပိုမေးတာ ဘာပါလိမ့်၊ သြော်...ဦးဘကျော်ပြော တဲ့ အယူအဆတွေလား... မြတို့ မိန်းမတွေအနေနဲ့တော့ သိပ်

www.burmeseclassic.com



သဘောကျပေါ်...ဒါပေမယ့်...ယောက်ျားထုကတော့ ကြိုက်မယ် မထင်ဘူး"

မြမြတင်က ခြေကလေး ဆင်းထားရာမှ...ခေါင်းအုံးနှစ်လုံးကို ဆင့်၍ မှီရင်း... ထင်မြင်ချက်ပေးလိုက်သောကြောင့်...

"ကိုယ်ချင်းစာတရား ရှိတဲ့ ယောက်ျားတွေကတော့ ချွင်းချက်မရှိ လက်ခံမှာပဲ...နို့...ဦးဘကျော် ပြောပုံက ရှင်းလို့ မဟုတ်လား မြရဲ့...လင်ယောက်ျားဟာ လင်ယောက်ျားပီပီ နေထိုင်စားသောက်ရေးအတွက် တာဝန်ယူပေါ့...ဒီလိုမှ မဟုတ်လို့ မယားလုပ်စာ–ထိုင်စားချင်ရင်... မယားဖြစ်သူ လုပ်ရမယ့် အလုပ်ကို ကိုယ်က တာဝန်ယူ၊ ဒါပဲ ရှိတယ် မဟုတ်လား"

"မလွယ်ဘူး ကိုပို၊ မယားက ဈေးရောင်းကျွေးလည်း အိမ်ပြန်ရောက်တော့ ချက်ရပြုတ်ရသေးတာပဲ၊ လျှော်ရဖွတ်ရ သိမ်းရှုဆည်းရ သေးတာပဲ...ဒါဟာ မြန်မာမှာ အစဉ်အလာလို ဖြစ်နေပြီ"

ကိုလှပိုတွေသွား၏။ သို့အတန်ကြာတွေ၍ စဉ်းစားနေပြီးမှ ခေါင်းကို အသာခါလိုက်ကာ...

ကပ်သီးကပ်သပ် တွေးလိုက်သော ကိုလှပို၏ အယူအဆကို သဘောကျ၍လောမသိ၊ ပါးကလေးချိုင့်ဝင်သွားသည်အထိ ပြုံးလိုက်မိသော မြမြတင်က...

"ဒါဖြင့်... ကိုပိုက ပါတီတစ်ခု ဖွဲ့ပါဦးလား..."

"အမှန်ပဲဖွဲ့ဖို့ ကောင်းနေပြီ ခုခေတ်နိုင်ငံရေးသမားတွေက ပဒေသရာဇ်စနစ်ကို အပြုတ်တိုက်မယ်လို့ ကြွေးကြော်သလို...



ဒီပါတီကလည်း ရေးအစဉ်အလာ စနစ်ကို အမြစ်ပါမကျန် သုတ်သင်ရမည်ဆိုပြီး၊ အင်း...ဒီလိုဆိုလည်း ယောက်ျားတွေက ထ,ပြီး ကန့်ကွက်ဦးမှာပဲ..."

မြမြတင်က အားပါးတရ ရယ်ချလိုက်သဖြင့်...

"ဟုတ်တယ် မြရဲ့... ယောက်ျားဆိုတဲ့ သတ္တဝါဟာ များသောအားဖြင့် ရေးယောက်ျားတွေက စ,မကောင်းတာပဲ၊ ခုလည်း မကောင်းဘူး၊ နောင်လည်း တရားမျှတမှာ မဟုတ်ဘူး ထင်တာပဲ ကြည့်ပါလား၊ ရေးတုန်းက မိန်းမအကြောင်း မကောင်းတာကို အများဆုံးရေးခဲ့တဲ့လူ–မိန်းမကို နှိမ်ထားဖို့ စည်းကမ်းတွေ သတ်မှတ်ပေးတဲ့လူ... မိန်းမဟာ ဘယ်လောက်အထိ ယုတ်တယ်ရယ်လို့ ကဗျာ–လင်္ကာတွေ ဖွဲ့နွဲ့သီကုံးခဲ့တဲ့ လူတွေကို ခုခေတ်ယောက်ျားတွေက ရေးပညာရှိဆိုပြီး တရိုတသေ ဂုဏ်ပြုနေကြတယ်"

"ဟိုး...ဆရာကြီး၊ ဟိုး–ဟိုး စကားတွေ လွန်ကုန်ပြီနော်"

"ကိုပိုက ရေးပညာရှိတွေကိုပါ သိမ်းကြုံးပြောနေလို့..."

"ဘာလဲ... ကိုပိုပြောတာက ရေးပညာရှိ ဆိုတာတွေနဲ့ တိုက်ရိုက်သက်ဆိုင်တယ် သိလား... မိန်းမကို နှိမ်ချင်လာရင်၊ အနိုင်ကျင့်ချင်လာပြီဆိုရင် ဘယ်ပညာရှိကြီးက ဘယ်လို စာဖွဲ့သွားတာပဲလို့ ကိုးကားလိုက်ကြတာပဲ မဟုတ်လား ဟင်..."

"ဖြေးဖြေးပြောပါ ဆရာကြီးရယ်... ဒေါနကြီးပဲ"

ဤတွင်မှ ကိုလှပို ပြုံးဖော်ရလာပြီး...

www.burmeseclassic.com



"ဟုတ်တယ် မြရဲ့၊ ကိုပိုလည်း သိပ်အသည်းယားတာပဲ၊ ပြီး... ရှိသေးတယ်၊ ကာမဂုဏ်ကိစ္စမှာ မိန်းမ ဘယ်နှစ်ဆ ပြင်းထန်တယ်၊ ဘာညာနဲ့... မိန်းမတွေကို စော်စော်ကားကား မှတ်တမ်းတင်သွားကြတယ်၊ လက်တွေ့မှာတော့ မတရားပြုကျင့်မှုဖြစ်တိုင်း ယောကျ်ားက တရားခံချည့်ပဲ"

မြမြတင်သည်ပင်... ပါးကလေး ခွက်သွားအောင် ဟက်ဟက်ပက်ပက် ရယ်မိသွားတော့၏။

"အဲဒါကို ခုခေတ်ယောကျ်ား ပညာရှိတွေက ဘယ်လို ကာကွယ်သလဲ သိလား၊ ဒီလို ကာမ သောင်းကျန်းမှုတွေ များရတာဟာ မိန်းမတွေက ခေတ်ဆန်ပြီး မလုံ့တလုံ ဝတ်လို့ပါတဲ့၊ ကဲ... ဘယ်လောက်ကရော်ကမယ် နိုင်သလဲလို့... ဟင်..."

မြမြတင်ကား ပြုံးမြဲ ပြုံးနေ၏။

"မလုံ့တလုံ ဆိုတာဘာလဲ... ခုခေတ် အင်္ကျီလက်ပြတ်ဝတ်လို့ လက်မောင်းသားကလေး ပေါ်လာတယ်၊ ဘော်လီ အဟိုက်တို့၊ လျှော့ရှိလျှော့ရဲတို့၊ ဝတ်လာကြလို့ နှစ်လက်မလောက်သာ အမြင်မှာ ပိုပြီး ထူးခြားလာတယ်၊ ဒါပဲ၊ အဲသလို ကိလေသာနဲ့ နီးစပ်တဲ့ မြင်ကွင်းကြောင့်... ယောကျ်ားတွေ ကာမစိတ် ထကြွပါတယ် ဆိုရင် ခါးတောင်းကြိုက်ထားတဲ့ ယောကျ်ားကိုတွေ့တိုင်း... မိန်းမတွေ မုဒိန်းမှု ဖြစ်သင့်နေပြီ၊ မိန်းမက ယောကျ်ားထက် ဒီလိုစိတ်မျိုးမှာ ရှစ်ဆလောက် ပြင်းထန်တယ်လို့ စာဆိုရှိသကိုး"

"တော်ပါတော့ ကိုပိုရယ်၊ မြ နားရှက်ပါတယ် ကိုပို ပါတီဖွဲ့ပြီးမှပဲ ဒါတွေ တရားလည်ဟောပါတော့..."



"မဟုတ်ဘူ မြရဲ့၊ တစ်ဖက်စီးနင်း နိုင်လွန်းလို့..."

"ဒါက ကိုပို့အထင်နဲ့ ကိုပို ပြောနေတာကိုး... အဲဒီ စာဆိုတွေက သူ့အမိပ္ပါယ်၊ သူ့အထောက်အထားနဲ့ ရှိချင် ရှိဦးမှာပေါ့..."

"အေး... ယောကျ်ားမကောင်းတဲ့အချက်၊ ယုတ်မာတဲ့ အစိတ်အပိုင်းတွေလည်း ပြစရာ အကိုးအကားနဲ့ အထောက်အထားတွေ အများကြီး ရှိသားပဲ၊ ဒါကိုတော့ ယောကျ်ားချင်းမို့ ယောကျ်ား ပညာရှိတွေက စာမချိုးခဲ့တာလား..."

"ကဲ... မြို့မိမြို့ဖများ ကျေနပ်လောက်ပြီ ထင်ပါရဲ့၊ တော်ပါတော့ ကိုပို..."ဟု မြမြတင်က ချစ်စဖွယ် အမူအရာကလေးနှင့် လှောင်လိုက်သောကြောင့် ကိုလှပိုက အသာအယာ သိမ်းဖက်ပြီး သွက်သွက်ကလေး မွှေးပစ်လိုက်တော့၏။

ယင်းသည့် ရှုကွင်းကလေးမှာလည်း... ရင်အေးဖွယ်ရာ သာယာလှချေ၏။

"ဟင်... မြခေါင်းမှာ သန်းဥကလေးတွေပါလား... ကဲ ဟိုဘက်လှည့် ကိုပို ရှာပေးမယ်"

"ဟုတ်တယ် ကိုပို... ဘီးစိပ် ဘယ်လောက်တိုက်တိုက် သန်းဥကလေးတွေကတော့ ကျန်နေတာပဲ..."

သို့... ပြန်ပြောရင်းကပင် မငြင်းမဖယ်ဘဲ တစ်ဘက်သို့ အလိုက်သင့် လှည့်ပေးလိုက်၏။ မြမြတင် တပင်တပန်း ဖီး၍ ပြင်ဆင်ထားသော ဆံပင်ကို အသာဖြေချကာ သန်းဥကလေးများ နှိုက်ရှာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ မြ... ဒီမှာ တစ်ဥ"

ကိုလှပိုက... သို့ပြောရင်း လက်ဖျားကလေးဖြင့် လှမ်းပေးလိုက်သည်ကို မြမြတင်ကလည်း လက်ဝါးကလေးဖြင့် ဖြန့်၍ ခံလိုက်၏။

"ဟာ... သန်းမကလေး တစ်ကောင်ရော..."

လက်ညှိုးနှင့် လက်မကြားတွင် ဖိဖမ်းထားသော သန်းကလေး တစ်ကောင်ကို လှမ်းပေးလိုက်သည်တွင် မြမြတင်က လက်ဖြန့်ခံယူရင်း...

"သန်းမကလေးတစ်ကောင်တဲ့... ကိုပိုက သန်းထီး၊ သန်းမ ဘယ်လို ခွဲခြားဘိသမို့လဲ"

"ဟိုတလောက မြနဲ့ မမဒွေးတို့ သန်းရှာကြတုန်း ပြောတဲ့ စကားတွေ ကိုပိုကြားသားပဲ၊ မိပြန်ပြီဟေ့... သန်းထီးကြီးတစ်ကောင်လို့ တစ်ခါမှ မပြောဘူး၊ သန်းမကြီး၊ သန်းမလေး၊ နောက်... ဘာတဲ့ သန်းပျိုလေးဆိုလား..."

မြမြတင်လည်း ဟက်ဟက်ပက်ပက်ရယ်ကာ... ကိုလှပိုအား သမင်လည်ပြန် မော့ကြည့်ရင်း နောက်ပြန်ဖက်၍ ကိုလှပိုကို အသာဆွဲနှိမ်လိုက်၏။ နောက်... ကိုလှပို၏ နှာခေါင်းတွင် သူ့ပါးဖောင်းဖောင်းကလေးကို နှစ်သွင်းလိုက်ပြီးမှ...

"မြ–လင်ကလေး သိပ်လိမ္မာတာပဲ... နော်... ဘယ်တော့မှ အမှတ်တမဲ့ မနေဘူး... ရလည်းကြည့် သန်းဥဆွဲနေပုံများ တကယ့် မိန်းမကျနေတာပဲ"



"ဘာလဲ... ကိုပိုတို့ အိမ်ထောင်ရေးဟာ သမဝါယမစနစ်နဲ့ ဆောက်တည်ထားတာ မဟုတ်လား မြရဲ့... ဒီတော့ ယောကျ်ားအလုပ်ဖြစ်ဖြစ်၊ မိန်းမအလုပ်ဖြစ်ဖြစ် ဘာမဆို နားလည်ထားရမယ် မသိသေးတာကို သိအောင် ဆည်းပူးလေ့လာထားရမယ်ပေါ့"

ဤတစ်ကြိမ်တွင်မူ... မြမြတင်က ကိုလှပို၏ ပါးတွင် သူ့နှာခေါင်းဖြင့် နှစ်သွင်းပြီး ချစ်ခြင်းကြီး ချစ်ပစ်လိုက်တော့၏။

ယင်းသည့် ပဿဒမှာလည်း အားကျစရာအတိဖြင့် ပြည့်နေပြန်တော့၏။

မယားတို့မည်သည် အားလပ်ခွင့်ရတိုင်း ဤသို့ ပျော်လိုကြသည်။ မွေ့လိုကြသည်သာ ဖြစ်၏။ ဤအချက်ကို ကိုလှပိုသည် အကွက်စေ့စေ့ လေ့လာထား၏။ သို့... အလျောက်လည်း သူရသော အားလပ်ခွင့်ကို နာရီဝက်သော်မျှ အလဟဿ မဖြစ်ရစေဘဲ... သူ့ဇနီးနှင့်သာ ပျော်တပြုံးပြုံး သုံးလေ့ရှိ၏။

သို့တိုင်အောင် သူတို့ ထူထောင်ထားခဲ့သော စာဖတ်အသင်းကိစ္စ၊ ဆွမ်းလောင်းအဖွဲ့ အစရှိသော ဝေယျာဝစ္စများနှင့် ပတ်သက်၍မူ... ဝတ္တရားမပျက်၊ အချိန်ယူ ကူညီလျက်ပင် ရှိ၏။

ထိုသို့ မြမြတင်က အပြုစုခံရသဖြင့် ကြည်နူးနေသည့်နည်းတူ ကိုလှပိုကလည်း ယုယနေရခြင်းကို အရသာအဖြစ် ခံစားနေကြရင်း အချိန်သည် ကုန်မှန်းမသိ ကုန်နေခဲ့ရာမှ...

"ကဲ... တော်ပါတော့ မောင်ရယ်... မယားချစ်ရတာနဲ့ပဲ ဇက်တွေရော၊ လက်တွေရော ညောင်းကုန်ပြီ ထင်ပါရဲ့"

မြမြတင်လည်း ပြောရင်းကပင် သန်းရှာဆဲ ရှိနေသေးသော ကိုလှပို၏ လက်များကို ဆွဲဖယ်ဆုပ်ကိုင်ထားလိုက်ရာမှ–

"ကိုပို ဟိုဘက်လှည့်ဦး... မြ... ဇက်ကြောဆွဲပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေ မြရယ်...ကိုယ့်မယား ကိုယ်ပြုစုလို့တော့ လား၊ လက်လည်း မညောင်းဘူး၊ ခြေလည်း မညောင်းဘူး၊ အသက်ကိုတောင်..."

"တော်ပါတော့ ဆရာ၊ အသက်တော့ မစွန့်လိုက်ပါနဲ့... ဒီကောင်မ ငယ်ငယ်ရွယ်ရွယ်နဲ့ အရှုးထောင် ရောက်နေပါဦးမယ်..."

ဤတွင်တစ်ဖန် တစ်ယောက်ကိုတစ်ယောက် ဖက်၍ အတန်ကြာ ငြိမ်သက်နေကြပြန်၏။

"ကဲ... ကိုပိုရေ... ဟိုမှာ ၅–နာရီတောင် ထိုးတော့မယ်။ သွား ရေလေး ဘာလေး ချိုးချည်တော့၊ ပြီးရင် ရေခဲမုန့် သွားဝယ် ပေးပါလား... နော်၊ မြ စားချင်လို့"

"ဝယ်ပေးမယ်လေ... ဆန်းတိုက်ကပဲ မဟုတ်လား"

"အင်းပေါ့...ဖေဖေတို့ဆီပါ ပို့ရအောင် ဆယ်ခွက်လောက် ဝယ်ခဲ့နော်... မမထွေးတို့အတွက်ရော အားလုံးဖို့ပေါ့..."

ကိုလှပိုလည်း ချက်ချင်းပင် ထ၍ ဗီရိုထဲမှ ပိုက်ဆံယူနေစဉ်–

"ရေမချိုးတော့ဘူးလားလို့..."

"ဟော...ခုန–ဆံပင်ညှပ်ပြီး အပြန်မှာ ချိုးပြီးပါရောလား မြရဲ့"

"သြော်...ဟုတ်သားပဲ၊ ဒါနဲ့ ကိုပို ရေခဲမုန့်ကို ဖေဖေတို့ဆီ ဝင်မပို့ခဲ့နဲ့နော်... မြနဲ့မှ အတူတူသွားကြရအောင်..."

"ဒီကောင်ကလည်း သိပါတယ်ဗျာ..."

"ဟော...အောက်မှာ ကားသံကြားတယ် ကိုပို၊ ကိုဘတူ ပြန်လာပြီ ထင်ပါရဲ့ အတော်ပဲ"ဟု ပြောလိုက်ပြီးမှ တစ်စုံတစ်ရာ သတိရသလိုဖြင့်...



"ကိုပိုပဲ ကိုယ်တိုင်မောင်းပြီး သွားဝယ်လိုက်ပါတော့ကွယ်... နော်၊ ကိုဘတူကြီး သနားပါတယ်၊ အမောဖြေပါစေတော့"ဟု ပြောလိုက်သောကြောင့် ကိုလှပိုလည်း ခပ်ပြုံးပြုံး ခေါင်းညိတ်ပြရင်း ဆင်းသွားတော့၏။

♥

ဆယ်မိနစ်သာသာလောက်အတွင်းမှာပင် ကိုလှပို ပြန်ရောက်လာ၏။ ရေခဲမုန့်ခွက်ဘူးကို ထမင်းစားခန်းစားပွဲတွင် ဝင်၍ တင်ထားခဲ့ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်၌ ဖီးလိမ်းမွမ်းမံပြီး ဖြစ်နေသော မြမြတင်ကို တွေ့ရသည်နှင့်...

"အင်း... မြကတော့ ဘယ်အခါကြည့်လိုက်ကြည့်လိုက် သပ်သပ်ရပ်ရပ်နဲ့ သန့်သန့်ရှင်းရှင်း ဖြစ်နေတာ တွေ့ရတော့ ကိုပို့ မျက်စေ့ထဲမှာ အချိန်မရွေး လှနေတော့တာပဲ"

"အမယ်... ဒါများ အဆန်းလုပ်ပြောနေပြန်ပြီ"

"နို့... ချစ်တယ်... ချစ်တယ် ဆိုတဲ့ စကားကတော့ အဆန်းမို့ ဘယ်အချိန်ပြောပြော မရိုးဘူးပေါ့ ဟုတ်လားမြ"

မြမြတင်လည်း မျက်လုံးကလေး ခေါင့်ကပ်၍ ခပ်စောင်းစောင်း ကြည့်နေပြီးမှ...လက်ကလေးနှစ်ဖက်မြှောက်လိုက်ကာ...

"အရှုံးပေးပါပြီတဲ့ ရှင့်"

သို့ပြောလိုက်စဉ်မှာပင် မော်တော်ကား စက်နှိုးသံ ကြားလိုက်ရပြန်သဖြင့်...

"ကိုဘတူ ဘယ်သွားဦးမလို့ပါလိမ့်၊ ဖေဖေတို့ဆီ ရေခဲမုန့် သွားပို့ဖို့ကိစ္စ ပြောထားပြီးပလား မြ..."

"မြတို့သွားဖို့ မလိုတော့ဘူး...မနက်က ကိုပိုနဲ့တွေ့တော့... မြ–နေမကောင်းဘူးလို့ ဖေဖေ့ကိုပြောခဲ့တယ် မဟုတ်လား၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ခု–သူတို့လာကြလိမ့်မယ်…ကိုဘတူကို ကားနဲ့ လာကြိုဖို့ မှာလိုက်သတဲ့…ကဲ…လာ…အောက်ဆင်းကြစို့၊ မမထွေး ဟင်းမွှေးနေတာပြီ လောက်ပြီ ထင်ပါရဲ့…”

သူတို့နှစ်ယောက် တစ်ယောက်ခါးတစ်ယောက်ဖက်ပြီး ဆင်းလာခဲ့ကြ၍ ထမင်းစားခန်းသို့ ဝင်မိသည်နှင့် စားပွဲပေါ်တွင် လူငါးယောက်စာအတွက် ပန်းကန်များပြင်ထားသည်ကို တွေ့ရသောကြောင့် ကိုလှပိုတွင် ရုတ်တရက် အံ့အားသင့်သွားသလို အမူအရာဖြင့် တစ်စုံတစ်ရာ မေးတော့မည်ပြုစဉ်…

“မေမေတို့ပါ ထမင်း ဒီမှာ စားကြလိမ့်မယ်”

“ဟုတ်လား…. အင်း… ဆန်းတော့ ဆန်းတာပဲ”

“မဆန်းပါဘူး…ညနေက ကိုဘတူကို မေးသတဲ့၊ ဒီအိမ်မှာ ဘာချက်စားကြသလဲလို့၊ အဲဒါ ကိုဘတူက ပြောပြတာနဲ့…”

“ကဲ… ပြောရင်းဆိုရင်း ရောက်လာကြပြီထင်တယ်…”

ပြိုင်တူလိုပင် တံခါးဝသို့ ထွက်လာကြပြီး ဦးညိုမောင်တို့အား ဆီးကြိုကြ၏။ ကားပေါ်မှ ဆင်းလာကြသူတို့တွင် ဦးညိုမောင်နှင့် ဒေါ်သင်းထုံသာ မဟုတ်၊ ကိုလှပို၏ မိခင်ကြီး ဒေါ်စိန်ပွင့်ပါ ပါလာသည်ကို တွေ့ရ၏။

“လာ…ဒေါ်ဒေါ်”

မြမြတင်လည်း မိဘများထက်… ယောက္ခမဖြစ်သူကို ဦးစားပေး၍ အရေးတယူ တွဲခေါ်သွားသကဲ့သို့ ကိုလှပိုကလည်း ဦးညိုမောင်နှင့် ဒေါ်သင်းထုံတို့အား လေးစားသော အမူအရာဖြင့် ဆီးကြို၏။

“နေကောင်းတယ်နော်… သမီး”

ထမင်းစားပွဲတွင် နေရာအသီးသီး ယူ၍ ထိုင်မိကြသည်နှင့် ဦးညိုမောင်က မြမြတင်၏ နဖူးကို စမ်းရင်း မေးလိုက်သည်ကို…



“သမီး… ဘာမှ မဖြစ်ပါဘူး မေမေ”

“အေးကွာ…ကောင်းပါလေ့…မနက်က မောင်လှပို ပြောလို့ ချက်ခြင်း လာကြဦးမလို့ဘဲ မောင်ဘတူကို မေးကြည့်တော့ ဘာမှ မဖြစ်ပါဘူး ဆိုတာနဲ့”

“ဒါပေမယ့် သူ့ညက ကပေ့အောင်ကတန်းတွေ အိပ်မက်မက်ပြီ အိပ်ရေးပျက်တာနဲ့…”

ကိုလှပိုလည်း သူလိမ်ရာကျမည်စိုး၍ အလောတကြီး ကာကွယ်လိုက်၍မှ စကားမဆုံးမီ…

“အေးပေါ့ကွာ…မင်းကိုယ်တိုင် ဈေးဝယ်လာတာ တွေ့ကတည်းက သာမန်လောက်ပဲဆိုတာ မေမေရိပ်မိတာပေါ့…ကိုယ်မှုခေါင်းခဲဆိုရင်တောင် မြမြတင် အနားက မင်းခွါမှာ မဟုတ်ဘူး”

ယခုမှပင် ကိုလှပို မျက်နှာထား မှုမှန်သွားတော့၏။

“ကိုညိုမောင်တို့များ အဲသလောက်ရှင့်…ဒီကိစ္စဖြင့် ကျွန်မတောင် မသိလိုက်ရဘူး”ဟု ဒေါ်သင်းထုံက ဦးညိုမောင်အား မျက်စောင်းခဲလိုက်ရာမှ ဒေါ်စိန်ပွင့်ဘက်သို့ လှည့်၍ ပြောနေသည်တွင်…

“အရေးကြီးတဲ့ ကိစ္စမှ မဟုတ်တာပဲကွာ… ဒါပေမယ့် ညဘက်ကျမှ အေးအေးဆေးဆေး လာဖို့တော့ ငါစိတ်ကူးပြီးသားပါကွ၊ ခုတော့… သမီးက ထမင်းစားဖိတ်တာနဲ့…

ထိုစကားကြောင့် ကိုလှပို ယောင်ချာချာ ဖြစ်သွားကာ မြမြတင်ဆီသို့ ချက်ခြင်းပင် မျက်လုံးရောက်သွား၏။ မြမြတင်ကလည်း လှမ်းအကြည့်နှင့် မျက်စေ့ချင်းဆုံသွားပြီး အပြုံးကလေးနှင့် မျက်နှာလွှဲလိုက်ရင်း…

www.burmeseclassic.com

"ခုလို ထမင်းစားဖိတ်တာ ကိုပို မသိဘူးဖေဖေ"ဟု ပြောလိုက်သောကြောင့် အားလုံးပင် အံ့အားသင့်သွားပြီး မြမြတင်အား ငေးကြည့်နေစဉ်...

"ညတုန်းက သမီး... ကယောင်ကတန်းတွေ အိပ်မက်မက်လို့ လန့်ပြီး တော်တော်နဲ့ အိပ်မပျော်ဘူး၊ ဒါနဲ့ မနက်ကျတော့ ခါတိုင်းထတဲ့ အချိန် မထ,နိုင်ဖြစ်သွားတာနဲ့..."

"ဒါကြောင့် သူချက်တဲ့ လက်ရာကို ဖေဖေတို့အားလုံး ကျွေးချင်တာနဲ့ မမထွေးကို အခေါ်လွှတ်လိုက်တာပါ..."

သို့ပြောလိုက်သော မြမြတင်၏ အမူအရာတွင် မိဘများအား ကျွေးချင်မွေးချင်သည့် စေတနာအရိပ်အရောင် ပါသင့်သလောက်ပါသည် မှန်သော်လည်း စင်စစ်အားဖြင့် သူ၏ ချစ်သောလင်ကသူ့အား အဘယ်ပုံ ဂရုစိုက်၍ အဘယ်သို့မြတ်နိုးပြီး အဘယ်မျှလောက် ကြင်နာသည်ကို မိဘများ သိစေလိုသည့် ဆန္ဒလက္ခဏာကပို၍ ပေါ်လွင်နေသည်ကို တွေ့ရ၏။ အထူးသဖြင့် သူ့ချစ်လင်အား မိဘများက ဆထက်ထမ်းပိုး တိုး၍နှစ်သက်စေလိုသော အသွင်သည် အထင်ရှားဆုံး ဖြစ်နေတော့၏။

တစ်ဖန် မြမြတင်ကိုယ်၌ကလည်း ဤလို အကွက်ကလေးဆိုက်လိုက်ရသည့်အတွက် လင်ယောကျ်ား၏ ကြီးမားသော မြတ်နိုးမှုဖြင့် အပြုစုခံရသူအဖြစ် အဆစ်သဘော ဂုဏ်ယူမိချေသေး၏။

ထို့အတူ ကိုလှပိုတွင်လည်း လိမ္မာပါးနပ်စွာ အခွင့်ကောင်းယူတတ်သော ချစ်ဇနီးကလေးကြောင့် လေးလေးပင်ပင် ရယူခွင့်ကြုံလိုက်ရသည့် ကြည်နူးမှုကို ထုနှင့် ထည်နှင့် ခံစားနေမိ၏။ ကျေးဇူးတင်လှသော မျက်လုံးများဖြင့်လည်း မြမြတင်အား ပြုံးပြုံးကြီးကြည့်နေမိ၏။



ထိုအချိန်၌ ထမင်းရော၊ ဟင်းပါ အသင့်ရောက်နေပြီဖြစ်ရာ—

"နေပါဦး သမီးရဲ့၊ သမီးတို့က ဒီလိုခေါ်မယ်လို့ ရှည်ရှည်ဝေးဝေး ချက်ပြုတ်ထားတာ မဟုတ်ဘဲနဲ့ ခေါ်ကျွေးတယ်ဆိုတော့ ထမင်းတို့၊ ဟင်းတို့ လောက်ပါဦးမလား"ဟု ဒေါ်စိန်ပွင့်က ဝင်မေးလိုက်သည်ကို...

"အေးလေ..."

ဒေါ်သင်းထုံက ထောက်ခံလိုက်၏။

"ကဲ... ရှည်ရှည်ဝေးဝေး ...မှ ပြောမနေကြနဲ့တော့ ကလေးတွေ ကုသိုလ်ဖြစ်အောင် မြိန်မြိန်ရှက်ရှက် စားကြပေတော့"ဟု ဦးညိုမောင်က ပြောပြောဆိုဆို လက်ဆေးဇလုံကို နှိုက်လိုက်သဖြင့်—

"သူတို့လူနဲ့ သူတို့အတွက် တိုင်းချက်ထားတာကို..."

ဒေါ်သင်းထုံက စောဒက တက်လာပြန်သည်နှင့်...

"ဘာခက်သလဲကွာ... ဟို့အိမ်က ထမင်းတွေ၊ ဟင်းတွေ ဒီကို ပြန်ပို့လိုက်ပေါ့၊ ကဲ... မစိန်ပွင့် လက်ဆေးဗျာ"

"သမီးတို့ သားတို့ကော... ဝင်လေ"ဟု ဒေါ်သင်းထုံက ခေါ်နေပြန်၏။

"ကျွန်တော်တို့ မဝင်တော့ဘူး၊ မေမေတို့၊ ဖေဖေတို့သာ မြိန်မြိန် စားကြပါတော့..."

မြမြတင်နှင့် ကိုလှပိုတို့က ဘေးမှနေ၍ ယပ်ခတ်သူ ...ခတ်၊ လိုသောဟင်းများ ဖြည့်သူက ဖြည့်ဖြင့် ပျော်တပြုံးပြုံး ကြည်နူးနေကြသလောက် လူကြီးမိဘများက မြိန်ရေရှက်ရေ စားနေကြသည်မှာ အားရစရာကြီး ဖြစ်နေတော့၏။

"ဘယ့်နှယ့်... မစိန်ပွင့်၊ ခင်ဗျားသားက ဟင်းချက်တော့ ဘာတွေ အဟုတ်ကြီးပါ့လားဗျ... ဟင်"

www.burmeseclassic.com

ဦးညိုမောင်က ပြုံးပြုံးကြီး ချီးကျူးလိုက်သည်ကို သားအတွက် မြက်မြက်ကလေး ဝမ်းသာသွားသည်နှင့်အမျှ စကားပင် မပြောနိုင် ဖြစ်နေတော့၏။

"အဲဒါ... သူ့ဟာသူ၊ ဈေးဝယ်... သူ့ဟာသူ စီစဉ်ပြီး သူကိုယ်တိုင် ချက်ထားတာပဲ ဖေဖေ သမီးအိပ်ရာက နိုးတော့ အားလုံး ကျက်နေပြီ"

သို့ကလိုလည်း မြမြတင်က ဝင်၍ ချစ်လင်အား ဂုဏ်ပြုလိုက် ချေသေး၏။

ဤမည်သော မြမြတင်တို့ အိမ်ထောင်ရေး၌ ဇနီးမောင်နှံချင်း ကလည်း ဘက်ညီညီ ကြင်နာကြသည်၊ ချစ်မြတ်နိုးကြသည်၊ မိဘချင်းကလည်း ရင်းနှီးခင်မင်ကြသည်။ လူငယ်ချင်းတွင်သော် လည်းကောင်း၊ လူကြီးများ၌သော်လည်းကောင်း၊ ထွေထွေရာရာ စိတ်အနှောင့်အယှက် ဖြစ်စေမည့် ပြဿနာဟူ၍ မရှိ။

ယင်းသည့် အကြောင်းရင်းကိုရှာသော်–နှစ်ဦးနှစ်ဖက်လုံး တွင် ပြည့်ဝနေသည့် ဗဟုသုတနှင့် စနစ်တကျ သုံးတတ်သော မင်္ဂလာတရားတော်သည်သာလျှင် အကြောင်းခံလျက် ရှိသည်ကို တွေ့ရ၏။

ကျေနပ်နှစ်သိမ့်၍ အားလုံးပင် ပီတိတစိမ့်စိမ့်ဖြင့် ထမင်းကို ပြီးဆုံးခဲ့သည်တွင် အဆင့်သင့် ဝယ်ထားသော ရေခဲမုန့်သည် အချိုပွဲအဖြစ် ရောက်လာပြန်၏။

"အဆင်ကဖြင့်ပြေပေါ့ကွာ၊ ဘယ်အလှူမှာမှ ဖေဖေ ဒီလောက် မြိန်မြိန် မစားခဲ့ဘူးဘူး..."

ဦးညိုမောင်၏ ချီးကျူးမှုမှာ ယခုထိ မရပ်သေး။



"ဟုတ်တယ်...ကျွန်မလည်း အတော့်ကို စားလိုက်တာပဲ" ဟူ၍ ဒေါ်သင်းထုံကလည်း သို့လျှင် ဝင်၍ ထောက်ခံနေပြန်၏။

ဒေါ်စိန်ပွင့်ထံမှမူ... ဘာတစ်ခွန်းမျှ ထွက်မလာသေး။ သို့သော် ထုတ်ပြောလိုက်သည်ထက် လေးနက်သော အမူအရာသည် ချေးသီးနေသည့် သူ့မျက်နှာတွင် ပေါ်လွင်လျက် ရှိ၏။

"ဘယ့်နှယ့် မစိန်ပွင့်ကကော၊ ငြိမ်လှချည်လားဗျ–ဟင်... ခင်ဗျားကြည့်ရတာ အတော်ကောင်းပုံရတယ်"

"ဟုတ်ကဲ့... ကောင်းပါတယ်"

"ဒါဖြင့်လဲ ပြောလေဗျာ–မြိန်လိုက်တာ၊ စားလို့ကောင်း လိုက်တာလို့ ဒါမှလည်း ကလေးတွေ ဝမ်းသာတော့မပေါ့"

ဒေါ်စိန်ပွင့်ကမူ ပြုံးနေ၏။

"ဘာလဲဗျ၊ ကိုယ့်သားချက်တာမို့၊ ကိုယ့်ချေး ကိုယ်ချဉ်ရာ ကျမစိုးလို့ မပြောတာလား..."

ဒေါ်စိန်ပွင့် အသွင်မှာ ဤသို့ပင် အမိပွါယ်ပေါ်နေသည် ထင်ရ၏။

"ဒီလို မလုပ်နဲ့ဗျာ... ကိုယ့်သားသမီးဖြစ်ဖြစ်၊ ဘယ်သူ ဖြစ်ဖြစ် ချီးကျူးစရာရှိရင် ရက်ရက်ရောရော ချီးကျူးမှပေါ့ဗျ"

ယခုမှပင် ဒေါ်စိန်ပွင့်လည်း နေရာပြင်ထိုင်လိုက်ရင်း... လှုပ်ရှားစပြုလာ၏။

"ဟုတ်ပါတယ်၊ ဦးညိုမောင် ပြောသလိုပါပဲ၊ ကျွန်မ တော်တော့ကို မြိန်လို့ ဝမ်းထဲက ကြိတ်ပြီး သားရော၊ သမီးကိုပါ သာဓုခေါ်နေမိပါသေးတယ်"

"ကဲ... ဖေဖေ၊ ရေခဲမုန့်ကလေး စားလိုက်ပါဦး"ဟု ကိုလှပိုက ဝင်ထောက်လိုက်ပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com

"ဒီဟင်းတွေ ဘာတွေကတော့ ကျွန်တော်ချက်တာပါ၊ ဒီရေခဲမုန့်ကတော့ မြရဲ့ ကုသိုလ်ပဲ ဖေဖေ၊ ဒီ လိုဖိတ်ကျွေးမယ် ဘာမယ်ဆိုတာ ကျွန်တော် လုံးလုံးမသိဘူး၊ ဖေဖေတို့ အိမ်ကိုပါ သွားပို့ရအောင် ဆိုပြီး ဝယ်ခိုင်းတာပဲ..."

ချစ်ဇနီးကလေးအတွက်လည်း တစ်ဘက်က မျက်နှာရအောင် ကိုလှပိုက သို့လျှင်ဝင်၍ ရှင်းပြနေသောကြောင့်...

"အေး...ငါ့သားရော၊ သမီးရော မင်းတို့နှစ်ယောက်စလုံး ပြောပြတဲ့ စကားတွေ၊ ပြုမူကြပုံတွေရဲ့ သဘောအဓိပ္ပါယ်ကို ဖေဖေ ကောင်းကောင်းနားလည်တယ်၊ နားလည်သဘောပေါက်လို့ ဖေဖေ ဝမ်းသာလို့ မဆုံး ဖြစ်နေတယ်။ ဖေဖေတင် မဟုတ်ဘူးကွ၊ ကြည့်...မသင်းထုံရော–မစိန်ပွင့်ရော၊ သူတို့မျက်နှာတွေကို ကြည့်ကြစမ်း...ဘယ်လောက် ရွှင်လန်းအားရဖြစ်နေကြသလဲလို့၊ အဲဒါ မင်းတို့ လိမ္မာလို့ပဲ၊ ဒီအတိုင်းသာ တစ်ယောက်နဲ့တစ်ယောက် အလေးအယူမှုတပြီး ကြင်ကြင်နာနာ နေသွားကြမယ်ဆိုရင် တို့လူကြီးတွေအဖို့မှာ စိတ်ချလက်ချနဲ့ ပျော်ပျော်ကြီး သေနိုင်နေပြီ... ဟုတ်ဘူးလား မစိန်ပွင့်"

ဒေါ်စိန်ပွင့်တွင် ကြည်နူးမှုလွန်သွား၍လောမသိ၊ ပြုံးပြုံးကြီးကြည့်ရင်း မျက်ရည်လည်နေရာမှ...

"ကျွန်မတော့ မသေချင်သေးဘူး ကိုညိုမောင်၊ ဒီသားနဲ့ ဒီသမီး ခုလို ချစ်ချစ်ခင်ခင် ရှိနေကြတာကိုပဲ ကျွန်မဖြင့် ကြည့်လို့ မဝနိုင်သေးဘူး"ဟု ဒေါ်စိန်ပွင့်က အမှန်အတိုင်း ဝမ်းထဲ၌ ခံစားနေရပုံကို ရှင်းရှင်းပင် ဖွင့်ပြောလိုက်သဖြင့် ဦးညိုမောင်တွင် တစ်ကိုယ်လုံး တုန်သွားအောင် ရယ်မိသွားပြီးမှ...

"နို့...မသင်းထုံကကော"



"ကျွန်မတော့လား၊ သင်္ချိုင်းရတာရားကို မလွန်ဆန်နိုင်လို့ သေချင်သေရမယ်၊ ခုအတိုင်းသာ သားနဲ့ သမီးတွေက တစ်ယောက်ကို တစ်ယောက် မြတ်မြတ်နိုးနိုး ရှိကြတာတွေ့ရလို့ စိတ်ချမ်းသာလေ အသက်ရှည်ရှည် နေရလေပဲလို့..."

"အေး...ဒါမှန်တယ်၊ ငါကလည်း ယုတ်စွအဆုံးထားပြီး ပြောတာပါကွာ...တကယ်တော့ ငါလည်း မသေချင်သေးပါဘူး၊ မြေးကလေး ဘာလေးနဲ့ ပျော်ပျော်ပါးပါး နေချင်သေးတာပေါ့၊ ကဲ...စားကြ ရေခဲမုန့်တွေ ပူကုန်တော့မယ်"

ထိုနောက်ဆုံး စကားကြောင့် အားလုံးပင် ဝါးခနဲ ပွဲကျသွားတော့၏။

ပြုံးရွှင်ရယ်မော–ကြည်နူးမှု ဖောဖောသီသီဖြင့် သို့လျှင် စားသောက်၍ ပြီးသလောက်အရှိတွင် မြမြတင်က စကားတစ်ပိုဒ် စ,လိုက်ပြန်၏။

"ဒီမှာ ဖေဖေ...မနက်က ကိုပို ဈေးလာဝယ်တာကို ဖေဖေ သိတယ်မဟုတ်လား...ဟင်"

"အေးလေ...အဲဒါ ဘာဖြစ်လဲ သမီးရဲ့"

"သူပြန်လာတော့...သမီးကိုပြောတယ်၊ ဈေးတောင်းကိုတော့ ဖေဖေမြင်သွားတာပဲတဲ့၊ ဒါနဲ့ သမီးက သူ့ကို ဆူတာပေါ့"

"ဘာဖြစ်လို့..."

"ဖေဖေက...မိန်းမအလုပ်ကို မိန်းမလုပ်မှ ကြိုက်တယ် မဟုတ်လား၊ အဲဒါ...သမီးက အချောင်ခိုပြီး ကိုပို့ကို ဝယ်ခိုင်းတယ် ထင်မှာစိုးလို့...ဖေဖေတော့ သမီးကို ဆူတော့မှာပဲလို့ ပြောတော့လေ၊ သူက..."

စကားကို ရှေ့မဆက်သေးဘဲ မြမြတင်လည်း ကိုလှပိုဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။ ကိုလှပိုကလည်း မြမြတင် ရှေ့ရှု

www.burmeseclassic.com

www.burmeseclassic.com



နေသော စကားမှာ သူ့အတွက် ကောင်းသော အကွက်ကလေးသာ ဖြစ်လိမ့်မည်ဟု ယုံကြည်မိသည့်အတိုင်း ခွင့်ပြုသလို ပြုံးပြလိုက်၏။

"ဖေဖေဆိုရင် သူ့တာဝန်ထားပါတဲ့၊ သူ ရှင်းပြမယ်တဲ့၊ ကိုပိုက ပြောတယ်…"

ဤတွင် စကားကို ဖြတ်၍ ကိုလှပိုဆီသို့ လှမ်းကြည့်လိုက်သည့် အခိုက်တွင်…

"ကိုင်း… မင်း ရှင်းပြမယ်ဆိုတာက ဘယ်လိုတုန်း၊ မောင်လှပို"ဟု ဦးညိုမောင်က မေးခွန်းထုတ်လိုက်သဖြင့်…"

"မြက ပြောတယ်၊ ဖေဖေဟာ မိန်းမအလုပ်ကို မိန်းမပဲ လုပ်မှ သဘောကျသတဲ့…နည်းနည်းကလေး ပေါ့ဆရင် ဆူတာပဲတဲ့၊ ဒါနဲ့ ကျွန်တော်က မိန်းမအလုပ် မိန်းမသာလုပ်ရမယ်ဆိုတဲ့ ဂကားဟာ အခါခပ်သိမ်း လိုက်နာရမယ်ဆိုတဲ့ သဘောမျိုး ဟုတ်ချင်မှ ဟုတ်မယ်၊ အကြောင်းအားလျော်စွာ မိန်းမဖြစ်သူက မလုပ်နိုင်တဲ့အခါမှာ မိန်းမအလုပ်ပင်ဖြစ်စေ၊ လုပ်သင့်ရင်… ယောကျ်ားပေမယ့် လုပ်ရမယ် မဟုတ်လား ဖေဖေ…"

"အေးပေါ့ကွ…"

"အဲဒါ မနက်က သူအိပ်ပျက်ပြီး တော်တော်နဲ့ မနိုးလို့ ကျွန်တော်ကိုယ်တိုင် ဈေးသွားဝယ်တာကို ဖေဖေသိရင် ဆူတော့မှာပဲဆိုပြီး ကျွန်တော့်ကို ဒေါပွနေဟယ်…"

"နို့…မင်းကိုယ်တိုင် သွားမဝယ်ဘဲ မထွေးကို လွှတ်ရင်ကော ဖြစ်နိုင်တာပဲ မဟုတ်လား…"

ကိုလှပိုတွင် ရုတ်တရက် အဖြေရကြပ်သွား၏။ အတန်ကလေးကြာမှ…

"ဖြစ်တော့ ဖြစ်ပါတယ်၊ ဒါပေမယ့်…"



"မင့်ကိုယ်တိုင်…ချက်ပြုတ်ကျွေးချင်တဲ့ စေတနာကတစ်ကြောင်း၊ ခုနပြောသလို မိန်းမအလုပ်ပင် မှန်ပေမယ့်…လုပ်သင့်တဲ့အခါ ဝင်လုပ်ရမယ်ဆိုတဲ့ သဘောကို ပြချင်လို့ ကိုယ်တိုင်ဝယ်ပြီး ကိုယ်တိုင်ချက်တယ် ဆိုပါတော့…"

"ဟုတ်ပါတယ်ဖေဖေ…"

"ကဲ…ကြားကြရဲ့ မဟုတ်လား"ဟု မေးရင်း…ဦးညိုမောင်သည် ဒေါ်သင်းထုံနှင့် ဒေါ်စိန်ပွင့်တို့အား တစ်လှည့်စီ ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေပြီးမှ…

"ဒီလိုရှိတယ်လေ သမီးရဲ့၊ အိမ်ထောင်ရေးဆိုတာက အတော်ကျယ်ဝန်းသားကလား၊ ဖေဖေပြောပြောနေတဲ့ မိန်းမအလုပ် မိန်းမလုပ်မှ ကြိုက်တယ်ဆိုတာမျိုးက ပုံသေယူဆထားလို့ မရဘူး၊ လုပ်နိုင်ရက်နဲ့ မလုပ်ဘဲ ပျင်းနေတာမျိုးကို ဆိုလိုတာ သမီးရဲ့"ဟု သမီးဖြစ်သူအား ကြည့်၍ ပြောလိုက်သည်နှင့် မြမြတင်က…

"ဟုတ်ကဲ့ပါ ဖေဖေ၊ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ကိုပိုက သမီးကို စာအုပ်တစ်အုပ် ဖတ်ခိုင်းတယ်၊ ဘယ်လိုရေးထားလဲ ဆိုတော့…"

အိမ်ထောင်ရေး သမဝါယမဝတ္ထုအကြောင်းစုံကို နှုတ်ငုံရထားဘိသို့ စီကာပတ်ကုံးနှင့် တစ်လုံးချင်းပြောလိုက်သောကြောင့်–

"အေး… ဒီလိုပဲ ဖြစ်ရမှာပေါ့ သမီးရယ်… ခုကိစ္စမှာ မောင်လှပို မှန်တယ်… ရိုးရိုးသာမန် မှန်တာမျိုး မဟုတ်ဘူး၊ အထောက်အထားနဲ့ ခိုင်ခိုင်လုံလုံ မှန်တာမို့…"

"ကဲ…ကိုညိုမောင်…ရှင့်စကားတွေ ဒီညအဖို့ ဆုံးပြီးပြီလား…ကလေးတွေရော–မထွေးတို့ရော၊ ထမင်းမစားရသေးဘူး ရှင့်…"ဟု ဒေါ်သင်းထုံက ဖြတ်ပြောလိုက်မှ…

www.burmeseclassic.com

www.burmeseclassic.com



"အေ-ဟာ... ကဲ... ကဲ ဖေဖေတို့ ပြန်မယ်၊ ထမင်းချိုင့် တစ်ခုပေးလိုက်၊ ထမင်းနဲ့ ဟင်း ထည့်ပေးလိုက်ရအောင်..."

"အိမ်မှာ ချိုင့်တွေ ရှိပါတယ် ကိုညိုမောင်၊ ဒါ-မိန်းမ အလုပ်ပါ..."

ဒေါ်သင်းထုံက ရိုးရိုးပင် ပြောလိုက်သည်မှန်သော်လည်း စောစောက ပြောခဲ့သော စကားများနှင့်ဆက်သော် ပျက်လုံးလို ဖြစ်သွားသောကြောင့် ဦးညိုမောင်တွင် ခွက်ထိုးခွက်လန် ရယ်မိသွားတော့၏။

♥

သိန်းနှင့်ချီ၍ ချမ်းသာသော ဆေးရွက်ကုန်သည်ကြီး ဦးညိုမောင်၏ သမက်အဖြစ်ကို ရယူခံစားနေရသော်လည်း ကိုလှပိုမှာ ငွေရေးကြေးရေးနှင့် ပတ်သက်ရာ၌ သူ့စည်းကမ်းနှင့်သူ စခန်းသွားရသည်သာ ဖြစ်၏။

ဦးညိုမောင်သည် အလွန်စနစ်ကြီးသူ ဖြစ်၏။ သမီးတစ်ယောက်လုံးနှင့် ကြည်ကြည်ဖြူဖြူ လက်ဆက်ပေးထားသည့်တိုင်အောင်...ကိုလှပိုတို့ ဇနီးမောင်နှံအား အသုံးစရိတ်အဖြစ် တစ်လလျှင် နှစ်ရာငါးဆယ် သတ်မှတ်ပေးခဲ့၏။

ဆေးပွဲရုံတွင် ကိုလှပိုက မန်နေဂျာအဖြစ် တစ်စတစ်စ တိုးတက်တာဝန်ယူခဲ့ရ၏။ စင်စစ် လခစားနှင့် ဘာမျှ မခြားသော်လည်း ထိုစနစ်ကို ကိုလှပို သဘောကျ၏။

လိမ္မာရေးခြားရှိသော လူငယ်တစ်ယောက် ဖြစ်သည့်အတိုင်း ...ဆင်းရဲပင်ပန်းစွာ ဈေးရောင်း၍ ကျွေးမွေးပြုစုခဲ့သော သူ့မိခင်ကြီးအား ကျေးဇူးဆပ်ချင်ပေမည်။ မည်သည့်အလုပ်မျိုး လုပ်သည် ဖြစ်စေ၊ သူ့ချွေးနည်းစာထဲမှ မိခင်အား ပေးကမ်းထောက်ပံ့လိုပေမည်။





အကယ်တိ ဦးညိုမောင်က ဤလို တိကျသော ပုံသေလခဖြင့် စနစ်လုပ်မပေးခဲ့သော် လိုသောငွေကို လက်ဖြန့်တောင်းမည်လည်း မဟုတ်သောကြောင့်...သူ့မိခင်ကြီးအား ကျေးဇူးဆပ်ရန်မှာ အတော်အတန် အခက်တွေ့ဖွယ်ရာ ရှိနေပေမည်။

"မြ သိတဲ့အတိုင်းပဲ ကိုပို့ မေမေဟာဆိုရင်...သူ့တစ်ဝမ်းတစ်ခါးမပြောနဲ့ လူဆယ်ယောက်လောက်ကို အိမ်ပေါ်တင်ပြီး ကျွေးထားနိုင်အောင် ဝင်ငွေကောင်းတယ်နော်၊ ဒါပေမယ့်... ကိုပို့မှာ ဝတ္တရားရှိတယ်၊ ဒီတော့...ဘယ်လောက်ရယ်လို့ မဟုတ်ဘူး ကိုပို့ ချွေးနည်းစာအဖြစ်နဲ့ ထိုက်တန်သလောက် မေမေ့ကို ကျေးဇူးဆပ်ချင်တယ်..."

"အို... ကိုပိုရယ် ဒါတော့ ပေးရမှာပေါ့ ကိုယ့်မိဘဆင်းရဲတာ၊ ချမ်းသာတာက တစ်ခြား သားသမီးအနေနဲ့ ဝတ္တရားသိရမှာက တစ်ခြားပဲ ပေးပေါ့...ကိုပို ပေးချင်သလောက်သာပေး မြ... ကျေနပ်ပါတယ်"

"နောက်ပြီး...မြကလည်း ဖေဖေတို့ကို ကျေးဇူးဆပ်ရမယ်နော်..."

ပထမဆုံး ကိုလှပို လခထုတ်လာသည့်နေ့ကပင် ဇနီးမောင်နှံ ဤသို့ တိုင်ပင်၍ နှစ်ဖက်သော မိဘများကို ကျေးဇူးဆပ်ထောက်ပံ့ခဲ့ကြ၏။ နှစ်ဖက်သော မိဘတို့ကလည်း ငွေအဖြစ်လက်မခံ၊ ဝတ္တရားကျေပွန်မှုတည်းဟူသော အဖိုးတန် ရတနာအဖြစ်လက်ခံခဲ့ကြ၏။

ကြီးမားလှသော မိဘမေတ္တာအရပင် ထိုထို ကန်တော့ငွေကို ဦးညိုမောင်နှင့် ဒေါ်သင်းထုံတို့က ဘုရားပန်း ဆီမီး အစရှိသော စေယျဝတ်တွင် သုံးပြီး ဒေါ်စိန်ပွင့်ကမူ အကောင်းဆုံး ဟင်းလျာများချက်၍ သံဃာတော်များအား လောင်းလှူခြင်းတွင် အသုံးချ၏။

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်မှာ တစ်ခုတည်း ဖြစ်၏။ ထိုတစ်ခုတည်းသော ရည်ရွယ်ချက်မှာလည်း ညှိနှိုင်းတိုင်ပင်ရန် မလိုတော့သော သားနှင့် သမီးများအတွက် ရည်မှန်း၍ ပြုလိုက်သော ကောင်းမှုကုသိုလ် များသာ ဖြစ်၏။

ကိုလှပို၏ နက္ခတ်ဗေဒမှာ ရသလောက်နှင့် ရောင့်ရဲတင်းတိမ် နေလိုသော လူတစ်ယောက်မဟုတ်... တိုးတက်မှုကိုသာ အခါ ခပ်သိမ်း ရှေ့ရှုနေသူ ဖြစ်သည့်အတိုင်း၊ ဤလို တစ်လ ၂၅၀ မျှသော လခနှင့် တာရှည်နေသွားလိုစိတ်မရှိ။

စင်စစ် ထို ၂၅၀–တည်းဟူသော လစာငွေမှာ အသားတင်ဖြစ်ပြီး အခြားသော မော်တော်ကား စရိတ်၊ အိမ်စရိတ်နှင့် တိုလီမိုလီများကိုပါ ဦးညိုမောင်ကပင် ထောက်ခဲ့သေး၏။

"ငါ့သမီးနဲ့ တော်လို့...ဒေါ်ဒေါ် ဝယ်လာတယ်"ဟူသော စကား နိဒါန်းဖြင့် အဆန်းပေါ်တိုင်း ဒေါ်စိန်ပွင့် ဝယ်လာတတ်သော အဝတ်အစားတွေလည်း... တစ်လလျှင် နှစ်ကြိမ်ထက် မနည်း၊ မြမြတင် လက်ဝယ်သို့ ရောက်လာတတ်သေး၏။

"ကိုင်း... မောင်လှပို–ဒီလမှာ မင့်ရဲ့ ကြိုးစားမှုကြောင့် ငွေတစ်ထောင်လောက် ပိုပြီး ဝင်လာတယ်၊ ကဲ...ရော့ ဆုငွေတစ်ရာ အဝတ်အစားဝယ်ဝတ်"ဟူ၍လည်း ဦးညိုမောင်က ရံဖန်ရံခါ ပေးတတ်သေး၏။

ဤမျှလောက် နေသာချောင်လည်ပါလျက်နှင့် ကိုလှပိုတွင် အားမရသေး၊ ယောက္ခမအထောက်အပံ့ကို ယူ၍ အသက်ရှင်နေခြင်းထက် မိမိ၏ အစွမ်းအစဖြင့် တစ်သီးတစ်ခြား ကြီးပွားပြချင်သေး၏။ သို့လျှင် အာသာဆန္ဒ ပြင်းပြခဲ့သော်လည်း ဦးညိုမောင်တို့က ငြိုငြင် သွားလေမည်လားဟူသော စိုးရိမ်သည်တစ်ချက်၊ တို့ဆန္ဒ



အတိုင်း တစ်သီးတစ်ခြား လုပ်ငန်းတစ်ခု ပြုစုပျိုးထောင်ရန် လိုအပ်သော ငွေအရင်းအနှီးသည်တစ်ချက် ထိုနှစ်ခုသော အခက်အခဲတို့က ကိုလှပို၏ ရည်မှန်းချက်ကို ဟန့်တားထားသလို ရှိနေတော့၏။

သို့သော်... သူ–စိတ်မလျှော့သေး... အလွယ်တကူနှင့် အမြန်ဆုံး ဖြစ်မြောက်နိုင်ပြီး ဦးညိုမောင်တို့ပါ ကျေကျေနပ်နပ် ခွင့်ပြုနိုင်မည့် လုပ်ငန်းတစ်ခုကိုမူ၊ အမြဲတစေ နှလုံးသွင်း စဉ်းစား နေခဲ့သည်သာ ဖြစ်၏။

♥

ကိုလှပိုတို့ လက်ထပ်ပြီးခဲ့သည်မှ...ဤမှာဘက်သို့ ရက်–ရေတွက်သည်ရှိသော်...ပြက္ခဒိန် ဆယ်ရွက်မျှ လှန်ပြီးခဲ့ပြီ ဖြစ်၏။

"ကိုပို...ဘာလေးလိုချင်လဲ...ဟင်...သားလေးလား... သမီးလေးလား"

(ဗဟိုအမျိုးသမီးဆေးရုံ) သာဖွားဆေးရုံ ဥပဝိ–ခန်းအတွင်း ရှိ ခုတင်ပေါ်တွင် ပက်လက်ကလေး အိပ်နေရာမှ မေ လိုက်သည်ကို...

"များသောအားဖြင့် လူကြီးတွေကတော့ ပထမ သားဦးမှာ...မိန်းကလေးပဲ ကောင်းတယ်တဲ့ ဒါမှ...နောက်ကလေးတွေ အတွက်ရော၊ မိဘအဖို့ပါ အဖော်ရမယ်လို့ ပြောတာပဲ...ကိုပိုက တော့ ဘာလေးရမှလို့ သဘောမထားပါဘူး မြရယ်...သားရလည်း ချစ်... သမီးရလည်း ချစ်ပေါ့"

"မြကတော့... သားလေးပဲ လိုချင်တယ်ဆရာ... ဒါမှ မိန်းမမြတ်စာရင်းထဲ..."

"တော်စမ်းပါ မြတ်ရယ်...အဓိပ္ပါယ်မဲ့တဲ့ အယူဝါဒတွေကို စွဲလန်းမနေစမ်းပါနဲ့ ယောကျာ်းလေးမွေးမှ မြတ်တယ်... ဘာတယ် ဆိုတာဟာလည်း...သက်သက် မိန်းမတွေကို နှိမ်နည်း

www.burmeseclassic.com

တစ်မျိုးပဲ၊ တစ်ချို့ယောက်ျားလေးမွေးပြီး ဖောက်ပြန်နေတဲ့ မိန်းမတွေ ဘယ့်နှယ့်လုပ်မလဲ"

"ကဲ… ဒီအကြောင်း ဒီမှာတင် ရပ်ပါတော့ ကိုပို… နို့မို့ရင် ဆုံးမှာ မဟုတ်တော့ဘူး"

"ဒါဖြင့်… မြကလည်း ဒီအယူအဆတွေ ခေါင်းထဲ မထားနဲ့ပေါ့…"

မြချစ်ချင်စရာကလေး ပြုံးနေသောကြောင့်…

"ဆရာဝန်မက ဘာပြောသေးလဲ… ဟင်"

"ဒီနေ့ည ၉–နာရီနဲ့ ၁၀–နာရီကြားမှာ မွေးလိမ့်မယ်လို့ ပြောတယ် ကိုပို…"

"အဲဒါ… မေမေတို့ကော သိသွားကြသေးသလား…"

"ဘယ်သိမလဲ… ခုနမှ ဆရာဝန်မ လာစမ်းပြီး ပြောသွားတယ်"

သို့လျှင် ထွေရာလေးပါး စကားဆိုနေကြပြီးနောက်၊ နာရီဝက်လောက်အကြာတွင် ကိုလှပို ထ,ပြန်ခဲ့၏။

အိမ်ပြန်ရောက်လျှင် ရောက်ခြင်းပင် သွေးဆေး၊ အော်ဒီကလုံး၊ ရှုဆေးတောင့်၊ ယူကလစ်ဆီ၊ အစရှိသော သင့်လျော်မည်ထင်ရာ ဆေးပုလင်းများကို ပိုးလွယ်အိတ်ကလေး တစ်လုံးတွင် ထည့်လျက်… ခပ်သွက်သွက်ပင် ပြန်ဆင်းလာ၏။

ကားအနီးသို့ရောက်မှ ကလေးအတွက် ပေါင်ဒါဘူးကို သတိရသဖြင့် ခပ်သုတ်သုတ် ပြန်တက်သွား၍ လှေကားတစ်ဝက်လောက်ရောက်မှ… မြမြတင်အား ဆေးရုံပို့ခဲ့သော တစ်မြန်နေ့ကတည်းက ပေါင်ဒါဘူးကို သွားတိုက်ဆေးပါမကျန် သူကိုယ်တိုင် ထည့်ပေးလိုက်သည်ကို အမှတ်ရလာ၏။ ဤတွင်မှ သူ၏ ကယောင်ကတမ်းနိုင်လှသော အဖြစ်ကို တွေးမိပြီး ပြုံးပြုံးကြီး ပြေးဆင်းလာခဲ့၏။

နောက်…ဦးညိုမောင်–ဒေါ်သင်းထုံနှင့်တကွ ဒေါ်စိန်ပွင့်ရော…မထွေးကိုပါ ခေါ်တင်၍ ဆေးရုံဆီသို့ သုတ်ခြေတင် မောင်းခဲ့ပြန်၏။

၁၀–နာရီ၊ ၈–မိနစ်အချိန်တွင်…

"မိန်းမလေး… တဲ့… ဒေါ်ဒေါ်"

သူနာပြုဆရာမကလေးတစ်ယောက် အောက်ထပ်သံ တံခါးသို့ ကပ်လာရင်း ပြောလိုက်မှ… ပြိုင်တူလိုပင် ဟင်း… ခနဲ အမှုလုံးကျသွားကြတော့၏။

"အားလုံး ကျန်းကျန်းမာမာပဲမဟုတ်လား တူမကြီး"ဟု ဒေါ်စိန်ပွင့်က သူနာပြုဆရာမကလေးအား အရေးတကြီး မေးလိုက်သဖြင့်…

"အို…ဘာမှ မဖြစ်ပါဘူး… လွယ်လွယ်ကူကူပဲ ဖွားတယ်လေ… ကလေးလည်း သိပ်လှတယ်… ဝ,လည်း ဝ,တယ် ချစ်စရာကြီး"

သမီးဦး၊ မြေးဦးလည်းဖြစ်၊ တစ်ဦးတည်းသော သားနှင့် တစ်ယောက်တည်းသော သမီးက ပထမဆုံးအကြိမ် ထွန်းကားဖွားမြင်ခြင်းလည်း ဖြစ်သောကြောင့်… အားလုံးကပင် ကြည့်လိုမြင်လိုလှပြီ ဖြစ်၏။

သို့သော်… ပစ္စည်းမဲ့ ခန်းဆောင်များ၌ ညနေ ၆–နာရီ၊ လူချမ်းသာ ခန်းဆောင်တွင်မူ ၇–နာရီ၊ ၈–နာရီမှ ကျော်လျှင် အပြင်လူ တက်ကြည့်ခွင့် မရှိဟူသော ဆေးရုံစည်းကမ်းချက်ကြောင့် အောင့်သက်သက်နှင့်ပင် ပြန်ခဲ့ကြရ၏။

အပြန်လမ်းခရီး… ကားပေါ်တွင်…

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း မပြောချင်တော့ဘူး...အဟုတ်ပဲ၊ ကိုညိုမောင် တစ်ယောက်ကြောင့် အားကြီးခက်တယ် မစိန်ပွင့်...သိလား"ဟု ဒေါ်သင်းထုံက မျက်နှာထား တမှုံမှုံဖြင့် ရေရွတ်နေသောကြောင့်–

"ဘာခက်တာလဲ... ငါက ဘာလုပ်လို့တုန်းကွ... ဟေ"

"ဘာလုပ်ရမလဲ၊ ကောင်မလေးကို အိမ်မှာပဲ ဝမ်းဆွဲကောင်း ကောင်းနဲ့ မွေးပါစေဆိုတာကို ဘယ်လိုမှ ပြောမရဘူး၊ ဆေးရုံဆေးရုံနဲ့ ကဲ... ခုတော့၊ ကိုယ့်သမီးနဲ့ ကိုယ့်မြေးကို တက်ကြည့်ချင်လို့မှ ကြည့်ရရဲ့လား... ဟင်၊ ရှင်လုပ်ပုံ..."

"အေး... မင်းတို့၊ ဒါပဲ သိတယ်"

"သိတယ်လေ... သိရတယ်၊ ဒါမိန်းမအလုပ်ကိုး၊ သိရ တာပေါ့..."

"အဲ...မင်းသိတာက အိမ်မှာမွေးရင် မြန်မြန် ကြည့်ရမယ်၊ မင့် မြေးကို မြန်မြန် ချီရမယ်... ဒါပဲ မဟုတ်လား"

"ဟင်း..."

ဒေါ်သင်းထုံကမူ ထိုမျှသာ ရေရွတ်လိုက်၏။

"ငါ–ယောက်ျားပေမယ့် မိန်းမတွေအဖို့ ဘယ်နေရာမှာ ဘာအရေးကြီးတယ်ဆိုတာ ငါအကုန်သိတယ်ကွ...မစိန်ပွင့်လည်း အားနာပါရဲ့ဗျာ၊ မပြောမပြီးလို့ ပြောရဦးမယ်၊ မောင်လှပိုလည်း မှတ်ထားကွနော်..."

ကိုလှပိုပင် လှမ်း၍ သတိပေးလိုက်ပြီးမှ....

"မင့်သမီးက၊ ဒါ... ပထမဆုံးအကြိမ် မီးဖွားရတာ မဟုတ်လား၊ ဒါ... အပျိုဗိုက်ခေါ်တယ်..."

"အမယ်၊ ဒါတော့... ဘယ်မိန်းမ မဆို သိတာပဲ၊ အပျို ကြီးတောင် နားလည်တယ်"

"နို့–အပျိုဗိုက်... မီးဖွားရတာ မလွယ်ဘူးဆိုတာတော့ ကော..."

"သိတာပါပဲရှင်... မိန်းမပဲဥစ္စာ"

"ဒါဖြင့် ဘာ့ကြောင့် အိမ်မှာ မွေးစေချင်ရသလဲ... မတော်တဆ ခဲခဲယဉ်းယဉ်း ဖြစ်နေတော့ ဘယ့်နှယ့်လုပ်မလဲ၊ ဘယ်လောက် ကျွမ်းကျင်တဲ့ ဝမ်းဆွဲဖြစ်ပစေ၊ တကယ့်အကြပ် အတည်းနဲ့ တွေ့လာပြီ ဆိုပါတော့...ဘယ်မလဲ ပစ္စည်းကိရိယာ ဘယ်လောက်တော်တော်...ဗဟိုအမျိုးသမီးဆေးရုံက ဆရာဝန်မကြီး တွေကိုတော့ ... လွှမ်းမိုးပြီး မကျွမ်းကျင်နိုင်ဘူးကွ"

"ဒီလိုဆို... သူများတွေ ခက်ကုန်ရောပေါ့"

"အေး... ဆေးရုံဆိုရင် တစ်ယောက်တည်းနေရမှာ... ကြောက်လို့ ကောင်းမှန်းမသိသေးလို့သာ အိမ်မှာမွေးနေကြတာ ဖြစ်ချင်ဖြစ်မယ်၊ တကယ်တန်းကျတော့ မီးဖွားမှုနဲ့ ပတ်သက်လာရင် ဆေးရုံဟာ အကောင်းဆုံးပဲကွ... ငါတော့ဆေးရုံမှာ မွေးတာပဲ စိတ်ချတယ်..."

ဒေါ်သင်းထုံ၊ တစ်စုံတစ်ရာ ထပ်၍ ဆက်လိုက်ချင်သေး၏။ သို့သော် ကားမှာ ရေကျော်ထိပ်ရှိ ဒေါ်စိန်ပွင့်၏ မုန့်ဟင်းခါးဆိုင်တွင် ဆိုက်ကပ်လိုက်ပြီ ဖြစ်သောကြောင့် ဤတွင်ပင် ထိုစကား ပြတ် သွားတော့၏။

♥

၁၁–ရက်မြောက်သောနေ့တွင် မြမြတင်တို့ အိမ်ရောက်နေ ပြီ ဖြစ်၏။ နံနက်မိုးလင်းကတည်းက တပွဲပွဲသွားလာ ဝင်ထွက်နေကြ သော ဧည့်ပရိသတ်မှာ ခြေခြင်းလိမ်မတတ် ရှုပ်ရှက်ခတ်နေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့နှင့်လည်း ဆုံနေသောကြောင့် ကလေးကို ကြည့်ရန်နှင့် အမေးအမြန်းလာကြသော မိတ်သင်္ဂဟတို့မှာ မျှော်လင့်ထားသည်ထက် ပိုမိုများပြားနေသဖြင့် ကော်ဖီမှာ မျော်မလောက်နိုင်အောင် ရှိနေတော့၏။ မီးနေဝင်သော လက်ဆောင်ပစ္စည်းအဖြစ် လက်ဖွဲ့ကြသည်မှာလည်း မြမြတင်တို့၏ နှစ်ယောက်အိပ် ခုတင်ပေါ်တွင် ပတ်လည်ဝိုင်းမျှ ပြည့်နေတော့၏။

ထိုနေ့အဖို့၌ အိမ်သားအားလုံး တပြုံးပြုံး ရှိနေကြလျက် ထိုအထဲတွင် ကိုလှပို၏ မျက်နှာထားမှာ အချိုဆုံး ဖြစ်နေသည်ကို တွေ့ရ၏။

ညနေ ၂–ချက်တီးလောက် အထိသော်မှ ကိုလှပိုတွင်၊ ရွှင်၍မဆုံးနိုင်အောင် တပြုံးပြုံးညှို့ခံနေသည်ကို တွေ့ရသော်လည်း ညနေပိုင်းသို့ ရောက်လာသည်နှင့် အတောမသတ်နိုင်အောင် ရှိနေသော ဧည့်ပရိသတ်ကိုကြည့်ရင်း စိတ်ပျက်သလို မျက်နှာထား အိုလာ၏။

သူ–အလွန်ချစ်မြတ်နိုးသော ဇနီးကလေးနှင့် ဝေးခဲ့ရသည်မှာ (၁၀)ရက်တိတိ ရှိနေပြီ ဖြစ်၏။ မိနစ်ပိုင်းလောက်ပင် အားသည် ဖြစ်စေ၊ ထိုအချိန်ကို မယားကလေးနှင့်သာ ပွတ်သီးပွတ်သတ် သုံးရင်း ကုန်လွန်စေခဲ့သည် မဟုတ်ပါလော။

ယနေ့သည် မခွဲစဖူး(၁၀)ရက်တိတိ ခွဲခွါနေခဲ့ရပြီးမှ ပြန်လည်တွေ့ဆုံရသည့် ထူးခြားဖွယ်သော နေ့ဖြစ်သည်နှင့်အညီ လက်ချိုးစစ်၍ ရက်တိုးနှင့် ချစ်စကားတွေ ကြွယ်လိုက်ချင်လှပြီ ဖြစ်၏။

ပထမသော် ထိုထိုဧည့်ပရိသတ်များဖြင့် ရှုပ်ရှက်ခတ်နေသည်ကိုပင် တစ်မျိုးအရသာအဖြစ် ခံစားနေမိပြီးမှ–ယခုသော် သူ့ဇနီးကိုမှ ဝ,အောင် ကြည့်ခွင့်မရနိုင်အောင် ရှိနေသောကြောင့် ကိုလှပို ငြိုငြင်စပြုလာ၏။ သို့တိုင်အောင်လည်း ထိုထို ဧည့်ပရိသတ်တို့၏ ဝင်ထွက်သွားလာမှု၌ စင်စစ် မေတ္တာကို အရင်းခံကြောင်း ကောင်းကောင်းကြီး ရိပ်မိ သဘောပေါက်လာသည်နှင့်အမျှ ငြိုငြင်မှုသည်လည်း တစ်စ, တစ်စ, ပြေပျောက်သွားတော့၏။

ည ၇–နာရီလောက်မှပင် ဧည့်အဝင်အထွက် ကြဲသွားတော့၏။

"နေရထိုင်ရတာ ရှင်းရှင်းလင်းလင်း ရှိတယ်နော်… မြ"

နှနှင်းအဝါရောင်ဖြင့်ရောက တစ်မျိုးချော၍ လှနေသော မြမြတင်အနီးတွင် ညင်ညင်သာသာ ထိုင်ရင်း မေးလိုက်သည်ကို…

"မြ… ဘာမှ မဖြစ်ပါဘူး ကိုပို နေကောင်းပါတယ်"

သို့ မြမြတင်က…ပြုံးပြုံးကလေးပင် ဖြေလိုက်သော်လည်း ကိုလှပိုတွင် ကျေနပ်ပုံမရ၊ သနားကြင်နာလှသော မျက်လုံးများဖြင့် တွေကြည့်နေပြီးမှ…

"ကိုပို ပြောရင်တော့ ရယ်စရာ ဖြစ်နေမလား မသိဘူး၊ ခုလို…မီးဖွားရတဲ့ ဒုက္ခကို မြ ခံစားရတဲ့အတွက် ကိုပို နည်းနည်းမှ စိတ်မကောင်းဘူး၊ ဘုရား့ရှူးရစေရဲ့…"

"အို… ဘာလို့ ကျိန်ရတာလဲ ကိုပိုရယ်၊ ဒါ–အဆန်းမှ မဟုတ်တာ…"

မြမြတင်လည်း…ကိုလှပို၏ ပါးစပ်ကို ဆတ်ခနဲ လှမ်းပိတ်ရင်းက သို့ပြောလိုက်သဖြင့်…

"အဆန်းမဟုတ်တာတော့ ကိုပိုလည်း သိသပေါ့ မြရယ်… ဒါပေမယ့်…အို ဒါဟာ မမှုတာပဲဆိုပြီး သာမန် ယောကျ်ားတွေလိုတော့…ကိုပို အမှတ်တမဲ့ နေလို့မရဘူး…မြကို ဆေးရုံပို့ခဲ့ရတဲ့ နေ့ကစပြီး…ဒီနေ့သာထိရော ည,ည အိပ်ပျော်တယ်ထင်သလား… ကိုပို့ မျက်နှာကိုကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com

"မြလည်း သိပါတယ် မောင်ရယ်... မြ ဆေးရုံရောက်ပြီ သုံးရက်လောက်ကတည်းက တစ်နေ့တစ်ခြား ကိုပို မျက်နှာတွေ ချောင်လာတာ မြလည်း အကဲခတ်မိလို့ မေးမယ်–မေးမယ်နဲ့ဟာ ဆေးရုံကို ကိုပိုလာတဲ့အချိန်နဲ့ ညှိသည်တွေနဲ့က မပြတ်အောင် ဖြစ်နေတော့..."

"ဖေဖေ့စကားကို မလွန်ဆန်ဝံ့လို့သာပေါ့... မြကို တစ်ယောက်တည်း ဆေးရုံမှာ ပို့ထားရတာကို... အသည်းကြွေမတတ်ဘဲ ကိုပိုစိတ်မကောင်းဖြစ်မိတယ်"

"ဘာလဲ... မြနဲ့ ခွဲနေရလို့လား"

မြမြတင်က အကဲခတ်သလို မျက်လုံးကလေး ထောင့်ကပ်၍ ကြည့်ရင်း မေးလိုက်၏။

"ကိုပိုက မခွဲနိုင်တာလည်း တစ်ကြောင်း၊ ပြီး....မြက ကိုယ့်လင်ကို ကိုယ်အင်မတန် ချစ်တယ်မဟုတ်လား၊ ဒီတော့ မြကလည်း ခုလို ခွဲခွါပြီး နေချင်မယ် မဟုတ်ဘူးလို့ ကိုပို တွေးမိတာကလည်း တစ်ကြောင်း၊ နောက်ပြီး..."

"ဒီမှာ ကိုပို၊ မြလည်း မှန်တာကို ပြောမယ်၊ ပထမတော့ မြ သိပ်ဝမ်းနည်းသွားတာပဲ၊ အိမ်မှာတုန်းက တစ်ခါတစ်လေ ညဘက်မှာ မြ နောက်ဖေးထ,သွားခိုက်၊ ကိုပို ရုတ်တရက် နိုးလာပြီး မြကို မတွေ့တဲ့အခါ အူယားဖားယားနဲ့ အိမ်သာကို ထ,လိုက်လာတတ်တယ်... မဟုတ်လား ဟင်"

ကိုလှပိုက ခပ်သွက်သွက်ပင် ခေါင်းညိတ်ပြလိုက်၏။

"ဒီလောက်ပဲ ဖြစ်ရသလား ကိုပိုရယ်လို့...မြက မေးတော့၊ ကိုပိုဘာပြောသလဲ (ကိုပို့အနားမှာ မြ မရှိရင် ကိုပို အိပ်မပျော်ဘူး၊ စိတ်ထဲမှာ တစ်ခုခု ပိုနေသလိုပဲ)လို့ ကိုပိုပြောလေ့ရှိတယ် မဟုတ်လား..."



ပြုံးပြုံးကြီး တွေကြည့်နေပြီးမှ မြမြတင်၏ မေးဖျားကလေးကို အသာဆွဲခါလိုက်ရင်း...

"ဒီတော့၊ မြကလည်း ကိုပို့အတွက် စိတ်မကောင်းဖြစ်ပြီး... အို... စိတ်မကောင်းရုံတင် ဘယ်ကမလဲ... နောက်တစ်ခါတော့၊ ဘာဖြစ်ဖြစ် ဆေးရုံမှာ မမွေးတော့ဘူးလို့တောင် ဆုံးဖြတ်မိသေးတယ် ကိုပို..."

"ကိုပို ယုံတယ်... ကိုပိုလည်း..."

"ဒါပေမယ့်...မြ သေသေချာချာစဉ်းစားကြည့်တယ်၊ ခုလို ...ခွဲခွာနေရတာက ၁၀–ရက်လောက်ရယ်၊ တကယ်တန်းကျတော့ ဆေးရုံပဲကောင်းတယ် ကိုပို သိလား...ကိုပို သတိထားမိမှာပေါ့... မြတို့ အခန်းထဲက တရုတ်မကလေးလေ..."

"အင်း... တွေ့သားပဲ... သူ ဘာဖြစ်လို့လဲ မြ"

"ဖြစ်ပုံတော့ မပြောနဲ့... မြဖြင့် သိပ်ကြောက်သွားတာပဲ ရှိုးရှိုးတန်းတန်း မမွေးနိုင်လို့... သူလည်း ခံလိုက်ရတာ လိမ့်နေတာပဲ၊ နောက်ဆုံး ဗိုက်ခွဲပြီး ကလေးကို ထုတ်ယူရတယ်"

ကိုလှပိုတွင် ထိုစကားကြောင့်... မျက်လုံး အကျယ်သား ဝိုင်းသွားတော့၏။

"နောက်... ဘယ်လိုဖြစ်သွားသလဲ... မြ... ဟင်"

"ဘာမှ မဖြစ်ဘူးလေ... ကလေးကလည်း ဝ,လိုက်တာ ၉–ပေါင်ခွဲတောင် ရှိသတဲ့...ခု–မြဆင်းလာတော့...ဗိုက်ခွဲထားတဲ့ အနာ မကျက်သေးလို့သာ မဆင်းရသေးတာ...အားလုံး ကျန်းကျန်းမာမာပဲ ကိုပို"

"အင်း တော်ပါသေးရဲ့၊ ကိုပိုဖြင့် ခေါင်းကို ကြီးသွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်ပေါ့ ကိုပို့ရဲ့၊ အဲဒီအဖြစ်ကိုလည်း ကိုယ်တွေ့ သိလိုက်ရရော၊ နောက် ဆေးရုံမှာ မမွေးတော့ဘူးဆိုတဲ့ မြ ဆုံးဖြတ်ချက်ကိုလည်း တစ်ခါတည်း ရုပ်သိမ်းလိုက်မိတာပဲ"

"နို့... မြအလှည့်ကျတော့ကော... ဝေဒနာ ခံစားရသေးသလား... မြရယ် ဟင်..."

စိတ်တထင့်ထင့်နှင့်ပင် နားစွင့်ရင်း မေးလိုက်သဖြင့်...

"ကန်တော့ပါရဲ့ ကိုပို၊ မြဖြင့် မွေးတာတောင် မသိလိုက်ရသလိုပဲ၊ တော်တော့ကို ညင်သာတယ်"

"ဟင်း..."

ယခုမှပင်...သက်သာရာ ရသွားသလို ဟင်းခနဲ သက်ပြင်းကြီး မှုတ်ထုတ်လိုက်နိုင်တော့လျက်...

"ဘာပဲပြောပြော မြရယ်၊ ခုကိစ္စမှာ ကိုပိုနဲ့ မြ–ထမ်းရတဲ့ တာဝန်ချင်း မမျှတသလို ဖြစ်နေပြီ"

"ဟင်း... ဘယ်ဟာမှာ မမျှတတာ ရှိလို့လဲ"

ပြောလိုက်ပုံစကား ထူးခြားနေသဖြင့် မြမြတင်က မျက်လုံးကလေး အပြုံးသားနှင့် မေးလိုက်၏။

"မြ စဉ်းစားကြည့်ပါလား... မြနဲ့ ကိုပိုနဲ့ဟာ ဇနီးမောင်နှံအဖြစ် တစ်ယောက်နဲ့ တစ်ယောက် ဝတ္တရား ကျေပွန်ကြတာချည့်ပဲ မဟုတ်လား"

"အင်းလေ ကိုပိုက အလုပ်သွားလုပ်တယ်၊ မြက အိမ်ထောင်ထိန်းသိမ်းတယ်"

"ကဲ... ခုတော့ မြက မိန်းမမီးနေဆိုတဲ့ စကားအတိုင်း အသက်ဆံဖျားထားပြီး မီးဖွားခဲ့ရပြီ...ကိုပိုကတော့ အသက်ဘေး အတွက် စိုးရိမ်ရလောက်အောင် ဘာမှ မလုပ်ရသေးဘူး... အဲဒီတော့ ခုကိစ္စမှာ တာဝန်ထမ်းရတာချင်း မညီမမျှ ဖြစ်မနေဘူးလား"

ရှာရှာဖွေဖွေတွေး၍ ပြောလိုက်သည်နှင့်အမျှ... စကားမှာ လေးလေးပင်ပင် ထိရှလှတော့၏။ မြမြတင်အဖို့ ဖြာသွားသော ပီတိမှာလည်း... ရင်နှင့်မဆံ့အောင် ပြည့်ကြပ်သွားသည် ထင်လိုက်ရ၏။

"ဒါဖြင့်လည်း... တာဝန်ယူရတာချင်း ညီမျှသွားအောင် ဖေဖေ့အလုပ်က ထွက်ပြီး ဖောင်စီးတဲ့ အလုပ် လုပ်ပေတော့... ဒါမှ ယောကျ်ားဖောင်စီး၊ မိန်းမ မီးနေ...ဆိုတဲ့ စာဆိုနဲ့ ကိုက်ညီသွားမယ် မဟုတ်ဘူးလား"

ရီးတွင်းချဉ်ဆီထဲပါ စိမ့်၍ အမြိန့်သား ကြည်နူးနေသူတို့ တွင်သာ... ဖြစ်ပေါ်လာတတ်သော အာလုတ်သံကလေးဖြင့် မြမြတင်က ပြောလိုက်သောကြောင့်...

"တကယ်ပြောတာ မြရဲ့... ဒီလို အသက်ဘေးနဲ့ နီးတဲ့ တာဝန်မျိုးကိုတော့ ဖြစ်နိုင်မယ်ဆိုရင် ကိုပိုသာ ဝင်ပြီး ထမ်းလိုက်ချင်တာပဲ"

"ဒီတစ်ကြိမ် ရှိပစေတော့ပေါ့ ကိုပို...နောက်တစ်သားကျမှ ကိုပိုပဲ သန္ဓေလွယ်ပြီး ကိုပိုပဲမွေး... ဟုတ်လား... နော်"

ကိုလှပို အိမ်ရှေ့မဆယ်နိုင်၊ ပြုံးပြုံးကြီး မြမြတင်ဆီသို့ ယိုင်သွားပြီး...ပါးကလေး ဖောင်းဖောင်းကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ကာ မလှုပ်တလှုပ် ယုယနေခိုက်...

"အဟမ်း..."ဟူသော အသံနှင့်အတူ ဖြူဖြူချောချောနှင့် ရှိုးရိုးထွားထွား အသက်အားဖြင့် နှစ်ဆယ့်ငါး ပတ်ဝန်းကျင်အရွယ်၊ မိန်းမပျိုတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရမှ...နှစ်ယောက်စလုံး ရှက်အန်းကြီး ပြုံးမိကြလျက်...



www.burmeseclassic.com

www.burmeseclassic.com

"ဟော...ကြည့်စမ်း...မမကြည် ...ဘယ်တုန်းက ရောက်သလဲ... ဟင်... လာ... လာ"ဟု မြမြတင်က ပျာပျာသလဲ အမူအရာကလေးဖြင့် ခရီးဦးကြို ခေါ်ငင်လိုက်ပြီးမှ...ကိုလှပိုဘက်သို့ လှည့်ကာ...

"အဲဒါ...မြ ပြောပြောနေတဲ့ မမကြည်ဆိုတာလေ..."

"ဩော်... ရတ်တရက်ဆိုတော့... ကျွန်တော်လည်း ဇဝေဇဝါ ဖြစ်သွားတယ်... မြကတော့ ဓာတ်ပုံ ပြဖူးသား... ဒါပေမယ့်"

"ဟုတ်တာပေါ့... မြမြတင်ကို ပေးထားတဲ့ ဓာတ်ပုံက ၁၆–နှစ်သမီးမှာ ရိုက်ထားပုံပဲ... ခု–အရွယ်၊ ခု–ရုပ်ရည်နဲ့ဆို သိပ်ကွာနေတာပေါ့"

ကိုလှပိုက ခုတင်မှ ဖယ်အပေး...မိန်းမပျိုက မြမြတင်အားတွင် ဝင်ထိုင်ရင်း...

"ဘယ်မလဲကွဲ့ မြမြ...ကိုယ့်တူမကြီးကို ပြစမ်းပါဦး"

ပြောပြောဆိုဆိုပင် မိန်းမပျို၏ မျက်လုံးများသည် မြမြတင်အားတွင် ချထားသော ဖာကလေးဆီသို့ စူးစိုက်သွားသောကြောင့် မြမြတင်ကလည်း ဖာကလေးပေါ် လွှာအုပ်ထားသည့် စာပါးကလေးကို အသာဖယ်၍ ပြလိုက်၏။

"ချီတော့ ချီမကြည့်ရဘူးနော်..."

မြမြတင်က နှုတ်ခမ်းကလေး တစူစူ မှုတူတူ ဟန်ကလေးဖြင့် ပြောလိုက်သောကြောင့် မိန်းမပျိုက ဆတ်ခနဲ မော့ကြည့်လိုက်၏။

"ဘာလဲ...အဖြစ်သည်းလိုက်တာလို့၊ မမကြည်က ပြောချင်တယ် မဟုတ်လား"

"ပြောရုံဘယ်ကမလဲ၊ ငါက ကလေးကိုပါ ဟောဒီလို ဆွဲမွှေလိုက်ချင်တယ် သိလား"ဟု ပြောရင်းဆိုရင်းကပင် ဖာကလေးတို လှမ်းကိုင်လိုက်သောကြောင့်...



"အမလေး...မလုပ်ပါနဲ့ မမကြည်ရယ်၊ မြမြကို သတ်ချင် သတ်လိုက်ပါ..."ဟု ပျာပျာသလဲ မိန်းမပျို၏ လက်ကို ဆွဲဖယ်လိုက်ပြီးမှ...

"အဖြစ်သဲတာ မဟုတ်ပါဘူး မမကြည်... မိုးလင်းကတည်းက လာလိုက်တဲ့ ဧည့်သည်တွေ ခုနမှပဲ စဲတော့တယ်၊ လူကြီးတွေမလဲ ဧည့်ခံလိုက်ရတာ မောလို့ မမကြည်ရဲ့ ကလေးလည်း မနေရဘူး..."

"အို... ကလေးနဲ့ ဧည့်ခံတာနဲ့ ဘာဆိုင်လို့တုန်း"

"ကဲ... ခုပဲ မမကြည်လာတော့ ကိုယ့်တူမကြီးကို ပြစမ်းပါဦး ဆိုပြီး ကလေးကို ပြနိုင်းတယ် မဟုတ်လား၊ အဲသလိုပေါ့၊ လာသမျှ ဧည့်သည်တွေကလည်း ကလေးကိုပဲ ကြည့်ချင်ကြတယ်၊ ဒီနေ့အဖို့ရာမှာ ကလေးဖြင့် အိပ်ရတယ်ကို မရှိသေးဘူး"

"အေးလေ... ကြည့်တာလည်း အသာ ငုံ့ကြည့်ကြတာပဲ မဟုတ်လား"

"တစ်ချို့တော့ ဟုတ်ပါတယ်၊ တစ်ချို့ကတော့လည်း အဲသလို ငုံ့ကြည့်နေရာက ဟယ်...ချစ်စရာကြီးဆိုပြီး အသံပြကြီးနဲ့ အော်လိုက်တော့ ကလေးဟာ တစ်ခါတည်း လန့်လန့်သွားတယ် မမကြည်ရဲ့..."

မြမြတင်က ယင်းသို့လျှင် ဖြူဖြူစစကလေး ရှင်းပြလိုက်မှ– မမကြည်ဆိုသူတွင် သဘောကျသလို ပြုံး၍ ကလေးဖာကို စာကလေ လှမ်းပေးလိုက်တော့၏။

"ဒါနဲ့... မကြည်တို့"

"ကျွန်မနာမည် ပြည့်ပြည့်စုံစုံက မနုကြည်ပါ ကိုလှပို"

www.burmeseclassic.com

www.burmeseclassic.com

"ဩော်...ဟုတ်ကဲ့...အဲဒါတော့ မြက မပြောဘူးသေးဘူး၊ မမကြည်လို့သာ ပြောပြောနေဒါနဲ့ နို့...မနုကြည်တို့ရောက်တာ..."

"ဘယ်ကြာဦးမလဲ ကိုလှပို ၆–နာရီလောက်က ဆိုပါတော့ ကြီးကြီးတို့အိမ်မှာ ထမင်းစားပြီးပြီးချင်း လာမလို့ဘဲ ကြီးကြီးက တို့နဲ့မှ အတူတူသွားကြတာပေါ့ဆိုလို့...ဒါပေမယ့် ခု–ကားကြုံတာနဲ့ လိုက်လာခဲ့တာ ကြီးကြီးတို့တော့ တော်ကြာမှ လာကြလိမ့်မယ်"

"ခု–မမကြည် ရွှေကျင်ကလာတော့ အဖော် ဘယ်သူပါသေးသလဲ"

"ဟို...ဦးဘသန်း ပွဲရုံကို ဆေးအမြဲသွင်းနေတဲ့ ဒေါ်ကွမ်း သိတယ် မဟုတ်လား၊ အေး... သူနဲ့ လိုက်လာခဲ့ရတယ်၊ ပြီး လာရတာလည်း မလွယ်ဘူး၊ မြမြတို့ သိတဲ့အတိုင်း ခေတ်ကိုက ဇရုတ်သုတ်ခခေတ်မို့ ဟိုတစ်တန် ဒီတစ်ဆင့်နဲ့ စိတ်ညစ်စရာကြီး..."

"ဟုတ်တယ် မမကြည်–မေမေကတောင် ပြောနေသေးတယ်၊ မလွဲသာလို့သာမှာရတယ်၊ လမ်းခရီးက သာသာယာယာမရှိတော့ စိတ်တထင့်ထင့်ပဲဆိုတာ အမြဲပြောနေတာပဲ..."

"အေး...ကြီးကြီးကလည်း အဲဒီအတိုင်းပြောလို့... ခုပဲ ပြန်ပြီး ရှင်းပြခဲ့ရသေးတယ်၊ တစ်ခြားတော့ ဟုတ်ပါဘူး၊ ခု–မြမြတို့ရန်ကုန်မှာဆိုရင် အချိန်မတော်ပေမယ့် သွားချင်ရာသွား၊ အန္တရာယ်လည်း မရှိဘူး ဟုတ်လား၊ အမလေး နယ်မှာတော့ မပြောနဲ့ ညီမရေ...ဘယ်သူ့ အဖေခေါ်ရမှန်း မသိဘူး၊ မမကြည်လို မိန်းကလေးတစ်ယောက်... နယ်မှာ နေရတာဟာ မိနစ်ပိုင်းနဲ့ အမျှ တထိတ်ထိတ်ပဲ..."

"မမကြည်လို မိန်းကလေးတစ်ယောက်..."ဟူသော သူ့စကားမှာ–သူ၏ ရုပ်ရည်ရူပကာယကို ရည်ရွယ်ပြောလိုက်ခြင်း ဖြစ်ဟန်တူ၏။ ပြောရလောက်အောင်လည်း ချောမောပြေပြစ်၍ အဆစ်အချိုး ကျနသည်ကို တွေ့ရ၏။ ဟုတ်ပေမည်၊ သူ့လို မိန်းမချောကလေး တစ်ယောက်အဖို့ မိနစ်ပိုင်းအမျှ ထိတ်နေရသည် ဆိုသော စကားမှာ လုံးဝများနိုင်စရာအကြောင်း ရှိဟန်မတူ။ အချိန်ကာလမှာလည်း သောင်းကျန်းသူများ အင်အားတောင့်တင်း ပုန်ကန်နေချိန် ဖြစ်၏။

"ဒါကြောင့်...ကြီးကြီးတို့ မခေါ်လဲ ကျွန်မ လာချင်နေတာ ကြာပြီလို့ ပြောခဲ့ရသေးတယ်၊ ခုလို ခေါ်တော့ မြန်မြန်လာဖြစ်သွားတာပေါ့ ညီမလေးရယ်..."

"ဒါဖြင့်လည်း... မြတို့နဲ့ပဲ အမြဲနေတော့ပေါ့... နော်"

"အေးပေါ့...ကြီးကြီးမှာကတည်းက မြမြ မျက်နှာမြင်ခါနီးနေပြီမို့ ကူဖော်လောင်ဖက်ရအောင် လာနေဖို့မှာတာပဲဥစ္စာ၊ စိတ်ချ– ကုတ်နဲ့ကော်ထုတ်တောင် ရွှေကျင်ကိုတော့ မမကြည် မပြန်တော့ဘူး မြမြရဲ့... ပြီး... ဟိုမှာလည်း မနေချင်ဘူး ညီမရယ်... သူရှိနေတဲ့ အရပ်ဆိုရင် ဟင်း..."

ရွှင်ရွှင်ကြည်ကြည် ပြောနေရာမှ မနုကြည်တွင် ရုတ်တရက် မျက်ရည်ကလေး ဥလာသဖြင့် ကိုလှပိုနှင့် မြမြတင်တို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း သို့သိသာသာ စိတ်မကောင်း ဖြစ်သွားကြတော့၏။

♥

www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်သောအခါက...

"မလှဘူးလား ကိုပို အဲဒါ...မြတို့ မေမေ့ ညီမတစ်ဝမ်းကွဲရဲ့ သမီးပေါ့... သိပ်သဘောကောင်းတာပဲ"

ဦးညိုမောင်တို့ အိမ်အပေါ်ထပ်သို့ ရောက်ခဲ့ကြစဉ် တစ်ခါက ဓာတ်ပုံကို ပြရင်း မြမြတင်က ဤသို့ ပြောခဲ့ဖူး၏။

"ရွှေကျင်မှာဆိုရင် ထိပ်ထိပ်ကြဲပေါ့ ကိုပို... ရဲလည်းရဲ၊ ဖျတ်လည်း ဖျတ်လတ်တယ်၊ တော်ရုံ ကာလသားက သူ့ကို မစ,ဝံ့ဘူး၊ အချို့ လူပျိုတွေကများ စာပေးရင် သူက ဖြောင်သွားပြောတာ ကိုပိုရဲ့... ရှင့်ကို ကျွန်မ မချစ်နိုင်ဘူး၊ နောက်ထပ် နောက်ယှက်ရင်တော့... ဒါပဲ... ဆိုပြီး ကိုယ်တိုင် ခေါ်ပြောတတ်တယ် ကြောက်စရာကြီး"

"နို့... သူရတဲ့ ယောကျ်ားနဲ့ကျတော့ ဘယ်လိုလဲ... လူကြီးချင်း ပေးစားလို့လား"

"မဟုတ်ဘူး၊ သမီးရည်းစားဖြစ်ပြီးမှ ညားကြတာပေါ့၊ အဲဒီ ကိုအေးတင့်က သူ့ကို ရည်းစားစာပေးတော့...ကိုအေးတင့်ကို သဘောကျသွားတယ် ထင်ပါရဲ့..."

"စာပြန်လိုက်ရောလား..."

"အားကြီး လျှာရဲအာရဲနိုင်တာပဲ ကိုပို၊ တစ်နေ့ သူလာပါ လိမ့်မယ်... အဲဒီတော့သာကြည့်... စိတ်နေစိတ်ထား ရဲတင်း သလောက် ကိုယ်လုံးကိုယ်ပေါက်ကလည်း ယောကျ်ားကြီးကျနေ တာပဲ၊ တုတ်တုတ်ခိုင်ခိုင်ကြီး"

"နို့...သူ့ယောကျ်ားနဲ့ ကွဲနေပြီဆို... အဲဒါက ဘာဖြစ်လို့ တဲ့လဲမြ... ဟင်"



"မယားငယ် ယူသွားလို့တဲ့လေ"

"အို..."

ကိုလှပိုတွင် အတော်ကလေး စိတ်မကောင်းသလို ဖြစ်သွား ပြီးမှ...

"အကြောင်းက ဘယ်လိုတဲ့လဲ..."

"ဒါတော့ မြလည်း အသေအချာ မသိရသေးဘူး၊ သူတို့ လင်မယား ကွဲပြီးတဲ့ နောက်မှာ...မြတို့ ရွှေကျင်မှ မရောက်ကြ တော့ဘဲ၊ သူ့ပုန်တွေ ဘာတွေ ရှုပ်နေလို့..."

ဤတွင်ပင် ထိုပြဿနာ အစပျောက်ခဲ့၏။ စောစောက မနှကြည်ပြောသော စကားတွင် "သူရှိနေတဲ့ အရပ်မှာတော့... မမကြည် နေလည်း မနေချင်ဘူး..."ဟူ၍ အကြောင်းအရာပါလာ သည်၌ ထိုသူဆိုသည်မှာလည်း စင်စစ် ကိုအေးတင့်ကိုပင် ရည်ရွယ်ပြောလိုက်ဟန် တူ၏။

♥

နောက်တစ်နေ့ နံနက်တွင် ကိုလှပိုသည် ၈–နာရီလောက်မှ အိပ်ရာက နိုးခဲ့၏။ နိုးနိုးချင်းပင် ရေကြီးသုတ်ပျာ အမှုအရာဖြင့် လူးလဲ ထထိုင်လိုက်သည်တွင်...

"ဘာဖြစ်တာလဲ ကိုပို အလန့်တကြား"ဟု သူ့ဘေးတွင် ထိုင်ရင်း ကလေး နို့တိုက်နေရာမှ မြမြတင်က မေးလိုက်၏။

"ချစ်သမီးနဲ့ ချစ်ဇနီးကို ကြည့်ချင်လို့လေ... တစ်ဝကြီး ထိုင်ပြီး ကြည့်ချင်လို့ပေါ့..."

ပြောပြောဆိုဆို မြမြတင်၏ နဖူးကလေးကို အသာမွှေးလိုက် ပြီးမှ သမီးကလေးအား တင့်ငေးငေးကြည့်နေပြန်၏။

"သမီးလေးက လှတယ်နော်... ကိုပို"

www.burmeseclassic.com

www.burmeseclassic.com

"လှမှာပေါ့ မြရယ်...ဖအေတူသမီးပဲဟာ"ဟု ကိုလှပိုက သူ့မျက်နှာကို လက်မဖြင့် ပြရင်း ပြောလိုက်သောကြောင့်..."

"ဟုတ်ပါတယ်တဲ့ရှင်... အားလုံးကပဲ ပြောကြပါတယ်"

"လှပိုနဲ့သာတူရင် ဒီကလေး ယောကျ်ားရမှာ မဟုတ်တော့ဘူးတဲ့လား..."

ပြည့်တင်းနေသော မြမြတင်၏ မျက်နှာဝင်းဝင်းကလေးသည် သဘောကျလှသော အပြုံးဖြင့် လှိုင်းကလေး ထ,သွား၏။

"အလကား ရယ်စရာပြောတာပါ မြရယ်၊ သမီးကလေးကတော့ မြနဲ့ တစ်ထေရာတည်းပဲ..."

"ဒါပေမယ့် ကိုပို သေသေချာချာကြည့်၊ ကိုပိုနဲ့ တူတဲ့ အစိတ်အပိုင်းတွေ ပါတယ် ဆရာ"

ကိုလှပိုလည်း ဤတွင်မှ ကလေးကို ဂရုတစိုက် အကဲခတ်နေ၏။ အားမရသေးသည့်အလား နီ့စို့နေသော ကလေး၏ မျက်နှာနုနုကလေးကိုပင် ယုယုယယ မှေးလှည့်လိုက်သောကြောင့်...

"ဒီလိုလုပ်နဲ့ကွယ်...သမီးလေး နို့ဝ,အောင် စို့ပါစေဦး... သနားပါတယ်"ဟု ပြောရင်း မဝတဝနှင့် တဟဲဟဲ ပြင်နေသော ကလေးပါးစပ်ကို နို့နှင့် အပ်လိုက်ပြီးမှ...

"နေဦး...နောက်မှကြည့်၊ မျက်ခုံးနဲ့ နှာတံကလေးကတော့ တစ်ခါတည်း ကိုပိုပဲ ဆရာ...သိလား၊ သမီးလေး ကြီးလာရင်တော့ မြထက် လှမှာ သေချာတယ်"

သို့လျှင် အကြည်ဆိုက်နေကြရာမှ ကိုလှပို၏ မျက်လုံးများသည် စားပွဲတင် နာရီကလေးဆီသို့ ရောက်သွား၏။ ၉-နာရီထိုးရန် မိနစ်ပိုင်းလောက်သာ လိုတော့သည်ကို တွေ့ရသည်နှင့် မသိမသာ မျက်နှာညိုသွားသည်ကို တွေ့လိုက်ရသဖြင့်...



"ဘာလဲ ကိုပို၊ နေမကောင်းဘူးလား... ဟင်၊ မြ ပြောစကားမှ နားမထောင်ဘဲ ညကလည်း တစ်ညလုံး ကလေး ငိုသံကြားတိုင်း ထထကြည့်တာကိုး"

"ဒါကြောင့် မဟုတ်ပါဘူး မြရဲ့ ဒီနေ့ ကိုပို အလုပ်တောင် တယ်မသွားချင်ဘူး"

"နေမကောင်းရင်လည်း မသွားနဲ့လေ၊ ကိုဘတူကို ပြောခိုင်းလိုက်ပေါ့"

နေမကောင်းလို့ မဟုတ်ပါဘူးလို့ဆို... မြနဲ့ သမီးလေးကို ဝ,အောင် ကြည့်နေချင်သေးလို့ ခင်ဗျ... သိပလား"

ဘေးလူအမြင်၌ ပိုလွန်းနေသည်ပင် ထင်ရလောက်အောင် ကိုလှပိုတွင် အဖြစ်သည်းနေတော့၏။ သို့သော် သူ့အမူအရာ၌ သဏ္ဌာန်လုပ်၍ သရုပ်ဆောင်နေသည့် အသွင်မျိုး လုံးလုံးမတွေ့ရ။

"ဟယ်...တတ်နိုင်ပါဘူး၊ ချစ်ဇနီးကတောင် ၁၀-ရက်လုံးလုံး ခွဲပြီး အသက်ဆံဖျား တာဝန်ယူခဲ့သေးတာပဲ... ချစ်လင်ကလည်း တစ်ရက်တစ်လေတော့ ဇွတ်နှစ်စွန့်စားပြီး ခွဲခွာသွားလိုက်ဦးမှ ထင်ပါရဲ့..."ဟူသော သောလုံးကလေးနှင့် မျက်နှာသုတ်ပုဝါဆွဲ၍ ထွက်သွားသောကြောင့်...မြမြတင်တွင်လည်း အပြုံးတစ်ခွဲသားနှင့် အသည်းယားမတတ် ကျေနပ်ရင်း ကျန်ရစ်ခဲ့တော့၏။

♥

ကိုလှပို ရေမိုးချိုး၍ ထွက်သွားပြီးနောက်... တအောင့်လောက် အကြာမှာပင် မနုကြည် အပေါ်ထပ်သို့ ရောက်လာ၏။

"အတော် မောသွားပြီလား မမကြည်... ချက်ရပြုတ်ရတာနဲ့"

"မိန်းမတစ်ယောက်အဖို့... ဒါ-အဆန်းမှ မဟုတ်တာပဲ ညီမရယ်၊ ဒါနဲ့...မြမြကော နေလို့ထိုင်လို့ ကောင်းတယ်နော်..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… မြ–ဘာမှ မဖြစ်ပါဘူး မမကြည်"

စကားစ,သည် ဤတွင် ပြတ်သွားလျက် မနုကြည်လည်း အနီး၊ စောင်၊ အိပ်ရာခင်း စသည်တို့ကို သိမ်းဆည်းပြုပြင်ကာ လျှော်ဖွတ်စရာတို့ကိုမူ သီးခြားဖယ်ထားပြီးမှ မြမြတင်သောတွင် အသာဝင်ထိုင်လိုက်၏။

"မနေ့ညက ခရီးရောက်မဆိုက်… မမကြည် မျက်ရည်ကျ မိတာကို စိတ်မဆိုးနဲ့နော်၊ မြမြတို့မှာ သမီးရည်းစားနဲ့ မင်္ဂလာယူနေတဲ့ အချိန်မို့…"

"အို…တောက်တီးတောက်တဲ့ မမကြည်ကလည်း ဘာလို့ စိတ်ဆိုးရမှာတုန်း"

"နို့… ကိုလှပိုကကောဘာမှ မပြောဘူးလား…ဟင်… မမလည်း သတိလစ်ပြီး အလိုက်မသိသလို"

"အမယ်… ကိုပိုက ဒါတွေနဲ့နဲ့မှ အယုံအကြည်ရှိတာ မဟုတ်ဘူး၊ ညကတောင် မမကြည်ရဲ့အဖြစ်ကိုပြောပြီးစိတ်မကောင်း ဖြစ်နေရှာသေးတယ်…"

"ဟင်…သူက ဘာသိလို့လဲ…မြမြတောင် စုံစုံလင်လင် သိသေးတာ မဟုတ်ဘဲနဲ့"

"အကြောင်းအရာတော့ မသိဘူးပေါ့၊ ဒါပေမယ့် ခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ မမကြည် ဒီလိုဖြစ်ရတာ… သနားဖို့ ကောင်းတယ်ဆိုပြီး…"

"မြရေ… မြ… ကိုပို ပြန်လာပြီ"

လူကိုမူ မမြင်ရသေး…အပြေးတက်လာရင်း လှမ်းအော်လာ သော အသံကြောင့် မြမြတင်တို့ပါ စကားစ,ရပ်သွားပြီး တံခါးစပ်သို့ ငေးကြည့်နေမိကြ၏။

"ဩ… မနုကြည်ပါ ရောက်နေတာကိုး"



ကိုလှပိုလည်း ချစ်စနိုးအော်တက်လာမိသည့် သူ့အဖြစ်ကို မသိမသာ ရှက်သွားသလိုဖြင့် နှုတ်ဆက်လိုက်ပြီးမှ…

"မြတို့ ဖေဖေ ယောက္ခမမျိုးတော့လား… မြန်မာပြည်မှာ ရှိမှ ရှိပါ့မလားလို့တောင် သံသယ ဖြစ်မိတယ် အဟုတ်ပဲ…"ဟု ဝမ်းမြောက်အားရ သံကြီးဖြင့် ပြောလိုက်သည်နှင့်…

"အင်း… သားအဖနှစ်ယောက် ဘာတွေ သဘောကျလာ ပြန်ပြီလဲ ကိုပို"

"ဒီလိုမြရဲ့… ကိုပို ပွဲရုံသွားရင်း ဖေဖေ–မှာစရာများ ရှိသေးလားလို့ ဝင်မေးတာ… ဖေဖေက ဘာလဲ… မင်း–ဒီနေ့ အလုပ်ဆင်းမလို့လား…မဆင်းနဲ့တော့…ပွဲရုံကို ဖေဖေပဲ သွားမယ် ဆိုပြီး ကိုပို့ကို ပြန်လွှတ်လိုက်တယ် မြရဲ့"

ထိုစကားကြောင့် မနုကြည်တွင်လည်း အချောက်တိုက် ရောယောင် ကြည်နူးနေမိ၏။

"အင်း… ဒါနဲ့… ယောက္ခမကြီးကို သဘောကျလာ တယ်ပေါ့… ဟုတ်လား ကိုပို"

"ဒါတင် မကသေးဘူး မြရဲ့…ဒီနေ့ တနင်္လာနေ့ မဟုတ် လား၊ အဲဒါ နောက်–တနင်္လာနေ့ကျမှပဲ အလုပ်ဆင်းတော့တဲ့… တစ်ပတ်တိတိ ဟောလီးဒေး ပေးလိုက်တယ်…ကဲ ဘယ်လောက် အလိုက်သိတဲ့ ဖေဖေလဲလို့… ဟင်၊ ဒီလိုယောက္ခမမျိုးတော့လား ထမင်းထုပ် ထမ်းပြီး လယ်ရှာတောင် လှသာ သိုးရင်သိုးမယ်… သူလို ယောက္ခမမျိုးတော့ တွေ့မှာ မဟုတ်ဘူး"

ထိုစကားအဆုံးတွင် တခစ်ခစ် ရယ်လိုက်သော မနုကြည်၏ အသံကို ကြားလိုက်မှ…ရုတ်တရက် ကြောင်အန်းအန်း ဖြစ်သွား တော့ကာ…

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ…ဟဲ ကျွန်တော်လည်း ခါတိုင်းလိုပဲထင်ပြီး မနုကြည် ရှိနေတာကို သတိမရ ဖြစ်သွားတယ်…"

"ဘာပြုလဲ ကိုလှုပို… တစ်ခြားလူတွေမှ မဟုတ်တာ… ပြောပေါ့… ကျွန်မကလည်း အင်မတန် ပျော်တတ်ပါတယ်"

"ဟုတ်တယ် မမကြည်၊ သူ–အားကြီး ရွှတ်နောက်နောက် နိုင်တယ်"

"ဒါဖြင့် တွေ့ကြပြီပေါ့…မမကလည်း ပြောင်တတ်တာနဲ့… ကဲ… ကိုလှုပို… ကျွန်မက ဘွင်းဘွင်းရှင်းရှင်း သမားနော်… ပြောစရာရှိရင် အကြွေးမထားတတ်ဘူး၊ အားမနာတမ်း ပြောတတ်တယ်၊ ကျွန်မကိုလည်း ဘာမဆို မကျေနပ်တာရှိရင် ပြတ်ပြတ်သားသားပြောချလိုက်နော်၊ ကျွန်မ စိတ်မဆိုးတတ်ပါဘူး"

"ဟုတ်ကဲ့… အဲသလို သိထားရတော့ ကောင်းတာပေါ့ မနုကြည်–"

စကားအဆုံးတွင် ကိုလှုပို အသာလှည့်ထွက်သွားပြီး အပေါ် အင်္ကျီကို ချွတ်၍ ထရံမှ ကြေးငုတ်ကလေးတွင် ချိတ်လိုက်သဖြင့်…

"ဒီမှာ ကိုလှုပို၊ အဲသလို သက္ကလပ်တိုက်ပုံတို့၊ ကွတ်အင်္ကျီတို့ ကျတော့ ခုလို ချိတ်တာ မကောင်းဘူး၊ ပုံလည်း ပျက်တယ်… အင်္ကျီလည်း နာတယ်ရှင့်…သစ်သားပဲဖြစ်ဖြစ်ပေါ့ရှင် အင်္ကျီချိတ် တဲ့ ချိတ်ကလေး သုံးခုလောက် ဝယ်ထားပါလား၊ အဲဒါက ချွေးတွေ ဘာတွေလည်း အသွေ့မြန်တယ်ရှင့်"ဟု မနုကြည်က လှမ်းပြောလိုက်သောကြောင့်…

"ဩော်… ဟုတ်ကဲ့… ခု–ပလပ်စတစ်ချိတ်တွေလည်း ပေါတယ်၊ မနုကြည်… ကျွန်တော်လည်း ဝယ်မယ်–ဝယ်မယ်နဲ့ မေ့မေ့နေတယ်"ဟု ပြောရင်း ခုတင်အနီးသို့ လျှောက်လာခဲ့၏။



"ဟင်…သမီးကလေးက ပုခက်တွေ ဘာတွေနဲ့ ဖြစ်နေပါ ရောလား"

ဇာပါးလွှာကလေးကို အသာမ,ကြည့်ရင်း ကိုလှုပိုက ပြော လိုက်သည်နှင့်…

"ဟုတ်တယ်လေ…ရာသီက နည်းနည်းပူတယ် မဟုတ်လား …ဒီတော့…ဖာနဲ့ သိပ်တာမကောင်းဘူး…နည်းနည်း လှောင်နေ တာပေါ့ ဒါကြောင့် ဒီကြိမ်ပုခက်ထဲ ပြောင်းသိပ်ထားရတယ်"ဟု မနုကြည်ကပင် တစ်လုံးချင်း ရှင်းပြနေသည်နှင့်…

"ဟန်ကျတယ် မနုကြည်…ဩ…ဒီပုခက်ဆောင်းကလည်း ဇာပတ်လည် ရံပြီး သိထားပါလား…ခြင်မဝင်နိုင်အောင် ထင်ပါရဲ့"

"ဒါပေါ့ရှင်… ကဲ… ကိုလှုပို ထမင်းစားတော့မလား… ကျွန်မ သွားခူးလိုက်မယ်လေ"

"ဟုတ်ကဲ့… စားတာပေါ့"

"ကဲ…ဒါဖြင့်လဲ…လာ"ဟု မနုကြည်က ခေါင်းရင်း ရှေ့မှ လှမ်းထွက်သွားသည်နှင့်…

"ကိုပို ထမင်းစားသွားချည်ဦးမယ်… နော်… မြ"

"သွားလေ… သွားစားချည်"

အမှုအရာမပျက်အောင် အတော်ကလေး ထိန်း၍ ပြောလိုက် ရသလို အသွင်ဖြင့် ခွင့်ပြုလိုက်၏။ သို့သော်… ကိုလှုပိုကမူ လုံးဝမရိပ်မိဘဲ ခေါ်လှမ်းကြီးနှင့် လှည့်ထွက်သွားတော့၏။

"ဒီလို သက္ကလပ်တိုက်ပုံတို့၊ ကွပ်အင်္ကျီတို့ဆိုတာ ခုလို ချိတ်ရင် ပုံလည်းပျက်တယ်…အင်္ကျီလည်း နာတယ်"အစရှိသော စကားများသည် လည်းကောင်း…

www.burmeseclassic.com

www.burmeseclassic.com

"ရာသီဥတုက ပူတယ်မဟုတ်လား...ဖာနဲ့ သိပ်တော့... ကလေးလှောင်တာပေါ့" အစရှိသော စကားများသည်လည်းကောင်း...

စင်စစ် ထိုထိုစကားတို့သည် မှန်ကာည်းမှန် ကောင်းလည်းကောင်းသော စကားများဖြစ်စေကာမူ... မြမြတင်အဖို့ အတော်ကလေး ကသိကအောင့်လို ဖြစ်နေမိသည် ထင်ရ၏။

"တကယ်ဆိုရင်...ဒါတွေဟာ ငါသိတားဖို့ ကြိုတင်လုပ်ထားတတ်ဖို့ ကောင်းတဲ့ကိစ္စတွေ ဖြစ်ရက်ကနဲ့... ခု–ငါညံ့လို့ မမကြည်က ငါ့ထက်သာသလို ဖြစ်သွားပြီ... ကိုပိုက ဘယ်လိုထင်မလဲ ငါ့ကို..."

အပြည့်ဝဆုံးသော အိမ်ရှင်မ တစ်ယောက်အနေဖြင့် လင့်ဝတ္တရားကို အကွက်စေ့စေ့ ကျေပွန်လိုသူ ဖြစ်သည့်အတိုင်း မြမြတင်မှာ ထိုမည်သော သူ့ချို့ယွင်းကွက် နှစ်ချက်ကို တွေးမိလေ... စိတ်မကောင်းလေဖြင့် တတွေတွေ ငေးနေမိရှာ၏။

တစ်ဖန် "ကိုလှပို ထမင်းစားတော့မလား...ကျွန်မ သွားခူးလိုက်မလေ၊ ကဲ... ဒါဖြင့်လာ"ဟူသော စကားကို မနုကြည်က သုံးသွားရာ၌လည်း မြမြတင် မကျေနပ်၊ မယားသာလျှင် သုံးခွင့်ရှိသည်ဟု...မရေမရာနှင့် မနာလိုမှုလေးကပါ နှောက်လာပြန်၏။

ဤသည့်အဖြစ်မှာ...အမှန်စင်စစ် မြမြတင်၏ အပြစ်ကား မဟုတ်ပါပေ၊ အသက်လည်းငယ် အိမ်ထောင်ရေးဝါလည်း နုလှသေးသည်တွင် ချစ်လင်အတွက် အဘက်ဘက်သော တာဝန်ကို... မယိုမစိမ့်အောင် သိပ်သည်းကျစ်လစ်စွာ... ဟာကွက်ကင်းကင်းနှင့် အိမ်ရှင်မ, ပီသလိုသူ (ဝါ) ချစ်လင်အား နှစ်နှစ်ကာကာ



မြတ်နိုးသူတစ်ယောက် ဖြစ်သည်နှင့်အမျှ သဝန်တိုစိတ်ကလေး ရိုပ်သန်းလာခြင်းသာ ဖြစ်ဟန်တူ၏။

နောက်ဆုံးတွင်မူ ကျိုးကြောင်း ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ စဉ်းစားဝေဖန်တတ်သူကလေး ဖြစ်သည့်အတိုင်း ယင်းသည့်အချက်အလက်များ ကလေးများမှာ စင်စစ် သဝန်တိုစရာ မဟုတ်၊ ပထမကိစ္စနှစ်ခုမှာ မိမိ၏ ပေါ့ဆမှုကြောင့် ဟူ၍လည်းကောင်း၊ ဒုတိယပြဿနာတည်းဟူသော ကိုလှပိုအား ထမင်းခူးခတ်ကျွေးရသည့် ကိစ္စမှာလည်း မိမိကိုယ်၌က မတတ်သာ၍သာ ပြုစုခွင့် ပေးရခြင်းဟူ၍လည်းကောင်း၊ အမှန်ကို ရိပ်စား နားလည်လာသည်နှင့်အညီ စိတ်သည်လည်း သက်သာရာ ရသွားလေတော့၏။

ကိုလှပိုတို့သာမက မြမြတင်ကလေးပါ သူ့ဆိုင်ရာ ထမင်းဟင်းတို့ဖြင့် စားသောက်ပြီးစီးခဲ့၍ နေ့လည်သို့ အရောက်တွင် ကိုလှပို၊ မြမြတင်နှင့် မနုကြည်ပါ သုံးဦးသုံးလီ မျက်နှာစုံညီ ထိုင်မိကြပြန်လျက်...

"ဒါနဲ့ စကားမစပ် ပြောရဦးမယ်...ကိုလှပို မရှက်နဲ့နော်" ဟု မနုကြည်က စကားပလ္လင် ခံနေသောကြောင့် ..

"ပြောပါဗျာ... ကိစ္စမရှိပါဘူး"

"တစ်ခြားတော့ မဟုတ်ပါဘူး...မနေ့က ကျွန်မလာတော့ ကိုလှပိုနဲ့ မြမြတို့ ပြောနေကြတဲ့ စကားတွေဟာ ထူးခြားသလိုလို ရှိတာနဲ့ ကျွန်မ ရပ်တရက်... မဝင်သေးဘဲ အပြင်ကနေပြီး အသာ နားထောင်နေမိသေးတယ်လေ..."

www.burmeseclassic.com

www.burmeseclassic.com

"ဩော်..., ဒါလား"

"ဟုတ်ကဲ့... ကျွန်မဖြင့် ကိုလှပိုပြောနေတဲ့ စကားတွေကြားရတော့ စိတ်ထဲမှာ အတော့်ကို ကြည်နူးသွားတယ်... မြမြဆိုရင် ဘာပြောစရာ ရှိတော့မလဲ... နော်"

နို့ဝ၍ မှိန်းနေသော ကလေးကို အသာမွေ့ပိုက်ထားရာမှပင် မြမြတင်က ကြည်ကြည်လင်လင်ကလေး ပြုံးပြလိုက်၏။

"ဒါကြောင့် စိတ်ထဲကတောင် ပြောလိုက်မိပါသေးတယ်– အင်း– ငါ့ညီမတော့ လင်အရ သိပ်ကံကောင်းတာပဲ... လို့ပေါ့လေ"

မြမြတင် ရှင်ကိန်းဆိုက်နေသလောက် အချီးမွှမ်းခံနေရသူ ကိုလှပိုတွင်ကား ရဲရဲပင် မပြုံးဝံ့အောင် အနေရခက်လှတော့၏။

"ဩ... ဒါနဲ့ အသက်ချင်း... မနုကြည်နဲ့ ကျွန်တော် ဘယ်သူက ကြီးမယ် ထင်ပါလိမ့်"

"အို... ကိုပိုက တစ်နှစ်ကြီးတယ်လေ မြတွက်ပြီးပါပြီ"ဟု မြမြတင်က ဝင်၍ ထောက်ဆိုက်သည်တွင်...

"ကျွန်မက... လူကောင်ကြီး ထွားနေသကိုး... ကျွန်မကြီးလိမ့်မယ်ထင်ပြီး မေးတာထင်ပါရဲ့"

"ဩော်... အပြောအဆို အသုံးအနှုန်းက အရွယ်ကို လေးစားဖို့ ရှိနေတော့..."

"အင်း...ဒါလည်း ဟုတ်တာပေါ့ ကိုလှပို..."

"ဒီမှာ မမကြည်..."

မနုကြည်စကားမှ မဆုံးသေးမီ သို့လျှင် မြမြတင်က ကြားဖြတ်ခေါ်လိုက်ပြီး ဆက်လက်၍...

"မြတို့လည်း ဗဟုသုတဖြစ်အောင် ဆိုပါတော့–မမကြည်တို့ အိမ်ထောင်ရေး ပြဿနာကလေးကို ပြောပြပါလား... ဟင်... ဖြစ်နိုင်မယ်ဆိုရင်ပေါ့"



မနုကြည်ကမူ ရုတ်တရက် ဘာမျှ မပြောသေးဘဲ၊ မြမြတင်အား ပြုံးပြုံးကလေး တွေကြည့်နေပြီးမှ...

"ဖြစ်နိုင်မယ်ဆိုရင်ပေါ့လေ...ဘာလေနဲ့၊ ငါ့ညီမက သိပ်တိုးတက်နေပါလား... ဟင်၊ လင်မယားနှစ်ယောက်ကဖြင့်... အားလုံး စကားကြွယ်ချည့်ပဲ"ဟု မြမြတင်နှင့် ကိုလှပိုအား တစ်လှည့်စီ ကြည့်ရင်း ဝေဖန်နေပြီးမှ ဆက်လက်၍...

"မမကြည်ကလည်း တစ်နေ့နေ့မှာ ပြောပြမယ်လို့ စိတ်ကူးပြီးသားပါ ညီမရယ်... မမအဖြစ်က ဆန်းလည်းဆန်း... မြမြ ပြောသလို ဗဟုသုတလည်း အများကြီးပါပြီ... ဆင်ခြင်သင့်တဲ့ အချက် ကလေးတွေလည်း မနည်းဘူး ညီမရဲ့ ဟုတ်တယ် ကိုလှပို..."

တစ်ဆက်တည်းပင်...ကိုလှပိုကိုပါ ရော၍ ပြောလိုက်သေး၏။

"ဖြစ်ပုံကဒီလို မြမြရဲ့... ကိုအေးတင့်နဲ့ မမတို့ ညားပြီး တစ်နှစ်နီးပါးလောက်မှာပဲ ကိုအေးတင့်ရဲ့ အကျင့်တစ်ခုကို မမလည်း သိရတော့တယ်... ဘယ်လိုလဲဆိုတော့၊ သူဟာ မိန်းမနဲ့ ပတ်သက်လာရင် ရောရောနှောနှောနဲ့ ရှုပ်ချင်ပွေချင်တဲ့ အကျင့်ပဲ... ဒါကို မမကလည်း နည်းနည်းမှ မကြိုက်ဘူး၊ နည်းနည်းတလေး မှုမပျက်နဲ့ ပျက်တာနဲ့ တစ်ပြိုင်နက် လူရှေ့သူရှေ့လည်း မရှောင်ဘူး မမကြည်က နင်းကန်ဆူပစ်တာပဲ..."

မနုကြည်သည် မြမြတင်အား မျက်နှာမူ၍ ပြောနေရာမှ ကိုလှပိုဘက်သို့ လှည့်လာကာ...

"ဟုတ်တယ် ကိုလှပို ဒီလိုအကျင့်မျိုးကို ဘယ်မိန်းမ သည်းခံနိုင်မှာလဲ၊ အဲသလို ကျွန်မ ဆူတော့လည်း ဆူရကောင်း

www.burmeseclassic.com

www.burmeseclassic.com

လားဆိုပြီး သူက ကျွန်မကို ငြိုငြင်တယ်၊ ပြီ... သူကလည်း ဒီအကျင့်ကို မဖျောက်ဘူးရှင့်..."

"သူ့အကျင့်ဆိုတာက...အဲသလို...မိန်းမတွေနဲ့ ရောရော နှောနှော ရှုပ်ချင်တာလောက်ပဲလား...ဒါမှမဟုတ် ခြေလွန်လက်လွန် ကိစ္စတွေကော ဖြစ်တတ်သေးလား မနုကြည်... ကျွန်တော် ခုနကလေး သိချင်လို့ မေးတာပါနော်"

"အို... မေးပါ... အင်း... တစ်ခုတော့ ရှိတယ်... သူ... အဲသလို ရှုပ်ပွေပွေ လုပ်ချင်တဲ့ ဝါသနာရှိပေမယ့် ဘယ်သူနဲ့ တိတ်တိတ်ပုန်း ဘာဖြစ်နေပြီ ဆိုတာမျိုးတော့ မကြားရဘူးရှင့်..."ဟု ဖြေရင်း...တစ်စုံတစ်ရာ စဉ်းစားသလို တွေနေသေး၏။ နောက်မှ...

"ကိုလှပို ခု-မေးလိုက်တဲ့ ရည်ရွယ်ချက်ကို ကျွန်မ နားလည် ပါတယ်ရှင်၊ ကဲ ဆက်ပြီး နားထောင်ပါဦး...ဆုံးကာနီးတော့... အဖြေပေါ်လာပါလိမ့်မယ်"

"ဟုတ်ကဲ့... ဆက်ပါဦး"

"ကဲ... အတိုပဲချုံ့ပြီး ပြောတော့မယ်နော်... အသဲသလို သူကလည်း မိန်းမတွေနဲ့ ပွတ်သီးပွတ်သပ်နေချင်...ကျွန်မကလည်း လူရှေ့မရှောင် ဆူပူလုပ်နေတော့... တစ်ယောက်နဲ့ တစ်ယောက် တယ်ပြီး အစေးမကပ်ချင်တော့ဘူး...ဒါပေမယ့်လည်း ဘေးဘီက မိတ်သင်္ဂဟတွေ... နှစ်ဦးနှစ်ဖက် ဆွေမျိုးမိဘတွေက ဝိုင်းပြီး ဆုံးမကြ...ဖျောင်းဖျကြလုပ်တာနဲ့ ကျွန်မတို့ အိမ်ထောင်ရေးဟာ ပြန်ပြီး ရိုးရိုးပြည်ပြည် ဖြစ်လာပြန်တယ်ရှင့်"

ကိုလှပိုထံမှတစ်ဖန် မြမြတင်ဘက်သို့ မနုကြည် လှည့်လာ ပြန်၏။

"အဲသလို အနယ်ကလေး ထိုင်မယ်ကျွန်ကာရှိသေးတယ်... ကျွန်မတို့အိမ်ကို ဝင်ထွက်သွားလာနေတဲ့ သူငယ်ချင်း မခင်ဆိုင်



ဆိုတာနဲ့ ဘာလိုလို သူ-ဖြစ်လာပြန်ရော ညီမရဲ့... သိတယ် မဟုတ်လား... မခင်ဆိုင်လေ..."

"သိတာပေါ့ မမကြည်... မြတို့ လာလာလည်တဲ့အခါ ညောင်လေးပင်အထိ မမကြည်နဲ့အတူ လိုက်လိုက်ပို့တဲ့ မခင်ဆိုင်... ဟုတ်လား..."

"အေး... သူကလည်း မမနဲ့ သိပ်ချစ်တဲ့ ကျောင်းနေဖက် သူငယ်ချင်း မဟုတ်လား...အဲဒီတော့...အိမ်မလာပါနဲ့လို့ ပြောရမှာ ကလည်း အခက်၊ ကိုအေးတင့်နဲ့ သူနဲ့ ကြည့်ရတာကလည်း မရိုးသလိုလိုဆိုတော့၊ မမကြည်မှာ အကြပ်ရိုက်နေတာပေါ့... ဒါပေမယ့် ကိုအေးတင့်ကိုတော့ ကြိတ်ပြီး မေးမိတယ်...သူက..."

(မဟုတ်ရပါဘူး နုရယ်...ကိုယ်-အရင်လို ဖွချင်စိတ်မထား တော့ပါဘူး... ဟိုတုန်းကအရှိန်နဲ့ နု-အလိုလို အထင်လွဲနေတာ ဖြစ်ပါလိမ့်မယ်)တဲ့...

"ဒါပေမယ့် မမကြည်ကတော့...တယ်ပြီးမယုံချင်ဘူး... ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်စလုံးရဲ့ ဟန်အမူအရာတွေ ကလည်း တစ်နေ့တစ်ခြား ထူးလာတယ်...ပြီး...မခင်ဆိုင်ကလည်း အိမ်ကို တစ်နေ့မလာရ မနေနိုင်အောင် ဖြစ်နေတာကိုး၊ အဲ- နောက်တော့ မရှေးမနှောင်းက တစ်နေ့တစ်ခေါက် မဟုတ်တော့ဘူး... မနက်တစ်ခါ...ညနေတစ်ခါဆိုသလို အခေါက်ရေ ပိုလာတော့... မမကြည်ကလည်းသာလို့ မသင်္ကာဖြစ်လာတာပေါ့..."

ကိုလှပိုရော-မြမြတင်ပါ စိတ်ဝင်တစား နားစွင့်နေကြ၏။ သို့တိုင်အောင် နှစ်ယောက်စလုံး သတိမလစ်၊ ဦးရာလူကဆိုသလို ကလေးဆီတွင် လက်တရမ်းရမ်းဖြင့် ခြင်ခါပေးနေ၏။

"ဒါနဲ့ ကျွန်မက အတတ်တွေးလိုက်တာပေါ့... အင်း... သူတို့နှစ်ယောက်တော့ ဧကန္တပဲလို့...ဒီလိုနဲ့ ကြာတော့...ကျွန်မ

www.burmeseclassic.com



လည်း မချုပ်တည်းနိုင်တော့ဘူး ကိုလှပို၊ စိတ်ကလည်း မြန်တတ်တာနဲ့…အဲ…တစ်နေ့တော့ တနင်္ဂနွေနေ့ ရုံးပိတ်ရက်မှာ ပေါ့ရှင်… ကိုယ်တော်မြတ် ထမင်းစားပြီးကတည်းက ပျောက်သွား လိုက်တာ… ညနေ ၃-နာရီထိုးရော ပေါ်မလာသေးဘူး… ဒါနဲ့… အင်း… ဒင်းတော့ ခင်ဆိုင့်ဆီ ရောက်နေမှာ ထင်ပါရဲ့ ဆိုပြီး…ကျွန်မလည်း သုတ်ခြေတင်သွားတာပေါ့လေ…"

မြမြတင်တို့တွင် ပို၍ စိတ်ဝင်စားလာ၏။

"ကျွန်မ ခင်ဆိုင်တို့ အိမ်ရောက်လို့ အထဲလည်း ဝင်လိုက်ရော…

(ဟယ်… နကြည်… ညီး-ဘယ်က လာတာတုန်း… ငါတောင် ခုတင်လာတော့မလို့ ညီးတို့အိမ်…)ဆိုပြီး အိန္ဒြေမပျက် သူက နှုတ်ဆက်တယ်…"

"ကိုအေးတင့်ကိုကော မတွေ့ဘူးလား မမကြည်…"

"ဟေအေး… မတွေ့ဘူးကွဲ… ဒါပေမယ့်လည်း သူ့ဆီထွက်သွားကတည်းက မမကြည် ရင်တစ်ပြင်လုံးဟာ မီးပူဖင်လို ပူနေတယ်… စိတ်ထဲမှာလည်း အတော့်ကို မခံမရပ်နိုင်ဖြစ်ပြီး… သွေးကလည်း ဆူနေတော့… ပါးစပ်က မနေနိုင်တော့ဘူး… ဒါနဲ့ မမကြည်က…

(ခင်ဆိုင်…ကိုအေးတင့် တစ်ယောက် ဒီများ မလာဘူးလား…)လို့ မေးတော့…

(ဟင်…မလာပါလား နကြည်၊ သူ-ဒီလာမယ် ပြောသွားလို့လား)တဲ့…

"မမကြည်ကို ပြန်မေးတယ်…ဒါပေမယ့် သူ့အမူအရာဟာ အတော့်ကို ပျက်သွားတယ် ညီမရဲ…"

ဤတွင်တစ်ဖန် ကိုလှပိုဘက်သို့ လှည့်လိုက်ပြန်ကာ…



"အမှန်ပဲ ကိုလှပို…ကျွန်မလည်း ကြာရှည် စိတ်အဆင်းရဲမခံနိုင်တော့ဘူး၊ ဒါနဲ့…ဟုတ်ရင်လည်း ပေါ်ရော…မဟုတ်လည်း လမ်းစ, ပြတ်ကြရော…ဆိုပြီး ခပ်ရှင်းရှင်းပဲ…ကျွန်မ မေးချလိုက်တယ်…"

(ကဲ-ခင်ဆိုင်… ညီးနဲ့ ငါနဲ့ဟာ အင်မတန်ချစ်ကြတဲ့ သူငယ်ချင်းတွေ မဟုတ်လား…အဲဒီတော့… တစ်ယောက်နဲ့ တစ်ယောက် ခပ်ရှင်းရှင်း နားလည်ကြတာ ကောင်းပါတယ်အေ…) လို့လည်း ပြောလိုက်ရော…သူဟာ တစ်ခါတည်း ပြူးပြူးပျာပျာ ဖြစ်လာတယ်ရှင့်…

(ညီး… ဘာတွေ ပြောနေတာလဲ နကြည်… ငါအသည်း ထိတ်လိုက်တာ…)တဲ့လေ…သူက… ဒါနဲ့ ကျွန်မကလည်း…

(ခုတလော ကိုအေးတင့် ပြန်ထ,လာပြန်ပြီ၊ ကောင်မ တစ်ကောင်နဲ့ သူငြိနေတယ် သတင်းရလို့ မနက်က သူနဲ့ ငါ စကားများကြတယ်၊ ငါက ရှင်-အရှက်မကွဲချင်ရင်…မှန်တဲ့အတိုင်း ဖွင့်ပြောရမယ်)လို့ အဲသလိုလည်း ပြောလိုက်ရော…သူ့မျက်နှာဟာ ဘယ်လိုမှ မထားတတ်သလို ဖြစ်သွားတယ် ကိုလှပို"

ကိုလှပိုလည်း မျက်စေ့မျက်နှာမကောင်းနှင့် ခေါင်းညိတ်လိုက်၏။

"ဒီတော့…ဘယ်သူနဲ့ ဖြစ်တာလဲလို့…သူက မမေးဘူးလား မနကြည်ကို…"

"မမေးဘူးလေ…ဒီတော့ ကျွန်မက ပိုပြီး ထင်လာတာပေါ့ ဒါနဲ့"

(ညီး… ငါ့ကို မလိမ်ချင်ပါနဲ့တော့ ခင်ဆိုင်၊ ညီး… ငါ့လင်နဲ့ ကြိုက်နေတယ် မဟုတ်လား)လို့လဲ ကျွန်မက မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရော တစ်ခါတည်း… သူ-မျက်ရည်တွေ တပေါက်ပေါက် ကျလာတာပဲ၊ ဘာဆိုဘာမှ ပြန်မပြောနိုင်ဘူး… ဒါနဲ့ ကျွန်မ ဆက်ပြီး အစ်လိုက်တယ်…

(ကိုအေးတင့်ကတော့ ဝန်ခံလိုက်ပြီ သိလား… သူနဲ့ ဖြစ်နေတာ ညီးတဲ့၊ အဲဒါ-ညီး ဘာပြောချင်သေးသလဲ၊ ခင်ဆိုင် သူနဲ့ ညီး… ချစ်နေကြပြီ မဟုတ်လား… ညီး… တကယ် ချစ်တာဖြင့် ပြောပါအေ ငါရှောင်ပေးပါ့မယ်)လို့ ပြောတော့မှ…

(ပေးချင်တဲ့ သစ္စာပေးပါ သူငယ်ချင်းရယ်… ချစ်နေကြပြီ ဆိုတာ မဟုတ်ရပါဘူး…)တဲ့။

"သူက ဖွတ်သာငြင်းတယ်၊ အမူအရာကတော့ နည်းနည်းမှ ပုံပန်းမဟန်ဘူးရှင့်၊ ကျွန်မကလည်း အတော်ကြာတယ်၊ အမျိုးမျိုးအစ်ပြီး မေးတာ… ဝန်မခံဘူး၊ ဒါနဲ့ ကျွန်မ အိမ်ပြန်လာခဲ့ရော ဆိုပါတော့…"

ပြောရလွန်း၍ မောပြီး အာချောက်လာဟန် တူ၏ မနုကြည် လည်း ရေတစ်ခွက် ထ,သောက်ပြီးမှ…

"အိမ်ပြန်ရောက်တော့၊ ညစ်နေတဲ့ ကျွန်မစိတ်ဟာ သုံးပုံ တစ်ပုံလောက် လျော့သွားသလိုပဲ ကိုလှပို၊ သိသိသာသာ ပေါ့လာ တယ်၊ ဟုတ်တာ, မဟုတ်တာ အပ,ထား… ညီးနဲ့ ချစ်နေတာ ကိုအေးတင့်က ဝန်ခံပြီးပြီလို့ ပြောခဲ့ရတဲ့အတွက် သူနဲ့ကျွန်မ လမ်းစ,ပြတ်သွားတာပဲ၊ ဒီတော့…ကိုအေးတင့်နဲ့လည်း ဝေးသွား ရောပေါ့၊ အဲသလို ကျွန်မက တွက်တယ်…"

"ကိုအေးတင့်ကိုတော့… ဒီကိစ္စ ပြောပြမိသေးလား မနုကြည်…"

"ပြောရုံဘယ်ကမလဲ ကိုလှပို…ညနေ သူပြန်ရောက်ရောက် ချင်းပဲ ကျွန်မက အတတ်စွဲပြန်တာပေါ့"



(ရှင် ငြင်းချင်သေ.သလား ကိုတင့်…ဟင်၊ ရှင့်အမူအရာ သိပ်ပျက်တယ်…ခင်ဆိုင်နဲ့ ရှင် ကြိုက်နေတယ် မဟုတ်လားလို့ မေးတော့ ကျိန်စာတွေ အမျိုးမျိုး ရွတ်ပြီး ခေါင်းခါခဲ့တဲ့လူ… ဟင်… ခုတော့ မှုးပေါ်သလို ပေါ်ပါရောလား၊ ခု… ခင်ဆိုင်က ဝန်ခံလိုက်ပြီ)လို့ ကျွန်မက ကိုအေးတင့်ကို အစ်ပြန်တာပေါ့…

(ဘာလဲ…မခင်ဆိုင်က ဘာဝန်ခံတာလဲ ကိုယ်နဲ့ ကြိုက်နေ တယ်လို့ ပြောလိုက်သလား)ဆိုပြီး သူလည်း ပြူးပြူးပျာပျာ ဖြင်လာပြန်ရော… ကိုလှပို…"

ဤတွင် ကိုလှပိုက စိတ်မချမ်းသာ ပြုံး-ပြုံးလိုက်မိ၏။

"ဒါနဲ့-ကျွန်မက (ဟုတ်တယ် ရှင်နဲ့ သူ ချစ်မိနေကြပြီဆိုတဲ့ အကြောင်း ခင်ဆိုင်က ဝန်ခံလိုက်ပြီ သိရဲ့လား…ဘာ-မုံလာဉ လုပ်ချင်သေးသလဲ)လို့ ကျွန်မက အတည်ပေါက်နဲ့ ပြောတော့… သူ ပါးစပ်ကြီး ဟ,ပြီး ကြောင်နေတယ်"

"ငြင်းတော့…မငြင်းဘူးပေါ့…"

"အဲဒီတုန်းက ကျွန်မ အတော်အစဉ်းစားရ ကြပ်သွားတာပေါ့ ကိုလှပို၊ သူဟာက ငြင်းတယ်လည်း မဟုတ်ဘူး၊ မငြင်းဘူးလည်း မဆိုသာဘူးရှင့်၊ ခေါင်းတရမ်းရမ်းနဲ့ ဘက်ပြင်းသာ တဟင်းဟင်း ချနေတာပဲ၊ အဲ… နောက် ငါးရက်လောက်လည်ဲ့ ကြာရော… ခင်ဆိုင်နဲ့ သူနဲ့ ခိုးပြေးကြတာပါပဲ"

"ဟင်…ဒါဖြင့်၊ သူတို့ချင်း ကြိုက်နေကြတယ်လို့ မနုကြည် ထင်တာ မှန်နေတာပေါ့"

"မမှန်ဘူး ကိုလှပို၊ နောက်မှ သိရတဲ့ အတိုင်းဆိုရင် သူတို့ချင်း တစ်ယောက်ကိုတစ်ယောက် ဝမ်းထဲက သဘောကျနေ သတဲ့၊ ဒါပေမယ့်…ဘယ်သူဘယ်သူမှ ပါးစပ်က ထုတ်မပြောကြ ဘူး၊ ဒီကြားထဲမှာ ကျွန်မက ဆတ်ဆော့ပြီး ခင်ဆိုင်က ကိုအေးတင့်

www.burmeseclassic.com

www.burmeseclassic.com

နဲ့ ချစ်နေပါတယ်လို့ ဝန်ခံတယ်၊ ကိုအေးတင့်ကလည်းခင်ဆိုင်နဲ့ ကြိုက်နေတာ မှန်ပါတယ်လို့ ဝန်ခံပြီလို့ အဲသလို နှစ်ယောက်စလုံး အစ်မိတာဟာ သူတို့ကြားက ဝင်ပြီး အောင်သွယ်ပေးလိုက်သလို ဖြစ်သွားတာကိုး... ကိုလှပိုရဲ့"

"အင်း... ဆန်းပါ့ဗျ၊ အဖြစ်က..."

"ဆန်းပုံတော့ မပြောနဲ့ ကိုလှပို... အဲသလို ကျွန်မက အမှန်ထွက်လာမလားလို့ အစ်လိုက်တာကို ကိုအေးတင့်က တစ်နေ့တော့ ခင်ဆိုင်နဲ့ သွားတွေ့ပြီး–"

(မခင်ဆိုင်က ကျုပ်နဲ့ ချစ်နေပြီလို့ ပြောလိုက်တယ်ဆို)လို့ မေးတော့ ခင်ဆိုင်က ဟုတ်,မဟုတ် မဖြေဘဲ...

(ကိုအေးတင့်နဲ့ ကျွန်မနဲ့ မေတ္တာရှိနေပြီလို့ ဝန်ခံလိုက်တာကော မှန်သလား...)လို့ ပြန်မေးသတဲ့...

"အဲ... နောက်ဆုံးကျတော့၊ တစ်ယောက်နဲ့ တစ်ယောက် ဝမ်းထဲက ကြိတ်ပြီး ချစ်နေတဲ့ ဓာတ်ခံကလေးကလည်း ရှိနေတော့ တစ်ယောက်ကိုတစ်ယောက် ဘယ်သူကမှ မဟုတ်ဘူးလို့ မငြင်းဘဲ... နောက် ငါးရက်အတွင်းမှာ နိုးပြေးကြတော့တာပါပဲ ကိုလှပို..."

"သူတို့ နိုးပြေးကြပြီး လေးငါးလလောက်အရမှာ ခင်ဆိုင်ကိုယ်တိုင်ပဲ ကျွန်မဆီလာပြီး တောင်းပန်ရင်း...ဒီအတိုင်း ဖွင့်ပြောပြတယ်၊ အဲဒီတော့မှ ကျွန်မ မလဲ ငိုအားထက် ရယ်အားသန်ဆိုသလို ခင်ဆိုင်ကို အပြုံးနဲ့ ခွင့်လွှတ်လိုက်ရတော့တာပေါ့ ကိုလှပို..."

"ကိုအေးတင့်ကိုတော့... မနုကြည် ခွင့်မလွှတ်နိုင်ဘူး ထင်ပါရဲ့"

"လူတွင်ပါလို့ နွားကျားကိုက်တာ မဟုတ်လားရှင့်၊ ခင်ဆိုင်က လွတ်လွတ်လပ်လပ်၊ သူက သားနဲ့ မယားနဲ့လူ သူဆင်ခြင်ရမယ် မဟုတ်လား ကိုလှပိုရဲ့"

ထိုစကားကို ချင်းချက်မရှိ ထောက်ခံရန် ဆန္ဒမရှိသော်လည်း လူချင်းက ရင်းနှီးမှု မရှိသေးသည်နှင့် နောက်ထပ် ဘာမျှ မပြောဘဲ နေလိုက်၏။

"ဒါဖြင့် မမကြည်ဥစ္စာက ကိုယ့်အတတ်နဲ့ ကိုယ့်ကိုရှုး ဖြစ်တာပေါ့နော်..."

"ခုတော့ ဒီအတိုင်းကျနေတာပေါ့၊ သူတို့ချင်း ဝမ်းထဲက ကြိတ်ချစ်နေကြတာကို မမက ကြားဝင်ပြီး မြားနတ်မောင် လုပ်ပေးလိုက်သလို ဖြစ်သွားပြီပေါ့... ကိုယ်သဝန်ကြောင်စိတ်၊ မတရားဖွပ်ချွဲချင်တဲ့စိတ်က ကိုယ့်ကို ဒုက္ခပေးသွားတာပဲ ညီမရဲ့..."

ကိုယ်စီ အတွေးဖြင့် အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေကြပြီးမှ...

"မနုကြည်ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်ခေါက်မိသလောက်၊ အမြင် ဗဟုသုတ၊ အကြားဗဟုသုတနဲ့ ပြောရမယ်ဆိုရင်တော့...သူတို့နှစ်ယောက်စလုံး ဘယ်သူမှ ဟုတ်တယ် မပြောသေးဘဲ၊ ဝန်ခံသယောင်ဆောင် မနုကြည်က အစ်မေး မေးလိုက်တဲ့အတွက် ဒီလို ဖြစ်သွားရတယ်ဆိုတာ မှန်သင့်သလောက်... မှန်ပေမယ့် အဓိကတော့ မဟုတ်ဘူး... ထင်တာပဲ မနုကြည်"

"ဟုတ်ကဲ... ကိုလှပိုက ဘယ်လို ထင်လို့လဲ"

"လင်ယောက်ျားဆိုတာတွေဟာ များသောအားဖြင့် နပ္ပနဆာ လုပ်တာ သိပ်မကြိုက်ကြဘူးဗျ၊ ကျွန်တော်လည်း အတူတူပဲ၊ မနုကြည်ပြောတဲ့ အတိုင်းဆိုရင် ကိုအေးတင့်ကို မနုကြည်က

www.burmeseclassic.com

မကြာမကြာ ဆိုသလို ဆုဆုပ္ပပ္ပ လုပ်လိမ့်မည်လို့ ကျွန်တော် ထင်တယ်...”

ဤတွင် မနုကြည်က ပြုံးရင်း...

“သူလုပ်ပုံကိစ္စကမှ မဟုတ်ဘဲကလားရှင့်...မိန်းမတွေလည်း ဒါမျိုးကို နည်းနည်းမှ မကြိုက်ဘူးဆိုတာ...လင်ယောကျာ်းအဖြစ်နဲ့ သူတို့သိဖို့ မကောင်းဘူးလား...”

“သူ...အပြစ်ကင်းတယ်လို့ ကျွန်တော် မဆိုပါဘူး၊ ဒါပေမယ့် လင်မပီသတဲ့ လင်တွေ အနေနဲ့ အများတော့ ရှိနေသေးတာပဲ မဟုတ်လား မနုကြည်၊ ညားခဲ့ရပြီး ကိုယ့်လက်ထဲရောက်မှ ဒီလို ညဥ့်ဆိုးပါလာမှန်း သိရတော့ ကိုယ် ဘာတတ်နိုင်သေးသလဲ၊ ကိုင်း...နင်မကောင်းလို့ မပေါင်းနိုင်ဘူးဆိုပြီး ကွာပစ်လိုက်တယ်ပဲထား၊ တကယ်တန်းကျတော့...မိန်းမပဲ နစ်နာတယ် မဟုတ်လား ...ယောကျာ်းအဖို့မှာက ကလေးသုံးယောက်အဖေပင် ဖြစ်ပစေ၊ မယားမရှိတော့ဘူးဆိုရင် လူပျိုနဲ့ တန်းတူလောက်ပဲ မျက်နှာရှိတယ်၊ မိန်းမတွေမှာသာ...ဒါလဲ မနုကြည် အသိသားပဲလေ”

မနုကြည်၏ ကျော့ကျော့မော့မော့ အမူအရာမှာ ယခုတွေတွေငိုင်ငိုင် ဖြစ်လာ၏။

“သူ–ဆိုးတယ်...ဖောက်ပြန်ချင်တယ်ထား...ဒါပေမယ့် သူ့ကို ဆုဆုပ္ပပ္ပလုပ်တာတော့ ကြိုက်မယ်မဟုတ်ဘူးဗျ...စကားစပ်မို့လို့ ပြောရဦးမယ်...ကျွန်တော့်အဒေါ် တစ်ယောက်အကြောင်းပေါ့ တင်ဒါက မြကိုတောင် ကျွန်တော် ပြောပြဘူးသေးတယ်”

“ဟုတ်ကဲ့... ကျွန်မကိုလည်း ပြောပါဦးရှင်၊ ဗဟုသုတဖြစ်တာပေါ့...”

“အဲ...အဲဒီ ဒေါ်ဒေါ့် ယောကျာ်းကတော့ ကိုအေးတင့်လို မွေ့ရုံတင်မဟုတ်ဘူး...လွယ်ရင်လွယ်သလို မယားငယ်တွေ ဘာတွေ ယူလိုက်တာပဲဗျ...ဒါပေမယ့် ဒေါ်ဒေါ်က ဆူလား ပူလားတော့ မလုပ်ဘူး၊ အရိပ်အခြေကြည့်ပြီး ဖျောင်းဖျတယ်...အတိုချုပ်ပြောရရင် ဒေါ်ဒေါ်က, အဲသလို ဖျောင်းဖျောင်းဖျဖျလုပ်နေတာကို ပျော့လွန်းအားကြီးတယ်ဆိုပြီး မေမေကပါ သည်းမခံနိုင်ဖြစ်လာရာက၊ (ညီး...ဒီကောင့်ကို ဒီလိုပဲ ချော့ပြောနေလို့ ရမှာမဟုတ်ဘူး...မယားငယ်အိမ်အထိလိုက်ပြီး...ဆူတန် ဆူပေးရတယ်) ဘာညာပေါ့ဗျာ...အဲသလို မေမေ မြှောက်ပေးတော့...ဒေါ်ဒေါ် ပြန်ပြောတဲ့ စကားဟာ ခုအထိ ကျွန်တော့်နားထဲ စွဲနေတုန်းပဲ မနုကြည်”

“အင်း...ဘယ်လို ပြန်ပြောပါလိမ့်...”

“အဲဒါ ဒေါ်ဒေါ်က ဘယ်လို ပြန်ပြောသလဲဆိုတော့ (အကြောင်းက ဖြစ်လာပြီ မဟုတ်လား မမရယ်...ဒီလိုဘက်မှာ ဝါသနာထုံတဲ့ ယောကျာ်းဟာ ဒီလိုပဲ လုပ်မှာပဲ...ဆူလားပူလားလုပ်လို့ ဆူတာသာ အဖတ်တင်ရင် တော်ပါရဲ၊ နားပူတယ်ဆိုပြီး ကျွန်မကိုပါ ပစ်သွားတော့ ပိုမဆိုးပေဘူးလား)တဲ့... ဒီတော့ မေမေက ထပ်ပြီး...

(အေး...ဒီလိုသာ အညံ့ခံနေရင်တော့ ညီးအကောင် ဘယ်တော့မှ ဒီအကျင့် ပျောက်မှာမဟုတ်ဘူး)ဆိုတော့...

(ကိုယ့်သမီးပျို ရည်းစားထားရကောင်းလားဆိုပြီး တဘုံးဘုံးရိုက်... နေ့ရှိသလောက် ဆူပူနေရင်...ကြာတော့ စိတ်ညစ်ပြီး လင်နောက် လိုက်သွားတယ် မဟုတ်လား မမရဲ့...ယောကျာ်းလည်း ဒီသဘောပဲ မမရယ်၊ အကျိုးသင့်အကြောင်းသင့် ဖျောင်းဖျရင် ရတတ်ပါတယ်)တဲ့၊ အဲ...ခုတော့ ဒေါ်ဒေါ့် တွက်ကိန်းမှန်လို့လားတော့ မသိဘူး... ဦးလေးမှာ ဒီပြဿနာတွေ မရှိတော့ဘူးလို့ ကြားရတယ်”

မနုကြည်ကမူ...ဘာတစ်ခုမျှ ဝင်၍ ဝေဖန်ခြင်းမပြုသေးဘဲ... ခေါင်းတညိတ်ညိတ်ဖြင့် တွေနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"တစ်ခုတော့ ရှိတာပေါ့ မနုကြည်၊ အိမ်ထောင်ရေးပြဿနာဆိုတာက အကျယ်အဝန်းသားကလား၊ ကျွန်တော် ပြောတာမျိုးကလည်း ပုံသေလိုက်နာဖို့တော့ မဟုတ်ပါဘူး။ လင်ဖြစ်သူက သိပ်ဆိုးနေရင်တော့လည်း...တစ်မျိုး စဉ်းစားရမပေါ့ဗျာ၊ နောက်ပြီး မယားလုပ်သူက ကိုယ့်လင်ကို ပြတ်နိုင်,မပြတ်နိုင်နဲ့ နောင်ရေးကိစ္စဆိုတာတွေကလည်း ရှိသေးတော့ အခြေအနေပေါ်မှာ မူတည်ပြီး တတ်နိုင်သလောက် အချိန်ယူ စဉ်းစားလေ၊ ကောင်းလေပဲ မဟုတ်လား"

"ဒါပေမယ့်...ကျွန်မအဖို့မှာတော့ အချိန်လွန်၊ လက်လွန်ဆိုတာလို အားလုံးလွန်ခဲ့ပြီလေ..."

ကိုလှပို ထိုစကားကြောင့်...ရုတ်တရက် စိတ်မကောင်းဖြစ်သွားပြီး အတန်ကြာ တွေနေသေး၏။

"အင်း...မနုကြည်တို့ကိစ္စက ဘယ်လိုမှ ပြင်မရတော့ဘူးဆိုတာ သတိမမူမိဘဲ၊ ကျွန်တော်... လျှောက်ပြောနေမိတာဟာ မနုကြည်အဖို့ စိတ်မချမ်းသာစရာများ ဖြစ်သွားလေမလားပဲ"

"အို...ဒီလိုတော့ မဟုတ်ပါဘူး ကိုလှပို...ခုမှ-ကျွန်မအသက် ၂၆-နှစ် ရှိသေးတာပဲ...နောက်ထပ်အိမ်ထောင် ထူချင်လည်း ထူဖြစ်သွားမှာ၊ အတတ်မပြောနိုင်သေးဘူး မဟုတ်လား... ဒီတော့ အဲ ခုလို ဗဟုသုတကလေးတွေကတော့ လိုတာပဲပေါ့ရှင်"

"လာ...ဝင်ခဲ့လေ မမထွေး..." ဟူသော မြမြတင်၏ ပြောလိုက်သံကြောင့်... အားလုံးပင် တံခါးပေါက်သို့ မျက်လုံးရောက်သွားကြ၏။

အလိုက်သိစွာ တံခါးဝတွင် ရပ်နေရာမှ မြမြတင်၏ ခွင့်ပြုမှုကြောင့်...ဝင်လာသော မထွေး၏ လက်ထဲတွင်...ပလပ်စတစ် အကျီချိတ်ရောင်စုံ သုံးခု ပါလာသည်ကို တွေ့ရသဖြင့်-

"ကဲ... မနုကြည်... တွေ့လား ကျွန်တော့်မိန်းမ ဘယ်လောက် လိမ္မာသလဲ...မနက်ကမှ အကျီချိတ်အကြောင်း ပြောရုံရှိသေးတယ်... ခု-သူက ဝယ်ခိုင်းလိုက်ပြီ..."

"အင်းလေ... ဒါကြောင့် ပြောပကော တွေ့လည်း တွေ့တတ်တဲ့ လင်မယားပဲလို့"

မြမြတင်က...ထိုထို ချီးကျူးမှုများကို လိုလိုချင်ချင်ပြုံး၍ လက်ခံလို၏။ သို့တိုင်အောင်... ပြည့်ပြည့်ဝဝ မရှိလှသေး... သူတစ်ထူးပြောမှ...သတိရသည့် ကိစ္စကလေး ဖြစ်နေသည့်အတွက် ...တစ်ဝက်လောက် အရသာ လျော့နေသေးသည် ထင်မိ၏။

ထိုတစ်နေ့မှာလည်း...ဤသို့လျှင် မနုကြည်နှင့် ကိုလှပိုတို့မှာ နောက်ကြောင်းအဖြစ်များ ပြောရင်းပင် အချိန်သည် အမှတ်မထင် ကုန်လွန်ခဲ့တော့၏။

ညနေ ၅-နာရီလောက်တွင် ညစာအတွက် ပြင်ဆင်ရန် မနုကြည် အောက်ထပ်ဆင်းသွားသည်တွင်မှ ကိုလှပို လွတ်လပ်စွာ စကားပြောခွင့် ရတော့၏။

"မြ... နေလို့ ထိုင်လို့ ကောင်းရဲ့လား ဟင်... မြ..."

မြမြတင် ဆေးရုံတက်သည်မှ ယနေ့အထိဆိုသော်... ထိုမေးခွန်း မေးခဲ့သည့် အကြိမ်ပေါင်းမှာ မရေတွက်နိုင်အောင်ပင် ရှိခဲ့ပြီ ဖြစ်၏။

"ကောင်းပါတယ် ကိုပိုရယ်...မြ...အရင်ကထက်တောင် ပိုပြီး နေရတာ ရှင်းပါသေးတယ်"

"ဒီလိုဆိုရင်ဖြင့် ကောင်းပါလေ့ မြရယ်...ကိုပိုက စိတ်မှုလို့ ခဏခဏ မေးမိတာပါ...ခုလို...မြ-အိပ်ရာပေါ်မှာ ငြိမ်ငြိမ်လေး နေရတာဟာ ထုံးစံလို့တော့ ကိုပို သိပါတယ်...ဒါပေမယ့်...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ လူမမာလို ဖြစ်နေလို့ ကိုပို့ စိတ်ထဲမှာ တစ်မျိုးပဲ… အားမရသလိုလိုနဲ့”

မြမြတင်က ကြည်ကြည်လင်လင်ကလေး ပြုံးလိုက်ပြီး…

“အမှန်ကတော့… မြ–လှုပ်ရှားသွားလာပေမယ့်လဲ ဘာမှ တော့ မဖြစ်ပါဘူး၊ ဒါပေမယ့် ငြိမ်ငြိမ်နေလေ…ပိုကောင်းလေလို့ … ဆရာဝန်မ,က မှာလိုက်တာနဲ့…”ဟု စကားကို ဤတွင် ဖြတ်၍ ကိုလှပိုအား အမှုအရာတစ်မျိုးဖြင့် တွေစိုက်ကြည့်နေပြီးမှ–

“အင်း… ခုထိတော့ဖြင့် ကိုပိုက ကိုယ့်မယားလေးကို သိပ်ကြင်နာတာပဲ… နော်”

“ဘာလဲမြ…မြ–စကားက အနေ့ာင့်သွားမလွတ်ပါလား… နောက်တော့ ကိုပို အကြင်နာမဲ့သွားလိမ့်မယ်လို့ ထင်ပြီး ပြောလိုက်တာလား မြရယ်… ဟင်”

မြမြတင်၏ ပါးဖောင်းဖောင်းနှစ်ဆုပ်ကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ အသာအယာ လှုပ်ရင်း မေးလိုက်၏။

“ဒီလိုတော့လည်း မဟုတ်ပါဘူး မောင်ရယ်…ဓာစောက မမကြည်နဲ့ ပြောနေတဲ့ အဖြစ်အပျက်တွေ ကြားရတော့… အင်း တကယ်လို့ ငါသာ ဒီအဖြစ်မျိုး ကြုံရရင်တော့ ဆိုပြီး…”

စကားကို ရှေ့မဆက်နိုင်၊ ကိုလှပိုအား တွေကြည့်ရင်း… မျက်ရည်ကလေး အိုင်လာသောကြောင့်…

“ကြည့်စမ်း…မြ…ကိုပို စိတ်မချမ်းသာအောင် မလုပ်ပါနဲ့ ကွယ်၊ ကိုပိုပြောထားတယ် မဟုတ်လား…လင်မယား ပြတ်စဲခြင်း ဆိုတာတွေဟာ ကိုပိုတို့အဖို့ ရယ်စရာသတင်းတွေလို့… ဟင်… ငိုနဲ့ မြရယ်… ကိုပို မကြည့်ရက်ဘူး… ပြီး… ကိုယ်ဝန်ကြီးနဲ့ ငိုရင် ကလေး မျက်လုံးပြူးတတ်တယ်လို့ ဆိုသမှတ်လား… အေး… ခု… မွေးဖွားပြီးမှ ငိုရင်လည်း ကလေး မျက်လုံး မှေးတတ်တယ်… သိရဲ့လား…”



အဖျားသတ်တွင် ဟာသ,ကလေး ညှပ်၍ ပြောလိုက်မှ မြမြတင် ပြုံးဖော်ရလာ၏။

“လင်မယား ပြတ်စဲခြင်းဆိုတာတွေဟာ ကိုပိုတို့အဖို့ ရယ်စရာ သတင်းတွေပါ မြရယ်”ဟု ကိုလှပို တစ်ခါက ပြောခဲ့ဖူး၏။

“ကဲ…သတင်းစာတွေမှာ ပါလာတတ်တဲ့ ပြတ်စဲခြင်းတို့၊ ကွာရှင်းခြင်းတို့၊ ဆိုတာတွေ ကြည့်စမ်း များသောအားဖြင့် ယောကျ်ားက ကြေညာတာချည့်ပဲ မဟုတ်လား ကိုပို၊ ဒီတော့ ယောကျ်ားတွေကို ဘယ်လိုလုပ်ပြီး ယုံနိုင်မလဲ…”

“ဒါဖြင့်… ကိုပို့ကိုလည်း၊ မြ… မယုံဘူးပေါ့…”

“ယုံပေါင်…”

ကိုလှပိုက… သဘောကျသွားသလို အားပါးတရ ရယ်ချလိုက်ပြီးမှ…

“အဲဒါ… ကိုပို စိတ်မဆိုးဘူး… အမှန်က ဒီအတိုင်း ပြောရမှာပဲ၊ ဘာပြုလို့လဲဆိုတော့ အိမ်ထောင်ရေး ခွါပြဲမှုနဲ့ ပတ်သက်လာရင်… ရာခိုင်နှုန်း ရှစ်ဆယ်လောက်က ယောကျ်ား တွေ ဖောက်ပြန်လို့ဆိုတာ ဘိုးစဉ်ဘောင်ဆက်ကစပြီး… နာမည်ပျက် လာတော့ ယောကျ်ားကို မိန်းမတွေ မယုံဘူးဆိုတာ နည်းလမ်းကျ တယ်၊ ဒါပေမယ့်–ကိုပို… ဘယ်လို လူစားဆိုတာတော့၊ တစ်နေ့ မြ သိရမှာပဲ…”

“ဘယ်… တစ်နေ့လဲ ကိုပို…”

“ကိုယ်တို့နှစ်ယောက် ဆံဖြူသွားကျိုး အရွယ်ရောက် ရင်ပေါ့…”

www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့လျှင် တစ်ကြိမ်သောအခါက ပြောခဲ့ကြဖူးသည်ကို မြမြတင် တွေးမိလာသည်နှင့်...

"ဒါပဲနော်... ကိုပို့စကားကို ကိုပို မေ့မပစ်နဲ့ သိလား ဆံဖြူသွားကျိုး အရွယ်ရောက်ရင်ဆိုတာ..."

"ကဲပါဗျာ...အရိုးကြေ အရေရှိပြီး သေအထိ မဖောက်ပြန်ဘူး ဆိုတာကို ယုံချင်ယုံ, မယုံချင်နေ ကိုပို ရဲရဲကြီး ကတိပေးတယ်...ဩ...ဒါနဲ့ အိပ်ရာပေါ်ချည့် ငြိမ်နေတာကို ကိုပို စိတ်မချမ်းသာဘူး ပြောလို့ ဟိုလျှောက်သည်လျှောက် လုပ်မနေနဲ့ဦးနော်...တော်ကြာ"

"ကဲ... ကိုလှပို ထမင်းပြင်ပြီးပြီ"

ရုတ်တရက် ထိုအသံနှင့်အတူ မထွေး ထမင်းစားအခေါ် ရောက်လာသောကြောင့် ကိုလှပိုလည်း မြမြတင်အား ခွင့်ပန်၍ ခပ်မှန်မှန် လှမ်းထွက်သွားတော့၏။

ကိုလှပိုဆင်းသွားသည် ဆိုလျှင်ပင် မြမြတင်မှာ စိတ်ကလေး မငြိမ်မသည်နှင့် ထိုထိုဤဤ စဉ်းစား၍ ပြုလာ၏။ သူစဉ်းစားသည့် အခိက ရှေ့ရှုချက်မှာလည်း သူနှင့် ကိုလှပို(ဝါ)သူတို့၏ အိမ်ထောင်မှု ရှေ့ရေးသာလျှင် ဖြစ်၏။

အိမ်ထောင်မှု၏ ရှေ့ရေးဆိုသည်မှာ နေထိုင်စားသောက်မှု တည်းဟူသော ငွေနှင့်ပတ်သက်သည့် ပြဿနာမဟုတ်၊ ငွေသည် သူတို့၌ ကုံလုံစုံပြည့်ပြီး ဖြစ်သည့်အတိုင်း သူ့အဖို့ တွေးစရာ ရှေ့ရေးမှာ တစ်ခုတည်းရှိ၏။ ထိုတစ်ခုတည်းမှာလည်း အိမ်ရှင်မတိုင်း တောင့်တ,အပ်သော ရာသက်ပန် တည်မြဲရေးသာလျှင် ဖြစ်၏။

တငေးငေးနှင့် ထိုအရေးကိုသာ ရှေ့ရှုတွေးနေမိသော မြမြတင် သည် ကိုအေးတင့်နှင့် မခင်ဆိုင်တို့ ပြဿနာကို ရည်ရွယ်ချက်မရှိဘဲ ရောက်တတ်ရာရာ တွေးနေမိရာမှ ကိုလှပိုနှင့် မနုကြည်တို့ဘက်သို့ အတွေးစက်လည်လာ၏။



"ထမင်းစားတော့မလား ကိုလှပို၊ ကျွန်မသွားခူးလိုက်မယ်လေ"

နံနက်ပိုင်းက သူ့ရှေ့တွင် ကိုလှပိုအား ပြောလိုက်သော မနုကြည်၏ စကားကို ကြားယောင်လာပြန်၏။ သို့လျှင် ထမင်းစား ခေါ်လိုက်သော မနုကြည်၏ အမူအရာကိုလည်း မြင်ယောင်နေ၏။ လေယူလေသိမ်းရော၊ အသံပါနွဲ့သလောက်–မျက်နှာထားကလည်း တစ်မျိုးတစ်ဘာသာ ထူးခြားနေသော မနုကြည်သည် ယခု– အောက်ထပ်၌ ထမင်းစားနေသူ ကိုလှပိုအား အဘယ်ပုံပြုစု၍ အဘယ်အသံနှင့်မေးပြီး...အဘယ်ဟန်ကလေးဖြင့် ခူးခပ်ပေးနေလေမည်နည်း...

"အို... သူ... ငါ့အစ်မ တော်တာပဲ၊ မလျော်မကန်တော့ မဖြစ်တန်ရာပါဘူး...ငါ မလုပ်နိုင်သေးလို့ သူက ကူညီပေးတာပဲ၊ ဒီလို မတော်တရော် မတွေးကောင်းပါဘူးလေ..."

မြမြတင်လည်း... ဤနယ် ရေရွတ်ရင်း သူ့စိတ်ကို ရှင်းပစ်လိုက်၏။

ကိုလှပို...အောက်ထပ်၌ ထမင်းစားနေဆဲမှာပင် မြမြတင် အခန်းထဲသို့ သီးသန့်ချက်ပြုတ်ထားသော ထမင်းဟင်းလျာများနှင့် အတူ မထွေးရောက်လာ၏။ မြန်မာနည်းနှင့်တွေးလျှင် ကြက်သားကို အဝေးက ရှောင်ကြရသော်လည်း မြမြတင်၏ စားပွဲတွင်မူ... ကြက်သားစွပ် ကြက်သား ပြုတ်ကြော်–အပြင် ဂေါ်ဖီထုပ် အစိမ်းကို ခပ်ပါးပါးလှီး၍ ခရမ်းချဉ်သီးနှင့် သုတ်ထားသည်ကလည်း တစ်ခွက်ပါသေး၏။

"ကဲ...မမထွေး၊ သွားတော့လေ...အောက်မှာ လိုတာလေး ကူလုပ်ပေးလိုက်ပါဦးနော်... တော်ကြာမှ ဒီပန်းကန်တွေ လာယူတာပေါ့"

www.burmeseclassic.com

"အောက်ထပ်မှာ... မနုကြည်ရှိသားပဲ၊ မြမြရဲ့... ဒီမှာက မြမြ-တစ်ယောက်တည်း တစ်ခုခုလိုရင် အော်ခေါ်နေရဦးမယ်"

"မလိုပါဘူး... ဒါနဲ့ဒါ ကျွန်မ စားလောက်ပါတယ်၊ ကဲ... သွားချည်အောက်မှာက မမကြည်ပါ ဝင်စားချင် စားနေမှာ"

မရမကပင် မထွေးအား အောက်ထပ်သို့ ပြန်လွှတ်နေ၏။ သို့ ပြန်လွှတ်နေသည်မှာ အကြောင်းရှိ၏။ ထိုအကြောင်းကား ကိုလှပိုနှင့် မနုကြည်တို့ နှစ်ယောက်တည်း ထမင်းစားခန်းတွင် လွတ်လွတ်လပ်လပ် ရှိနေသည်ကို သူမလိုလားနိုင်...

ရိုးသားသည့် ယောကျ်ားဆိုသည်တွင် ကျိုလည်းမပါ၊ အမှတ်အသားလည်း မရှိလေသောကြောင့် သိနိုင်ရန် ခက်လှဘိ၏။ ခယ်မသော၊ မရီးသော၊ ကြီးသောငယ်သော မဟူ၊ ချောလျှင် သတိထားရ၏။ ချောလျှင် ချောသလောက် မှောက်မှား၍ လွယ်လျှင် လွယ်သလို ဖောက်ပြားတတ်သည်ဟု ယောကျ်ားလောကသည်... နာမည်ရပြီး ဖြစ်၏။ သို့ကြောင့်လည်း မြမြတင် စိုးရိမ်မိခြင်းဖြစ်လျက် သူ့စကားအတိုင်း မထွေးဆင်းသွားမှဝင် တထင့်ထင့် စိတ်ကလေး အေးခွင့်ရသွားတော့သည် ထင်ရ၏။

မြမြတင် စားသောက်၍ ပြီးစီးသလောက် ရှိချိန်မှာပင် ကိုလှပို ရောက်လာ၏။ ရောက်လျှင်ရောက်ခြင်း ဆိုသလိုပင် ခပ်သုတ်သုတ် ပြေးကပ်ပြီး မြမြတင်အား ဆိုးဆိုးဆတ်ဆတ် မေးလိုက်သောကြောင့်...

"ဒါက ဘာတုန်း၊ ဘာ သရဲမရဲစီးလာတာလဲ... ဟင်"

"ဘာတွေညာတွေ လျှာမရှည်နဲ့ တော်ကြာ ဖေဖေတို့ လာကြလိမ့်မယ်၊ မနုကြည်လည်း ခု တက်လာချင်လာမှာ... သိရဲ့လား၊ ဒါကြောင့်... လစ်တုန်း ချစ်လိုက်ရတာခင်ဗျ"ဟု ပြောရင်းဆိုရင်းကပင်... ပွတ်သီးပွတ်သပ်နှင့် ဘယ်ပြန်ညာပြန် မွှေးနေပြန်၏။ မြမြတင်ကလည်း မျက်လွှာကလေး အမှေးသားနှင့် ငြိမ်နေ၏။

"လာလေ... မမကြည်"

ရုတ်တရက်ဆိုသလို တံခါးပေါက်သို့ လှမ်းကြည့်ရင်း မြမြတင်က ဤလို ရေရွတ်လိုက်သည်နှင့် မြမြတင်အား သိုင်းဖြိုက်ထားသော လက်များကို ပျာရိပျာရာ လွှတ်လိုက်ပြီးမှ ကိုလှပိုလည်း ရှက်ကိုးရှက်ကန်း အမူအရာဖြင့် တံခါးပေါက်သို့ မရဲတရဲ လှည့်ကြည့်လိုက်၏။

သို့သော်... မည်သူ့ကိုမျှ မတွေ့။

"ရှက်ပါတယ်ဟော့... လင်လေးတစ်ယောက်"ဟု မြမြတင်က နောက်လိုက်မှ...

"ကိုယ်ဖြင့် တကယ်အောင့်မေ့လို့ ထူပူသွားတာပဲ၊ မြ ဒီလိုမလုပ်နဲ့၊ ခုလို မွှေးရတာ သိပ်အရသာရှိတယ်... သိရဲ့လား"

"အောင်မယ်..."

"ဘာအောင်မယ်လဲ၊ သိဖြင့် မသိဘဲနဲ့၊ ဟိုတုန်းကလို လွတ်လွတ်လပ်လပ် မွှေးရတာနဲ့၊ ခုလို ခိုးကြောင်ခိုးဝှက် မွှေးရတာနဲ့ တူတာ မဟုတ်ဘူး အမိရဲ့၊ ဒါက ပိုပြီး ပျော်စရာကောင်းတယ်၊ သမီးရည်းစား ချစ်ဆိုတာ ဒီလိုပဲ နေမှာ ထင်ပါရဲ့"

"အို... ဘယ်သိပါ့မလဲ၊ မြမှ ဒီလိုကိစ္စမျိုး မကြုံဘူးတာ"

"အေးလေ... ကိုပိုလည်း မကြုံဘူးပါဘူး၊ ဒါပေမယ့် ကိုယ်တို့ ခနီးမောင်နှံက ကုသိုလ်ထူးတယ်နော်"

"ဘာတွေ ထူးနေပြန်ပါလိမ့်၊ ကဲ... ပြောစမ်းပါဦး စကား အဆန်းတွေ"

www.burmeseclassic.com



"အဲဆန်းမဟုတ်ဘူး မြရဲ့၊ ခု–မနုကြည် လာနေတာဟာ ကိုပိုတို့အဖို့ သိပ်မလွတ်လပ်ဘူးနော်၊ ပူးပူးကပ်ကပ်လည်း မနေရလို့ ဒီအချက်မှာ... တယ်မနိပ်ဘူး၊ ဒါပေမယ့်လည်း... သူရှိနေတဲ့ အတွက် နိုးကြောင်နိုးဂုက်နဲ့ တထိတ်ထိတ် မွေးရတာကတော့ တစ်မျိုး နိပ်တယ်၊ ခုတော့...ကိုယ်တို့ နှစ်ယောက်ဟာ ညားပြီးမှ သမီးရည်းစားဖြစ်နေသလိုပဲနော်...အဲဒါ ကံထူးတယ်ခေါ်တာပေါ့"

"ရှူး...ဟိုမှာ လာနေပြီ...နုတ်နောက်...နောက်ဆုတ်"

ကြားရသည့် ခြေသံမှာ တစ်ဦးတည်း ဟုတ်ဟန်မတူ၊ သုံးလေးယောက်သော ခြေသံများဖြစ်ပြီး၊ မကြာမီပင် အခန်းအရှိ ဝင်လာသော ဦးညိုမောင်တို့ ခမီးခမက်နှင့်အတူ မနုကြည်ပါ ပါလာသည်ကို တွေ့ရ၏။

မြမြတင်အနီး၌ ထိုင်မိကြသည်ဆိုလျှင်ပင် "နေကောင်းရဲ့ လား သမီး"၊ "သမီးနေလို့ ကောင်းတယ်နော်..."၊ "နေကောင်း တယ် မဟုတ်လားသမီး...ဟင်..."ဟူသော မေးခွန်းသုံးခုသည် ပြိုင်တူလို ထွက်သွားကြသောကြောင့် အားလုံးပင် ပြုံးရယ်မိ ကြလျက်...

"ကဲ...သမီးရယ် မြေးကလေးကို ပေးပါဦး"ဟု ဒေါ်စိန်ပွင့် က စ၍ တောင်းဆိုလိုက်သဖြင့်... မြမြတင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ကလေးကို ပုခက်ထဲမှ အသာမ,ချီပေးလိုက်၏။

"ဟော့...ဟော့...ဒီလိုမျက်နှာလိုက်တာ တရားသလား... မြမြဟင်"ဟု မနုကြည်က မြမြတင်အား ကြည့်ရင်း ပြောလိုက်ပြီး မှ... ဒေါ်စိန်ပွင့်ဘက်သို့လှည့်ကာ...

"ဒေါ်ဒေါ်ချွေးမက...အဲဒါ–နည်းနည်းမှ မတရားဘူး... မနေ့က ကလေးပြစမ်းပါဦးလို့ ကျွန်မကပြောတော့ ချီမကြည့် ရဘူး... ကလေး အိပ်ပျက်တယ်... ဘာညာနဲ့သူပြောတယ်



ကလေးကို လက်ဖျားနဲ့တောင် မထိရဘူး... ခုတော့... ဘာလို့ ပေးချီသလဲ ဟင်... ကလေးက အိပ်နေတာပဲ မဟုတ်လား၊ ကြည့် ဒေါ်ဒေါ် လက်ထဲမှာတောင် အိပ်ပျော်နေတုန်း ရှိသေးတယ်"

မနုကြည်လည်း ခါ.ကလေးထောက်ကာ...မြမြတင်ကိုရော လူကြီးတစ်သိုက်ကိုပါ တစ်လှည့်စီကြည့်ရင်း ပြောလိုက်သောကြောင့်

"ဟဲ့... ဒါတော့ ဘယ်တူမလဲ... စိန်ပွင့်က သားတစ် ယောက်လုံး ပေးထားရတာကိုးဟ..."

ဦးညိုမောင်က အိန္ဒြေကြီးနှင့် သို့လျှင် ဝင်ပြောလိုက်သော ကြောင့် ရယ်သံများမှာ တဝေါဝေါ ဆူညံသွားတော့၏။

၅–မိနစ်လောက်ပင် မကြာသေးမီ... ဒေါ်စိန်ပွင့်လက်မှ ကလေးကို ဒေါ်သင်းထုံက လှမ်းယူ–ယုယနှင့် အချစ်နလံ ထ,နေ ပြန်၏။

"မျက်ခုံးနှင့် နှာတံကတော့...သိပ်ပေါ်တဲ့ ကောင်မကြီးပဲနော် မစိန်ပွင့်..."ဟု ဒေါ်သင်းထုံက ပြုံးပြုံးကြီး ကြည့်ရင်း ပြောနေ သောကြောင့် ဒေါ်စိန်ပွင့်ကလည်း ဝမ်းမြောက်ဝမ်းသာ ခေါင်း တညိတ်ညိတ်ဖြင့် ထောက်ခံလိုက်၏။

မြမြတင်ကလည်း ကလေး၏ မျက်ခုံးနှင့် နှာတံ ကိုလှပိုနှင့် တူကြောင်း ပြောခဲ့ဖူးရာ၊ ယခု ဒေါ်သင်းထုံက ဤသို့ ပြောနေ သောကြောင့် ကိုလှပိုအား လှမ်းကြည့်ရင်း "ကိုင်း...ဘယ့်နှယ့်ရှိစ" ဟူသော အမူအရာဖြင့် မေးကလေး ဆတ်ပြလိုက်၏။

"ကဲ...ကဲ ကျုပ်ကိုလည်း ကလေးတစ်လှည့် ကမ်းပေးပါ ဦး မသင်းထုံ၊ သမီးတစ်ယောက်လုံး ပေးထားရတဲ့ ဘိုးအေကလည်း ချီချင်သေးသပေါ့"ဟု ဦးညိုမောင်က လက်တစ်ကမ်းကမ်းနှင့် သောလိုက်ပြန်သောကြောင့် တဝါးဝါး ဖြစ်ကုန်ကြတော့၏။

www.burmeseclassic.com

ဦးညိုမောင်လည်း အတန်ကလေးကြာသည့်တိုင်အောင် ကလေးအား မြှူလိုက် နမ်းလိုက် လုပ်နေပြီးမှ...

"ဟော့...မသင်းထုံ...မင့်မြေးက အတော် အအိပ်ကြီးတဲ့ ဟာမကလေးပဲ ဒီလောက် လှုပ်နေတာတောင် မျက်လုံးကလေး တစ်ချက် ဖွင့်မကြည့်ဘူး...ကဲ...ကဲ ပြန်သိပ်ထားလိုက်ပါတော့ သမီးရယ် ပုခက်ထဲကို ရောရော့"ဟု ကမ်းပေးနေသဖြင့် မြမြတင် ကလည်း တယုတယ လှမ်းယူ၍ အသာအယာ နမ်းလိုက်ပြီးမှ... သူ့အနီးရှိ ပုခက်ကလေးတွင် အသာသိပ်လိုက်၏။

"ဩော်...ဒါနဲ့ ပုခက်ချိုဖို့ ကြိုးဝယ်ပြီးပလား မောင်လှပို၊ မဝယ်ရသေးရင် မဝယ်နဲ့နော် အိမ်မှာ ရှိတယ်ကွအသစ်ချည့်ပဲ... နှစ်ထုံးတောင်..."

"ဟုတ်ကဲ့...ဝယ်ပြီးပါပြီ ဖေဖေ"ဟု ကိုလှပို ပြောလိုက်၍မှ မဆုံးသေးမီ...

"ဒီအရွယ်ကလေး ပုခက်နဲ့ လွဲသိပ်ဖို့ မလိုပါဘူး ကိုညိုမောင် ရယ်၊ ခုလိုပဲ မထိနိုက်မိအောင် ပုခက်ထဲ ထည့်ထားပြီး ခုတင်ပေါ် သိပ်ရ..."

"ဒါတွေ ငါလည်း သိပါတယ်ကွာ...ကြိုးမဝယ်ရသေးရင် သာ အိမ်မှာ ရှိတဲ့အကြောင်း ပြောတာပါ... အင်း... ကလေးနဲ့ ပုခက်အကြောင်း စကားစပ်မိတော့ ရွှေကျင်က လက်သမားအမိန့်ကို သွားသတိရတယ်"ဟု ပြောရင်း တစ်ယောက်တည်း သဘောကျ သလို ရယ်နေလိုက်သေး၏။

"ဟဲ့...မနုကြည်...နင်ကော သိတယ် မဟုတ်လား... မောင်ထွန်းဦး တိုက်နားမှာနေတဲ့ လက်သမားတရုတ်...အမိန်လေ" ဟု မနုကြည်အား လှမ်းမေးနေသဖြင့်...

"အင်း... ပြောပါလိမ့်မယ်...ဇရုတ်သုတ်ခတွေ နားသာ ထောင်ကြပေတော့"ဟု ဒေါ်သင်းထုံက မျက်စောင်းတခဲခဲနှင့် ဝင်၍ ဟန့်လိုက်သည့်တိုင်အောင်...

မင်း... အသာနေစမ်းပါကွာ ကဲ... မနုကြည် သိတယ် ဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ် ဦးလေး...ဒေါ်သေးသေး ယောကျ်ား မဟုတ်လား...ခု–လက်သမား မလုပ်တော့ဘူးလေ...ချိုချဉ်လေး ဘာလေး ရောင်းတယ်"

"အေးပေါ့လေ...အသက်လည်း ကြီးလှပြီပဲ၊ ငါတို့ လူမျိုး ဘဝက ဆိုရင် ရွှေကျင်မှာ သူလည်း လက်သမားကောင်း တစ် ယောက်ပေါ့...သိလား မောင်လှပို"ဟု ကိုလှပိုဘက်သို့ လှည့်ပြော နေပြန်၏။

"တစ်နေ့တော့... ဖေဖေက ယော... သူ့ဆီသွားပြီး နောက်ပိုးပိုးအပြန် မောမောနဲ့" ဒေါ်သင်းထုံအား မေးငေါ့ပြရင်း ပြောလိုက်သောကြောင့် ဒေါ်သင်းထုံမှအပ အားလုံးပင် တပြုံးပြုံး ဖြစ်သွားကြတော့၏။

"ကိုယ့်ဟာကိုယ် လွတ်လွတ်ကျွတ်ကျွတ် ပြောတာ မဟုတ်ဘဲ ဘာလဲ...ကလေးကလားနဲ့"

ဒေါ်သင်းထုံက မျက်နက်ဆံကို ထောင့်ကပ်ကြည့်ရင်း ငေါက်ဆတ်ဆတ် ပြောလိုက်သည့်တွင်...

"ဇာတ်ကြောင်းက ဒီအတိုင်းပြောမှ အကွက်လည်မှာမို့ပါ ကွာ...မောမောနဲ့ ပြန်လာပြီး၊ အမိန်တို့ အိမ်ရှေ့ကွပ်ပစ်ပေါ်မှာ ခဏထိုင်ပြီး ဖေဖေ နားနေရင်းက သူ–ရွှေဆောင်ထိုးတာကို ကြည့် ကောင်းကောင်းရှိတာနဲ့ ထိုင်ကြည့်နေတာကိုး..."



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ဦးညိုမောင်လည်း အားပါးတရ ပြောတော့မည့်ကဲ့သို့ နေရာပြင်ထိုင်လိုက်ပြီးမှ…

"အဲဒီအချိန်မှာ ဒေါ်သေးသေးကလည်း အိမ်မှာ မရှိဘူး ထင်ပါရဲ့…ကလေးပုခက်ကို သူပဲ လွှဲပေးနေရတယ်…ရွှေဘော် သုံးလေးချက် ထိုးလိုက် ကလေးပုခက် လှမ်းလွှဲလိုက်နဲ့ တစ်ယောက်တည်း အလုပ်ရှုပ်နေတာပေါ့ကွာ…"

ဒေါ်သင်းထုံမှ အပ အားလုံးပင် နားစွင့်နေကြ၏။

"ပုခက်ကိုသာ သူလှမ်းလှမ်းပြီး လွှဲနေတယ်…ကလေးက အိပ်ပျော်နေတာ မဟုတ်ဘူးကွ၊ ငါ…စ,ထိုင်ကတည်းက တအင့်အင့်နဲ့ ငိုစ,ပြုနေတဲ့ အသံ ကြားနေရတယ်…အဲသလို ကလေးပုခက် လွှဲလိုက်၊ ရွှေဘော်ထိုးလိုက်နဲ့…သုံးလေးမိနစ်လောက် ကြာတော့ ကလေးက တအင့်အင့် မဟုတ်တော့ဘူး တအားအားနဲ့ အော်ပြီး ငိုပါလေရောဟေ့"

ရှေ့ဆက်မည့် ဇာတ်လမ်းမှာ ဟာသဖြင့် အဆုံးသတ်လိမ့်မည်ဟု ကြိုတင် တွေးမိနေ၍လားမသိ အကောင်းပါးလှသော လူငယ်သုံးဦးမှာ တပြုံးပြုံးနှင့် သဘောကျနေ၏။

"ဒီတော့…အမိန်ကလည်း၊ အို…အိုး၊ ကျွတ်…ကျွတ်၊ အို…အိုနဲ့ အမျိုးမျိုး ကြိုးစားပြီး ပုခက်လွှဲရင်းက ချော့ရှာတယ်ကွ၊ ကလေးက…အငိုမတိတ်ဘူး၊ ဒါနဲ့…သူ–တစ်မျိုးလှည့်ပြီး ချော့ပြန်တယ်ကွ၊ လင့်အမေ ဘယ်ကိုသွား လူကလေးစားဖို့ မုန့်ဝယ်စွား၊ အေး…အေး…အို…တိတ်…တိတ်ဆိုပြီး ပုခက်လွှဲရင်း ချော့လိုက် အလုပ်ကလည်း အရေးကြီးနေတယ် ထင်ပါရဲ့၊ ရွှေဘော်ကလည်း ထိုးလိုက်နဲ့ပေါ့၊ ဒါပေမယ့်လည်း… ကလေးက မတိတ်ဘူး"

ယခုမှပင်… ဒေါ်စိန်ပွင့် ပြုံးလာ၏။

"ဒါနဲ့… တစ်မျိုးတစ်နည်း ထွင်ပြီး ချော့ပြန်ရောကွ၊





ဘယ်လိုလဲ ဆိုတော့ သူတတ်သ၍ မှတ်သ၍ပေါ့ကွာ၊ တို့…ဟို– အဘိုးကြီးအို ခါးကုန်းကုန်း ဆိုတာကို အော်ပြီး ရွတ်ပါလေရောဟေ့"

"ဟဲ…ဟဲ"ဟု ဦးညိုမောင်လည်း သူကိုယ်တိုင်ပင် သဘောကျသွားသလို ရယ်နေပြီးမှ…

"အဘိုးကြီးအို… ခါးကွန်းကွန်း… ဆိုပြီး ပုခက်လွှဲရင်း ကလေးကို ချော့လိုက်တစ်ခါ… ရွှေဘော်ထိုးလိုက်နဲ့ သူ့ဟာက ဆက်ပြီးတော့လည်း မဆိုဘူးကွ၊ တော်ကြာ ဆိုပြန်ရော…အဘိုးကြီးအို…ခါးကွန်းကွန်း…ဆို…ပုခက်လွှဲလိုက်ပြန်ရော ရွှေဘော်သုံးလေးချက် ထိုးပြီးတစ်ခါ…မစေ့ပါနဲ့အွန်း…ဆက်လိုက်ပြန်ရော"

ဤတွင် တခစ်ခစ် တဟဲဟဲနှင့် အတော်ကလေး ပွဲကျနေတော့၏။

"အေး…ခု–မင်းတို့ကမှ အားရပါးရ ရယ်နိုင်သေးတယ်… ဖေဖေ့မတော့… အဲသလို ထိုင်နေရင်းနဲ့ ရဲရဲ မရယ်နိုင်ဘူး… အားကြီး ဒေါသကြီးတဲ့ တရုတ်ကွ…ရွှေဘော်တုံးနဲ့ ကောက်ပေါက်လိုက်ရင် ဒုက္ခဆိုပြီး ဝမ်းထဲတင် ကြိတ်ရယ်ခဲ့ရတယ်…"

ဤသို့တစ်ဖန် ရယ်သံကလေး လျှံသွားပြန်တော့၏။

"နောက်…လုပ်ပြန်ရောဟေ့…အဘိုးကြီးအို…ခါးကွန်း ကွန်း… မစေ့ပါနဲ့ အွန်း… ဆိုပြီး မှန်တော့ မမှန်ဘူးပေါ့ကွာ… အသံနေအသံထားတွေ ဘာတွေနဲ့ အတော် စိတ်ရှည်ရှည်ပဲ သူချော့နေတယ်…ကလေးကလည်း ဘာသဘောကျလို့ရယ်မသိဘူး ရုတ်တရက်တော့ ငြိမ်အသွားသားဒါပေမယ့်ကလေးငြိမ်သွားတာက အားရပါးရ အော်ငိုချင်လို့ အရှိန်ယူသလို ဖြစ်နေပြီး… နောက်တော့ ဝါးခနဲလည်း အော်ချလိုက်ရော…ဘသားချော အမိန်လည်း အသံနေအသံထားနဲ့…

www.burmeseclassic.com

www.burmeseclassic.com



"အာပိုးကီးအို ... ခါးကွန်းကွန်း ... မစွေ့ပါလဲ့အွန်း ... လို့ ချွဲချွဲငင်ငင် ဆိုချော့နေရာက ... ကလေးနင်းကန် အော်ငိုလိုက်တော့ ဒေါ်ပွသွားပါယ် ထင်ပါရဲ့ကွာ ... နောင်နှစ်ခါ တန်ဆောင်မုန်း- ဆက်ရမယ့်အစား၊ နော် ... နှစ်ခါ ... ပြာစိုလ ... ပွဲကိ ... ပြာစိုလ ... ပွဲကိ ... ဆိုပြီး ကလေးပုခက်ကို ဒေါသတကြီးနဲ့ ဆောင့်ဆောင့်ဆွဲ နေတာမြင်တော့ ဖေဖေလည်း မနေနိုင်တော့ဘူးယော့ ... ခွက်ထိုး ခွက်လန် ရယ်ရင်း ... ပြေးရင်းနဲ့ပဲ သုတ်ခြေတင်ခဲ့ရတယ်ကွ"

ထိုဇာတ်ကြောင်းကို သိနေပြီးဟန်ဖြင့် အိခြေရနေသော ဒေါ်သင်းထုံပင် မနေနိုင်တော့ဘဲ ... တဝါးဝါး ရယ်သံသည် တစ်အိမ်လုံး ညံလျက် ... အတန်ကြာအောင် ပွက်လောရိုက်နေတော့၏။

"ဒါနဲ့ ... နောက် ... ဖျင်းဖျင်း ရှိတဲ့အခါ ... ပြေးပေါက်ကို အရင်ကြည့်ထားပြီးမှ ... ဘယ့်နှယ်လဲ အမိန် ပြာစိုလ ... ပွဲကိ ပြီးပလားလို့ မေးတော့ သူစိတ်မဆိုးတော့ပဲ ကပ်နီနဲ့-ပြာစိုလ မဟုတ်ဖူးလေ ... တီဆောင်မွန်းကွ ... ငါ မေ့စွားတယ် ... တဲ့၊ အဲဒါ ဖေဖေ ဘယ်တော့မှ မမေ့ဘူး ... ကြိမ်ပုခက်နဲ့ ကလေးကို မြင်တိုင်း သတိရတာပဲကွ ..."

အမိန်တို့ဇာတ်လမ်းမှာ ဤတွင်ပင် ဆုံးခန်းတိုင်ရောက်နေပြီဖြစ်သော်လည်း မြမြတင်တို့ကား ... အရှိန်မပျက် ရယ်လျက်ပင် ရှိနေကြသေး၏။

ဦးညိုမောင်တို့ မိသားတစ်စု သို့လျှင် ပျော်ရွှင် ရယ်မောနိုင် တသောသော ဖြစ်နေသလောက် မနုကြည်သည်လည်း ရွှင်နေ၏။ သို့သော် ကာယကံရှင်များလောက် လေးလေးနက်နက် မရှိလှ ... သို့ မရှိသည်မှာလည်း အခြားသောကြောင့် မဟုတ်၊ သာယာလှသော အိမ်ထောင်ရေး ဇာတ်ကွက်တစ်ခုကို ပွဲကြည့် ပရိသတ် အနေဖြင့်သာ



မနုကြည်အရသာခံနေသောကြောင့် ဖြစ်၏။ သူကိုယ်တိုင် ဇာတ်ကောင်မဟုတ် ...

သို့အလျောက်လည်း ... မနုကြည်သည် သူကိုယ်တိုင် ဇာတ်ကောင်အဖြစ် (ဝါ) မြမြတင်အဖြစ် ကပြအသုံးတော်ခံရမည် ဆိုလျှင် အဘယ်မျှလောက် အရသာရှိလေမည်နည်း ဟူသော အကြည့်မျိုးဖြင့် အားကျနေသည်ကို တွေ့ရ၏။

♥

ည ၉-နာရီလောက်တွင် ဦးညိုမောင်တို့ ပြန်သွားကြလျက် မနုကြည်မှာမူ ၁၁-နာရီလောက်မှ သူ့အိပ်ခန်းဖြစ်သော ကိုလှပိုတို့နှင့် မျက်နှာချင်းဆိုင် ခေါင်းရင်းဘက်ခန်းသို့ ကူးဝင်သွား၏။

ထို ၁၁-နာရီလောက် အချိန်မှုစ၍ ကလေးသည် ကောင်းကောင်း မအိပ်ဘဲ မျက်လုံးကလေး အကြောင်သားနှင့် ချစ်စရာ လှုပ်ရှားနေ၏။

"သမီးလေး ... အိပ်တော့လေ၊ ၁၂-နာရီတောင် ထိုးတော့မယ် ... သမီးရဲ့ အိပ်တော့ အိပ်တော့"

ကိုလှပိုလည်း ပုခက်ထဲတွင် မျက်လုံးကလေး အပြူးသားနှင့် တရွရွ လှုပ်နေသော ကလေးအား ငုံ့ကြည့်ရင်း ပြောနေသောကြောင့် ...

"ကြည့်ပါလား ကလေးက မအိပ်နိုင်ရတဲ့ အထဲ သွားသွားပြီး စ,နေပြန်ပြီ၊ ပြီးရော ဒီလိုဆို တော်တော်နဲ့ အိပ်မှာ မဟုတ်ဘူး"ဟု ပြောပြောဆိုဆို မြမြတင်က ကိုလှပို၏ လက်မောင်းနှစ်ဖက်ကို တွန်းတွန်းဖယ်ဖယ် ဆွဲလိုက်ပြီး ...

တဲ ... ကိုပို ..., အိပ်တော့"

ဤအကြိမ်တွင်မူ အသာအယာမဟုတ် နာနာကလေး တွန်းပြီး လှဲလိုက်သောကြောင့် ကိုလှပိုတွင် ကိုယ်ကို မဟန်နိုင်တော့၊ သူ့ခေါင်းအုံးပေါ်သို့ အလိုက်သင့် ခွေကျသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော… ဟော ကိုယ့်ကို အတင်းတွန်းလှဲတယ်၊ ကြည့်လဲသွားရင်… သူဘယ်လိုကြံမယ် မသိဘူး"

"အို… တိုးတိုးပြောပါ ဟိုမှာ မမကြည် ကြားသွားမှဖြင့် ကဲ… အိပ်တော့"

"ဟင့်အင်း… မြမှ မအိပ်သေးဘဲ"

"အို… စိတ်ညစ်လိုက်တာ ကိုပိုရယ်… ကလေးမှ မအိပ်သေးတာ ဒီကောင်မလေး နေ့နဲ့ ညနဲ့များ မှားနေသလား မသိဘူး"

"ဒါဖြင့်… မေမေပြောသလို ခြေရင်းခေါင်းရင်း လှည့်လိုက်ပါလား"

"အမလေး… ညကလည်း ဒီလိုပါပဲ ကိုပိုရယ်၊ သုံးလေးခါပဲ ခြေရင်းခေါင်းရင်း လှည့်ကြည့်တယ် မရပါဘူး။ ကဲ… ခြင်ထောင်ချ သမီးကိုလည်း ဓာကလေး အုပ်ပေးလိုက်၊ ပြီး မြလဲခနလှဲနေပါလား ဒီလိုချည့် ထိုင်ကြည့်နေလို့ မြ ညောင်းနေမှာပေါ့ ကဲ…ကဲ"

ကိုလှပိုလည်း ကပိုကရို ထ,လိုက်ကာ၊ ခြင်ထောင်ကို ကိုယ်တိုင်ချ၍ ကလေးပုခက်တွင်ပါ၊ ဓာပါးကလေး လွှမ်းအုပ်ပေးတော့မည် အပြုတွင်…

"နေပစေ ကိုပို ခြင်ထောင်ချထားပြီးမှတော့… သူ့ကို မအုပ်နဲ့"

"အေး… ဒါဖြင့်လည်း ပြီးရော၊ ကဲ မြလည်း ခဏလှဲနေဦးနော်"ဟု ပြောပြောဆိုဆို မြမြတင်အား တယုတယ ဆွဲ၍ အသာလှဲပေးလိုက်၏။ နောက်… ကိုလှပိုပါ မြမြတင်ဘက်သို့ ခပ်စောင်းစောင်းလေး လှဲချလိုက်ပြီး ချစ်ဇနီးအား မငြီးနိုင်သော ကြည့်ခြင်းဖြင့် ကြည့်နေရှာမှပင် မသိမသာ အိပ်ပျော်သွားတော့၏။

♥



နောက်နေ့နံနက်၊ မြမြတင်နိုးလာချိန်တွင် ကိုလှပို အိပ်ရာပေါ်တွင်မရှိ အဘယ်အချိန်က ထ,သွားသည်ကို မသိလိုက်ရဘဲ– "သူကိုယ်တိုင် ဈေးသွားဝယ်ပြန်ပြီ ထင်ပါရဲ့"ဟူသော အတွေးနှင့်ပင် အာရုံဖျောက်လျက် ကလေးဆီသို့ လက်ရော၊ မျက်လုံးပါ ရောက်သွား၏။

သေးစိုနေသော အနှီးကို ဖယ်၍ အသစ်နှင့် လဲလှယ်ကာ အသာတယာ ပိုက်ထွေးရင်း ညင်ညင်သာသာ ကလေး မွေးလိုက်၏။

"ဆာလှပြီလား သမီးရယ်၊ အို… မေမေက မသိလို့ပါ ပေးမှာပေါ့ သမီးကို…ရော့ရော့…"

မြမြတင်လည်း… ပါးစပ်တပြင်ပြင်နှင့် လွန့်နေသော သူ့ရင်သွေးကလေးအား သို့လျှင် တီတီတာတာ မြှုရင်းတစ်ချက်ငုံ့မွေးလိုက်ပြီးမှ… နို့ချိုကျွေး၍ ပိုက်ထွေးယုယနေခိုက်မှာပင် ကိုလှပို ရောက်လာ၏။

"မြဖို့လေ… လျှပ်စစ် ခေါင်းလောင်းကလေး ကိုပို သွားဝယ်လာတယ်၊ အပေါ်မှာ မြ တစ်ခုခု လိုချင်ရင် အောက်ကလူလာအောင် စောင့်စောင့်နေရတယ် မဟုတ်လား၊ ဟော… ခုဆိုရင် ဒီကနေ ဘဲလ်ကလေး နှိပ်လိုက်ရုံပဲ ကိုပို အခု တပ်ပေးမယ်… နော်"

"မမကြည်ကော… ဈေးဝယ်သွားပလား ကိုပို…"ဟု မြမြတင်က အမှုအရာတစ်မျိုးဖြင့် ခပ်တိုးတိုး မေးလိုက်၏။

"ပြန်တောင် ရောက်နေပြီလေ… ကိုပိုနဲ့ အတူတူသွားကြတာပဲ…"

ပြောနေရင်းကပင် ပါလာသော လျှပ်စစ်ခေါင်းလောင်းနှင့် ဓာတ်ကြိုးများကိုပါ စားပွဲပေါ်သို့ တင်နေခိုက်၊ မြမြတင်ကမူ တစ်စုံတစ်ရာကို သုတ်သုတ်ကလေး တွေးနေသည် ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်... ဒီနေ့အဖို့ရာ ကိုဘတူကြီး စောစောစီးစီး ဈေးဦးပေါက်သွားတာပေါ့... နော်... ကိုပို"

မြမြတင်လည်း... မသိမသာ အကဲခတ်သော မျက်လုံးကလေးဖြင့် ကြည့်၍ မေးလိုက်သည်ကို ကိုလှပိုက ပြန်မကြည့်ဘဲ ပစ္စည်း ကိရိယာများကို စစ်ဆေးနေရာမှပင်–

"စောစောစီးစီးမို့ အားနာတာနဲ့ ကိုပို ကိုယ်တိုင်ပဲ မောင်းသွားတယ်လေ..."

မြမြတင်၌ ရင်ကလေးပင် ခုန်သွားသည် ထင်လိုက်ရ၏။ မျက်နှာကလေးလည်း သိသိသာသာ ပျက်သွား၏။ သို့သော်... ကိုလှပို ရိပ်မိသွားမည်စိုး၍လော မသိ၊ ချက်ချင်းပင် အမူအရာ ပြင်လိုက်ပြီးမှ–

"ဒါဖြင့်... ဒီနေ့... ထမင်းတွေ ဟင်းတွေ စောစော ကျက်မှာပေါ့နော်"

"အေးပေါ့ မြရဲ့၊ ဘာလဲ...မြက စောစော စားချင်လို့လား၊ ဒီလိုဆိုလည်း မနုကြည်ကို မှာထားပါလား ဈေးစောစော ဝယ်ဖို့"

"ဒီလိုတော့လည်း ဟုတ်ပါဘူး၊ စကားအဖြစ်ပြောတာပါ"

တစ်စတစ်စနှင့် မြမြတင်၏ စကားတွေ ကမောက်ကမ ဖြစ်လာ၏ ကိုလှပိုနှင့်အတူ မနုကြည်ပါသွားသည်ဟူ၍ သိလိုက်ရကတည်းက သူ့စိတ်တွင် လှုပ်ရှားနေ၏။

"ဒါဖြင့်...ဒီနေ့ ကိုဘတူကြီး စောစောစီးစီး ဈေးဦးပေါက်သွားတာပေါ့နော်"ဟူသည်မှာလည်း ရိုးရိုးမေးလိုက်ခြင်း မဟုတ်... ကိုလှပိုတို့ နှစ်ယောက်တည်း သွားသလော–ဟူသည်ကို သိလို၍သာ မေးလိုက်ခြင်း ဖြစ်၏။

"နေဦးနော်–မြ...ဓာတ်ကြိုးသွယ်ဖို့ သွားတိုင်းလိုက်ဦးမယ်"





ပြောပြောဆိုဆို ကိုလှပို လှည့်ဆင်းသွားသည်နှင့် ဟန်လုပ်၍ ပြုံးထားသော သူ့မျက်နှာကလေးမှာ တစ်ခါတည်း ညှိုးငယ်သွားတော့၏။

"ကဲ... မော့စမ်းမြ၊ အမောပြေကလေး...မွှေးမွှေး ပေးဦးမယ်..."

ကိုလှပိုအပြင်က ပြန်လာတိုင်း ဤလိုအပြောနှင့် ဒရောသောပါး မွှေးတတ်ပါလျက် ယနေ့မှ သူဘာ့ကြောင့် ဝတ္တရားပျက်နေဘိသနည်း။ ဤအချက်ကိုလည်း မြမြတင် အကွက်ပေါ်အောင် စဉ်းစားနေ၏။

"ဒီ... ဓာတ်မီး ပစ္စည်းရောင်းတဲ့ဆိုင်က ၆–နာရီ၊ ၇–နာရီမှာ ဖွင့်သတဲ့လား ကိုပို..."ဟု မြမြတင်က ကိုလှပို ဆင်းမသွားမီကပင် မေးလိုက်ချင်သော်လည်း သူ့ချစ်လင်အပေါ် သက်ာမကင်းရာ ကျမည်စိုးသည်တစ်ကြောင်း... "ဖွင့်လို့ပဲ ခု ဝယ်လာပြီမဟုတ်လား၊ မြရဲ့"ဟု ခိုင်ခိုင်မာမာ ဖြေလိုက်က သူ့မေးခွန်း အလဟဿ ဖြစ်သွားတော့မည်ကို တွေးမိ၍တစ်ကြောင်း မြမြတင် မမေးလိုက်။

သို့သော် တွေး၏။ "ဒါတွေဟာ ခု–မနက်ဝယ်တာမှ ဟုတ်ရဲ့လား..."ဟု ဖြစ်နိုင်သည့်ဘက်က လှည့်၍ တွေး၏။ တစ်ဖန်–သူတို့နှစ်ယောက်တည်း သွားကြသည်ဆိုသဖြင့် မနုကြည် အဘယ်မှ ထိုင်သနည်း၊ မနုကြည်ကား အလိုက်သိ၍ အကင်းပါးသူ ဖြစ်လေသောကြောင့်...သူဌေးစတိုင်ဖြင့် နောက်မှ ထိုင်ရမည်ကို အားနာပေမည်။

သို့နှင့်... ရဲတင်း ဖျတ်လတ်သူပီပီ ဆိုးဆိုးဆတ်ဆတ် ကိုလှပိုနှင့်ပင် ယှဉ်ကပ်၍ ထိုင်သွားလေမည်လော။

www.burmeseclassic.com

www.burmeseclassic.com



"အို…မမကြည်…ဒီလောက်ထိအောင်တော့…အသိဉာဏ်မဲ့မယ် မထင်ပါဘူး"

ဤလို စိတ်ထဲမှ ရေရွတ်ရင်း သူ့စိတ်ကို သူတင်းလိုက်ပြန်၏။

"မမကြည်–နောက်ကပဲ ထိုင်တယ်ဆိုပါတော့…လမ်းမှာ ဘာတွေ ပြောသွားကြမလဲ… မမကြည် ဈေးဝယ်တော့ ကိုမို ဆင်းလိုက်သွားသေးသလား… ဒီလိုဆို အားလူတွေက ဘယ်လို ထင်မလဲ…"

ရုတ်တရက် ကြားလိုက်ရသော ခြေသံကြောင့်…မြမြတင် အတွေးသည် ဤတွင် ရပ်သွားတော့၏။

ထုံးစံအတိုင်း…မတွေး ကော်ဖီ လာပို့သည်ဟု မြမြတင်က ထင်မိသော်လည်း ဝင်လာသူမှာ ကိုလှမိုဖြစ်ပြီး လက်ထဲတွင်လည်း ကော်ဖီနှင့် မုန့်ပန်းကန် ထည့်ယူလာသည့် ကျောက်ကာဗန်းကလေး ပါတွေ့ရသည်နှင့်…

"အို… ကိုမို ကိုယ်တိုင် ယူလာတယ်…"

စောစောကမူ ငြိုငြင်သလို ဖြစ်မိသော်လည်း ယခုသော်… ကိုလှမိုအား မမြင်ရက်သည့်အလား ဤလို စကားဖြင့် ကြင်နာလိုက်မိရှာ၏။

"ဘာဖြစ်သလဲ… ကိုမို ကိုယ်တိုင် ယူလာတော့… မြ– စားရသောက်ရတာ ပိုပြီးများ အရသာ ရှိမလားလို့ပေါ့"

ကိုလှမိုလည်း ကော်ဖီဗန်းကို စားပွဲဝိုင်းကလေးပေါ် အသာချ၍ မြမြတင်အနီးသို့ ရွှေ့ပေးလိုက်ပြီးမှ…

"ကဲ… မြရဲ့ လင်ကလေး မောလာတယ်… တိုက်ပါဦး အမောပြေ ဆေးကလေး တစ်ခွက်လောက်"ဟု ပြောပြောဆိုဆိုပင် မြမြတင်၏ နဖူးကလေးကို အနူးအညွတ် မွှေးနေ၏။



ယခုမှပင်… သူ့ချစ်လင်အပေါ် ဝတ္တရားပျက်လေခြင်းဟု မတော်မရော် အထင်မှားမိသည့်အဖြစ်ကို ရင်နင့်အောင် ဝမ်းနည်းသွားတော့၏။

"ကဲ… စားလိုက်ဦး မြ…"

"မျက်နှာမှ–မသစ်ရသေးဘဲ…"

"အို…"

"မအိုနဲ့… မြ နီးကတည်းက စို့နေတာ… ခုထက်ထိ မလွတ်သေးဘူး၊ ကြည့်ပါလား…ကိုမို့ သမီးလေးကို သိပ်အစားကြီးတာပဲ"

"အစား… ကြီးဆို… အင်း… မအေတူကိုး မြရဲ့"

မြမြတင်လည်း အင်ခနဲ ကိုလှမိုအား လှမ်းထုလိုက်ပြီး…

"ဒီလိုမပြောနဲ့… သွား… မြ ရှက်တယ်"

"ဟောဗျ…ကိုမိုလည်း ထမင်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် အစားကြီးတယ် မဟုတ်လား မြရဲ့… ဒါကိုပြောတာများ…"

"ဟင်း…"

မြမြတင်လည်း ထိုမျှသာ ရေရွတ်လိုက်ရင်း… မကျေနပ်သေးသလို မဲ့ပြုံးနှင့် မျက်စောင်းကလေးခဲ၍ ကြည့်နေသောကြောင့်…

"မကြည့်နဲ့… ဒီလို… ကိုမိုရှက်တယ်"ဟု ကိုလှမိုက ပြုံးစေစေနှင့် ပြောင်လိုက်ပြီးမှ–

"ဒါဖြင့်လဲ… ဒီမှာပဲ မျက်နှာသစ်ပါတော့ မြရာ… ရေဇလုံတွေ ဘာတွေယူပြီး ကိုမိုပဲ သစ်ပေးပါ့မယ်…ဟုတ်လား"

ပြတင်းပေါက်အနီးတွင် အသင့်ရှိနေသော ရေဇလုံကို ခုံကလေးနှင့် အတူ မ,ယူလာပြီး… မြမြတင်၏ ခုတင်ပေးတွင် ချလိုက်ကာ…သွားပွတ်တံတွင် သွားတိုက်ဆေးကလေး ညှစ်ထည့်၍ မြမြတင်အား လှမ်းပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သုံးမိနစ်ခန့်အတွင်းမှာပင် မြမြတင် မျက်နှာသစ်မှုကိစ္စ ပြီးဆုံးသွား၍ မျက်နှာသုတ်ရန်သာ ကျန်တော့သည်တွင်...

"နေစမ်းပါ ငြိမ်ငြိမ်... ကိုပို သုတ်ပေးပါ့မယ်"ဟု ပြောရင်း... ကိုလှပိုက သုတ်ပေးနေသည်မှာ... မြမြတင်ကိုယ်တိုင် သုတ်လျှင်ပင် ဤမျှလောက် ညင်သာလိမ့်မည် မဟုတ်ဟု ထင်ရ၏။

စောစောက... မနုကြည်နှင့် စနောင့်စနင်း ထင်ခဲ့မိသော စိတ်သည် ယခုမှပင် အရိပ်ပါပျောက်သွားသလို တစ်မျက်နှာလုံး စိုစိုပြည်ပြည် ဖြစ်လာသည်ကို တွေ့ရ၏။

"ကိုင်း... မြရေ... ခေါက်ကြိုးလေး သွယ်လိုက်ဦးမယ်နော်"

"ဟုတ်မှလည်း လုပ်ပါ ကိုပိုရယ်...မတော်တဆ ခေါက်တွေဘာတွေ လိုက်နေမှဖြင့်...နို့မို့လည်း ခေါက်မီးဆရာတစ်ယောက်ယောက်ရင်လဲ ခေါ်လုပ်ခိုင်းပါလား... ဟင်"

"အောင်မာ မြရယ်... ဒါ-ခက်တဲ့ အလုပ်မဟုတ်ပါဘူး၊ ခေါက်လိုက်ကော... ဘာဖြစ်သလဲ၊ ဒါ... ကိုယ့်မယားအတွက် စွန့်စားရတဲ့ အလုပ်ပဲ..."ဟု မြမြတင် ထပ်ဆက်မည့် စကားကိုပင် မစောင့်တော့ဘဲ ပစ္စည်းအချို့ကို ကောက်၍ လှည့်ထွက်သွားတော့၏။

♥

နက်ဖြန်ဆိုလျှင်...ကိုလှပို အလုပ်ဆင်းရမည့် တနင်္လာနေ့ ဖြစ်၏။ ဦးညိုမောင်က အလိုက်သိစွာဖြင့်...ခွင့်(၇)ရက် ပေးခဲ့သည် ဖြစ်ရာ...ထိုနေ့များကို ကိုလှပိုတို့ ဇနီးမောင်နှံသည် အဖိုးတန်တန် ကြည်နူးကုန်လွန်စေခဲ့၏။

သို့(၇)ရက်လုံး တပြုံးပြုံး တရွှင်ရွှင် ကြည်နူးခဲ့ကြသလောက် နက်ဖြန် အလုပ်ဆင်းရတော့မည့် ဘ‌ေးကိုတွေး၍ ကိုလှပိုတွင် စိတ်မပါသလိုလို ဖြစ်လာ၏။

စင်စစ်သော်... အလုပ်လုပ်ရမည်ကို ပျင်း၍ စိတ်မပါခြင်းမျိုးကား မဟုတ်၊ ကိုလှပိုသည် လူလားမြောက်သည့် အရွယ်ကစ၍ နံနက်သွား-ညနေပြန်... အချိန်တန် လခ,ထုတ်ဟူသော ပုံသေအစားအလုပ်ကို စိတ်ကူးခဲ့သူမဟုတ်၊ သူ့မိခင်ကြီး၏ မုန့်ဟင်းခါးဆိုင်ကို သူကိုယ်တိုင် ထိုင်၍ ရောင်းခဲ့ရစဉ်ကတည်းက... စီးပွားရေး၏ အရသာကို ကောင်းကောင်းကြီး ရှိမ့်စား နားလည်ခဲ့၏။ နေမကောင်း၊ ခေါင်းမူးသည့်အခါများတွင်လည်း မည်သည့် အထက်အရာရှိကိုမျှ ခွင့်တောင်းစာရေးရန်မလို၊ ဆူမည့်ကြိမ်းမည့်လူမရှိ၊ ကိုယ်ပိုင်အလုပ်၏ လွတ်လပ်မှုကို ကိုလှပို သည် ထုနှင့်ထည်နှင့် ခေါက်မိထားသူ ဖြစ်သည့်အတိုင်းလည်း လခစားအလုပ်ကို ယောင်၍မျှ မစဉ်းစားခဲ့။

ယခုသော်... မြမြတင်နှင့် အိမ်ထောင်ကျခဲ့သည်ကို အကြောင်းပြု၍ သူ့တွင် လခစားဖြစ်မှန်းမသိ ဖြစ်နေရတော့၏။ ဆေးပွဲစား သူဌေးကြီး ဦးညိုမောင်၏ သမက် ပွဲရုံမန်နေဂျာအဖြစ် ဂုဏ်သော်ကား ရှိပါ၏။ သို့သော်... လုပ်ငန်းအနေဖြင့် ဘာမျှ အကြောင်းမထူး၊ တစ်လလျှင် ၂၅၀ ရသော လခစားသာလျှင် ဖြစ်၏။

ဤသည်ကို အကြောင်းအားလျော်စွာ တွေးမိတိုင်း... ကိုလှပိုတွင် စိတ်မသက်သာ ဖြစ်ခဲ့ရသည်မှအပ၊ အခြား ဘာမျှ မတတ်နိုင် ရှိနေခဲ့ရ၏။

"ဘာမျှ မတတ်နိုင်..."ဆိုသည်မှာလည်း စင်စစ် လက်မြှောက်အရှုံးပေးလိုက်ခြင်းမျိုး မဟုတ်...တစ်စင် တစ်စီးပွားထောင်သည်ဟု ဦးညိုမောင် စိတ်ကွက်မည်လောဟူသည် တစ်ချက်၊ ဇနီးမောင်နှံ နှစ်ယောက်စလုံး လိမ္မာကျစ်လစ်၍ စနစ်တကျ

www.burmeseclassic.com

www.burmeseclassic.com

စုဆောင်းထားခဲ့သော ငွေကလေး ထောင့်လေးငါးရစ်ရှာနှင့် ယခုခေတ်၌ မယ်မယ်ရရ ဘာလုပ်ငန်းစ၍ ပျိုးထောင်မည်နည်း ဟူသည်တစ်ချက်၊ ဤသည်တို့မှာ သူ၏ အခက်များ ဖြစ်၏။

အကယ်တိ၊ ကိုလှပိုသည် သူလိုငါလို တန်းတူချင်းသာ ယူမိခဲ့သည်ဖြစ်အံ့၊ ယင်းသို့သော အချက်များကို လုံးဝ စဉ်းစား နေစရာမရှိ၊ ငွေငါးဆယ်မျှဖြင့် ထ,၍ ရင်းနှီး လုပ်ကိုင်ရသည် ဖြစ်စေ လုပ်မည့်လူစား ဖြစ်၏။

ယခုသော် မလွှယ်၊ အထည်ကြီးဖြစ်သော သူဌေးသမီး တစ်ယောက်ကို ယူထားမိပြီဖြစ်သည်နှင့်အညီ သာမန်မျှဖြင့် ဟပ်မိမည်မဟုတ်၊ အတော်ကလေး ကြီးကြီးကျယ်ကျယ် လုပ်နိုင်မှ လည်း မြမြတင်တို့ ဂုဏ်ပုဒ်နှင့် အံပ်စပ်ပေမည်သာ။ ဤအတွေး ဖြင့် မကြာမကြာ ချာချာလည်နေခဲ့ရသော ကိုလှပိုသည် ယခုလည်း တွေးနေမိ၏။

“ဘာငေးနေတာလဲ ကိုပို၊ ဘာလဲ နက်ဖြန်အလုပ်သွားရတော့ မယ်ဆိုပြီး မယားလေးနဲ့ ခွဲရတော့မှာမို့…”

“ဒါလည်း… တစ်ကြောင်းဆိုပါတော့ မြရယ်… နောက် ပြီး…”ဟု ပြောမထွက်သလို ရှေ့မဆက်သေးဘဲ မြမြတင်အား တွေကြည့်နေသောကြောင့် မြမြတင်တွင်လည်း အထိတ်တလန့် အမူအရာကလေး ဝင်လာကာ…

“နောက်ပြီး ဘာဖြစ်သလဲ ကိုပို… မြနဲ့ ပတ်သက်တာ များလား ကိုပိုရယ်… ဟင်… မကျေနပ်တာ ဘာရှိသလဲ… ပြောပါ ကိုပိုရဲ့”ဟု လက်မောင်းကို ကိုင်လှုပ်၍ သုတ်သုတ်ပျာပျာ မေးလိုက်သည်တွင်မှ…

“ဒီမှာနော်… မြ–စိတ်လည်းမဆိုးရဘူး၊ ပြီး…ဘယ်သူ့မှ လဲ မပြောရဘူး၊ ဟုတ်လား…”



ဤသို့ ပြောလိုက်မှ မြမြတင် ပို၍ လှုပ်ရှားသွားတော့၏။

“အရှားသိကြားမ,လို့… မမကြည်နဲ့ ပတ်သက်တာတော့ မဖြစ်ပါစေနဲ့…”ဟူ၍လည်း အံရေးအကြီးဆုံးထားကာ… ကမေ့ယောင် ကတန်း ဆုတောင်းလိုက်မိသေး၏။

“ပြောကိုပို…ဘာပဲဖြစ်ဖြစ် ပြောသာပြောပါ၊ ကိုပိုတောင်းတဲ့ ကတိကို အားလုံးပေးပါတယ် မောင်ရယ်”ဟု ကိုလှပို၏ ပါးနှမ် ဖက်ကို အသာအုပ်ကိုင်ရင်း မြမြတင်က ဝန်ခံကတိပေးလိုက် သည်နှင့်…

“ကိုပို ပြောမယ်ပြောမယ်နဲ့… ကြံစည်ခဲ့တာ ကြာပြီ၊ တော်မတော် စဉ်းစားနေရတာနဲ့ပဲ… မြကို မပြောဖြစ်ခဲ့ဘူး…”

“ခု–ပြောတော့မယ်ဟုတ်လား… ဟင်… ပြောလေ…”

“တခြားတော့ မဟုတ်ပါဘူး၊ ကိုပိုလေ…ကိုယ့်ကိုယ်ပိုင် အလုပ် တစ်ခုခုလုပ်ရကောင်းမလားလို့ စဉ်းစားနေခဲ့တာ ကြာပြီ မြရဲ့… ဒါပေမယ့် ဒီစကားဟာ ဖေဖေ့ကို မဆိုထားနဲ့ မြကို တောင် ထုတ်ပြောဖို့ဟာ မလွယ်သလို ဖြစ်နေတယ်… အမှန် ကလည်း ပြောဖို့ကို မလျော်တဲ့ စကားပဲ…”

သို့ကလို ကြားလိုက်ရမှပင် မြမြတင် ရင်ထဲ၌ ဟင်–ခနဲ အသက်ရှူချောင် သွားတော့၏။

“အို…ဒါပြောတာ ဘာဖြစ်သလဲ ကိုပိုရယ်…လင်နဲ့မယား ဆိုတာ ဘာမဆို တိုင်ပင်ကောင်းတာပဲ မဟုတ်လားလို့…”

“အင်း… မှန်တာပြောရရင် ဒီလို စကားမျိုးကို တော်ရုံ သားမယားဆိုရင် ထုတ်ပြောဝံ့မှာ မဟုတ်ဘူး၊ မြကတော့ လိမ္မာရေး ခြားရှိတယ်၊ မျှတတဲ့ သဘောတရားနဲ့ ပြည့်ဝတယ်၊ သန့်ရှင်းတဲ့ ကိုပို့ စေတနာကိုလည်း ယုံကြည်မယ်ဆိုတာ သိလို့ ပြောဝံ့တာပဲ…”

www.burmeseclassic.com

www.burmeseclassic.com

"ယုံကြည်ပါ ကိုပို၊ မြ...ကိုပို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုပို သိသားပဲ မဟုတ်လား...တရားနည်းလမ်းမကျတာ မှန်ရင် ဖေဖေ့အပေါ်မှာပဲ ရှိရှိ မြ-သိပါရစေ၊ မှန်တဲ့ဘက်က မြ-အမြဲနေမှာပါ ကိုပို"

"အေးလေ...ဒါကြောင့်လဲ ကိုပို ဒီစကား စ,ဝံ့တာပေါ့၊ အမှန်ကတော့ ကိုပိုတို့မှာ ဘာမှ ပူစရာမရှိဘူးနော်... တိုက်နဲ့နေရတယ်၊ သွားစရာရှိလည်း ကားကလေးနဲ့၊ စရိတ်ငြိမ်း၊ တစ်လကိုလည်း ၂၅၀ိ ရသေးတယ်၊ ဒီလိုအခွင့်အရေးမျိုး ဘယ်သူပေးနိုင်မလဲနော်...သာမန် ယောကျာ်းတစ်ယောက်ဆိုရင် ဒူးနှံ့ပြီး စားနေရုံပဲ မဟုတ်လား၊ ဒါပေမယ့် ကိုပိုတော့ အားမရဘူး..."

"အဲဒါ ကိုပိုက ဘယ်လို လုပ်ချင်လို့လဲ..."

"ဒီမှာ-ဖေဖေပေးတဲ့ လခဟာ နည်းလို့ရယ် ဘာရယ် မဟုတ်ဘူးနော်-မြ၊ ကိုပို တွေးမိတာက ဒီလိုလေ... ခု-အတိုင်းသာဆိုရင် မြနဲ့ ကိုပိုတို့ စားသောက်သုံးစွဲနေကြတာက ကိုပို့ လုပ်စာရယ်လို့ မယ်မယ်ရရ ဘာမှ မရှိသလို ဖြစ်နေတယ်၊ အမှန်ကလည်း ဖေဖေက တမင်ထောက်ပံ့ထားတာပဲ မဟုတ်လား... ဟင်၊ ခု-ကိုပို လုပ်နေတဲ့ အလုပ်က ကိုယ့်ထမင်းကိုယ်စား တစ်လ ၁၅၀ိ ထက် ပိုပြီး မတန်ဘူးဆိုတာ ကိုယ့်ဟာကိုယ် သိတယ်လေ..."

"ဒီလိုလဲ ဘယ်ဟုတ်မလဲ ကိုပိုရယ်..."

"ဟုတ်တယ်မြ-ခုနေ ကိုပို တစ်ခြားမှာ ထွက်လုပ်ကြည့်ပါ၊ ဒီအဆောင်အယောင်နဲ့ ဒီလခမျိုး မတော်တဆတောင် ရမှာမဟုတ်ဘူး၊ ကဲ...ကိုပို့ဆန္ဒကို ရှင်းရှင်းပြောပြမယ်၊ မြနဲ့ ကိုပိုတို့ မကြာမကြာဆိုသလို ကားကလေးနဲ့ ရွှေဘုံသာလမ်းသွားပြီး ပလာတာစားကြ၊ ဖာလူဒါသောက်ကြနဲ့ ဘယ်လောက် မိမ်ကျသလဲ... ဟင်၊ ဒါပေမယ့် တစ်ခါတစ်ခါတော့ တွေးမိတယ်၊ ဒါတွေဟာ ငါ့အစွမ်းအစကြောင့် ရတဲ့ ပျော်ရွှင်မှုမဟုတ်ဘူး၊ ယောက္ခမအရိပ်အရောင်နဲ့ ပြောင်နေရတာ ပဲဆိုပြီး စိတ်မကောင်း ဖြစ်မိတာထက် ကိုပို့စွမ်းရည်သတ္တိနဲ့ မြစီးဖို့ ကားကလေးတစ်စင်းမှ ဝယ်မပေးနိုင်သေးတာကို ပိုပြီး ဝမ်းနည်းမိတယ်၊ ယုံပါတော့..."

"ယုံပါတယ် မောင်ရယ်... ကိုပို့ စေတနာကို မြ-ယုံပါတယ်"

ကြည်နူးအားရမှု နယ်ကျွယ်သွား၍လားမသိ၊ မြမြတင်တွင် မျက်ရည်ကလေးပင် တဝေ့ဝေ့လည်နေတော့၏။

"နောက်တစ်ခုက မြ...စိတ်မဆိုးနဲ့ ကိုပို မှန်တာပြောမယ်၊ ခုလို အထက်တန်းကျကျ ဝတ်စားနေထိုင်ရတာကိုလည်း သိပ်အရသာ မတွေ့ဘူး၊ သူများပစ္စည်း ငှားဝတ်ပြီး ပွဲထိုင်သွားရသလိုပဲ ခု-အိမ်က ကားကလေးဟာ ကိုပိုတို့ဖို့ ဝယ်ပေးထားတာ မှန်ပေမယ့်လည်း အင်း...မောင်းသွားတဲ့အခါမှာတောင် တထင့်ထင့်နဲ့ မတော်တဆ တိုက်မိသွားမလား... ဘာဖြစ်မလဲနဲ့..."

"သြော်... ကိုပိုရယ်"

"တကယ်ပြောတာမြ..."

"ဟုတ်ပါတယ်လေ...ကိုပို တွေးပုံက လေးနက်ရုံမကပဲ တကယ်အားကိုးထိုက်တဲ့ လင် ပီသလွန်းလို့ ဝမ်းသာပြီး..."

"အေး...အားကိုးစမ်းပါ မြရယ်၊ မြက အားကိုးတယ်ဆိုတဲ့ စကားမျိုး ကြားရလေ...ကိုပို ကြိုးစားဖို့ စိတ်အားထက်သန်လေပဲ၊ ကဲ...တစ်ခြားမကြည့်နဲ့ ခု-ဒီတိုက်ဟာ ကိုပိုတို့ဖို့ ဖေဖေ ဝယ်ပေးတာ မဟုတ်လား..."

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"နို့... ကိုပိုတို့ ပိုင်သလား"

မြမြတင်က ပြုံးနေ၏။

"ကိုင်း... ခု–သုတ်ထားတာက အဖြူနော်... အဲဒါ မြက မကြိုက်လို့ ဆင်စွယ်ရောင် သုတ်ချင်တယ် ဆိုပါတော့ မြသဘော ကိုပို့သဘောနဲ့ ငြိမ်းမတဲ့လား... ဟင်၊ အဲ... ဖေဖေ့ကို ပြောရ၊ ခွင့်ပန်ရတော့မယ်၊ ကဲ... သုတ်တော့ မင်းတို့ကြိုက်တဲ့ အရောင်လို့ ပြောပါမြို့တဲ့ အနည်းဆုံး ကိုးရာတစ်ထောင် ကုန်မယ်... ဘယ်မလဲ ပိုက်ဆံ"

မြမြတင်လည်း... စကားဖြင့် မချီးကျူးနိုင်၊ ကိုလှပိုအား သိုက်ယှက်ဖက်ရမ်းပြီး–

"အင်... ကဲ... အင်... ကဲ" ဟူသော ရေရွတ်သံကလေးနှင့် အတူ နှာခေါင်းဖြင့် ဂုဏ်ပြုနေတော့၏။

"ကိုပို လိုချင်တာက ဥပမာ မြက ဒီကားကို မစီးချင်တော့ဘူး၊ ဟောင်းနေပြီလို့ ပြောတယ်ဆိုပါတော့၊ အဲဒီအခါမှာ ကဲ... မြ မစီးချင်ရောင်းပစ်လိုက်ကွာ... မြကြိုက်တဲ့ကား မြ ကိုယ်တိုင်... လိုက်ရွေးလာ... ခုသွားဝယ်မယ် လို့ အဲသလို လိုက်လျောနိုင်တဲ့ အခြေမျိုးကို လိုချင်တယ်"

စကားသာမဟုတ် ကိုလှပိုသည် ဟန်အမူအရာနှင့် စိတ်ရော ကိုယ်ပါ မြမြတင်၏ လက်ကိုပင် ယောင်ရမ်း လှမ်းဆွဲနေသော ကြောင့် အဘယ်မျှလောက် စိတ်အားထက်သန်နေသည်မှာ ထင်ရှား လှ၏။ မြမြတင် ခံစားလိုက်ရသော ပီတိမှာလည်း ပြောဖွယ်ရာမရှိ လက်တွေ့မဟုတ်သေးမီကပင် ရင်နှင့်အပြည့် ရှင်နေတော့၏။

"ကိုပို လိုချင်တာ ဒါပဲ၊ ကဲ... ဆိုပါတော့ ဖေဖေက မင်းတို့ လုပ်ချင်တာလုပ်ဆိုပြီး ရှိသမျှ ပုံအပ်တယ်ထား ဒါလည်း ကိုပို အလိုမရှိဘူး။ ယုတ်စွအဆုံး ငါးကျပ်နဲ့ စပြီး ရင်းရ ရင်းရ



ကိုပို့အစွမ်းအစနဲ့ တစ်ကျပ်မြတ်တယ်ထား အဲဒီတစ်ကျပ်ထဲက ပြားလေးဆယ်တန် ကြယ်သီးကလေးတစ်စုံ မြကို ဝယ်ပေးရတယ် ဆိုပါတော့... အဲဒါကို တကယ့် အရသာအဖြစ်နဲ့ ကိုပို နှစ်သိမ့်ချင်တယ်"

မြမြတင်တွင် မကြုံစဖူး ထူးထူးခြားခြား ပြုံးကြည့်နေရာမှ မျက်ရည်တွေတွေ ကျလာ၏။

"ဟင်... မြ"

"ဟုတ်ပါဘူး ကိုပို... မြ... ဝမ်းနည်းလို့ မဟုတ်ပါဘူး၊ ရင်ထဲမှာ တစ်မျိုးပဲ တစ်သက်နဲ့ တစ်ကိုယ် ဒီလိုတစ်ခါမှ မဖြစ်ဘူးဘူး၊ ကိုပို ခံစားချင်တာ ဘယ်လို အရသာမျိုး ရယ်လို့ မြ နားလည်ပြီ၊ ဒီအရသာမျိုးကို အစက မြ ရှာမတွေ့ဘူး၊ တွေ့အောင်လည်း မရှာမိဘူး၊ ခု– ကိုပို ပြောမှပဲ ဟုတ်တယ်၊ ခု... မြ ဝတ်စားသွားလာနေရတဲ့ သုခ စည်းစိမ်တွေထက် ကိုပိုပြောတဲ့ ပြားလေးဆယ်တန် ကြယ်သီးကလေး တစ်စုံလောက်က ဘယ်အထိ အရသာရှိမယ်ဆိုတာ မြ သဘောပေါက်ပြီ..."

မြမြတင်လည်း မျက်ရည် တတွေတွေ ကျနေလျက်ကပင် ဝမ်းသာအားရ ပြောနေရာမှ လက်လှမ်းမိရာအနီးကလေးဖြင့် မျက်ရည်ကို သုတ်လိုက်ပြီး–

"မိဘက ဆင်ထားတဲ့ တစ်ကိုယ်စာ စိန်တွေကိုကြည့်ပြီး မြ ကြည်နူးခဲ့တယ်၊ ပျော်ခဲ့ရှင်ခဲ့တယ်၊ သြော်... ဖေဖေတို့က မေမေတို့က ဝယ်ပေးတယ် ကျေးဇူးတင်လိုက်တာ၊ ဒါလောက်ပဲ ကိုပို၊ ခု... ကိုယ့်လင်က အမြတ်တနိုး ဝယ်ပေးမယ် ဆိုတာတွေကို ဝတ်ရဆင်ရတဲ့အခါ ဘယ်လောက် အရသာရှိလိမ့်မယ်ရယ်လို့ ဘယ်လိုစကားလုံးနဲ့ ပြောရမယ်သာ မသိတယ်၊ မြဝမ်းထဲမှာတော့ သိနေပြီ ကိုပို... သိနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးတွင် ကိုလှပိုအား သိမ်းကြုံးဖက်လိုက်၏။ အားရှိသလောက် ညှစ်၍ တင်းတင်းကြပ်ကြပ်ပင် ဖက်ထားလိုက်သည့် အခိုက်မှာပင်...ချစ်သော သမီးလေးက အူဝဲသံ ပေးနေသောကြောင့် ရေးကြီးသုတ်ပျာ ကောက်ချီလိုက်ရင်း...

"သမီးကလေးက ကောင်းဘူးကွယ်... အသံမပေး ဘာမပေးနဲ့ နိုးလာတယ်၊ မေမေက ဖေဖေ့ကို ဖက်ထားတာ သမီးလေးမြင်သေးလားဟင် မေမေရှက်လိုက်တာ..."ဟု တွတ်တီးတွတ်တာ ကလူကျီစယ်နေပြီးမှ ရင်နှင့်အသား အပ်ကာ အမြတ်တလေး နို့ချို ကျွေးလိုက်တော့၏။

"အဲဒါ... ကိုပို... ဘယ်လိုစဉ်းစားသလဲဟင်"

"တစ်ခုတော့ ကိုပို တွေးထားတယ်လေ...ဖေဖေတို့လည်း ခွင့်ပြုနိုင်မယ်၊ လုပ်ငန်းအနေအားဖြင့်လဲ ဂုဏ်ရှိပြီး...အရင်းအနှီးလည်း လွယ်လွယ်နဲ့ ဖြစ်နိုင်တာ တစ်ခုကတော့ တစ်ခြားမဟုတ်ဘူး၊ ကိုပိုတို့...ဆေးပြင်းလိပ် ထောင်ရရင် ကောင်းမလားလို့...ဟင်"

မြမြတင်တွင် အံ့သြသွားသလို အကြောင်သား ငေးကြည့်နေမိပြီးမှ...

"ဟာ–ဒီလိုဆို သိပ်ကောင်းပေါ့ ကိုပို၊ အဲဒါ မြလည်း ဝါသနာပါတယ်၊ ရွှေကျင်မှာတုန်းကများ၊ မြဖြင့် ပျင်းပျင်းရှိတိုင်း ဆေးလိပ်ရုံတွေသွား၊ တံဆိပ်ကပ်၊ အထုပ်ထုပ်၊ တစ်ခါတစ်လေ၊ ဆေးလိပ်ခေါင်းပြတ်တွေ ဝင်ကြိတ်ပေးနဲ့ မြ သိပ်ပျော်တာပဲ၊ လုပ်–ကိုပို အဲဒါ မြလည်း စိတ်ဝင်စားတယ်"

"အေး... ခုလို... မြကလည်း ပျော်မယ်ဆိုတော့ ကိုပိုမြန်မြန် လုပ်ဖြစ်သွားမှာပဲ၊ အဲဒါ...ဒီနေ့ပဲ ဖေဖေ့ကို ပြောကြည့်ရင်ကောင်းမလားမသိဘူး"



"ဘာလို့ မကောင်းရမှာလဲ ကိုပို...ဒီလိုလုပ်မျိုးဆို ဖေဖေတို့က သဘောကျလွန်းလို့မှ တကတည်း...ပြီးတော့၊ ကိုပို့ ဆေးပြင်းလိပ်တွင်ကျယ်တာနဲ့အမျှ ဖေဖေ့ဆေးတွေလည်း ပိုတောင် ရောင်းရဦးမှာပဲဟာ"ဟု ဝမ်းသာအယ်လဲ ပြောနေရာမှ တစ်စုံတစ်ရာ တွေးမိသလိုဖြင့်...

"တစ်ခုတော့ရှိတယ်...ဖေဖေ့လုပ်ငန်းက ကိုပို ဖယ်လိုက်တဲ့အတွက် တစ်ခြားလူစား ထိုးဖို့ လွယ်,မလွယ်ဆိုတာ..."

"ခုလည်း ကိုပို ဘာမှ သိပ်လုပ်ရတာ မဟုတ်ပါဘူး... မြရယ်၊ ပါးစပ်နဲ့ပဲ ထိုင်ပြီး စီမံ၊ စာရေးတန်ရေး၊ အကြွေးလိုက်တောင်း၊ စာရင်းလုပ်၊ ဒါပါပဲ... အဲဒါတောင် ဒီအလုပ်တွေကို စီပြီး တွက်လိုက်ရင် တစ်လလုံးမှာမှ ဆယ်ရက်တောင် လုပ်ရက်မရှိဘူး မြရဲ့"

"ဟင်...ဒီလိုဆို သာလို့ လွယ်တာပေါ့နော်...ကိုယ့်အလုပ်လည်းလုပ် ဖေဖေ့အလုပ်ကိုလည်း အားတဲ့အချိန်ကလေးမှာ... အို... ဒီလိုလဲ မဖြစ်သေးပါဘူး၊ ကိုပို သိပ်ပင်ပန်းနေမှာ စိုးရသေးတယ်"

မြမြတင်လည်း... စကားအလည်လောက် ရောက်မှပင် သူ့အဖေဘက်ကို ယက်၍ ပြောသည့်သဘောမျိုး ဖြစ်သွားမည်စိုးသည်နှင့် အဖျားသတ်တွင် သို့ ညည်းညည်းကလေး ပြောရင်း လျှောချလိုက်ခြင်း ဖြစ်ဟန် တူ၏။

"မပင်ပန်းပါဘူး မြရယ်... ခရီးသွားဟန်လွှဲ သဘောမျိုးလုပ်သွားရင်လည်း ဖြစ်တာပါပဲ... အဲဒါ ပြောရကောင်းမလား"

"အို... ကောင်းပါတယ်လို့ ဆိုနေမှပဲ၊ ကဲ–ဒါဖြင့် ကိုပိုပြောရဲရင် မြ ပြောပေးမယ်၊ ဖေဖေနဲ့ မေမေ့ကိုသာ ကားနဲ့သွားခေါ်ချည်..."

www.burmeseclassic.com

www.burmeseclassic.com



ကိုလှပိုလည်း အတန်ကြာအောင် စဉ်းစားနေပြီးမှ…

"နေပေ့စေ… ကိုပိုပဲ သွားပြောမယ်"

ချက်ခြင်းပင် ထိုင်ရာမှ ထ,၍ အဝတ်အစား လဲလိုက်၏။ ထိုအခိုက်တွင် ရုတ်တရက် မနုကြည် ရောက်လာလျက်—

"ဘယ်တုန်း ကိုလှပို၊ အဝတ်အစားတွေ ဘာတွေ လဲလို့"

ဟု မနုကြည်က မေးနေသည်နှင့်…

"သြော်…မေမေတို့ဆီ ခဏလေ…ကိစ္စကလေး နည်းနည်း ရှိတာနဲ့"

"ဟာ… ဒါဖြင့် အတော်ပဲ၊ ကျွန်မလည်း လိုက်မယ်၊ ဟိုတစ်နေ့က ချက်တဲ့ ငါးခူငါးဆုပ် ချဉ်ရေဟင်း ဒေါ်ဒေါ်က စားချင်သေးတယ်ဆိုလို့ ဒီနေ့ ထပ်ချက်ထားတယ်လေ… အဲဒါ ခုပဲ သွားပို့တော့မလို့"

ထိုစကားအဆုံးတွင် အပြုံးကလေး ပျက်မသွားအောင် မြမြတင် အတော်ကလေး သတိထား၍ ထိန်းနေရတော့၏။

"ဒါဖြင့်လဲ လိုက်ခဲ့လေ…"

အမူအရာမပျက် ကိုလှပိုကမူ ခပ်သွက်သွက်ပင် ခွင့်ပြုလိုက်သဖြင့်… မနုကြည်လည်း သူ့အခန်းဘက်သို့ သုတ်သုတ်ကလေး လှည့်ထွက်သွားသည်မှာ အဝတ်အစား လဲရန်ပင် ဖြစ်မည်ထင်ရ၏။

ကိုလှပိုလည်း သူ့ခေါင်းကို ဘီးကလေးဖြင့် သုံးလေးချက်သ,လိုက်ပြီးမှ မြမြတင်အနီးသို့ လျှောက်သွားကာ… အသာအယာ မေးရင်း နှုတ်ဆက်ထွက်ခွါသွားတော့၏။ ကိုလှပို ဆင်းသွားပြီးနောက် တအောင့်လောက် အကြာမှာပင် မနုကြည် သူ့အခန်းမှ ထွက်လာပြီး တံခါးစပ်မှနေ၍…



"ဘာမှာဦးမလဲ ညီမလေး"ဟု ပေါင်ဒါအဖွေးသား မျက်နှာဖြင့် ခပ်ပြုံးပြုံး မေးနေသောကြောင့်…

"မှမှာပါဘူး မမကြည်… မြကို မေးရင်သာ နေကောင်းတယ်လို့ ပြောလိုက်ပါနော်"

ဤတွင် မနုကြည်လည်း ခေါင်းတစ်ချက် ဆတ်လိုက်ကာ… ဖျတ်ခနဲ လှည့်ထွက်သွားတော့၏။

စောစောက…သူတို့နှောင်ရေးအတွက် စကားလက်ဆုံကျရင်း… တမြှင်းမြှင်း ကြည်နူးခဲ့ကြသလောက်၊ ယခုတစ်ဖန် စိတ်ကလေး ပွေနှောက် သွားရပြန်ပြီ ဖြစ်၏။

"မမကြည်တစ်ယောက်ဟာ တော်တော်ခက်တာပဲ… ဖာင်းပို့တာပဲ ဟိုနားဒီနား… သူ့ဟာသူ သွားပို့တော့… ဘာဖြစ်သလဲ… မမတွေးကို အပို့ခိုင်းလည်း ပြီးနိုင်သွားနဲ့ ဟင်း"

မြမြတင် မကျေနပ်၊ မနုကြည် လိုက်ပါသွားပြန်သည့်အတွက် ရင်ထဲတွင်လည်း အနေရကြပ်သွားရှာ၏။ ဤအရေးတွင် မြမြတင်ကလေး မှန်၏။ မနုကြည်သည် အဖို့ မဟုတ်တော့ပြီဖြစ်၍ ဆင်ခြင်ရန်မလို…, ရိုးသားမှုအရင်းခံလျှင် ပြီးသည်ဟု ယူဆပါက… မနုကြည်လို မိန်းကလေးတစ်ယောက်အဖို့ ထိုအယူအဆထက် မှားသောအမှားသည် မရှိ။

သူသည် တစ်ခုလပ်တစ်လင်ကွာ… ဟူ၍ ရပ်ရွာကမသိ၊ သို့အလျောက်လည်း ဤကဲ့သို့… ယောကျ်ားတစ်ယောက်နှင့် လွတ်လွတ်လပ်လပ် နှစ်ယောက်တည်း သွားလာခြင်းသည် လုံးဝမလျော်… ကိုလှပိုလည်း အနည်းနှင့်အများ ထိခိုက်မေသည်ထက် သူ့အဖို့တွင် ပို၍ ကာယိန္ဒြေ ညှိုးနွမ်းစေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ ရွယ်တူယောကျ်ားတစ်ဦးနှင့် နှစ်ယောက်တည်း သွားလာမှု၌ အပျိုထက် တစ်ခုလပ်၊ တစ်လင်ကွာသည် သာ၍ပင် ဆင်ခြင်အပ်သည် မဟုတ်ပါလော။

"ယောကျ်ားတွေနဲ့… ခုလို လုံးထွေးရစ်ပတ်သွားလာနေတတ်လို့ သူ့ယောကျ်ားက ကန်ထုတ်လိုက်တာ ဖြစ်မှာပေါ့…" ဟူသော ဝေဖန်ချက်သည် ဤလို အနေအထိုင် မပိရိသူ… တစ်လင်ကွာ… တစ်ခုလပ်တို့ အပေါ်တွင်သာ ရက်ရက်စက်စက် ကျရောက်တတ်သည်ကို မနုကြည် မသိလေသလော။ (ဝါ) အပျိုကလေးတစ်ယောက်ထက် အဘက်ဘက်က ပိရိသိမ်မွေ့စွာ နေထိုင်ပြီး… အတတ်နိုင်ဆုံး အိန္ဒြေ စောင့်ထိန်းတတ်သူပင်ဖြစ်စေ၊ တစ်ခုလပ်၊ တစ်လင်ကွာဆိုလျှင် အလိုလိုက အထင်အမြင် သေးတတ်သည်ကိုသော်မှ မနုကြည် သဘောမပေါက် ရှိနေသည်မှာ သူ့ကိုယ်၌ကပင် အကြားအမြင် ခေါင်းပါးနေသေး၍လော။

မြမြတင်သည် သို့လျှင် စဉ်းစား၏။ တစ်နည်းအားဖြင့် မနုကြည်ဘက်မှ ကောင်းစေလိုသော စေတနာနှင့် တွေး၏။ ကိုလှပိုဘက်မှလည်း ယောကျ်ားကောင်းတစ်ယောက်၏ ဂုဏ်သရေအတွက် တွေးကာ သူ့အဖို့ရာလည်း မနာလိုသည့် စိတ်ကလေးဖြင့် ဆွေးနေမိရှာ၏။

"မေမေ့ဆီ ဟင်းပို့ဖို့လောက်ကိစ္စဆို… ကိုပို့ကို ပေးလိုက်လည်း ပြီးနိုင်တာပဲ ဥစ္စာ… သူက ဘာလို့ လိုက်သွားချင်ရတာတဲ့လဲ… အင်း… ပေါင်ဒါတွေ လိမ်းသွားလိုက်တာကလည်း အဝေးကြီးကတောင် အနံ့ရတယ် မွှေးလို့…"

တတွတ်တွတ်နှင့် စိတ်ထဲကလည်း မြမြတင် ရေရွတ်နေ၏။ သို့ တငေးငေးနှင့် ရင်မအေးသလို ဆွေးနေရာမှ တစ်စုံတစ်ရာကို အမှတ်မထင် တွေးမိလာ၏။

"ဘုန်းကြီးတွေကိုချည့် အပြစ်မပြောနဲ့ မသင်းထုံ… လူချောလူလှ မမွှကထိကဆိုရင် မိန်းမတွေကလည်း သဒ္ဓါလွန်ချင်ကြတယ်ကွ… ဘယ်လောက်ဘဲ သီလသမာဓိရှိရှိ… မိန်းမက လိုက်လျောပြီဆိုရင် ကြာကြာ သမာဓိမရှိနိုင်ဘူး၊ ရဟန္တာတောင် ချာန်လျောရသေးတာပဲ ကွာ…"

တစ်ကြိမ်သောအခါက ဦးညိုမောင်တို့ အမြတ်တနိုး ကိုးကွယ်ခဲ့သော စာတတ်ပုဂ္ဂိုလ်တစ်ပါး လူထွက်၍ အိမ်ထောင်ဘက်သွားသည်ကို အကြောင်းပြုကာ အထက်ပါအတိုင်း ဒေါ်သင်းထုံအား ဦးညိုမောင်က ပိုင်းခြား၍ ပြခဲ့ဖူး၏။

"ကိုပိုဟာ… အင်မတန် ရိုးသားပြီး… ကိုယ်ကျင့်တရား ပြည့်ဝတဲ့ လူပဲလေ"ဟု မြမြတင် ဖြေ၍ စဉ်းစားနေရာမှ… အထက်ပါ အကြောင်းကိစ္စကို ရုတ်တရက် တွေးမိလာ၏။

ကိုလှပို ရိုးသည်ကားမှန်၏။ သို့သော် ဘုန်းကြီးမဟုတ်၊ မ,သတ္တဝါ သဒ္ဓါပိုလာလျှင် ဘုန်းကြီးကို မဆိုထားဘိ၊ တောမွေ့သည့် ရသေ့သည်ပင် အတွေ့ကို မလွန်ဆန်နိုင်၊ ယိုင်ပြိုရွေ့မျော၍ ချာန်တွေပါ လျောရသေးသည် ဖြစ်ရာ…

မြမြတင် ဆက်မတွေးဝံ့…

"ဟင်း… ခက်တယ်… ခက်တယ် ဒီကိစ္စ ငါဘယ်လို လုပ်ရမလဲ၊ ကိုယ့်လင်ကိုပဲ ကင်းကင်းနေခိုင်းရမလား… မမကြည်ကိုပဲ ကြိုတ်ပြီး ဆင်ခြင်ခိုင်းရမလား"

ထိုနှစ်ချက်ကို အသွက်လက်ဆုံး စဉ်းစားလိုက်၏။ မည်သည့်အချက်ကိုမျှ လွယ်လွယ်ဆုံးဖြတ်၍ မရ၊ အစနှင့် တန်းလန်းချည့်ပင် ဖြစ်နေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုအေးတင့်နဲ့ ခင်ဆိုင်တို့ ညားသွားတာဟာ နောက်ဆုံးကျတော့ မမရဲ့ သဝန်ကြောင်မှုက အရင်းခံသလို ဖြစ်နေတာပေါ့ ညီမရယ်..."

သို့လျှင်...မနုကြည်ပြောခဲ့ဘူးသော စကားကို သတိရလာသည်နှင့် စောစောက အတွေးသည် မြမြတင်၌ ကြက်ပျောက်ငှက်ပျောက် ပျောက်လွင့်သွားရပြန်တော့၏။

ထိုထိုပြဿနာနှင့် ပတ်သက်၍ အဖြေသည် ရေရေရာရာဘာမျှ ပေါ်မလာ...တွေးလိုက်...ညည်းညူလိုက်ဖြင့်သာ ချာချာလည်နေပြီး...တစ်နာရီ နီးနီးမျှအကြာတွင် ကိုလှပိုရော–မနုကြည်ပါ ရှေ့ဆင့်နောက်ဆင့် ဝင်လာသည်ကို တွေ့ရ၏။

"မြရေ အရေးတော်ပုံ အောင်ပြီ ဆရာ... အားလုံး အိုကေပဲ"

ကိုလှပိုသည် အကျႌချွတ်ရင်း၊ လဲရင်းနှင့်... ဖြန့်တင်လွှားချိတ်နေရာမှပင်... မြမြတင်အား သမင်လည်ပြန်ကြည့်ကာ ဝမ်းသာအယ်လဲ ပြောလိုက်၏။

"ဟင်...ဟုတ်လားကိုပို"

အပြုံးကလေးနှင့်ပင် လှမ်း၍ မေးလိုက်သော်လည်း မြမြတင်၏ အမူအရာတွင် ကြည်နူးမှုသည် ရာခိုင်နှုန်းပြည့်မပေါ်၊ စောစောက အတွေးသည် ယခုတိုင် ရှင်းလင်းသေးဟန်မတူ၊ အမူအရာလည်း မသွက်နိုင် ရှိနေရှာ၏။

"အို...ကလေးလည်း သေးတွေ ရွှဲလို့ပါလား ညီမရယ်"

ထိုအသံသည် ကလေးပုခက်တွင် ဟိုနှိုက်–သည်စမ်းလုပ်နေသော မနုကြည်ဆီမှ ပေါ်ထွက်လာ၏။

"ဒီလိုအရွယ် ကလေးကို သေးစိုသလား...ချီးယိုသလား... ဆိုတာမကြာမကြာ...စမ်းကြည့်နိုင်မှ တန်ကာကျတယ် မြမြရဲ့"



ကလေးကို အနှီးသစ်နှင့် လဲလှယ်ပေးနေရာမှ တစ်ဖန်... မနုကြည် ဤသို့ ရေရွတ်လိုက်ပြန်သဖြင့်...

"အို...ဒါ မမကြည်နဲ့ မဆိုင်ပါဘူး...ကျွန်မ သိပါတယ်... နမ်းဖြူးမနေစမ်းပါနဲ့"

အလိုလိုက မနုကြည်၏ နေထိုင်ပြုမူပုံကို သဘောမကျ၍ မရိုးမရွ ရှိနေသည့်အထဲတွင် ယခုကဲ့သို့ ဖြစ်တင်သံနှော၍ ပြောလိုက်သံကြားရသည်၌ မြမြတင် အတော်ကလေး အခံရခက်သွား၏။ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လာသဖြင့်... အထက်ပါအတိုင်းပင် တိုတိုပြတ်ပြတ် ပြောချလိုက်ချင်၏။

သို့သော်... ထိုလို ကက်ကက်လန် အသံမျိုးကား ထွက်မလာ။

"ခု...မမကြည်တို့ သွားမှ နှစ်ခါ ရှိပြီ...မြ–လဲပေးတာ အားကြီးသေးပေါက်တဲ့ ဟာမကလေးပဲ"ဟု မကျေမနပ်မှုကို ဖုံးကာ မြမြတင်က အပြုံးနှင့် ဖြေလိုက်၏။

စင်စစ်သော်... ထိုစကားသည် မုသားမျှသာ ဖြစ်၏။ ကိုလှပိုတို့ ထွက်သွားသည်မှ ယခု ပြန်လာကြသည်အထိ မြမြတင်သည် ကလေးကို စမ်းရန်ဝေး၍၊ ယောင်၍မျှပင် လှည့်မကြည့်ခဲ့မိ၊ စရှန်းသုန်းကား အတွေးဖြင့်သာ သူ–လုံးထွေးပွေနောက် ဦးနှောက်တွေပင် ချောက်သွားမတတ်၊ စဉ်းစားရင်း အချိန်ကုန်ခဲ့သည်သာ။

"မြကလည်းကွာ...ကလေးကိုချည့် တစမ်းတည်း စမ်းနေတာပဲ...အိပ်ပါစေ ကောင်းတောင်း"ဟု ကိုလှပိုသည် တစ်ခါက ဆိုခဲ့ဖူး၏။

"အင်း... ဒီတစ်ခါတော့ ကိုပို ညံ့သွားပြီဆရာ... အဲဒါ အလကား လက်အားလို့ စမ်းတာ မဟုတ်ဘူးရှင့်၊ ချီးပါသလား၊

www.burmeseclassic.com

www.burmeseclassic.com

သေးပေါက်သလား သိရအောင် ခဏခဏ ချီးနေရတာ ကလေးကို သေးကြာကြာစိုနေရင် ဗိုက်နာတတ်တယ် ကိုယ်တော်ရဲ့၊ အအေး မိတတ်တယ် လင်တော်မောင်ရဲ့”ဟု မြမြတင်ကလည်း အကျယ်ချဲ့၍ ရှင်းပြခဲ့ဖူး၏။

ယင်းသည်ကြောင့်ပင်... ယခု မနုကြည် ပြောလိုက်သော စကားနှင့် ပတ်သက်၍ “ငါ–မလစ်ဟင်းဘူးဆိုတာ... ကိုပို သိတယ်”ဟူသော နောက်ကြောင်းက အဖြစ်ကလေးကြောင့်သာ မြမြတင် စိတ်သက်သာရာ ရသွားရှာတော့၏။

သို့လျှင်...လျှပ်ပြက်သလို တွေးခဲ့၍မှ လက်စ,မသတ်သေးမီ အချိန်မှာပင်... ကိုလှပိုသည် ခုတင်ပေါ်တွင် ထိုင်မိလျက်သား ရောက်နေပြီ ဖြစ်သောကြောင့်...

“ဖေဖေက ဘာတဲ့လဲ ကိုပို”ဟု မြမြတင်က ရွှင်ရွှင်ချိုချို ကလေး မေးလိုက်သည်နှင့်...

“ပထမတော့ ခဲရာခဲဆစ် ဖြစ်နေမလားလို့ ကိုပိုဖြင့် တထိတ်ထိတ်နဲ့...သိလား”ဟု လူ့သဘာဝအတိုင်းပင် တွေ့ကြုံခဲ့ ရသော အခက်အခဲကလေးကို နိဒါန်းချီလိုက်ပြီးမှ...

“မနက်က မြကိုပြောပြတဲ့အတိုင်းပဲ ကိုပို့ အကြံအစည်ကို ရှင်းပြလိုက်တယ်၊ ဒါပေမယ့်–ကိုယ်တို့ရဲ့ သီးခြားလုပ်ငန်းတစ်ခု အနေနဲ့ လုပ်ချင်တယ်ရယ်လို့တော့ မပြောသင့်ဘူး ထင်တာနဲ့ ကိုပိုမပြောဘူး”

“ဟင်...ဒီလိုဆို ကိုပို့ ရည်ရွယ်ချက်အတိုင်း ဘယ်ဖြစ်တော့ မလဲ...”

“နို့... ဖေဖေက ကိုယ့်အပေါ် သိပ်ကောင်းထားတယ် မဟုတ်လား၊ စီးပွားခွဲသလို သဘောမျိုး သက်ရောက်သွားမှာ

စိုးတာနဲ့ ဖေဖေ့ ဆေးအလုပ်အပြင် ဆေးပြင်းလိပ်ရုံ တစ်ရုံထောင်ပြီး တံဆိပ်တွေဘာတွေနဲ့ ကျကျနန လုပ်ရရင် မကောင်းဘူးလား– ဖေဖေလို့ ကိုပိုက အကြံပေးတဲ့ အနေနဲ့ ပြောလိုက်တော့ သူ– မမျှော်လင့်တဲ့ စကားကြားလိုက်ရသလိုပဲ မျက်လုံးကြီး ဝင်းထိန်လာ ပြီး...

(ဟော...မင်း–ဒီလုပ်ငန်းကို ဝါသနာပါသလား)တဲ့၊ ပျာပျာ သလဲပဲ ကိုပို့ကို မေးတယ် မြရဲ့၊ ဒါနဲ့ ကိုပိုက...

(ဟုတ်ကဲ့...ကျွန်တော် စိတ်ရောကိုယ်ရော ဝါသနာပါ– ပါတယ် ဖေဖေ)ဆိုတော့...

(ကောင်းကွာ၊ ကောင်းသမှ အလွန်အကျွံပဲ ကောင်းတယ်၊ ဖေဖေ ဒီအလုပ် လုပ်ချင်နေတာ ကြာပြီကော မောင်လှပို၊ ဒါပေမယ့် လိပ်သမားကိစ္စ၊ တံဆိပ်ကိစ္စတို့၊ ဘလောက်တို့၊ ဘာတို့ဆိုတဲ့ တိုလီမိုလီ ပြဿနာတွေက ကျယ်ဝန်းလွန်းတော့၊ ဖေဖေ့ အသက်အရွယ်နဲ့ ဖျတ်လတ်နိုင်မှာ မဟုတ်တာလည်း တစ်ကြောင်း၊ ပြီးတော့...အရေးအကြီးဆုံး ရေသောက်မြစ်ဖြစ်တဲ့ ကြော်ငြာကိစ္စမှာပဲ ဖေဖေက သိပ်မကျွမ်းကျင်တာနဲ့ ဒီလုပ်ငန်းကို မထူထောင်ဖြစ်ခဲ့တာပဲကွ)တဲ့ ပြောနေလိုက်တာ အားရပါးရပဲ မြရဲ့၊ ဒါနဲ့ ကိုပိုက...

(မပူပါနဲ့ ဖေဖေ၊ အားလုံး ကျွန်တော့် တာဝန်ထားပါ၊ ကြော်ငြာနဲ့ ပတ်သက်လို့တော့...)

(ဟာ... ဒါကို မင်းရှင်းပြစရာ မလိုဘူး၊ မင်းတို့ရဲ့ ခိန်တစ်ပွင့် မုန့်ဟင်းခါးဆိုင်ကို ကြော်ငြာတာ တွေ့ကတည်းက မင့်အစွမ်းအစကို ဖေဖေ သိပြီးပြီ...)တဲ့

www.burmeseclassic.com

www.burmeseclassic.com



(ဒါဖြင့်...အဲဒီလုပ်ငန်းကို မေမေခွင့်ပြုမယ် မဟုတ်လား... ကျွန်တော် အမြန်ဆုံး အလုပ်စချင်ပြီ...)လို့ ကိုပိုက အလောတကြီး ပြောလိုက်တာနဲ့...

(ဒီမှာ–ငါ့သား၊ အချိန်မရွေး စပေတော့...မေမေ ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုထယ်၊ ဘယ့်နယ်ကွာ...ဒီထက် ကောင်းတဲ့အလုပ် ဘယ်မှာ ရှိဦးမှာတုန်း...မေမေတို့ လက်ရှိအလုပ်က ဆေးပြင်းလိပ်သမားကို အများဆုံး အားကိုးလုပ်နေရတာ မဟုတ်လား၊ ခုလို ကိုယ်ပိုင် ဆေးလိပ်လုပ်ငန်းပါ ထူထောင်လိုက်မယ်ဆိုရင် ဘာပြောစရာ ရှိတော့မလဲကွာ၊ မေမေ အင်မတန် တောင့်တာ,ခဲ့တဲ့ လုပ်ငန်းဟာ ဒါပဲ ငါ့သားရ–ဒါပဲ)

"အဲသလို ပြောရင်းနဲ့ မြရယ်...ကိုပို့ လက်မောင်းနှစ်ဖက်ကို ကိုင်ကိုင်ပြီး လှုပ်ရင်းပြောလိုက်တဲ့ မေမေ့ အမူအရာဟာလေ... ဘယ်လောက်များ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ် မသိဘူး။ ကိုပိုတောင် ကြက်သီးတွေ တဖျင်းဖျင်း ထလာတယ်"

"ဒါပေမယ့်... ကိုပို့ မျှော်လင့်ချက်ကတော့..."

"ဆုံးအောင် နားထောင်စမ်းပါဦး မြရယ်...နောက်ပြီး မေမေက ဆက်ပြောသေးတယ် သိလား၊ ဟင်း...မေမေ့ကျေးဇူးကတော့ ကိုပို့တစ်သက်မှာ ဘယ်လိုမှ ဆပ်လို့ ကုန်မှာ မဟုတ်တော့ဘူး..."

သို့လျှင် ဝမ်းသာအယ်လဲနှင့် လှိုက်လှိုက်လှဲလှဲ အသည်းထဲမှ ထွက်လာဟန် တူသော အသံတုန်ကြီးဖြင့် ပဏာမခံလိုက်ပြီးမှ–

"နောက်ဆုံးမှာ မေမေက ဘယ်လို အမိန့်ချလိုက်သလဲ ဆိုတော့..."

(ကိုင်း... ငါ့သား၊ မင်းစချင်တဲ့ အချိန်မှာ အလုပ်ကို စ,ပေတော့၊ နက်ဖြန်ပဲ မင့်နာမည်နဲ့ ဘဏ်မှာ ငွေလေးသောင်းစာရင်းဖွင့်ပေးမယ်၊ အစစအရာရာ မင့်သဘောအတိုင်း မင်းလုပ်၊ မေမေ့ကို ခွင့်တောင်းနေစရာ မလိုဘူး၊ ပြီး... ဒီလုပ်ငန်းက အကျိုးအမြတ်ကို မင်းတို့ပဲ ခံစားကြ၊ ကြိုက်သလို လွတ်လွတ်လပ်လပ်သုံး၊ အေး...လိုအပ်ထဲ ဆေးရုံးဆေးရွက်တွေ ဘာတွေတော့ အဲဒီ ငွေလေးသောင်းထဲက ပိုက်ဆံနဲ့ ဝယ်ရမယ်၊ အလုပ်ချင်း မရောမရှုပ်အောင် စည်းကမ်းနဲ့ သွားရမယ်၊ အဲ... ဟို ငွေလေးသောင်းဆိုတာကဲ အရင်းအနှီး ရုံပုံငွေဆိုပါတော့ကွာ)တဲ့...

"ကဲ... ဒီလို ယောက္ခမမျိုးကို ထမင်းထုပ်ရွက်ပြီး လည်ရှာတောင်..."

"ထမင်းထုပ်ပဲ သိုးပါစေနော် ဆရာကြီး... လူတော့"ဟု မြမြတင် ဟာ့သကလေးနှော၍ ပြောရင်း တသောသော ဖြစ်နေတော့၏။

"ကဲ...ကိုပိုတို့ရဲ့ သီးခြားလုပ်ငန်းအဖြစ် ထူထောင်ချင်တယ်လို့ ဖွင့်မပြောမိတာ ဘယ်လောက် အဆင်ပြေသွားသလဲ မြ... ဟင်၊ တကယ်လို့ စချီကတည်းက ကိုပိုက ကိုယ်စီးပွားအနေနဲ့ လုပ်ချင်တယ်လို့ ပြောမိရင် ကိုပိုပြောလို့ ခွင့်ပြုရတဲ့ သဘောမျိုး ဖြစ်သွားပြီး မေမေ့ရှိရင်းစွဲ စေတနာဟာ မေမေ့အဖို့ နလောက်အရသာ တွေ့ချင်မှ တွေ့မယ်၊ ကိုပို့ အတွက်မှာလည်း ကိုယ့်ဘက်ကိုယ်ယက်သလို နည်းနည်းတော့ သဘောသက်ရောက်သွားမှာပဲ... နော်... မြ"

နှိုက်နှိုက်ချွတ်ချွတ် တွေးလိုက်သော ကိုလှပို၏ လေးနက်လှသည့် စကားကြောင့် မြမြတင်မှာ အတန်ကြာအောင် တွေကြည့်နေမိ၏။ ရင်ထဲတွင်လည်း တလှပ်လှပ် လင်တော်ရကျိုး နပ်ပုံကို အဟုန်မြန်မြန် တွေးရင်း ကြည်နူးသွားသည်ရာမှ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးကျတော့ စေတနာဟာ အကျိုးပေးတတ်တာပဲ မဟုတ်လား ကိုပိုရယ်၊ ဒီအတိုင်းဖြစ်ရမှာပေါ့"ဟူသော မြမြတင်၏ စကားစ,ပြတ်သွားသည်နှင့်…

"ကဲ…ချစ်စနီးတို့၊ ချစ်လင်တို့ ဝမ်းသာလုံး ဆို့နေရတာနဲ့ပဲ၊ ထမင်းမေ့ ဟင်းမေ့ ဖြစ်နေကြပြီ ထင်ပါရဲ့"

ပြောင်သလို လှောင်သလို မနုကြည်က ရယ်ကာမောကာ ပြောလိုက်သောကြောင့် ထိုကိစ္စ ဤတွင် ပြတ်သွားတော့၏။

♥

ထိုနေ့လွန်မြောက်ပြီးခဲ့သည့်နောက် သုံးရက်လောက်ကစ၍ ကိုလှပိုတွင် အိမ်ကပ်ရသည်မရှိဘဲ ထူထောင်အံ့သော ဆေးပြင်းလိပ် လုပ်ငန်းအတွက် အပန်းတကြီး အလုပ်ရှုပ်နေတော့၏။

ဆေးလိပ်လိပ်သည့် ရုံအဖြစ် အသုံးပြုရန် ခုနစ်ထောင်တိတိ ပေးဝယ်လိုက်သော နှင်းပန်းလမ်းအတွင်းရှိ အိမ်ကလေးကို လိုအပ်သလို ပြင်ဆင်ရန်နှင့် ဆေးသုတ်ရန်ကိစ္စအတွက် ကန်ထရိုက်တစ်ဦးနှင့် ဆွေးနွေးတိုင်ပင်အပ်နှံလျက် အိမ်ဘက်သို့ ပြန်လာခဲ့သော ကိုလှပိုလည်း သူတို့တိုက်ကလေးအနီးသို့ ရောက်မှပင် တစ်စုံတစ်ရာ သတိရသလိုဖြင့် အိမ်သို့ မဝင်တော့ဘဲ စတော့ကိတ်လမ်းဆီသို့ သုတ်သုတ်ကလေး မောင်းထွက်သွားတော့၏။

ကားပေါ်မှ ဆင်း၍ ပွဲရုံထဲသို့ ဝင်လိုက်သည် ဆိုလျှင်ပင်–

"ဟော…မင်း ဘာလုပ်တာတုန်း မောင်လှပို"ဟု ပက်လက်ကုလားထိုင်တွင် အစနဲ့သားထိုင်နေသော ဦးညိုမောင်က လှမ်းမေးလိုက်သည်နှင့်…

"သြော်… ထားဝယ်က မှာထားတဲ့ ဆေးတွေ ကစ္စနဲ့ ဒီနေ့တင်ပေးလိုက်မလားလို့ပါ…"



ဦးညိုမောင်ကမူ ရုတ်တရက် ဘာမျှ မပြောသေးဘဲ ကိုလှပို၏ တာဝန်ကျေပွန်မှုကို သဘောကျသွားသလို ပြုံးရင်း မျက်မှန်ကိုချွတ်၍ မျက်လုံးတစ်ဖက်ကို ပွတ်လိုက်ပြီးမှ…

"အေး…စောစောကပဲ နော်ကယားကို ဖေဖေ အပို့ခိုင်းလိုက်ပြီးပါပြီကွာ၊ ဒီလောက် အလုပ်ရှုပ်နေတဲ့ကြားက မင်းသတိရနိုင်သေးသကိုးကွ၊ ကဲ–မောင်လှပို မင့်လုပ်ငန်းတွေ အတွက်သာ မြန်မြန်ဖြစ်မြောက်အောင် ကြိုးစားပါကွာ၊ ဒီပွဲရုံကိစ္စကို မင့်ခေါင်းထဲမှာ ထည့်မထားနဲ့ ဖေဖေကြည့်လုပ်မှာပေါ့ကွာ… ဟုတ်လား"

"ထွေထွေထူးထူး ပင်ပန်းတာမှ မဟုတ်ဘဲ ဖေဖေ…ကိစ္စမရှိပါဘူး တစ်နေ့ တစ်နာရီလောက် အချိန်ယူပြီး ဝင်လုပ်သွားလည်း ပြီးပါတယ်"

"မဟုတ်ဘူးလေ…ခုလို အခါမှာ ဗျာများနေရင် မကောင်းဘူးကွ၊ အလုပ်တစ်ခုတည်း အပေါ်မှာ အာရုံသတ်သတ်ထားပြီး လုံးပမ်းသွားပေါ့ ,ဟုတ်ပလား၊ ပွဲရုံအတွက် ဘာမှ ပူမနေနဲ့၊ နောက်–လေးငါးဆယ်ရက် အတွင်းမှာပဲ မောင်သင်းမောင် ရောက်လာလိမ့်မယ်၊ ဖေဖေ့ကို ကူညီလုပ်ဖို့"

"ဘယ်–ကိုသင်းမောင်လဲ ဖေဖေ…ရွှေကျင်က ပွဲစားလား"

"အေး…ရွှေကျင်မှာ နယ်အခြေအနေ သိပ်မကောင်းလို့… ရန်ကုန်မှာ အလုပ်ရှိရင် ခေါ်ခိုင်းပါဆိုပြီး…ဖေဖေ့ဆီ စာရေးလိုက်တယ်၊ ဒီမှာလည်း တို့လုပ်ငန်းက အခြေအနေပြောင်းနေပြီမို့ အံကိုက်ဖြစ်သွားတာပေါ့ကွာ… ကိုင်း မင်းလုပ်စရာရှိတာတွေ ခေါင်းအေးအေးထားပြီး သွားလုပ်ချည် မောင်လှပို"

ကိုလှပိုလည်း ချက်ခြင်းပင် လှည့်ပြန်ခဲ့၍ အိမ်ရောက်လျှင် ရောက်ခြင်း သူ့ချစ်စနီးအား အလုပ်သံရှင်ရှင်နှင့် ယောက္ခမကြီး စေတနာကို ဝေဝေဆာဆာ ရှင်းပြနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း... ကိုလှပို၊ ထမင်းစားမှာဖြင့် စား ခုံကိစ္စအတွက် သွားဖို့ ချိန်းထားတာလဲ ရှိသေးတယ် မဟုတ်လား"

မြမြတင်နှင့် ဘေးချင်းယှဉ်ကာ တူမလေးကို ရင်ခွင်ပိုက်ထားရာမှ မနုကြည် ဤသို့ ပြောလိုက်သည်နှင့်...

"စားမယ်လေ... စားပြီးပြီးချင်း သွားကြတာပေါ့"ဟူသော ကိုလှပို၏ စကားဆုံးသည်နှင့်... မနုကြည်လည်း ကိုလှပို ရင်ခွင်ထဲသို့ ကလေးကို လှမ်းပေးခဲ့ပြီး အောက်ထပ်သို့ ဆင်းသွားတော့၏။

အလိုလိုက စိတ်ကလေး မသိုးမသန့် ရှိနေရသည့်အထဲတွင် ကလေးကို သူ့အားမပေးဘဲ မျက်နှာချင်း ထိလုနီးပါး ကုန်း၍ ကိုလှပိုအား ထိုးပေးသွားသည့် မနုကြည်၏ အပြုအမူကို မြမြတင် အတော်ကလေး မကျေမနပ် ဖြစ်လိုက်ရသေးတော့၏။

"ဟင်း... လက်ချင်း ထိလိုက်ရလဲ မနည်းဘူးဆိုပြီး"

မြမြတင်က ကယောင်ကတန်း အတွေးမှ လက်စ,မသတ် ရသေးမီ...

"ဒီမှာ မြရေ၊ ကိုယ်တို့ လုပ်ငန်းကတော့ တစ်ဖြောင့်တည်း တိုးတက်မယ့် အရိပ်နိမိတ်တော့ ပြနေတာပဲနော်၊ ကြည့်ပါလား... ကိုပိုက ဆေးပြင်းလိပ် လုပ်ငန်း စိတ်ကူးတယ်... ဖေဖေက လို လေသေးမရှိ လိုက်လျောတယ်၊ ဟော... ဆေးပြင်းလိပ် ပညာမှာ ဝိစ္စာဘွဲ့ ပေးထိုက်တဲ့ မနုကြည်ကလည်း အဆင်သင့် ရောက်နေတယ်၊ နောက်ပြီး... ပွဲရုံမှာ ဖေဖေနဲ့ အတူတူ ကူညီဖို့ လူကလည်း ရှာတောင်မရှာရဘူး အလုပ်ရှိရင် ခေါ်နိုင်းပါဆိုပြီး ဖေဖေ့ဆီ စာရေးသတဲ့၊ ရွှေကျင်က ကိုသင်းမောင်လေ..."

"ဟုတ်လား ကိုပို၊ ဒါဖြင့်–ဟန်ကျနေတာပေါ့နော်"



ထိုသို့ နားထောင်၍ ဤလိုပင် ဖြေလိုက်ရသော်လည်း မြမြတင်အဖို့မှာ ယင်းသည့်စကားများကို စိတ်မဝင်စားလှ၊ စောစောက မနုကြည်ပြောသွားသော ကိစ္စနှင့် ပတ်သက်၍သာလျှင် တစ်စဉ်းစားစား တွေးနေမိ၏။

"ဒီမှာ ကိုပို၊ ဆေးလိပ်လိပ်တဲ့ ခုံတွေဘာတွေ သွားမှာမယ့် ကိစ္စမ မကြည်မပါရင် မပြီးတော့ဘူးလား... ဟင်"

သို့လျှင် ပြတ်ပြတ်သားသား မေးရင်း လာမည့်ဘေးကို မြမြတင် ရင်ဆိုင်လိုက်ချင်၏။ သို့သော် သူ–မမေးဖြစ်၊ အဆိုပါ စကားလုံးများသည် လည်ချောင်းရင်းတွင် တစ်နေရာမှ ချက်ခြင်းဆိုသလို ဝမ်းတွင်းသို့ လျောကျသွားပြန်တော့၏။

ယခုကဲ့သို့ သဝန်တိုစိတ်ထားဖြင့် ဖြန်းစားကြီး စွပ်စွဲသယောင်ယောင် စကားမျိုး ပြောလိုက်ရမည်မှာ... မြမြအဖို့ လွယ်ကူသော ကိစ္စမဟုတ်၊ ခိုးထုပ်ခိုးထည်နှင့် မိမှ–သိမှလည်း တိကျခိုင်လုံပေမည်။ ဤလို တွေးမိသည့် အလျှောက်လည်း ထိုအတွေးကို ဖျောက်ကာ...

"ဒါနဲ့... နှင်းပန်းလမ်းကအိမ် အတော်ပြီးသွားပလား ကိုပို ပြင်လို့ဆင်လို့..."

"ဘယ်ပြီးဦးမှာလဲ မြရဲ့၊ ဒီနေ့မှ ကန်ထရိုက်ပေးလိုက်တယ်၊ ၅–ရက်နဲ့ အပြီး လုပ်ပေးလို့ ပြောလိုက်ပြီ"

စင်စစ် ထိုမေးခွန်းမှာ သူ–သိလိုသော ကိစ္စတစ်ရပ်အတွက် ရည်ရွယ်ကာ ပဏာမခံလိုက်ခြင်းသာ ဖြစ်၏။

"ဒီမှာကိုပို... ဆေးလိပ်လိပ်တဲ့ ရုံအတွက်ဆိုတာက ဒီအိမ် အောက်ထပ်ကိုကော သုံးလို့ မဖြစ်ဘူးလား... ဟင်"

www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်တော့ ဖြစ်သားပဲ၊ ဒါပေမယ့် ကလေးကလည်း ငယ်သေးတော့... ဆေတွေ ဘာတွေနဲ့ မသင့်တော်တာလည်း တစ်ကြောင်း...ပြီးတော့ ဒီတိုက်အောက်ထပ်ကို ဖြန့်ချိရေးအတွက် အလုပ်တိုက်အဖြစ် သီးသန့်ထားချင်တာလည်း တစ်ကြောင်းကြောင့်၊ နှင်းပန်းလမ်းက အိမ်ကို ဝယ်တာ မြရဲ့၊ ခု-မဝယ်လည်း တစ်နေ့တော့ ဝယ်ရမှာပဲ မဟုတ်လား၊ ဒီလိုလုပ်ငန်းမျိုးဆိုတာ အလုပ်ကို လူမမြင်လေ ကောင်းလေပဲ မြရဲ့"

"မြကတော့ ရည်ရွယ်ချက်နဲ့ ပြောတာပါ၊ အိမ်မကျာကြမ်းမကျာဆိုတော့ ကိုယ့်လင်မျက်နှာကို အမြဲ မြင်နေနိုင်တာပေါ့"

"ဤစကားသည် ၄-ပုံ ၃-ပုံလောက်သာ မှန်မည်ဖြစ်၏။ ကျန်သော တစ်ပုံမှာမူ ဆေးလိပ်လိပ်သည့် ရုံတွင် ကွပ်ကဲအုပ်ချုပ်ရန် ရာထားပြီး ဖြစ်သည့် မနုကြည်နှင့် မမြင်ကွယ်ရာတွင် ဘာမဆို ဖြစ်နိုင်သည်ဟူသော ပူပန်မှုကြောင့် တိုက်အောက်ထပ်တွင်ပင် ဆေးလိပ်ခုံ ထောင်စေလိုခြင်းဖြစ်၏။ အကယ်၍သာ မနုကြည် အနေအထိုင် ပိရိ၍စိတ်ထင့်စရာ မရှိပါက လင့်အလုပ်တွင် ဘာမျှဝင်ရှုပ်သလို ပြောမည်လည်း... မဟုတ်ပါပေ။

သို့နှင့် မကြာမီပင် ကိုလှပို ထမင်းစားရန် ဆင်းသွား၏။ နာရီဝက်လောက် အကြာတွင် မော်တော်ကား စက်နိုးသံကြားရ၏။

ထိုအချိန်၌ မြမြတင်သည် ခုတင်ပေါ်တွင်မရှိ အိမ်ရှေ့ ဧည့်ခန်းအနီးဆုံး ပြတင်းပေါက်တွင် တံခါးကလေး အသာဟ,လျက်၊ ထွက်သွားသော ကားကို တစေ့တစောင်း ချောင်းကြည့်လျက် ရှိ၏။

ယခင်ယခင်က သူထင်ခဲ့သလို မနုကြည်သည် ကိုလှပိုနှင့် အေးချင်းယှဉ်၍ မထိုင်၊ နောက်ပိုင်းမှပင် ခပ်ယိုင်ယိုင်ကလေး ပါသွားသည်ကို တွေ့ရ၏။

သို့တိုင်အောင် မြမြတင် ကျေနပ်လှပုံမရသေး၊ ခုတင်ပေါ် ပြန်ထိုင်ရင်း အငိုင်သား ငေးနေပြန်၏။

လမ်းရောက်မှ... မမကြည် ရှေ့ကို ပြောင်းစီးတော့ကော ငါမြင်ရမတဲ့လား...ငါ့ရှေ့တင်တောင် ဒီလောက် မျက်နှာချိုသွေးပြီး၊ ရေးပေးတယူ လုပ်နေသေးတာ ကွယ်ရာမှာဆို ဒီထက် ကဲချင်ကဲနေမလားပဲ"

ဤသို့လည်း ဆက်၍ တွေးပြန်၏။ သူ့အတွေးမှာ စင်စစ် မဖြစ်နိုင်စရာမရှိ။

"ကားပေါ်က ဆင်းသွားကြတဲ့အခါမှာလည်း... ပွတ်သီးပွတ်သပ်နဲ့ ပုခုံးချင်းကပ်ပြီး... ဟင်း... ငါ့ရှေ့မှာတောင် ကိုဝို့လက်ထဲက ကလေးကိုယူချီရတာနဲ့...မထိတထိပြန်ပေးရတာနဲ့..."

ဤလိုတွေးရင်း ငေးရင်းနှင့်ပင်...မေးခနဲ အိပ်ပျော်သွားမှ သူ့အတွေးသည်လည်း တစ်စခန်း ရပ်သွားတော့၏။

♥

နေ့တွင်ခံ၍ ညကျမှ စံရသလို... မြမြတင် ဘဝမှာ အသူရကယ်ဘုံနှင့် ပြောင်းပြန်ဖြစ်နေတော့၏။

လုပ်ငန်းကိစ္စနှင့် ကိုလှပို အပြင်သွားရသည်မှာ တစ်နေ့ (၉)ခေါက်ဆိုလျှင် မနုကြည် ပါသည့်အခေါက်က (၅)ကြိမ်ဆိုသလို ဖြစ်နေ၏။ မပါ၍လည်း မပြီး၊ ဆေးလိပ်လုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သမျှသော ကိစ္စအဝဝတွင် မနုကြည်က အကြံဉာဏ်ပေး အရာရှိလို ဖြစ်နေသောကြောင့်... ဆေးလိပ်လုပ်သားများ၏ လက်ရာကို စစ်ဆေးရသည်ကစ,မနုကြည်ပါလေမှ...ကိစ္စပြီးရသည်သာ ဖြစ်ရာ၊ သူနှင့် ဆိုင်သော လုပ်ငန်းနှင့် ပတ်သက်၍ သွားရတိုင်း မနုကြည်လည်း ပါနေရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့…ကိုလှပိုနှင့် မနုကြည်တို့ နှစ်ယောက်တည်း ထွက်သွားကြတိုင်းလည်း မြမြတင်တွင် အတွေးပေါင်းချုပ်ဖြင့် စိတ်ရှုပ်ရင်းကျန်ရစ်ခဲ့၏။ တစ်နေ့လည်းမဟုတ်၊ တစ်ပတ်လည်း မကနေ့ရှိသမျှဆိုသလို စိုးရိမ်မှုကလေး ပိုနေရရှာ၏။

ညပိုင်းသို့ရောက်မှပင်…သူ့စိတ်ကလေး ဖြောင့်နိုင်တော့၏။ ကိုလှပိုကလည်း ဝတ္တရားမပျက် ချစ်မြတ်နိုးမှုသည် ယခင်နည်းတူပင် သွက်သွက်လက်လက် ရှိနေသောကြောင့်… မြမြတင်တွင် အဘယ်ပုံ ဝေခွဲရမည်မသိ ဖြစ်နေတော့၏။ သို့တိုင်အောင်…နေ့ခင်း၊ နေ့လည်ပိုင်းနှင့် စာသော်…ညဘက်တွင်သာ သူ့ပျော်၏။ စိတ်ကလေး သက်သာရာရ၏။

ယနေ့လည်း… နံနက်စာ စားပြီးကတည်းက ကိုလှပိုနှင့် မနုကြည်တို့ နှစ်ယောက်တည်း ထွက်သွားကြသည်မှာ ညနေ ၄-နာရီအထိ ပြန်မရောက်ကြသေး၊ မြမြတင်တွင်လည်း တစ်တွေးတည်းတွေးရင်း အချိန်ကုန်ရရှာ၏။

“တောက်…ဦးလေး ကိုဘတူကိုသာ မေမေက ခေါ်မထားရင်… ငါဒီလောက် စိတ်ဆင်းရဲရမှာ မဟုတ်ဘူး”

လင့်စိတ်ကြောင့် ထိပ်မြွေခဲသလို… အသည်းကွဲမတတ်ခံစားနေရသော မြမြတင်မှာ မနုကြည်သာမက…ဦးညိုမောင်ကိုပင် မသိမသာ အပြစ်တင်နေမိရှာ၏။

ကိုလှပိုနာမည်ဖြင့်… ဘဏ်တွင်စာရင်း ဖွင့်ပေးပြီးသည့်နေ့မှစ၍ ဦးညိုမောင်သည် မော်တော်ကားကို ကိုလှပို လွတ်လပ်စွာ အချိန်ပြည့် သုံးရန် ပေးအပ်လိုက်၏။

“မေမေ ပွဲရုံသွားဖို့အတွက် အရေးမကြီးပါဘူးကွာ… ဆိုက်ကားငါးမူးပေးရင် ရောက်တာပဲ၊ နေ့တိုင်းလည်း သွားချင်မှ သွားမှာပဲဟာ၊ ကားကို မင်းပဲသုံး…အေး… မောင်ဘတူကိုတော့ ပွဲရုံမှာ အမြဲနေဖို့ တာဝန်ပေးရလိမ့်မကွ… ကားကို မင်းဟာမင်း မောင်းပေါ့ကွာ”

ဤလို ဦးညိုမောင် အမိန့်ချခဲ့သောကြောင့် ကိုဘတူမှာ မိုးလင်းသည်နှင့် ပွဲရုံသို့ အလုပ်ဆင်းရ၏။ အကယ်၍ ဦးညိုမောင်ကသာ ဤလို မစီမံခဲ့သော်… မော်တော်ကားထွက်တိုင်း ကိုဘတူပါမည်ဖြစ်၍ မနုကြည်နှင့် ကိုလှပိုတို့အဖို့ ယခုလောက် မြမြတင် ပူစရာမလို၊ ဤသည်ကို ရည်၍ အထက်ပါအတိုင်း မြမြတင် ရေရွတ်လိုက်ခြင်း ဖြစ်၏။

ညနေ ၅-နာရီလောက်တွင်မှ ကိုလှပိုတို့ ရောက်လာ၏။ အခန်းတွင်းသို့ ဝင်လာသည်ဆိုသည်နှင့် တစ်ပြိုင်နက်၊ မြမြတင်သည် ရှေးဦးစွာ ကိုလှပို၏ အမူအရာကို အကဲခတ်၏။ မျက်နှာထားမှာ ခါတိုင်းလောက် ရွှင်သည်ကို မတွေ့ရသောကြောင့်… မြမြတင် ရင်ထဲတွင် ဟင်…ခနဲ ထိတ်သွား၏။

တစ်ဖန် မနုကြည်အား မသိမသာ ဂရုတစိုက် ကြည့်လိုက်ပြန်၏။ ချက်ခြင်းဆိုသလိုပင် မြမြတင် တုန်လှုပ်သွား၏။

ကိုလှပိုနှင့်အတူ မနုကြည် အိမ်မှ ထွက်သွားစဉ်က… သူ့မျက်နှာတွင် ပေါင်ဒါကလေး အဖွေးသား ရိုက်သွားသည်ကိုလည်းကောင်း၊ ညီညီညာညာ ဆိုးထားသည့် နှုတ်ခမ်းနီကလေးကိုလည်းကောင်း၊ ဆံထိုးဆံညှပ်တို့ဖြင့် သပ်သပ်ရပ်ရပ် ပြုပြင်သွားသော ရောင်တစောင်းတင် ဆံထုံးကလေးကိုသော် လည်းကောင်း၊ မြမြတင်သည် အမှတ်တရပင် သတိထားမိလိုက်၏။

ယခု ပြန်လာသောအခါတွင်မူ မနုကြည်၏ မျက်နှာတွင် ပေါင်ဒါဟူ၍ မရှိသလောက်ပင် ပြောင်နေ၏။ နှုတ်ခမ်းနီသည်လည်း မှင်နှိပ်စက္ကူတွင် ဖောင်တိန်နှင့် ဆွဲထားဘိသို့… နှုတ်ခမ်းပတ်လည်တွင် မညီမညာပြန့်ကြဲနေ၏။ ဆံပင်သည်လည်း ဖရိုဖရဲ အင်္ကျီလက်မောင်းနှစ်ဖက်သည်လည်း နွမ်းသယောင် ညစ်မဲနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြမြတင် မည်သို့ တွေးရမည်နည်း။

အိမ်ထောင်ရေး ဝါလည်းရင့်… လင်ဟူ၍ ဖြစ်လာသော ကြောင့်သာ ချစ်ရသော သာမန်ဇနီးသည်ပင်ဖြစ်စေ ယခုလို အဖြစ်မျိုးနှင့် ကြုံလာသည်ရှိသော်… မည်သို့ တွေးရမည်မှာ ရှင်းနေ၏။

အပျိုဘဝကလည်းချစ်၊ ယခုမှအနှစ်၊ ချစ်ဇနီးချစ်လင်အဖြစ် တစ်နှစ်မျှသာ ပေါင်းရသေးသော မြမြတင်အဖို့၌မူ… ချက်ခြင်း လက်ငင်းပင် လက်ဝါးနှစ်ဖက်တွင် မျက်နှာနှစ်၍ တအစ်အစ် ငိုချလိုက်ရန်သာ ရှိတော့၏။ သာမန် မိန်းကလေးတစ်ယောက်သာ ဆိုလျှင်လည်း ထိုအတိုင်း ငိုချလိုက်မည်သာ ဖြစ်၏။

မြမြတင်သည်လည်း သူ့လင်ကို မြတ်နိုးသည်နှင့်အမျှ ခြုံးချ၍ ငိုလိုက်ချင်သည်သာ ဖြစ်၏။ သို့သော် သူ–မင့်၊ အံကလေးကြိတ်ကာ အပြုံးနှင့် စိတ်ကို တင်းထားလိုက်၏။

“ဟူး… ဒီနေ့တော့ ကိုပိုတို့ အတော့်ကို မောသွားတာပဲ မြရေ…”ဟူသော နှုတ်ခွန်းဆက်သံနှင့်အတူ… မြမြတင်အနီးသို့ ကိုလှပို ရောက်လာ၏။

“ဒီလိုပဲပေါ့ ကိုပို… လုပ်ငန်းတစ်ခု စတယ်ဆိုရင်… နေ့မအား ညမအား ပင်ပန်းတာကို ဖေဖေ ဆေးပွဲရုံထောင်စ,က ကြုံဖူးနေလို့… မြကောင်းကောင်း သိနေပြီလေ…”

အဆင်တပြေသာ အသံမပျက် ဖြေလိုက်ရသည်။ မြမြတင် စိတ်ထဲကမူ “ကိုပိုတို့ ဘယ်လို မောလာတယ်ဆိုတာ… မြလည်း သိပါတယ်လေ”ဟု ရွက်အုပ်သီး ရွတ်လိုက်မိ၏။

“ဒါနဲ့… နေ့လည်ဘက်က မြ–မီးဖိုထဲကို ဆင်းလာတယ်ဆို မထွေးပြောတယ်”

“ကိုပိုက မေးလို့လား…”



အင်းပေါ့… အပြင်က ပြန်လာတိုင်း–ကိုပိုမေးတယ်… မြ–ဆင်းမှာစိုးလို့”

မြမြတင်က ရုတ်တရက်မဖြေ၊ ပြုံးပြုံးကလေး တွေနေ၏။ ယခု ပြုံး၍ တွေကြည့်နေပုံမှာ ယခင်ကကဲ့သို့ ကြည်နူးဖွယ်အဖြစ် တစ်ခုကြောင့်… ချစ်ညုကလေး ပြုံးသည့် အပြုံးမျိုးမဟုတ်၊ အဘယ်သို့သောအကြောင်းကြောင့် သူ–အောက်ဆင်း,မဆင်း ကိုလှပို ပြန်လာတိုင်း… မထွေးကို မေးရသနည်းဟူသည်ကို တွေးရင်း… ထိုအတွေးကို ဖုံးကွယ်ထားသည့် ဟန်ဆောင်အပြုံးသာ ဖြစ်၏။

ကိုလှပိုကမူ… ဘာတစ်စွန်းတစ်စမျှ မရိပ်မိ၊ မြမြတင်ကို ယခင်နည်းတူ မပြုံးမရယ် ကြည့်နေရာမှ…

“ပြောလေ… အောက်ဆင်းတယ် မဟုတ်လား… နေ့လည် က ဟင်…”

“ဟုတ်တယ်… မြ–ပျင်းပျင်းရှိတာနဲ့… ခဏ ဆင်းသွား တယ် ကိုပို အဲဒါ ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ မြရဲ့… ဆေးရုံက မှာလိုက်တယ် မဟုတ်လား တတ်နိုင်သလောက် ငြိမ်ငြိမ်နေပါ… လမ်းလည်း သိပ်မလျှောက်ပါနဲ့လို့… ဆရာဝန်က မှာလိုက်တယ်ဆို ကိုပိုလည်း နားလည်တဲ့ လူတွေကို စုံစမ်းကြည့်တယ်… လမ်းလျှောက်တာထက် လှေကား အတက်အဆင်း များတာက ပိုဆိုးသတဲ့… ဒါကြောင့် တစ်နေ့ကတောင် ကိုပို ပြောမိသေး မဟုတ်လား မြ… အောက်တွေ ဘာတွေ မဆင်းနဲ့နော်လို့”ဟု တစ်ဆက်တည်း ပြောနေပြီးမှ…

“သြော်… နေဦး… အဲဒီလို သတိပေးတဲ့နေ့က ဘာ့ကြောင့် ဆင်းဖို့ တားမြစ်တယ်ဆိုတာတော့၊ မြကို မရှင်းပြမိဘူးနော်၊ အေး–အဲဒါ ကိုပိုမှားတယ်… အလုပ်ကများတော့ ကမန်းကတမ်း

www.burmeseclassic.com



ပြောမိသွားတာ ထင်ပါရဲ့… အေးကွယ် နောက်ကို မဆင်းပါနဲ့တော့… အနည်းဆုံး တစ်လလောက်ဖြစ်ဖြစ် မြ ဆင်ခြင်လိုက်ရင်”

“ဟုတ်ကဲ့ ဆင်ခြင်ပါ့မယ် ကိုပို၊ မြ နောက်ကို မဆင်းတော့ပါဘူး… ဟုတ်လား နော်”

လင်ချစ်၏ အနစ်ပါလှသော စေတနာကို ရိပ်စားနားလည်လိုက်ရသည်မှပင် မြမြတင်လည်း ကတိုက်ကရိုက်နှင့် ကတိပေးလိုက်တော့၏။

“ညီမရေ… ကလေး ကိုယ်နည်းနည်းပူတယ် ထင်ပါရဲ့”

မြမြတင်၏ ကျောဘက် ခုတင်ဘေးတွင် ရပ်၍ ကလေးကို ထွေးပိုက်ထားရာမှ မနုကြည် ဤသို့ ပြောလိုက်သည်နှင့်…

“ဟုတ်တယ် မမကြည် နေ့လည်လောက်ကတော့ အတော်ကလေး ပူတယ်၊ ကျွန်မ ဆေးတိုက်လို့ ဝမ်းတစ်ခါသွားပြီး ကတည်းက အတော်ကလေး ချိုသွားပါပြီ…”

“ဟုတ်ပါ့မလား ညီမရယ်၊ မမတော့ ပူသေးတယ် ထင်တာပဲ…”

“မမကြည်တို့က အပြင်ကလာတာ မဟုတ်လား… လေစိမ်းတိုက် ခံခဲ့ရလို့ လက်အေးနဲ့… စမ်းသလို ဖြစ်နေမှာပေါ့ မပူပါဘူး နွေးရုံပါ မမကြည်ရဲ့၊ တော်ကြာဆို ချိုသွားမှာပဲ၊ ခုလေးတင် ကျွန်မ အုပ်ဆေး အုပ်ထားသေးတယ်၊ ကဲ… ကိုပိုတို့ ရေလေးဘာလေး ချိုးကြတော့လေ တော်ကြာ ထမင်းစား ညဥ့်နက်နေဦးမယ်”

ည ၆–နာရီလောက်တွင် ကိုယ်စီကိုယ်ငှ စားသောက်ပြီးစီးသွားကြ၏။ ၇–နာရီလောက်ကလည်း ဦးညိုမောင်တို့ ခမီးခမက် စုံစုံလင်လင် ရောက်လာကြပြီး တစ်နာရီကြာမျှ စကားလက်ဆုံကျ၍ ပြန်သွားကြ၏။ ၉–နာရီ ၁၀–မိနစ် သာသာလောက်တွင်…

“ကဲ… မြရေ ကိုပို အိပ်တော့မယ်နော်၊ ဒီနေ့တော့ အတော်ကလေး ဖားသွားတာနဲ့”

“အိပ်လေ ကိုပို…”

မြမြတင်ကလည်း တီတီတာတာ မနော၊ ထိုမျှသာ ပြောလိုက်၏။ ကိုလှပိုသည်လည်း ယခင်နည်းတူပင် ချစ်သော ဇနီးကလေး မျက်နှာကို ငေးကြည့်နေရင်းပင် မျက်လုံးများ မှေးကျသွားတော့၏။

မြမြတင်တွင်မူ လင်အလိုလိုက်၍ အကြိုက်ကို ဆောင်ရင်း မျက်နှာချင်းဆိုင် လှဲနေရစေကာမူ သူကား မအိပ်ချင်သေး၊ ကိုယ်နွေးနေသော ကလေးကို စိတ်မချသည့်ကတစ်ကြောင်း၊ ညနေက ဖြစ်ရေးကိုလည်း ခေါင်းအေးအေးထားပြီး တွေးချင်သေး၏။ သို့နှင့် မြမြတင်လည်း ကိုလှပို အိပ်ပျော်သွားသလောက် အရှိတွင် ငေါက်ခနဲ ထ,ထိုင်လိုက်၏။

“အင်း… တစ်နေ့လုံး မောလာသတဲ့… ဖားလာသတဲ့ ဟို ပုံပန်းပျက်လာတဲ့ တစ်ယောက်ကလည်း ဒီနေ့မှ ပင်ပန်းလာလို့ ဆိုပြီး အစောကြီး ဝင်အိပ်တယ်… ဟင်း ဘာတွေ ဘယ်လို ပင်ပန်းပြီး ဘယ်လိုများ မောလာကြတယ် မသိဘူး”

မြမြတင်သည် သူ့ဘက်သို့ စောင်း၍ ခွေခွေကလေး အိပ်မောကျနေသော ကိုလှပိုအား ကြည့်ရင်း ဤသို့လျှင် စိတ်ထဲမှ ရေရွတ်လိုက်၏။

ညနေဘက်က ကိုလှပို ပြန်ရောက်လာစဉ်… ဒီနေ့တော့ အတော့်ကို မောသွားတာပဲ”ဟု မြမြတင်အား နှုတ်ခွန်းဆက်ရင်း ပြောလိုက်ရာ၌ မည်သည့်အလုပ်များကို အဘယ်ကဲ့သို့ လုံးပမ်းခဲ့ရသည်ဟူသော အကြောင်းပြချက်မပါ၊ မြမြတင်ကလည်း မမေးလိုက်မိ၊ ထွက်သွားစ,က ကျော့နေအောင် အလှချယ်သွားပြီး အပြန်တွင်မူ… ရစရာမရှိအောင် ပုံပန်းပျက်လာသူ မနုကြည်အားကြည့်ရင်း ထူထူပူပူ ဖြစ်နေရသည်နှင့်ပင် ကိုလှပိုတို့ ဘာတွေလုပ်၍ မောလာသည်ကို မေးရန် သတိမရခဲ့၊ ယခုမှ တမျှော်တခေါ် တွေးရင်း မြမြတင် စိတ်လေးနေတော့၏။

www.burmeseclassic.com

သို့…စိတ်လေး၍ မအေးနိုင်…ပူနေရသည်မှာ ခါတိုင်းနေ့များကဲ့သို့ မဟုတ်ဘဲ၊ သဲလွန်စ,ပင် ရနေပြီ ဖြစ်သောကြောင့် ကိုလှပိုနှင့် မနုကြည်တို့ အဘယ်သို့ထိအောင် ခရီးရောက်ခဲ့ကြသည်ကို သက်ာရန့် မကင်းသော စနီးသည်တစ်ယောက်အနေဖြင့်တွေးရင်း… ခံစားနေရသော တစ်မျိုးဝေဒနာမှာ မြမြတင်အဖို့ မကြုံဘူးအောင် ထုထောင်းနှိပ်စက်သလို ရှိနေတော့၏။

"နှစ်ယောက်စလုံးကပဲ မောလာကြသတဲ့… အိပ်ကြတော့လည်း ပြိုင်တူ အစောကြီး အင်း… ဟုတ်မှာပါပဲ"

သို့တွေးရင်းကပင်… မနုကြည်တွင် ရှို့ယွင်းလာသော နှုတ်ခမ်းနီ၊ ပေါင်ဒါနှင့် ဖွါရရာကြိုလာသည့် ဖရိုဖရဲ ဆံပင်ကိုပါ အကွင်းသား မြင်ယောင်လာ၏။ ဤတွင် မြမြတင် ကြို့ကြို့မခိုင်နိုင်၊ လျှပ်တပြက်အတွင်းဆိုသလို… မျက်ရည်တွေ အိုင်လာ၏။ ဘာရည်ရွယ်ချက်နှင့် ဟူ၍မသိ၊ ရုတ်တရက် ထိုင်ရာမှ ထ,လိုက်ကာ အခန်းထောင့်ရှိ ဗီရိုအနီးသို့ သွက်သွက်ကလေး လှမ်းထွက်သွား၏။

တန်းကလေးတစ်ခုတွင် စန့်စန့်ရန့်ရန့် ဖြန့်တင်ထားသော ကိုလှပို၏ ရှပ်အင်္ကျီကို မျက်နှာအနီးသို့ စုကပ်၍ ဂရုတစိုက် အနံ့ခံကြည့်နေ၏။ ကျေနပ်သလောက် ရှိသွားမှ နံရံဘက်သို့ ရွေ့ကာ ကော်ချိပ်တွင် စွပ်၍ ချိတ်ထားသော သက္ကလပ်တိုက်ပုံအင်္ကျီကို ထိုနည်းတူ အနံ့ခံနေပြန်၏။

နှာခေါင်းနှင့်အင်္ကျီ သီကရီ ထိလိုက်သည်ဆိုလျှင်ပင် သီသီသာသာ ပေါင်ဒါနံ့ထွက်လာ၏။ မြမြတင်တွင်လည်း စောစောကထက် သွက်လာကာ အင်္ကျီတစ်ထည်လုံး ရစရာမရှိအောင် နမ်းရှုကြည့်နေမိ၏။

သံသယဖြစ်ဖွယ်ရာမလို၊ ထိုအနံ့သည် မြမြတင် သုံးလေ့ရှိသော စန်းပွင့်ပေါင်ဒါနံ့မဟုတ်၊ မနုကြည် မက်စ္စဖက်တာနံ့





ဖြစ်သည်ကို မြမြတင်သည် ခိုင်ခိုင်လုံလုံ သိ၏။ မချိတရိနှင့် ရင်ကလေးဖိုသွားကာ အသံထွက်၍ မငိုမိရန်ပင် မနည်းကြီး ထိန်းထားလိုက်ရရှာ၏။

အမှုပေါ်ရန်အကွက်မှာ သက်သေ တစ်ဝက်မျှ ရထားသလောက် ဖြောင့်ဖြောင့်ကြီး ရှင်းနေပေပြီ။ သို့တိုင်အောင် ခိုင်လုံသည်ထက် ခိုင်လုံစေရန် မြမြတင်သည် အပြည့်မျက်ရည်ဖြင့် မှန်တင်ခုံကလေးဆီသို့ လျှောက်လာပြီး စားပွဲတင်အုပ်ဆောင်း ခုတ်မီးကလေးကို ဖွင့်လိုက်၏။ လက်ကိုင်ပုဝါကို ဖြန့်၍ နှံ့နှံ့စပ်စပ်ကြည့်လိုက်၏။

ယခုမှပင် ကြွက်နှင့်ဆင် အမြင်၌ မမှားနိုင်သလို ထူးထူးခြားခြား အဖြေပေါ်လာပြီ ဖြစ်၏။ ဖွေးဖွေးဖြူနေသော ကိုလှပို၏ လက်ကိုင်ပုဝါတွင် မနုကြည် အမြဲသုံးသော မက်စ္စဖက်တာနံ့သာရောင်၊ ထိုတစ်စ ဤတစ်စ ပေကြံနေသည်သာ မကသေးဘဲ ပန်းနုရောင် နှုတ်ခမ်းဆိုးဆေးများသည်လည်း ထိုတစ်စက် ဤတစ်စက်ဖြင့် ကွက်ပေနေသည်ကို တွေ့ရ၏။

မြမြတင်ခမျာ… မူးခနဲ မိုက်သွားရှာ၏။ ယိုင်လည်း မသွားအောင်ပင် ကုလားထိုင်ကို ကိုင်ဆွဲထားလိုက်ရရှာ၏။ အသားတွေလည်း တဆတ်ဆတ်တုန်ကာ တစ်ကိုယ်လုံး ထုံထုံကျင်ကျင်နှင့် ကတုန်ကရင်ကြီး ငိုင်နေမိရာမှ မြမြတင်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ နောက်…ရုတ်တရက် ချာခနဲ လှည့်ထွက်လာကာ ခုတင်ဆီးတွင် ကပ်၍ ဆတ်ခနဲ ရပ်လိုက်၏။

နှုတ်ခမ်းကလေး နှစ်လွှာသည် ပုစွန်စိပ်ခုန်သလို တဆတ်ဆတ် တုန်နေ၏။ တစ်ရုံတစ်ရာကို အသံပြုရင်း ကိုလှပိုအား လှုပ်၍ပင် နှိုးလိုက်တော့မလို ဟန်တပြင်ပြင် ရှိနေရာမှ…တစ်ချို့ စိတ်လျှော့လိုက်သလို သက်ပြင်းကလေး ချနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်...နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ကိုလှပိုအား တွေစိုက်ကြည့်နေပြီးမှ မြမြတင်သည် တစ်စုံတစ်ရာကို အတိအကျ ဆုံးဖြတ်လိုက်ဟန် အမူအရာကလေး အတန် ပြောင်းသွား၏။ ချက်ခြင်းပင် ကိုလှပို၏ အင်္ကျီချိတ်ထားရာဆီသို့ လျှောက်သွားကာ နေထားမပျက် လက်ကိုင်ပုဝါကို ပြန်ထည့်ထားလိုက်၏။

ဒိန်းဒလိန်းနတ် ဖမ်းသည်ဟူသော စကားကို မြမြတင်သည် ယခင်က စကားအဖြစ်သာ ကြားဖူးခဲ့၏။ ယခုသော်မူကိုယ်တိုင် ကိုယ်ကျ နဖူးတွေ့ ဒူးတွေ့ မမှော်ပြော်သွားမတတ် ရင်တလှပ်လှပ်နှင့် ခံစားနေရရှာ၏။

ခုတင်ပေါ်တွင် ပြန်ထိုင်ရင်း မြမြတင်သည် တဖြိုင်ဖြိုင်ကျ နေသော မျက်ရည်ကို သုတ်နေရသည်မှာ မနိုင်နိုင်အောင် ရှိနေတော့၏။ လင်ကို မြတ်နိုးလှသော ချစ်ဇနီးတစ်ယောက်အနေဖြင့်တွက် သော်...ခံစားရချက်သည် မသက်သာလှ၊ ငယ်လည်း ငယ်ကြသေး လျက်၊ အိမ်ထောင်သက်တမ်းသည်လည်း လက်လှမ်း မိနိုင်သေး သလောက်...တိုတောင်းပြီး ချစ်၍လည်း ကောင်းစ, ကြင်နာ၍ လည်း မဝ,နိုင်သေးသည့် ဤလို အချိန်စကောစကတွင်မှ ဖြစ်ရပ် ကြုံလာသော အခင်းမှာ မြမြတင်မို့ပင် တင်း၍ ခံနိုင်နေ၏။

သတိသမ္ပဇဉ်ကို အသိဉာဏ်နှင့် မလွှင့်ပါးအောင် ထိန်းထား ရာမှပင် တစ်ခါတစ်ခါ ကိုလှပိုအား ဆွဲထူ၍ ကြူကြူပါအောင် ငိုမေးရင်း... ထိုပြဿနာကို ရှင်းလိုက်မည် ကြံသည်မှာလည်း သုံးကြိမ်ထက် မနည်းတော့ပေ။ အတွေးနှင့် မျက်ရည်၊ မျက်ရည်ဖြင့် အတွေး၊ လုံးထွေးပွေလိမ်ခဲ့သည်မှာ အချိန်ဗင် အတော်ကလေး ညဥ့်နက်၍ ၂-ချက်ပင် တီးတော့မည်။ မြမြတင် ပွေနေသော အမှုအတွက် အဖြေဟူ၍ တစ်ခုတစ်ကွက်မျှ တွေးမရသေး။

၃-နာရီထိုး၍ မိနစ်အနည်းငယ်ပင် လွန်ခဲ့လေပြီ။ မြမြတင် ကား ယခုထိ မအိပ်သေး။ ငေး၍ တွေးပြီး ဆွေးဆဲပင် ရှိနေသေး၏။ ဤတစ်ကြိမ်တွင်မူ အဘယ်ပုံ စိတ်ကူးပေါက်လာသည် မသိ၊ ကိုလှပိုဘက်သို့ မျက်နှာမူရင်း ခပ်စောင်းစောင်းကလေး ခွေနေရာမှ-ဆတ်ခနဲ ထ,ထိုင်လိုက်၏။ ကိုလှပို၏ လက်မောင်းအိုး တစ်ဘက်ကိုလည်း ရုတ်တရက် ဆုပ်ကိုင်လိုက်ပြန်သောကြောင့် ကိုလှပိုလည်း အလူးအလဲ ထ,ထိုင်မိရာမှ...

"ဘာလဲမြ... ဟင်၊ မြ ဘာဖြစ်သလဲ..."

ကိုလှပိုသည် ပြူးပြူးပျာပျာနှင့် မြမြတင်အား လှမ်းဖက် ရင်း သွက်သွက်ကလေး မေးလိုက်၏။ မြမြတင်က ရုတ်တရက်မဖြေ၊ ကိုလှပိုအား တွေတွေကလေး စိုက်ကြည့်နေသောကြောင့် ကိုလှပို တွင်လည်း အထိတ်တလန့် အံ့အားသင့်သွားတော့၏။

ထွန်းထားသည်မှာ ကလေးအတွက် အသေးစား မီးပွင့် ကလေးမျှ ဖြစ်သောကြောင့်...တစ်ယောက်မျက်နှာကို တစ်ယောက် သဲကွဲစွာ မမြင်ရ-

သို့လျှင် ကိုလှပို ကမန်းကတန်းထ,၍ ဓာတ်မီးချောင်း တစ်ပွင့်ကို လှစ်ခနဲ ဖွင့်လိုက်၏။

"ဟင်... မြ ငိုနေတယ်၊ ဘာဖြစ်လို့လဲ ပြောစမ်း... ကိုပို့ကို ပြောစမ်း"ဟု ကိုလှပိုက ခပ်သုတ်သုတ်နှင့် ပခုံးကလေး ကိုင်လှုပ်ရင်း မေးနေသည်တိုင်အောင် မြမြတင် မဖြေ၊ တစ်စုံတစ်ခုကို အလုအယက် စဥ်းစားနေဟန်တူ၏။

"ဒီနေ့တစ်နေ့လုံး ကိုပိုတို့ ဘယ်သွားကြသလဲ၊ မှန်မှန် ပြော... မြကို မလိမ်နဲ့"

ပြောချင်၊ မေးချင်သည်မှာ ဤအတိုင်း ဖြစ်၏။ သို့သော် ထိုသဘော သက်ရောက်သည့် စကားဆို၍ တစ်လုံးတစ်လေသော်မျှ ထွက်မလာဘဲ...

www.burmeseclassic.com

"ကလေးကို နည်းနည်း စမ်းကြည့်ပါ ကိုပို"ဟု မြမြတင်က အသံတုန်ကလေးနှင့် ပြောလိုက်သောကြောင့် ကိုလှပိုတွင် ဖိုခနဲ ထိတ်သွားရာမှ အုပ်ထားသော စာပါးကလေးကို လှပ်၍ ဆိုးဆိုး ဆတ်ဆတ် ကလေးကို စမ်းလိုက်၏။

"ဘာမှ မဖြစ်ပါလား မြရဲ့၊ ချွေးကလေးတောင် စို့နေတာပဲ၊ မြက ကိုယ်ပူတယ် ထင်လို့လား"

"အင်း... စောစောကတော့ ပူသလိုလို ရှိတာနဲ့ မြ... သိပ်စိတ်ညစ်သွားတာပဲ၊ ငိုတောင် ငိုနေမိတယ်..."

"သြော်... လက်စသတ်တော့၊ ဒါကြောင့် မြ ငိုနေတာကိုး၊ ကိုပိုဖြင့် ထိတ်သွားတာပဲ မြရယ်..."

"ဟုတ်တယ်၊ မြဖြင့် စမ်းရလွန်းလို့ ပူသလား အေးသလား တောင် မခွဲခြားတတ်တော့တာနဲ့ ကိုပို့ကို နှိုးမိတာပါ"

ဤစကား လုံးဝမမှန်၊ ကိုလှပိုအား နှိုးရသည့်အကြောင်းရင်း အမှန်မှာ လက်ကိုင်ပုဝါနှင့် နှုတ်ခမ်းနီပေါင်ဒါတည်းဟူသော ထိုထိုမသင်္ကာဖွယ် ပြဿနာအရေးကို ခပ်ရှင်းရှင်းပင် မေးလိုက်ရန်ဖြစ်၏။

ယခုသော် သူမမေးရက်ပြန်သည်နှင့် သင့်သလို စကားလွှဲပစ်လိုက်၏။

"ချစ်သူရှမောင် လင့်အတွက်တော့... အသက်ပင် သေသော် သေစေ၊ အနစ်နာခံမယ်–မေ..."ဟူသော တေးသွားသကဲ့သို့ပင် မြမြတင်သည် ကိုလှပိုအပေါ်၌ သဘောထားလိုက်ပြီလော မပြောတတ်တော့ပေ။

"ဟင်... သုံးနာရီတောင် ထိုးပြီးနေပါပကော... ဘယ်လိုလဲ ခုထိ မြ တစ်ရေးမှ မအိပ်ရသေးဘူးလား"

"ဟင့်အင်း ကိုပို... ကလေးကို စိတ်မချတာနဲ့"



"အို..."

ထို "အို"သံသည် သာမန် ဝတ္ထုရေးကျော်(ဝါ) အပြောအဆို အနေဖြင့် အဆင်ပြေရုံ ရေးရှတ်လိုက်သော "အို"သံမျိုးမဟုတ်၊ သည်းဖိုအူလှိုက် စိတ်ထဲတွင် နိုက်သွားအောင် ခံစားလိုက်ရသူတို့၏ ပါးစပ်မှ ပေါ်ထွက်လာတတ်သော [illegible]မှ အပြည့်ပါသည့် အာမေဍိတ်သံဖြစ်သည်ကို မြမြတင်လည်း သတိထားမိလိုက်၏။

"ကဲ... ဒါဖြင့်... မြ အိပ်တော့၊ ကိုပို တစ်လှည့် စောင့်ဦးမယ် ဟုတ်လား"

"ဟင့်အင်း... မြက အစိုးရိမ်လွန်ပြီး နှိုးမိတာ... ကိုပိုပဲ အိပ်တော့ မနက်လည်း သွားစရာတွေ ရှိသေးတယ် မဟုတ်လား... မြက အရေးမကြီးဘူး"

"ဘယ့်နှယ့် အရေးမကြီးရမှာလဲ၊ သားသည်မအေဆိုတာ အစားတင် မဟုတ်ဘူး၊ အအိပ်လည်း အရေးကြီးတာပဲတဲ့၊ ကိုပို့ အဒေါ်ပြောတာတောင် ခုထိ မှတ်မိနေသေးတယ်၊ (ဟဲ့... လှပို ညီမလေးကို ခဏကြည့်ထားစမ်း၊ နို့ကလေး နည်းနည်း ပြည့်သွားအောင် ဒေါ်ဒေါ် တစ်ရေးအိပ်လိုက်ဦးမယ်)တဲ့၊ ကဲ... မြသာ စိတ်ချလက်ချအိပ်၊ ကိုပို ဒီလောက် အိပ်ရပြီဟာ ဝ,ပါတယ် မြရဲ့"

"ဟင့်အင်း... ကိုပိုအိပ်"

"ကဲ... ဒါဖြင့် ကိုပိုလည်း လှဲနေမယ်၊ မြပါ လှဲနေ၊ ပြီးတော့ မျက်နှာချင်းဆိုင်ပြီး ရည်းစားစကား ပြောရအောင်နော်"

ပြောပြောဆိုဆိုပင် မြမြတင်အား အသာဆွဲ၍ လှဲပေးလိုက်ရင်း ကိုလှပိုပါ ရောနှော အိပ်ချလိုက်သည်၌ မြမြတင်တွင် စောစောက ဖြစ်အင်တွေပင် မေ့ပျောက်သွားတော့မလို ကြည်နူး တရေး ပိုနေပြန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

"အင်း… မိန်းမ…မိန်းမ ဘယ်လိုဘက်ကနေပြီးတော့ တွေးတွေး–မိန်းမတွေလောက် သနားဖို့ ကောင်းတာ မိန်းမတွေပဲ ရှိတယ်… နော်… မြ"

မြမြတင်တွင် ကိုလှပိုက ဘာကို ဆိုလိုမှန်း မသိသေးသောကြောင့် ရုတ်တရက် ကြောင်သွား၏။

"ဘာလဲ ကိုပို…ဘယ်က မိန်းမတွေများ တွေးပြီး သနားနေတာလဲ… ဟင်"

"ဘယ်မိန်းမရယ် မဟုတ်ပါဘူးမြ…မိန်းမဆိုရင်အားလုံး သနားစရာတွေချည့်ပဲ…ဟိုတစ်ခါ ကိုပိုပြောဘူးပါရောလား ဖို့မဒီမိုကရေစီဆိုတာလေ…အဲဒီအတိုင်းပဲ ရှေးပညာရှိဆိုတဲ့ ယောကျ်ားတွေ လုပ်သွားတဲ့ အစဉ်အလာ ထုံးတမ်းအရရော–လက်ရှိခေတ်ရဲ့ စည်းကမ်းအရပါ မိန်းမတွေ အဘက်ဘက်က အခွင့်အရေး ဆုံးရှုံးနေတာကို ကိုပို တွေးမိလို့ပါ…"

ထိုစကားအသွားလာသည် သူ့ဘက်သို့ ကောင်းကွက်ကလေး လည့်လာလိမ့်မည်လား ဟူသော မျှော်လင့်ချက်ဖြင့် မြမြတင် အပြုံးမပျက် နားစွင့်နေရှာ၏။

"မြ–စဉ်းစားကြည့်စမ်း အိမ်ထောင်သည် မိန်းမတွေဟာ… ဘယ်လောက်သနားဖို့ ကောင်းသလဲဟင်…အထူးသဖြင့် သားသည်မအေတွေဟာ သနားစရာ အကောင်းဆုံးပဲ…ဝေးဝေးက ဥပမာပြစရာ မလိုဘူး မြကိုပဲ နမူနာထားပြီး ကိုပိုပြောမယ် ဟုတ်လား"

"အင်း… ပြောပါဦး"

မြမြတင်လည်း သူမျှော်လင့်သည့် အတိုင်းပင် ကိုလှပို၏ သနားမှုသည် သူ့ဘက်သို့ လည့်လာပြီ ဖြစ်သောကြောင့် မျက်နှာကလေး သိသိသာသာ ကြည်လာ၏။

"ခုကြည့်… မြဟာ သားသည်မအေ ဖြစ်နေပြီ… နော် အေး အဲသလို သားသည်မအေ ဘဝ မရောက်ခင် ကိုယ်ဝန်စ,ပြီး



လွယ်ရတဲ့ အချိန်က… မွေးဖွားတဲ့ နေ့အထိ ကိုးလ, ဆယ်လ အတောအတွင်းမှာ ဘယ်လောက် ဒုက္ခများခဲ့သလဲ… ဟင်၊ ဟိုဟာရှောင်… ဒီဟာရှောင်ရ၊ စားချင်တာ မစားရ၊ သွားချင်ရာ မသွားရ၊ ယုတ်စွအဆုံး ညောင်းတယ်ရယ်လို့ အပျင်းကလေးမှ လိမ်ချင်လို့ မလိမ်ရဘူး မဟုတ်လား"

"ဒါပေါ့ ကိုပို…ကိုယ်ဝန်နဲ့ ဆိုတော့…အညောင်းဆန့်လား ခါးလိမ်လားလုပ်ရင် ထိခိုက်တတ်တယ် ဆိုတာကို…"

"ကဲ… ဘယ်မှာ စိမ်ရှိတဲ့ အကွက်တစ်ကွက်ပါသလဲ… ပြီး မီးဖွားတော့လည်း အသက်ဆံဖျားစွန့်စားရတယ်… မီးဖွားပြီးတော့ကော… သက်သာသလားဆိုတော့ ပိုလို့တောင် ဆိုးလာသေးတယ်…အချိန့်ရှိသလောက်ကလေးကိုပဲ အရိပ်တကြည့်ကြည့်နဲ့ … သေးစိုတာ အကြာကြီးနေမှ သိရင် ကလေးဗိုက်နာမယ်… အအေးမိမယ်၊ ချီးပါလည်း ချက်ချင်းသိ၊ ချက်ခြင်း အနီးလဲပေးမှ နို့မို့ရင် ဖင်ဝမှာ အပူလောင်တတ်တယ်၊ အဲဒီတော့ ခဏခဏ ကလေးကိုပဲ စမ်းနေရတယ်"

မြမြတင်တွင် စိတ်သက်သာရာ ရသွားပြီး ဖြစ်၍လောမသိ၊ မျက်လုံးကလေး အစင်းသားနှင့်ပင် နားစွင့်လျက် ရှိ၏။

"နောက် ကလေးကို မှန်မှန် နို့တိုက်ရတယ်ဆိုတာလည်း နည်းတဲ့ တာဝန်မဟုတ်ဘူး၊ ကိုပို အမှတ်တမဲ့ နေတယ် မထင်နဲ့၊ ကလေးက သူ့မျက်နှာသူ ပွတ်ရင်း မျက်လုံးကို ကုတ်မိမှာစိုးလို့ ဆိုပြီး မြ ကလေး လက်သည်းကလေးတွေ ညှပ်ပေးတာ အချောသတ်ပေးတာကအစ ကိုပို ဂရုစိုက်ကြည့်နေခဲ့တယ်… သိလား၊ ပြီး… ကလေးကို ရေချိုးပေးတာကလည်း လွယ်တာမဟုတ်ဘူး ရေပူနဲ့ ရေအေးနဲ့ စပ်ရတာတစ်မျိုး၊ အချိန်ကို ဂရုစိုက်ရ၊

www.burmeseclassic.com

www.burmeseclassic.com

ကလေးရဲ့ ကျန်းမာရေးဟာ ရေချိုးသင့်အောင် ကောင်း,မကောင်း ဆိုတာ တွေကလည်း...အင်း”

ကိုလှပိုလည်း ဤသို့-အင်း... ရှည်ကြီးဖြင့် ညည်းရင်း မြမြတင်အား တွေကြည့်နေပြီးမှ...

“ပြောတော့သာ ကလေးတစ်ယောက် တာဝန်တွေကတော့ နည်းနည်းနောနော မဟုတ်ဘူး...နော်၊ ကိုင်း... ဒါကို ထားဦး၊ မမွေးခင်က ဟိုဟာမတည့်ဘူး၊ ဒီဟာမတည့်လို့နဲ့ အစားရှောင်ခဲ့ရပြီး မွေးပြီးတော့ကော စားချင်တာ စားရသလား၊ မိခင်ဖြစ်သူ အစား မဆင်ခြင်တာနဲ့အမျှ... ကလေးဒုက္ခရောက်မယ်ဆိုပြီး အမြဲထည်နဲ့ပဲ ပြီးနေရတယ်၊ ချဉ်ချဉ်စပ်စပ် ကလေးဆိုတာတော့ ကလေးနို့မပြတ်မခြင်း ယောင်လို့တောင် မကိုင်ရဘူး ဟင်...”

မြမြတင်တွင် လောလောဆယ်၌ စိတ်အေးချမ်းသာ ရှိလာသည်နှင့်အမျှ သိသိသာသာ အိပ်ချင်နေပြီ ဖြစ်၏။ ချစ်လင်၏ စကားဆုံးဟန်မတူသေးသောကြောင့်သာ အပြုံးနှင့် နားစွင့်နေမိ၏။

“ကိုင်း... တစ်နေ့လုံး ကလေး ဝေယျာဝစ္စနဲ့ပဲ ပင်ပန်းပြီး အချိန်ကုန်ခဲ့ရသကောရယ်လို့ ညကျတော့ကော...အိပ်ကောင်းခြင်း အိပ်ရသလား၊ ကလေး(၁ အဲ့... ဆိုတာနဲ့ ထ,ထိုင်ရပြီ၊ နှစ်နှစ် ခြိုက်ခြိုက် ကလေး အိပ်ပျော်နေတယ်ပဲထားဦး၊ သေးစိုမလား၊ ချီးယိုမလား ဆိုတဲ့ စိတ်က... တထင့်ထင့်နဲ့မို့ ထင်ပါရဲ့၊ နာရီဝက် တစ်ခါလောက် ဆိုသလို မြ ကလေးကို ထ,ထ စမ်းတာ တွေ့ရတယ်... ဟုတ်တယ်... မဟုတ်လား... မြ ဟင်”

မြမြတင်က ဆတ်ခနဲ ခေါင်းကလေးညိတ်ပြလိုက်၏။

“အင်း... စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ... ဒါတောင် ကလေးကျန်းကျန်းမာမာ အခါမျိုးမို့ ဒီလောက်ရယ်၊ နာဖျားမကျန်း ဖြစ်တဲ့အခါဆို ပြီးရော-ပြီးရော၊ ကိုပိုတို့ အဒေါ်ဟာ ကလေးလန့်လန့်ပြီး တက်တဲ့ရောဂါဖြစ်လို့ ငါးရက်လုံးလုံး ငုတ်တုတ်မိုးလင်းတာ တွေ့ခဲ့ရဖူးတယ်၊ ဘယ်လောက် ကြီးမားတဲ့ ဝတ္တရားလဲလို့... ဟင်”

ကိုလှပိုလည်း စကားကို ခေတ္တနားလိုက်ပြီးမှ တစ်ဖန် ဆက်ပြန်ကာ...

“ဟဖ်း... လင့်ဝတ်ငါးပါး၊ မယားဝတ် ငါးပါးဆိုတော့ အမှတ်တမဲ့ နေတတ်တဲ့ လူတွေကတော့ ညီမျှတယ်လို့ ထင်မှာပဲ၊ ကိုပို့ အယူအဆနဲ့ဆိုရင့် မိန်းမတွေ ကိုယ်ဝန်လွယ်ရတဲ့ အချိန်က စပြီး မွေးလို့ ဖွားလို့ ကလေးကို လက်လွှတ်လို့ရတဲ့ အရွယ်အထိ ခံစားခဲ့ရတဲ့ ဒုက္ခ၊ ပြုစုခဲ့ရတဲ့ တာဝန် ဒီတစ်ခုထဲနဲ့တင် လင့်ဝတ်ငါးပါးလောက် ညီမျှနေပြီလို့ ကိုပို ဆိုချင်တယ်”

“နေပါဦး ကိုပိုဟာ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ပြောနေတဲ့ စကားတွေကတော့ လျှော့ဈေးကျနေပါပကောလား... ဟင်”

“ဘာလဲ... ဟိုစည်းကမ်း ဒီအစဉ်အလာဆိုတဲ့ တာဆိုတွေ ထုံးတမ်းတွေနဲ့ ယောကျ်ားတွေက မိန်းမတွေကို ဈေးနှိမ်ထားတာ တော့ မြတို့ မမြင်ဘူး၊ ဒါကြောင့်... မိန်းမတွေ ဒီလိုအခွင့်အရေး ဆုံးရှုံးနေတာ သိရဲ့လား၊ တစ်ချို့ ယောကျ်ားတွေ ရှိသေးတယ်၊ တစ်ခြား မကြည့်နဲ့၊ ကိုပိုတို့ အရင်အိမ်နားက ကိုအေးလှိုင်ဆိုတဲ့ လူ တစ်ခါတစ်လေ သူ့မိန်းမက...”

(ရှင့်နှယ်... နေတတ်လိုက်တာ ကိုအေးလှိုင်ရယ်၊ အမြင် မတော်လည်း တံမြက်စည်းလေး တစ်ချက်လောက်ဖြစ်ဖြစ် လှဲလိုက်ရောပေါ့ ကြည့်စမ်းပါဦး တစ်အိမ်လုံး ဖုန်ချည့်ပဲ)လို့ ပြောတဲ့အခါ...

(ဟော့...တံမြက်စည်းလှဲတာ ယောကျ်ားအလုပ် မဟုတ်ဘူး ကွ)တဲ့...

www.burmeseclassic.com

"ကဲ… အဲဒါ–မိန်းမနဲ့ ဆိုင်တဲ့အလုပ်၊ ယောကျ်ားနဲ့ ဆိုင်တဲ့ အလုပ်ဆိုတဲ့ စည်းကမ်းတွေကို ရှိသေလိုက်နာပြီး ပြောလိုက်တာလို့ ထင်သလား…မြ…ဟင်၊ မထင်နဲ့ သက်သက် ရေသာခိုတာ မြရဲ့၊ အဲဒီ ကိုအေးလှိုင်ကိုယ်တိုင်ကတော့ မယားလုပ်သူ ပန်းရောင်းကျွေးတာကို ထိုင်စားနေတယ်… ဒါကျတော့"

(မယားလုပ်စာ ထိုင်စားနေတာဟာ ယောကျ်ားအလုပ် မဟုတ်ဘူးကွ… ယောကျ်ားအင်္ဂါနဲ့ မညီညွတ်ဘူးကွ)လို့…

"ဘယ်တုန်းကမှ မပြောဘူး၊ မှိန်းပြီး တုတ်နေတာပဲ၊ တောက်…ပြောရတာ မကောင်းပါဘူး…မြ…ရယ်၊ ယောကျ်ား ဆိုတဲ့ သတ္တဝါတွေဟာ များသောအားဖြင့် မရှေးခင်မှာတော့ မေ့အတွက်ဆိုရင် အသက်တောင်စွန့်ဖို့ အသင့်ပါပဲလို့ ဧရာမ ကတိသစ္စာတွေ ပြုတတ်သလောက် ရပြီးတဲ့ ဒီဘက်ကျရင် အသက်စွန့်ရတဲ့ အလုပ်ဆိုတာ ဖယ်ထား၊ ခြော်…ငါ့မယားလေး ဒီတစ်ကွက်မှာ သက်သာသွားလည်း မနည်းဘူး…ဆိုတဲ့ အကူအညီ သဘောမျိုးနဲ့တောင် တံမြက်စည်းကလေး တစ်ချက် ဝင်မလှဲချင်ကြဘူး"

မကျေနပ်ချက်တစ်ခုကို လှုထုအား တင်ပြဟောပြောနေသော နိုင်ငံရေးသမားတစ်ယောက်၏ ဇောမျိုး ဝင်၍လားမသိ၊ သူ့တွင် မမောနိုင် ရှိနေသေး၏။

"ဒါကိုထားဦး၊ အချို့ ဒီထက် မိုက်တွင်းနက်တဲ့ ယောကျ်ား တွေ ရှိသေးတယ် သားမယားဖြစ်သူက ခဏခဏ မီးဖွားရတဲ့ ဒုက္ခကို ကြောက်ပြီး နည်းနည်းလေးများ ညည်းညူမိရင်–

(မိန်းမဆိုတာ လင်ယူရင် သားမွေးရမှာပဲကွ၊ ဒါ– အဆန်းမဟုတ်ဘူး)တဲ့…

"ကဲ… တစ်ချို့ ယောကျ်ားတွေ အဲသလိုပဲ ခပ်ပေါ့ပေါ့ ပြောတတ်ကြတယ်၊ မိန်းမတစ်ယောက် မီးဖွားရတာဟာ ဘုံဟို



မကောင်းတဲ့မိန်းမအိမ် သွားသလိုပဲ လွယ်တယ် ထင်နေကြသလား မပြောတတ်ဘူး တို့…"

ဤတွင် မေးနေသော မြမြတင်၏ မျက်လုံးကလေးများပင် ရုတ်တရက် ကျယ်လာသည်အထိ သဘောကျနေတော့၏။

"တကယ်ပဲ မြရယ်–ကိုပို သိပ်အသည်းယားတာပဲ၊ မိန်းမ တွေအပေါ်မှာ နိုင်လိုမင်းထက် ချုပ်ချယ်ထားတဲ့ အစဉ်အလာ စည်းကမ်းတွေသာ လျှောက်ပြောရရင် ဆုံးမှာ မဟုတ်တော့ဘူး၊ ယောကျ်ားတွေအဖို့တော့ အရွယ်ရောက်တဲ့အခါက စပြီး… အိမ်ထောင်ပြုတဲ့နေ့အထိ ဒီအတောအတွင်းမှာ မကောင်းတဲ့မိန်းမအိမ် မသွားရဘူး၊ ရည်းစားဘယ်နှစ်ယောက် မထားရဘူးဆိုတဲ့ စည်းကမ်း သဘောမျိုး ဘယ်သူကမှ စာမချုပ်ခဲ့ဘူး… အလင်္ကာ၊ ကဗျာ မစပ်ခဲ့ဘူး…ဟဲ…ဟဲ မိန်းမတွေကိုတော့ ပျားရည်နဲ့ ဝမ်းချထားတယ် မိန်းမတို့အိမ်ခြေ ရွှေပေးလို့ မရတဲ့…"

မြမြတင်တွင် အသံကလေးများပင် ထွက်အောင် ရယ်နေပြီးမှ…

"နို…ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ဆိုတာ ကကော"

"အေး…အဲဒီစာချိုးက ဟိုတုန်းက မိန်းမထု သည်းမခံလို့ အုံကြွလာတဲ့အတွက် ပေါ်ထွက်ရလာတဲ့ စာချိုးကလေး ဖြစ်ချင် ဖြစ်မယ်၊ ဒါပေမယ့်… ခုနပြောသလို ရွှေပေးလို့ မရဆိုတဲ့ စကားလုံး လှလှကလေးနဲ့ ပြန်ထိန်းထားတာတော့ မြသဘော မပေါက်မိဘူး မဟုတ်လား၊ ဒီမှာ မိန်းမတွေ လိုက်နာဖို့ဆိုပြီး သတ်မှတ်ထားတဲ့ စည်းကမ်းတွေထဲမှာ များသောအားဖြင့် သုံးပုံ မှာ နှစ်ပုံက ယောကျ်ားတွေ အကျိုးရှိဖို့ချည့်ပဲသာမှတ်…"

"ဒီလောက်တော့လည်း မဟုတ်နိုင်ပါဘူး ထင်ပါရဲ့ ကိုပိုရယ်"

www.burmeseclassic.com



“ဩ... ခုန စာချိုးကို ပြန်တွေးပါလား... ရည်းစားတစ်ထောင်လင်ကောင်တစ်ယောက်တဲ့၊ အမှတ်တမဲ့တော့ ယောကျ်ားတွေက ကြီးမားလှစွာသော မဟာဂရုဏာ ဒလဟောနဲ့ လိုက်ရလျှာ ခွင့်ပြုသလို ထင်ရတယ်... မြစဉ်းစားကြည့်၊ အဓိပ္ပါယ် ရှင်းရှင်းကလေးရယ်၊ ရည်းစားတော့ တစ်ထောင်ပြည့်အောင် ထားချင်ထားပါ၊ လင်ကောင်တော့ တစ်ယောက်တည်း ဖြစ်ရမယ် ဒီလိုမဟုတ်လား၊ ကဲ... ကိုရွှေယောကျ်ားတွေအတွက်ကျတော့... ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့... ခင်ဗျ... ရည်းစားမဟုတ်ဘူး... မယား တစ်ထောင်ပြည့်အောင် ယူချင်လည်း ယူပါ၊ အစဉ်အလာက ခွင့်ပြုပါတယ်... ဆိုတဲ့ သဘောပဲ မဟုတ်လားကဲ... ဘယ်လောက် တစ်ကိုယ်ကောင်း တစ်ဖက်သတ် ကျသလဲလို့ ဟင်...”

“ကဲ... တော်ပါတော့၊ ဖို့မ ဒီမိုကရေစီ ဥက္ကဋ္ဌကြီးရယ်... နောက် တရားပွဲကျမှပဲ ဆက်ပြီး ဟောပါတော့ မြ လင်လေးမောလှပါပြီ”

သို့ပြောရင်း ဖက်လိုက်ပြီး ဖက်ရင်းကပင် မွေးနေသည်မှာ အဘယ်မျှ ကြာသွားသည်မသိ၊ အဲ... ခနဲ လွန့်လိုက်သော ကလေးငိုသံကြား၍ အလူးအလဲ ထထိုင်မိမှ မိုးလင်းနေပြီကို တွေ့ရတော့၏။

၈–နာရီပင် ထိုးလုနီးနေပြီ ဖြစ်သောကြောင့် အလုပ်ကိစ္စဖြင့် ကိုလှပိုတို့ ထွက်ကြလေပြီလောဟု ထိုထိုဤဤ စိတ်ကလေးဖြင့် တွေးတောနေမိပြီးမှ မြမြတင်၏ မျက်လုံးများသည် အခန်းထောင့်တစ်နေရာသို့ ရောက်သွားကာ ကိုလှပို၏ ရှပ်သက္ကလပ် အင်္ကျီများ နေသားတကျပင် ရှိနေသေးသည်ကို တွေ့လိုက်ရမှ “ဪ... သူတို့ မသွားကြသေးပဲကိုး”ဟု စိတ်ထဲမှ ရေရွတ်လိုက်မိ၏။



တစ်စိပ်တစ်ဒေသအားဖြင့်လည်း စိတ်ထဲတွင် သက်သာရာ ရသွားသည် ထင်ရ၏။

ထို့နောက် သုံးလေးမိနစ်အတွင်းမှာပင် ကိုလှပို ဝင်လာသည်ကို တွေ့ရပြီး လက်ထဲတွင် ဆုပ်ကိုင်လာသော အဝတ်စ‚ ကလေး တစ်စကို တန်းတစ်ခုတွင် လှမ်းတင်လိုက်သည်နှင့် မြမြတင်တွင် မျက်လုံးကလေး အဝိုင်းသား ငေးနေမိပြီးမှ...

“ဟင်... ဒီလက်ကိုင်ပုဝါက ဘာလုပ်တာလဲ ကိုပို...”ဟု မြမြတင်က အလန့်တကြား မေးလိုက်မိ၏။

“ဘာမှ မဖြစ်ပါဘူး၊ ကိုပို ရေချိုးရင်းနဲ့ တစ်လက်စတည်း လျှော်လိုက်တာပါ”

မြမြတင် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ဆို့သွားရာ၏။

“နို့... ဟို... စွပ်ကျယ်အင်္ကျီတော့ တစ်လက်စတည်း ဘာလို့ မလျှော်လိုက်သလဲ... ဟင်”

မြမြတင်လည်း တန်းပေါ်မှ စွပ်ကျယ်အင်္ကျီ အပေါင်းဆီသို့ မျက်လုံးရောက်သွားတာမှ သို့မေးလိုက်ချင်လှ၏။ သို့သော် မမေးဖြစ်ဤလို မေးမိလျှင်လည်း သူ့စကားသည် ထိန်း၍ ရတော့မည်မဟုတ်၊ ရှေ့ဆက်သည်နှင့်အမျှ သူတို့ဓာတ်ကွက်ကိုပါ ဖော်မိမည်ကို စိုးရိမ်သောကြောင့်လား မသိ။

“ဟင်... ဒီနေ့ တယ်ထူးပါလား ကိုပို ခါတိုင်းတော့ မြ လျှော်ရင်လျှော်၊ မလျှော်ဖြစ်ရင်... မမထွေးလျှော်”

“ဟုတ်တယ်လေ... ဒီနေ့တော့... လက်ကိုင်ပုဝါမှာ ကားစက်ဆီ နည်းနည်းပေသွားလို့ ဓာတ်ဆီနဲ့ ပွတ်ရင်း...”

“ဩ... ဩ–ကားစက်ဆီဆိုတာက နှုတ်ခမ်းနီအရောင်မျိုး ထင်ပါရဲ့ နော်...”

စကားသံအနေဖြင့် ထွက်မလာ၊ မြမြတင်သည် စိတ်ထဲမှ ကြိတ်၍ မေးလိုက်မိခြင်း ဖြစ်၏။ နောက်ထပ်၍ကား ဘာတစ်ခွန်းမျှ

www.burmeseclassic.com

www.burmeseclassic.com



မေးလားပြောလား မလုပ်တော့ပေ။ ကလေးကိုသာ ငုံ့ငေး၍ နို့တိုက်ရင်း တွေးနေ၏။

ခါတိုင်းဆိုလျှင် ကိုလှပိုတို့ အပြင်သွားကြမည်ကိုပင် စိုးရိမ်တပိုပို မလိုလားနိုင်ရှိခဲ့သော်လည်း... ယနေ့သော်... မြန်မြန်သွားကြပါစေတော့ဟူ၍ပင်၊ အလောသုံးဆယ် ဆုတောင်းနေမိရှာ၏။ အကြောင်းသော်ကား သူတို့မြန်မြန် အပြင်သွားမှ မြမြတင် တွေးခွင့်ရမည်၊ ဆွေးခွင့်ရမည်၊ ကျမျက်ရည် ယိုလိုကလည်း လွတ်လပ်စွာ ငိုနိုင်မည် ဖြစ်၏။

သူ တောင့်တသည့်အတိုင်းလည်း... နာရီဝက်လောက် အတွင်းမှာပင် ကိုလှပိုနှင့် မနုကြည်တို့ ကသီကရီ ထွက်သွားကြတော့၏။

ရှည်ရှည်ဝေးဝေး မြမြတင် အဖြေရှာ၍ တွေးနေစရာပင် မလိုတော့ပေ။ ကိုလှပို၏ လက်ကိုင်ပုဝါသည် မနုကြည်သုံးလေ့ရှိသော ပေါင်ဒါနံ့ရော အသွေးအရောင်ပါ ပေကျံခဲ့သည်သာမက နှုတ်ခမ်းနီ ဆိုးဆေးကလည်း စွန်းထေးလာခဲ့သေး၏။

ဤသည်တို့မှာ ရိုးရိုးတန်းတန်းဓင် မနုကြည်က ကိုလှပို၏ လက်ကိုင်ပုဝါကို ခေတ္တတောင်း၍ သူ့မျက်နှာကို ယူသုတ်ခဲ့သည်လည်း ဖြစ်နိုင်၏။ သို့ဆိုလျှင် ကိုလှပိုသည် အဘယ်သို့သော အကြောင်းကြောင့် သူ့လက်ကိုင်ပုဝါတွင် စက်ဆီယေ၍ သူ့ကိုယ်တိုင် လျှော်ဖွတ်ရခြင်း ဖြစ်သည်ဟု မုသားသုံး၍ ဗလုံးဗထွေး ပြောခဲ့ရသနည်း။

မြမြတင်လည်း ဤအတိုင်းတွေး၏။ မျက်ရည်အပြည့်နှင့်လည်း ဆွေးနေရှာ၏။ ပြေးပေါက်မတွေ့နိုင်လောက်အောင်ပင် ခိုင်ခိုင်လုံလုံ မိနေပြီ ဖြစ်ရာ မြမြတင် ဘာလုပ်ရမည်နည်း။

ယခု ပြဿနာမှာ ယခင်ကကဲ့သို့ သူတို့နှစ်ယောက်တည်း ခရီးထွက်သွားလာကြရာ၌ အကြည်ကလေးဆိုက်ပြီး စုံတွဲထိုင်ကြ



လေမည်လော...မြင်းကွယ်ရာတွင် ဘာတွေ ဖြစ်ကြမည်နည်းဟူ၍ မျှော်မှန်းရမ်းဆ တွေးခဲ့ရပြီး ယခုမူ ပြဿနာသည် ဤလိုပဟုတ်တော့ပေ။ မနုကြည်နှင့် ကိုလှပိုတို့ မလိုလားအပ်သောကိစ္စတွေ ဖြစ်ခဲ့ကြပြီဟု ခိုင်ခိုင်လုံလုံ ယုံကြည်နေပြီ ဖြစ်သည့်အတိုင်း အဘယ်ပုံ အဘယ်နည်းဖြင့် ရှေ့အဖို့ စခန်းသွားရမည်ကို တွေးတောစဉ်းစားရသည့် အခြေသို့ ရောက်လာ၏။

သို့... တွေးရင်း ဆွေးရင်းပင် မျက်ရည်နှင့် မျက်ခွက်ရက်တွေသာ ပြောင်းလာသည်။ အကြောင်းကား မခြားနား၊ အဖြေမှာလည်း..., စိုးတိုးဝါးတား အခြေတွင်သာ ရှိနေသေး၏။

ယင်းကဲ့သို့ လက်ကိုင်ပုဝါ ဇာတ်ကွက် ရှုပ်ရှက်ခတ်ခဲ့သည်၏ ဤမှာဘက်သို့ လေးငါးရက်လွန်လာသည်အထိ မြမြတင်တွင် လင်စိတ်ကြောင့် အအိပ်ရော၊ အစားပါ ပျက်ခဲ့၏။

သားသမီးတည်းဟူသော ရင်သွေးများကို တိုက်ကျွေးရန် အတွက် ထွက်လာရသော နို့ရည်တို့ မည်သည်မှာ... စင်စစ် မိခင်တို့၏ အသွေးအသားအင်အားမှ ဖြစ်ပေါ်လာရသော သဘာဝအစာ ဖြစ်၏။ သို့အလျောက်လည်း သားသမီး နို့တစ်ကြိမ်စို့လျှင် မိခင်၌ သိသိသာသာအားလျော့သွား၏။ ဤသည်ကို ဆာလောင်ခြင်းက အရိပ်လက္ခဏာ အဖြစ်ပြ၏။

မြမြတင်သည်လည်း သူ့ရင်သွေးအား နို့ချိုကျွေးပြီးတိုင်း ဆာလာတတ်၏။ သို့သော် သူမစားချင်၊ လင်အတွက် ရတက်ပိုနေရသည်နှင့် စားလိုစိတ်လည်း မရှိနိုင်၊ စားပြန်သော်လည်း မဝင်နှင့် အားအင်တွေပင် ယုတ်လျော့စ, ပြုလာပြီ ဖြစ်၏။

အကယ်၍သာ ဤလိုအခြေမျိုး၌ ကလေးသာမရှိခဲ့သော် မြမြတင် အစာဆို၍ ဘာကိုသော်မျှ စားနိုင်တော့မည် မဟုတ်၊ စား၍လည်း ဝင်တော့မည် မဟုတ်သည်မှာ မြမြတင်လို လင်ချစ်မ, ကလေး တစ်ယောက်အဖို့ သံသယရှိနေဖွယ် မလိုဟု ဆင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုသော် သူ့တွင် ရင်သွေးက ရှိနေပြီဖြစ်၏။ သူအစား နည်းလျှင် နို့အထွက်လည်း နည်းလာ၏။ ကလေးနို့မဝ၍ တအအဖြစ်လာလျှင်ပင် မြမြတင်မနေနိုင်၊ စားချင်စိတ် မရှိသည့်တိုင်အောင် ကလေးအတွက် နို့ကလေးမှ ထွက်စေတော့ဟူသော မိဘစေတ္တာဖြင့် အစာကို ဇွတ်မိုတ်၍ မျိုခဲ့၏။ သူ့အလွန်နှစ်မြို့က်သော ကော်ဖီကိုပင် ဆေးသောက်သလို သောက်ခဲ့၏။ ကြောက်စရာလင်စိတ်ပါပေ။

လုပ်ငန်းဖွင့်ရန် စတင်ကတည်းက ဤလို ကိုလှပိုနှင့် မနုကြည်တို့ တပူးတွဲတွဲ သွားလာနေမည့်ကိစ္စတွေကား ယခုထိ ဆုံးခန်းမတိုင်သေး လက်ကိုင်ပုဝါကိစ္စ အမှုပွေခဲ့သည့် ဤမှာဘက်၌ မနုကြည်၏ အမူအရာသည် သိသာခြားနားစွာ ပြောင်းလဲလာ၏။ အလှပြင်မှုသည်လည်း ခါတိုင်းထက် နှလာ၏။

"မြရေ... ကိုပိုတို့လုပ်ငန်းက နောက် ငါးရက်လောက်ဆိုရင် ဆေးလိပ်လိပ်ဖို့ စ,ရတော့မယ်၊ အဲဒီ... လိပ်တဲ့ ရုံမှာက မနုကြည် အုပ်ချုပ်ရမှာမို့ သူ့ကို ငွေတစ်ရာလောက် ပေးလိုက်ချင်တယ်၊ သူဝယ်ချင်တဲ့ အဝတ်အစား ဝယ်ပစေပေါ့၊ ဒါမှ... သူလည်း စိတ်ပျော်လက်ပျော် ရှိမယ်... အဝတ်အစားလည်း သပ်သပ်ရပ်ရပ်ဆိုတော့ အလုပ်မှာလည်း ဂုဏ်ရှိတာပေါ့... နော်"

"ပေးလေ... ပေးပေါ့၊ မြကိုတောင် ပြောနေဖို့ မလိုပါဘူး၊ ကိုပို၊ ဒါ-အလုပ်နဲ့ ပတ်သက်တဲ့ ကိစ္စပဲ"

မြမြတင်ကလည်း မှင်သေသေကလေးနှင့်ပင် လင်၏ အလိုဆန္ဒကို တစ်ဝကြီး လိုက်လျောခဲ့၏။ ငွေတစ်ရာမဟုတ်၊ တစ်သောင်းပင် ပေးပေး မြမြတင် ငြူစူမည်မဟုတ်၊ သို့သော် သူသာလျှင် ပိုင်ဆိုင်ခွင့်ရှိသော ထောင့်ငါးရာအချစ်ကိုမူ စနစ်တကျသာ သုံးစေချင်၏။





ယံနေ့လည်း မနုကြည်သည် စာနိုင်လွန်ရွှရွှကလေးဖြင့် အလှချယ် ပြင်ဆင်ထားသည်မှာ မြင်သူတိုင်း ငေးရလောက်အောင် ယဉ်နေတော့၏။

"ဘယ်သွားမလို့လဲ မမကြည်"ဟူ၍ပင် မြမြတင်က ကယောင်ကတန်း လှမ်းမေးမိတော့၏။ မေးစရာပေပင်၊ အချိန်မှာ ည ၇-နာရီခန့် ဖြစ်သောကြောင့် သွားစရာကိစ္စသည် ဤအချိန်တွင်မရှိ၊ သို့နှင့် မြမြတင်ကလည်း သိချင်စောကြောင့် အလောတကြီး မေးလိုက်မိရာ...

"ဩော်... ဒေါ်ဒေါ်စိန်တို့ဆီ လျှောက်ပြီး မုန့်ဟင်းခါး သွားစားချင်တာနဲ့..."

"ဘယ်သူနဲ့ သွားမှာလဲ ကိုပိုနဲ့လား"ဟု မေးလိုက်ချင်သည်မှာ လျှာကလေး တယားယား ဖြစ်နေ၏။ သို့သော် မမေးဖြစ်သေး၊ သူ့အတော်ကလေးချစ်သော မနုကြည်အား မေးလည်း မမေးရက်နိုင်သလို မသိမသာကလေး ငိုင်သွားရှာ၏။

ခပ်လှမ်းလှမ်းရှိ စာရေးစားပွဲတွင်မူ ကိုလှပိုသည် စာရင်းစာအုပ်များဖြင့် တကုတ်ကုတ် ရေးခြစ်နေသည်ကို တွေ့ရ၏။ အပြင်သွားရန် ဟန်အမူအရာမျိုး လုံးလုံးမရှိ၊ ချွေးအတိဖြင့် အလုပ်ရှုပ်နေသောကြောင့်..."မမထွေးနဲ့ သွားကြမလို့ ထင်ပါရဲ့" ဟု တွေးမိကာ ယခုမှပင် စိတ်ကလေး အေးသွားရှာတော့၏။

မြမြတင် ထင်ခဲ့သည့်အတိုင်းပင် မကြာမီ မထွေး တက်လာသည်ကို တွေ့ရပြီး...

"ကဲ... လာ သွားကြစို့ မမကြည်"ဟု ရှိုးရှိုးကလေးပင် ဝတ်ဆင်လာသော မထွေးက ပြောလိုက်သောကြောင့်...

"အေ... သွားတာပေါ့... ဒီအချိန်ဆို ဒေါ်ဒေါ်တို့ဆိုင်က လူသိပ်ကြပ်တာ မထွေးရဲ့ တော်ကြာမှ သွားတာပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



မနုကြည်က ဤသို့ ပြောလိုက်သည်နှင့် မထွေးလည်း ခုတင်ဆီသို့ လျှောက်သွားကာ မြမြတင် လက်ထဲမှ ကလေးကို အသာချီယူရင်း မြူကစားနေ၏။ မနုကြည်ကမူ ရုတ်တရက် ဧည့်ခန်းဘက်သို့ လှည့်ထွက်သွား၏။ ကိုလှပိုတွင်လည်း လှည့်၍ သော်မှ ကြည့်ဖော်မရဘဲ တကုန်းကုန်းပင် ရေးနေသည်ကို တွေ့ရ၏။

မိနစ်ပိုင်းလောက်အကြာတွင် မနုကြည် ပျာပျာသလဲ ဝင်လာသည်ကို တွေ့ရပြန်ပြီး...

"ကိုလှပို...ဟိုမှာ ကိုသင်းမောင် လာနေတယ်"ဟု လှမ်းပြောရင်းကပင် ကိုလှပိုအနီးသို့ လျှောက်သွား၏။

မသက်မှ မာတ်ခဲက ရှိနေ၍လောမသိ၊ ကိုလှပိုနှင့် မကြည်တို့၏ မြင်ကွင်းကလေးကိုပင် မြမြတင်အဖို့ မနှစ်မြို့နိုင် ရှိနေ၏။ မနုကြည်က ဤသို့ပြောလိုက်သဖြင့် ဆတ်ခနဲ လှည့်လာသော ကိုလှပို၏ မျက်နှာထားမှာလည်း ယခင်ကနှင့် ဆက်ဆံပုံမတူ၊ အမူအရာ ထူးခြားလွန်းလှသဖြင့် မြမြတင် ရင်ထဲတွင် မချင့်မရဲ နင့်သွားရှာ၏။

မနုကြည်အား လှည့်ကြည့်လိုက်သည့် ကိုလှပို၏ မျက်နှာထားမှာ ရိုးသားသော မရိုးနှင့်၊ မတ်တို့၏ အသွင်သဏ္ဍာန်မျိုး မဟုတ်ဘဲ၊ တစ်စုံတစ်ရာ အလိုမကျ၍ လင်ဖြစ်သူက မယားကို ကြည့်သကဲ့သို့သော ဟန်အမူအရာမျိုး ပါနေသောကြောင့် မြမြတင် စိတ်ထဲ၌ ကြိတ်ခဲမရ ဖြစ်သွားဟန်တူ၏။

ယင်းသို့လျှင် ကိုပိုက ခပ်မာမာကလေး ကြည့်လိုက်သောကြောင့် မနုကြည်တွင်လည်း အလိုက်သိသော ဇနီးသည်လို မျက်နှာကလေးငယ်သွား၏။ ဤသည်ကိုလည်း မြမြတင် သတိထားလိုက်မိ၏။

ချက်ခြင်းဆိုသလို ကိုလှပိုအနီးမှ မနုကြည် လှည့်ထွက်သွား၍ ဧည့်ခန်းသို့ အရောက်လောက်တွင်ပင်...



"ကိုလှပိုတစ်ယောက်ကော... မနုကြည်"

"ဟုတ်ကဲ့...ရှိပါတယ်၊ ထိုင်လေ ကိုသင်းမောင်"ဟူသော အမေးအဖြေသံများ ပေါ်ထွက်လာ၏။

ဤတွင် ကိုလှပိုလည်း မနေသာတော့သည့်အတိုင်း... စိတ်မပါတပါ အမူအရာဖြင့် သုန်သုန်မှုန်မှုန်ပင် အခန်းထဲမှ ထွက်သွားတော့၏။ မြမြတင်တွင် သူ့အထွေးနှင့် ငေးနေပြီး မထွေးကမူ ကလေးကိုသာ တွင်တွင်မြူရင်း သဘောကျနေ၏။

နာရီဝက်နီးပါးမျှ ပွဲရုံကိစ္စရော၊ ဆေးလိပ်လုပ်ငန်း အခြေအနေများကိုပါ ဆွေးနွေးနေသံ ကြားနေရပြီး...

"ဒါနဲ့... မြမြတင်ကော နေကောင်းတယ်နော်"ဟူသော ကိုသင်းမောင်၏ မေးသံ ပေါ်လာ၏။

"ဟုတ်ကဲ့... နေကောင်းပါတယ်... ကလေးကလည်း တစ်လုံးတစ်ခဲကြီး ကိုသင်းမောင် သိပ်ချစ်စရာကောင်းတာပဲ၊ လာလေ ဝင်ကြည့်ပါဦးလား"

ထိုအသံများ ကြားလိုက်ရသည်နှင့် မြမြတင်လည်း အနေအထိုင်ကို ပြင်လိုက်ရ၏။ ချက်ခြင်းဆိုသလိုပင် မနုကြည် ဦးဆောင်လျက် ဝင်လာကြသော ကိုသင်းမောင်ကို တွေ့ရကာ...

"မြမြတင်ကတော့ကျုပ်ကို ဘယ်မှတ်မိတော့မလဲနော်..."

ကိုသင်းမောင်ဆိုသူက မြမြတင်နှင့် မနုကြည်ကိုပါ ကြည့်ရင်း တစ်ပြိုင်တည်းဆိုသလို ရော၍ ပြောလိုက်သောကြောင့်...

"ဘယ်...ကိုသင်းမောင်ကလည်း ရွှေကျင်မှာချည့် နေတာ မဟုတ်... နောက် မြမြတင်ကလည်း ငယ်ငယ်လေးတည်းက ရန်ကုန်ရောက်နေတော့ ဘယ်မှတ်မိတော့မလဲရှင့်"ဟု မနုကြည် ကပင် အဆင်ပြေအောင် ဝင်ဖြေလိုက်၏။

"ကိုင်း...ခုတော့ဖြင့် ရွှေကျင်သူ၊ ရွှေကျင်သားတွေ ခင်ကြရပြီပေါ့ကွယ်–နော်၊ ဦးလေးက ရန်ကုန်မှာပဲ နေချင်တာကွဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင်က ခက်နေလို့၊ အေးလေ... ခုတော့ မြမြတင်တို့ ဖေဖေ ကောင်းမှုကြောင့် ဆန္ဒပြည့်ရပြီ ဆိုပါတော့... ကဲ... ကဲ သွားဦးမယ်တူမရေနော်..."

ကိုသင်းမောင်ဆိုသူလည်း ကလေးကိုကြည့်၍ အတန်ကြာ မြူးချော့နေပြီးမှ မြမြတင်အား ဤလို နှုတ်ဆက်၍ အခန်းထဲမှ ထွက်ခွါသွား၏။

ကိုသင်းမောင်နှင့် မနုကြည်တို့ ဝင်လာစဉ်က ကိုလှပို ပါမလာသည်ကို မြမြတင် သတိထားမိ၏။ အဘယ်သို့သော အကြောင်းကြောင့်... ကိုလှပို ဧည့်ခန်းတွင် နေရစ်ခဲ့သည်ကို မြမြတင် တွေး၍မရ၊ ယခင့် ယခင် လာကြသော ဧည့်သည် မိတ်ဆွေများက ကလေးကို ကြည့်ချင်ကြောင်း တောင်းဆိုလာလျှင် ဖြစ်စေ... တစ်ခါတစ်ရံ သူကပင်ဖြစ်စေ... ကလေးကိုခေါ်၍ ပြတတ်ရာ၌ မျှပျှာသလဲ ရှိနေခဲ့ဖူးသလောက်... ယခုအဘယ်မှ... စိတ်ဖောက်၍ တစ်ယောက်တည်း ချန်နေခဲ့လေသနည်း။

သို့–အမြင်တစ်တန်း တွေးနေခိုက်မှာပင် ကိုသင်းမောင်က ကိုလှပိုအား နှုတ်ဆက်နေသံ ကြားရ၏။ တစ်ချိန်တည်းမှာလိုပင် မနုကြည် တံခါးပေါက်သို့ ရောက်လာပြီး မထွေးအား ခေါ်သွား၏။

ထို့နောက်... တစ်ယောက်တည်း ပြန်ဝင်လာသော ကိုလှပို မျက်နှာထားမှာ ထူးထူးခြားခြား ပြောင်းလဲနေသည်ကို တွေ့ရ၏။

"မမကြည်တို့ကော ကိုပို"

"လိုက်သွားပြီလေ... ကိုသင်းမောင်နဲ့ မုန့်ဟင်းခါးစားတဲ့"

ကိုလှပိုလည်း မကြည်မလင် အမူအရာဖြင့် ထိုမျှသာ ဖြေပြီး... စာရေးစားပွဲဆီသို့ တစ်ဖြောင့်တည်း လှမ်းထွက်သွားတော့၏။

ယခုမှပင် အမိပွါယ်ဉသုံ့ အကုန်ရှင်းသွားတော့၏။ ကိုသင်းမောင်လာလည်ကြောင်းနှင့် မနုကြည်ပြောစဉ်ကလည်း ကိုလှပိုတွင် မျက်နှာထား အိုခဲ့၏။ ယခု ကိုသင်းမောင်နှင့် မနုကြည် မုန့်ဟင်းခါးစား သွားသည်၌လည်း... ကိုလှပို မျက်နှာ မသာသည်မှာ အဘယ်သို့သော ကိစ္စတွင် အကြောင်းခံ နေ၍နည်း မြမြတင် စဉ်းစားရပြန်ချေပြီ တွေးနေရပြန်လေပြီ။

၅–နှင့် ၂–ပေါင်းသော် ၇–ရ၏။ ၃–နှင့် ၄ ပေါင်းသော် ၇ ပင်ရ၏။ တစ်ဖန် ၆နှင့် ၁ ကို ပေါင်းသော်လည်း ၇ သာရသကဲ့သို့ ကိုလှပိုနှင့် မနုကြည်တို့ မည်သူက မည်သို့ပင် အမူအရာပျက်ပျက် အကြောင်းခံစရာမှာ တစ်ချက်တည်းသာ ရှိ၏။ ထိုတစ်ချက်မှာလည်း အထက်ပါ ဂဏန်းချင်းပေါင်း သကဲ့သို့ အကြောင်းမှာ ထောင့်ငါးရာတည်းဟူသော ချစ်ကိစ္စတွင်သာ အရင်းခံနေ၏။ ဤအတိုင်း မြမြတင်၏ အဖြေတွင် အဆုံးသတ်နေ၏။

ကိုယ်ကျင့်တရားရော–အစဉ်းစား အဆင်ခြင်ဉာဏ်ပါ ကိုယ်ခန္ဓာနှင့် မဆန့်အောင် လျှံပြည့်နေသည်ထင်ရသော (ဝါ) မြမြတင်က ထင်နေသော ကိုလှပိုလို လူတစ်ယောက်သည် ဤလို ကမောက်ကမ ကိစ္စမျိုး ဖြစ်နိုင်သလော မြမြတင်သည် မဖြစ်စေလိုသည့်ဘက်က ဖေး၍ အလုံအယက် တွေးနေရှာပြန်၏။

"အေး... မိန်းမသားချင်းလည်းဖြစ်... ကိုယ့်ညီမချင်းလည်း ဖြစ်လို့မို့ မမကြည် သတိပေးရဦးမယ်"

မနုကြည်ရောက်စက ကိုလှပို မရှိခိုက်တွင်... ဤလို စကားကလေးဖြင့် နိဒါန်းသို့လိုက်ပြီးမှ...

"ယောက်ျားဆိုတဲ့ သတ္တဝါတွေဟာ နည်းနည်းမှ စိတ်ချရတာ မဟုတ်ဘူး၊ သားမယားဖြစ်သူမှာ ကိုယ်ဝန်အရင့်အမာရှိနေတဲ့ အချိန်ကစ,ပြီး မွေးဖွားပြီးလို့ (၂)လလောက် ကြာတဲ့အထိ... ဟို..."



www.burmeseclassic.com

www.burmeseclassic.com



မနုကြည်လည်း စကားကို ရုတ်တရက် ဖြတ်လိုက်ကာ... တောင်မြောက်လေးပါး မျက်လုံးကလေး လှည့်၍ ကစားလိုက်ပြီးမှ မြမြတင်နား၊ နားသို့ ကပ်ကာ တစ်စုံတစ်ရာ ခပ်တိုးတိုး ရေရွတ်လိုက်၏။

မြမြတင်ကလည်း ရှက်သွားသလို အမူအရာကလေးဖြင့် ခပ်ပြုံးပြုံး ခေါင်းညိတ်လိုက်သောကြောင့်...

"အေး... မိန်းမတွေကိုသာ မှိုချိုးမြစ်ဖွဲ့ ပြောလားပြောရဲ့၊ ရေးလား ရေးရဲ့ တကယ်တန်းမှာ သူတို့ ယောကျ်ားတွေက သာဆိုးသေးတယ်ညီမရဲ့၊ ဒင်းတို့ မနေနိုင်ဘူး၊ ဒီလိုအခါမျိုးမှာ သူတို့ ပြည့်တန်ဆာတွေဆီ သွားတတ်ကြတယ်... အဲဒါ ကိုလှပို ကိုလည်း တင်းတင်းကြပ်ကြပ်ကလေး သတိပေးထားဦး ညီမရဲ့၊ တော်ကြာ တက်ခေတ်နတ်ဆိုးနာ ပါလာလို့ သားစဉ်မြေးဆက် ဒုက္ခတွေ့နေဦးမယ်"

အိမ်ထောင်ရည်ဝ,ခဲ့ပြီ ဖြစ်သော အအိုမကလေးပီပီ မနုကြည် တစ်ခါက ဆန်ကာချ၍ သတိပေးခဲ့ဖူး၏။

မနုကြည်လောက်... ဝါမရင့်စေကာမူ တစ်နှစ်သာသာ အိုခဲ့ရပြီးသူ မြမြတင်သည် သူ့အတွေ့အကြုံနှင့် မနုကြည်ထံမှ ရခဲ့သော ဗဟုသုတကို စနစ်တကျ သမအောင် မွှေနှောက်၍ အဖြေပေါက်အောင် စဉ်းစားကြည့်၏။ ဖြစ်နိုင်သည့် ဤမှာဘက်သို့ ရှိန်ခွင်ညှာ အတော်များများ ထွက်နေသည်ကို မြမြတင်သည် အချက်အလက် ခိုင်လုံစွာဖြင့် သဘောပေါက်လာ၏။

သို့အလျောက်လည်း မနုကြည် သတိပေးခဲ့သည် နောက် တစ်နေ့မှာပင် ကိုလှပိုအား လူခြေတိတ်ချိန်တွင် ကြိတ်၍ တောင်းပန် ခဲ့၏။

"ဟား... တာ့ပေတွေ ဒီလောက် လိုက်စားခဲ့တဲ့ လူတစ် ယောက်ဟာ ဒီထိအောင် မိုက်ပါ့မလား၊ မြရယ်... ဒါတော့



စိတ်သာချ ဒီလိုအပျော်အပါးမျိုးက ကိုယ်တစ်ယောက်တည်းတင် မဟုတ်ဘူး... ကိုယ့်မယားရော သားသမီးတွေကို ထိခိုက်မယ့် အလုပ်မျိုးဆိုတာ တက်ခေတ်နတ်ဆိုး ဖတ်ပြီ ကတည်းက အသည်းထဲမှာ စွဲပြီး ကြောက်နေတာ... သိလား"

ကိုလှပိုကလည်း ထိုသို့လျှင် ကျေနပ်လောက်သော ကတိကို ပေးခဲ့ဖူးသဖြင့် မြမြတင်တွင် ဝမ်းသာအားရ စိတ်အချကြီး ချနေခဲ့ရာမှ ယခုသော် တစ်ဖန် တစ်မျိုးတစ်ဖုံတွေးလာပြန်၏။

ကိလေသာ ထိုထိုအချစ်သည် အညစ်အကြေးဟုပင် မည်သူကဆိုဆို၊ လူဟူသော သတ္တဝါတွေအဖို့၌ ယင်းအချစ်သည် အဟာရတစ်မျိုးလို ဖြစ်နေ၏။ ထမင်းကို နေ့စဉ်နှင့်အမျှ... စားနေကြရသော်လည်း ရိုးသွားသည်-ဟူ၍မရှိ၊ ထိုအချစ်သည်လည်း ဤနည်းနှင်နှင် ဖြစ်၏။ လူသည် ထမင်းကို အချိန်တန်လျှင် မစားဘဲ မနေနိုင်သကဲ့သို့... အိမ်ထောင်သည်ဟူသမျှတို့သည်လည်း သွေးသား လှုပ်ရှားလာသည်နှင့်အမျှ...အချစ်တည်းဟူသော အရသာကို မိုဝဲသုံးဆောင်ရမှ စိတ်ဆန္ဒပြည့်ဝ၏။ ဤကိစ္စ၌ အဖို,အမ ခွဲခြား၍မရ၊ သွေးနှင့်ကိုယ် သားနှင့်ကိုယ်ချည့် ဖြစ်သော ကြောင့် အလိုဆန္ဒချင်းလည်း အတူတူပင် ဖြစ်၏။

ဤသည်ကို... မြမြတင်လည်း နားလည်သင့်သလောက် သဘောပေါက်၏။ ခေါက်မိထားသော သူ့ကိုယ်တွေ့ဗဟုသုတ ကလေးအရ ကိုလှပို၏ ချစ်ဆန္ဒကို သူ ကျကျနန သိ၏။ သိခဲ့သည့်အလျောက်လည်း ဤကိစ္စ၌ အလိုက်သိ၍ အချိန်မှန် ယုယတတ်သော ကိုလှပိုသည် ယခုလို ရက်ရှည်လများ သူ့ချစ် ဆန္ဒကို ချုပ်တည်းထားနိုင်ပါမည်လော... တစ်ညပျော် စိမ်မယ် အလှနှင့် ဆန္ဒကို ဖြေဖျောက်ရန်မှာ... ယောကျ်ားတစ်ယောက်အဖို့ ခဲယဉ်းသောကိစ္စမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်–ဆိုခဲ့ပြီးသော-ကတိစကားကြောင့် မြမြတင်သည် ကိုလှပိုအား သံသယမရှိစေကာမူ…ဖြစ်ပေါ်လာသော အခြေအနေကြောင့်… ကိုလှပို၏ ကတိစကားအနက်အဓိပ္ပာယ်ကို အကွက်လည်အောင် စစ်တမ်းထုတ်နေမိပြန်၏။

ကိုလှပို၏ ကတိဝန်ခံစကားတွင် ဇိမ်မယ်နှင့် ပျော်ပါးရန် စက်ဆုတ်သည့် သဘောမျိုးမပါ၊ နတ်ဆိုးရောဂါကို ကြောက်ခြင်းသည်သာ အဓိကအဓိပ္ပါယ်လိုဖြစ်နေလျက် အကယ်တိ ထိုထို ဇိမ်မယ်၌ အဘယ်သို့သော ရောဂါမျိုးမှ မရှိခြားအံ့၊ သူပျော်ပါးကောင်း ပျော်ပါးလေမည်လားဟု မြမြတင်သည် နိုက်နိုက်ချွတ်ချွတ် တွေးလာ၏။

လူသည် အချိန်တန်လျှင် ထမင်းဆာတတ်၏။ အိမ်ထောင်သည်တို့ မည်သည်လည်း အချိန်တန်လျှင် အချစ်ဆာတတ်၏။ လူသည် ထမင်းသိုး၊ ဟင်းသိုးကို ရှောင်တတ်ကြသော်လည်း အချစ်ဆာလာသောအခါ အဆိုးအကောင်းမမြင်၊ အာသာပြေလျှင် ပြီးရောဟု သဘောထားတတ်ကြ၏။

ကိုလှပိုကမူ…အဆိပ်လူးသော အစာကို စားရသလောက် ဇိမ်မယ်ကို ကြောက်သည်ဆို၏။

"သူ–ပြောသလိုဆိုတော့…ဇိမ်မယ်မှာ နတ်ဆိုးရောဂါရှိလို့ …ကြောက်တယ်ဆိုတဲ့ သဘောမျိုးဖြစ်နေပြီ၊ တကယ်လို့ ရောဂါကင်းတယ် ဆိုရင်ကော…

မြမြတင်သည် တွေး၍ ရတတ်သမျှကို ကပ်ကပ်သပ်သပ် တွေးနေပြန်၏။

"ကဲ…ဇိမ်မယ်လည်း မဟုတ်ဘူး၊ နတ်ဆိုးလည်း မဟုတ်ဘူးဆိုပါတော့၊ အဲသလို မိန်းမမျိုးနဲ့ တွေ့ပါပြီတဲ့…သူ…ရှောင်မလား…"

ဤသို့ တွေးလိုက်မိသည်နှင့်… မြမြတင် စိတ်ကလေး ရုတ်တရက်လေးသွားတော့၏။ သူ့မျက်လုံးထဲတွင်လည်း မနုကြည်ကို မြင်ယောင်လာ၏။

မနုကြည်သည် အချိန်တန်လျှင် ထမင်းဆာတတ်သကဲ့သို့ အချစ်လည်း ဆာခဲ့ဖူးသော အိမ်ထောင်သည်မကလေး ဖြစ်ခဲ့၏။ ယခုသော် သူ့တွင် ချစ်မည့်သူမရှိ၊ ကြင်ဖော်နှင့် ပြတ်စဲခဲ့သည်မှာလည်း လ,ပေါင်းအတန်ကြာခဲ့ပြီ ဖြစ်၏။ သူသည်လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်ပင်ဖြစ်ရာ၊ အချစ်ဆန္ဒသည်လည်း အချိန်ကျလျှင် ပေါ်ရပေမည်သာ။

သို့သော်၊ ယခု…သူ့တွင် ကြင်ဖော်ကြင်ဖက်မရှိ၊ ယောကျ်ားများနည်းတူ အာသာဆန္ဒကို ပြင်ပတွင်လည်း ပြီးစလွယ် ဖြေဖျောက်၍မရ၊ အခွင့်အရေးလည်း ခရှိ၊ သို့တိုင်အောင်–ချစ်တတ်၍၊ ချစ်ချင်ပြီး၊ အချစ်လည်း ခံလိုသေးသော… အချစ်နှင့် လပေါင်းများစွာ ကင်းကွာခဲ့သည့် မနုကြည်ကဲ့သို့သော အရွယ်တော် တစ်ခုလပ်မကလေးတစ်ယောက် အဖို့…

အခါသင့်၍ အခွင့်သာခဲ့သော်…

မြမြတင်လည်း ဤနည်းဤပုံဖြင့် တစ်မျိုးတစ်ဖုံ မြင်လာပြန်၏။

ကိုလှပိုသည်လည်း ထိုနည်းနှင်နှင် ချစ်ပျော်ပွဲ မဝင်ခဲ့ရသည်မှာ အတန်ကလေး ကြာခဲ့ပြီ ဖြစ်၏။ ချစ်တတ်၍ ချစ်ခဲ့ဖူးပြီး ယခုလည်း ချစ်ချင်သေးမည်သာ။

သူ့တွင်လည်း အခွင့်သာ၍ အခါသင့်ခဲ့သည် ရှိသော်…

"ဟုတ်မှာပါပဲ… သူတို့နှစ်ယောက်တော့… ငါထင်တဲ့အတိုင်း… သေချာနေပါပြီ…"

စိတ်ထဲတွင် ထိနိုက်သွားသလို မြမြတင်လည်း၊ မျက်စေ့တလေး မှိတ်ကာ…သို့လျှင် အံတကြိတ်ကြိတ်ရေရွတ်လိုက်ပြီးမှ

www.burmeseclassic.com



စာရေးစားပွဲတွင် ထိုင်၍ ယခုတိုင် အလုပ်ရှုပ်နေသေးသော ကိုလှပိုအား လှမ်းကြည့်နေမိ၏။

"တူမလေး... အိပ်သွားပလား ညီမရေ..."

ရုတ်တရက် လှမ်းဝင်လာရာမှ မနုကြည် ဤသို့ မေးရင်း ခုတင် အနီးသို့ ကပ်လာသည်နှင့်...

"ဟုတ်ကဲ့... ခုလေးတင်ပဲ အိပ်သွားတယ် ဘယ့်နှယ်... မုန့်ဟင်းခါးကော အတော်စားလို့ ကောင်းရဲ့လား... မမကြည်"

"အေး... ဒါပေမယ့် ... ငါးဖယ်ကြော်ကုန်သွားလို့ အာသာတော့ တယ်မပြေခဲ့ဘူး ညီမရဲ့"

ပြောနေရင်းကပင် မနုကြည်လည်း ကိုလှပိုဆီသို့ လှမ်းသွားကာ...

"နက်ဖြန် လိုိပ်သမားတွေ ဘယ်အချိန် လာမတဲ့လဲ ကိုလှပို"ဟု မနုကြည်က စာရေးစားပွဲတွင် လက်နှစ်ဘက်ထောက်၍ မေးလိုက်သည့်တိုင်အောင် ကိုလှပို မော်မကြည့်၊ တကုန်းကုန်း ရေးနေရာမှပင်...

"၈-နာရီ..."ဟု ခပ်တိုတိုပင် ပြောလိုက်သောကြောင့်...

"ဒါဖြင့်... ကျွန်မတို့ ၇-နာရီခွဲလောက် အရောက်သွားမှ ထင်တယ်... နော်"

"အင်း..."

ဤတွင်လည်း ခပ်ဆတ်ဆတ်ပင် ဖြေလိုက်၏။ ယောင်၍သော် လှည့်မကြည့်ဘဲ... တစ်စုံတစ်ရာ မကျေနပ်သလို မျက်နှာထားသည်လည်း အိုနေသည်။ မြမြတင် သတိထားမိ၏။

မနုကြည်လည်း ကြာကြာရပ်မနေတော့ဘဲ ချာခနဲ လှည့်ထွက်လာကာ မြမြတင်ကိုပင် နှုတ်ဆက်ဖော်မရ၊ အခန်းထဲမှ မကြည်မသာ လှမ်းထွက်သွားတော့၏။



ကိုလှပိုတို့ အတွင်းရေးကား တဖြည်းဖြည်း ရှင်းလာပေပြီ။ ကိုသင်းမောင် လာစဉ်ကလည်း ကိုလှပိုသည် သဘောမကျသလို မျက်နှာထားသုန်သုန်နှင့် မှုန်နေခဲ့သည်။ တစ်ဖန် ကိုသင်းမောင်နှင့်ပင် မနုကြည်တို့ မုန့်ဟင်းခါးစား ထွက်လိုက်သွားသည့်တွင်လည်း သူကျေနပ်ပုံမရ၊ အခန်းထဲသို့ ကိုသင်းမောင် ဝင်လာချိန်တွင်လည်း သူလိုက်မလာ၊ အမူအရာမှာ အတော်ကလေး ရှင်းနေ၏။

မြမြတင် အကဲခတ်မိသလောက်ဆိုလျှင် ကိုသင်းမောင်၏ အမူအရာနှင့် ဆက်ဆံပုံမှာ မနုကြည်အပေါ်တွင် အတော်ကလေး ထူးခြားသည်ကို သတိထားလိုက်မိ၏။ ဤသည့်အဖြစ်ကိုပါ ကိုလှပို သိနေ၍ သို့လျှင် မကျေနပ်သော အမူအရာမျိုး ပြခဲ့ခြင်းလေလော၊ အဘယ်ကြောင့် မကျေမနပ် ဖြစ်နေရဘိသနည်း။

ဤကိစ္စမှာလည်း အခြားသော ပြဿနာတစ်ခုအဖြစ် အဖြေပေါ်မလာဘဲ၊ မြမြတင် သံသယမကင်းဖြစ်နေသည့် သူတို့နှစ်ယောက် မောက်မှားမိကြပြီလော"ဟူသည်တွင်သာ အဆုံးသတ်နေ၏။ ထိုသံသယအတွက် အထောက်အထား တစ်ချက်လိုသာ ဖြစ်နေ၏။

ယခုလိုတွေး၍ ဆွေးနေရသည်နှင့်ပင် အသဲကွဲမတတ် ရှိနေပြီ ဖြစ်ရာ လာမည့်ဘေးသည် သေးသေးကွေးကွေးမဟုတ်၊ ထုနှင့် ထည်နှင့် လာမည့်ဘေးဒုက္ခမျိုးသာ ဖြစ်သည့်အတိုင်း ခု-မဆိုင်းဘဲ ကိုလှပိုနှင့်ထ,၍ ရှင်းလိုက်ရလျှင် ကောင်းလေမည်လားဟုလည်း မြမြတင် စဉ်းစားနေမိ၏။

ဖြစ်သေးဘူးထင်ပါရဲ့၊ ငါတွေ့ခဲ့တဲ့ အထောက်အထားတွေဟာ ငါ့အမြင်မှာ ခိုင်လုံနေပေမယ့် သူတို့က လှည့်ပတ်ပြီး ငြင်းလိုက်ရင် ငါဘာတတ်နိုင်မလဲ..."

ဤလိုတွေးရင်းလည်း စိတ်ထဲမှ ရေရွတ်မိကာ လက်ပူးလက်ကြပ်နှင့် ခိုင်ခိုင်လုံလုံ မိမှပင် အထိကရ ရှင်းတော့မည်ဟူသော

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ချက် ကလေးဖြင့် ခပ်လှမ်းလှမ်းရှိ သူ့ချစ်လင်အား အသာငေး၍ ကြည့်နေမိ၏။

♥

နောက်တစ်နေ့ညတွင်မူ ကိုလှပိုနှင့် မနုကြည်တို့ အဘယ်ပုံ ကျေနပ်သွားကြသည်မသိ၊ ရယ်ကာမောကာနှင့် အဆင်တပြေ ဖြစ်နေပြန်သည်ကို တွေ့ရ၏။

အမှန်အတိုင်းဆိုလျှင် ဤရက်ဤအချိန်၌ မြမြတင်သည် ထ/ထသွားသွား၊ လုပ်လုပ်ကိုင်ကိုင်နှင့် စံချိန်မီ ကျန်းမာသင့်နေပြီ ဖြစ်၏။ ယခုသော် ကိုလှပိုနှင့် မနုကြည်တို့၏ မသက်ာဖွယ် ပြဿနာကြောင့် စိတ်နောက်ကိုယ်ကြေနှင့် အသားအရေလည်း မစိုပြေနိုင်တော့ဘဲ အိပ်ရာတွင် လဲမနေရုံ တမည်သာ ရှိနေတော့၏။

ကိုလှပိုနှင့် မနုကြည်တို့၏ အမူအရာနှင့် ဆက်ဆံပုံမှာလည်း သံသယမကင်းစရာအတိနှင့် အထောက်အထားပါ အပြည့် ရှိနေစေကာမူ...ကိုလှပို၏ ယုယမှုမှာ ခါတိုင်းနည်းတူ တာဝန်ကျေလျက်ပင် ရှိနေသောကြောင့်... မြမြတင်တွင် ကြံရာမရနှင့် ဝေခွဲရခက်နေပြန်တော့၏။ ယနေ့တွင်လည်း...

"ကဲ...မနုကြည်...အောက်ကိုသွားနှင့်ပြီး ကော်ဖီတစ်ခွက်လောက် ထပ်ဖျော်ထားပါလို့ မထွေးကို ပြောလိုက်ပါ... နော်"

ထိုစကားမှာ ခပ်ရိုးရိုးပင် အဓိပ္ပါယ်ရသော်လည်း မြမြတင်ကမူ မနုကြည် အောက်ထပ်သို့ ဆင်းသွားစေလိုသော ရည်ရွယ်ချက်ဖြင့် ကိုလှပိုက ပြောလိုက်ကြောင်း ကောင်းကောင်းကြီး ရိပ်မိ၏။ မနုကြည် ဆင်းသွားသည်နှင့် တစ်ပြိုင်နက် ကိုလှပိုလည်း ရှပ်အကျႌကြယ်သီး တပ်နေရာမှ ဆိုးဆိုးဆတ်ဆတ် ခုတင်အနီးသို့ကပ်လာ၏။

"မြတို့ မမကြည်ဟာ နည်းနည်းမှ အလိုက်မသိတတ်ဘူးနော်၊ တကယ်ဆိုရင် လင်နဲ့မယား သွားကာနီးမှာ မွေးမွေးကလေးနဲ့ နှုတ်ဆက်ချင်ကြလိမ့်မယ်ဆိုတာ...သူသိဖို့ ကောင်းတယ်...ကဲ... အချိန်မရှိဘူး တော်ကြာ သူပြန်တက်လာနေမှဖြင့်..."

ထိုအပြောနှင့်အတူ...ကိုလှပိုက အလောသုံးဆယ်ဖက်၍ ရက်ရက်ရောရောကလေး မွှေးလိုက်ပြီးမှ...

"အဲဒါ...မြရဲ့ မမကြည်ကို ပြောထား...နောက်နောင်ကို အိမ်က ထွက်ခွါနီးရယ်... ပြန်ရောက်တဲ့အခါမှာရယ် ကိုယ်တို့ အခန်းထဲကို မဝင်ရဘူးလို့... မြ သတိပေးထားဦး သူ့ကို..."

"အမယ်..."

စိတ်ကလေး ကြည်သွားသောကြောင့်လား မသိ...ဤမျှသာ မြမြတင် ရေရွတ်လိုက်နိုင်တော့လျက် သူကပါ ပြန်ဖက်ရင်း... မွေးခြင်းဖြင့်ပင် နှုတ်ဆက်နေပြန်၏။

ထို့နောက် ကိုလှပို အောက်သို့ ဆင်းသွားသည် ဆိုလျှင်ပင် မြမြတင်လည်း ပြတင်းပေါက်အနီးသို့ ရောက်လာကာ မော်တော်ကား အထွက်ကို စောင့်ကြည့်နေမိ၏။

မကြာမီပင် ကိုလှပိုထွက်လာပြီး ကားပေါ်သို့ တက်လိုက်၏။ ရှေ့ဆင့်နောက်ဆင့် ပါလာသော မနုကြည်သည် ခါတိုင်းလို နောက်ပိုင်းတွင် မထိုင်၊ ရှေ့တံခါးကိုပင် ဖွင့်၍ အစွင့်သား တွဲထိုင်သွားသည်ကို မြင်လိုက်ရသည်နှင့် မြမြတင်တွင် မျက်လုံးတွေ ပြာမှောင်သွားပြီး တံခါးဘောင်ကို ဆုပ်ကိုင်၍ ရုတ်တရက် ယိုင်မသွားအောင် သူ့ကိုယ်သူ ထိန်းထားလိုက်ရရှာ၏။

စောစောက တစ်ယောက်နှင့်တစ်ယောက် ဖက်မွှေးရင်း... အေးခဲ-သာယာခဲ့ရသော စိတ်ချမ်းသာမှုကလေးမှာ ယခု ကြက်ပျောက်ငှက်ပျောက် သွားရပြန်ပြီ ဖြစ်၏။

ထိုနေ့တစ်နေ့လုံး မြမြတင်တွင်လည်း... တစ်စတစ်စ အတင့်ရဲလာကြပြီ ဖြစ်သော ကိုလှပိုနှင့် မနုကြည်တို့၏ ပြုမူဆက်ဆံ

www.burmeseclassic.com

ပုံကိုသာ အပြန်အလှန်တွေးရင် ရင်ကလေးလေးနှင့် အချိန်ကုန်ခဲ့ရပြန်တော့၏။

ယနေ့လည်း ၇–နာရီသာသာလောက်တွင် ကိုသင်းမောင် ရောက်လာပြန်၏။ ရာသီဥတု အိုက်စပ်စပ်ရှိသည်နှင့် မြမြတင်ဈေးကလေးပါ ဧည့်ခန်းတွင် ဖျာတစ်ချပ်ခင်း၍ လေညှင်းလေသန့်ခံယူနေစဉ်၌ ကိုသင်းမောင်ရောက်လာ၏။ အဆင်သင့်ပင် မနုကြည်သည်လည်း မြမြတင်နှင့်အတူ ရှိနေသောကြောင့် ခါတိုင်းကဲ့သို့ပင် ဧရိုးဦးကြိုပြုရင်း…

"နေဦး ကိုသင်းမောင်…နော်၊ ကိုလှပိုကို ခေါ်ချည်ဦးမယ်" ဟု မနုကြည်က ခြေလှမ်းပြင်လိုက်သည်နှင့်…

"နေပေ့စေ မနုကြည်…အလကားဖျင်းလို့ လာလည်တာပါ၊ လုပ်စရာရှိနေရင် လုပ်ပါစေတော့"ဟု ကိုသင်းမောင်က ဟန့်လိုက်၍ စကားမဆုံးသေးမီ ကိုလှပိုထွက်လာသည်ကို တွေ့ရ၏။

"နယ်က ဆေးအမှာ ဘယ့်နှယ့်လဲ ကိုသင်းမောင်… ဟန်ရဲ့လား"ဟု ကိုလှပိုလည်း ရယ်နေရာမှပင် မေးလိုက်သဖြင့်…

"အင်း… ဒီလထဲမှာ နယ်က အနှုတ်အသိမ်းပိုလာတယ် ကိုလှပို… ဆိုင်လုပ်ငန်းအတွက် စိတ်သာချပါ၊ ကျွန်တော် အမြဲကြိုးစားလျက်ပါပဲ…"

"ဟုတ်ကဲ့… ဒီပြင်တော့ ထွေထွေထူးထူး ကိစ္စမရှိရင် ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ…နော်၊ အလုပ်ကလေး နည်း နည်း လက်စ,သတ်လိုက်ပါရစေ"

"အို… သွားလုပ် ကိုလှပို၊ လုပ်စရာရှိတာ လုပ်ပါ၊ ကျွန်တော်လည်း ပျင်းပျင်းရှိလို့ လျှောက်လာတာပါ၊ ဘာကိစ္စမှ မရှိပါဘူး"ဟူသော ကိုသင်းမောင်၏ စကားအဆုံးတွင် ကိုလှပိုလည်း အပြုံးတစ်ဝက်နှင့် လှည့်ထွက်သွားတော့၏။





ကိုလှပို သူ့အခန်းထဲမှ ထွက်လာ၍ ကိုသင်းမောင်အား နှုတ်ဆက်ပြီး ပြန်ဝင်သွားသည်အထိ မြမြတင် သတိထား အကဲခတ်လိုက်မိသမျှ ဆိုလျှင် ကိုလှပို၏ အမူအရာရော အပြုအမူပါ အတော်ကလေး ရိုင်းသလိုလို ရှိနေသည်ဟု မြမြတင်မှတ်ချက်ချလိုက်၏။

ကိုလှပိုသည် ယခင်က ဤလိုမဟုတ်၊ မည်သို့သော လူတန်းစားပင်ဖြစ်ရုံသာမက မိမိတို့ထက် နိမ့်ကျနေသူဖြစ်ဘိမူပို၍ပင် အရေးပေးတတ်သူ ဖြစ်ပါလျက် ယခု ကိုသင်းမောင်ကျကာမှ အဘယ်မှ စိတ်ကွက်၍ မဆက်ဆံချင်သလို အိမ်နွေကြီး နေရပါဘိ သနည်း။

မြမြတင်လည်း ကိုလှပို၏ ပြုမူပုံသဘောကို ခပ်လောလော တွေးလိုက်မိပြန်၏။ စိတ်ရှုပ်ထွေးခဲ့၍ တွေးမည့်သာ တွေးနေသည်။ စင်စစ် ဤလိုမြင်ကွင်းနှင့် ဤလိုမျက်နှာထားများကို မြမြတင် ကြုံနေရသည်မှာ ယခုတစ်ကြိမ်သာမဟုတ် ကိုသင်းမောင် ရန်ကုန်ရောက်သည်မှစ၍ ယနေ့အထိ ဆိုသော်… သုံးလေးကြိမ်မျှပင် ရှိခဲ့ပြီ ဖြစ်၏။

ယနေ့တွင်မူ အတော်ကလေး ထူးခြားသော မြင်ကွင်းတစ်မျိုးကို မြမြတင် ကြည့်နေရ၏။ ယခင်သုံးခေါက် ကိုသင်းမောင် အလည်အပတ် ရောက်လာစဉ်က မနုကြည် အပေါ်တွင် ပြောပုံဆိုပုံရော၊ ကြည့်ရှုပုံ မျက်နှာထားပါ မရိုးမသား ရှိခဲ့၏။ မနုကြည်ကလည်း ကိုသင်းမောင်အား မျက်စောင်းကလေး ထိုး၍ ညုလိုက်ပုံ၊ နှုတ်ခမ်းကလေးမဲ့ကာ နွဲ့ပြလိုက်ပုံတို့မှာလည်း ချစ်သူချင်းတွေ့၍ မထိတထိ ထေ့ကြသလို အသွင်မျိုးဖြင့် မြမြတင် မြင်ခဲ့ရ၏။

ယနေ့သော်–ကိုသင်းမောင်၏ မျက်နှာထားသည် အသနားခံ သည့်အသွင် ဆောင်နေပြီး၊ မနုကြည်တွင်ကား ယခင်ကလို

www.burmeseclassic.com

www.burmeseclassic.com

အမှုအရာ မဟုတ်တော့ဘဲ အိန္ဒြေရရ ပြောဆိုနေသည်ကို တွေ့ရ၏။ ကိုသင်းမောင် ပြန်ကာနီး၌...

"ကဲ... မနုကြည် ရေခဲမုန့်လေး ဘာလေး စားရအောင် ညဈေးတန်းဘက် မလိုက်တော့ဘူးလား"ဟု ကိုသင်းမောင်က မျက်နှာချိုသွေး၍ မေးနေသည်ကိုပင်...

"ဟင့်အင်း... မလိုက်တော့ဘူး"

ခပ်တိုတိုပင် အလိုအပိုမရှိသော မျက်နှာထားဖြင့်ဖြေလိုက်၏။

နောက်...ကိုသင်းမောင် ဆင်းသွားသည်နှင့် မနုကြည်လည်း မြမြတင် အနီးမှ ထ,သွားကာ ဝရံတာရှိ ပက်လက်ကုလားထိုင်တွင် လွတ်လွတ်ကျွတ်ကျွတ်ထိုင်ရင်း တစ်ယောက်တည်း ငိုင်နေတော့၏။

မြမြတင်တွင်လည်း မိနစ်ပိုင်းအတွင်း သူကြုံလိုက်ရသော ကိုသင်းမောင်၊ မနုကြည်တို့၏ ပြောင်းလဲသွားသော အမူအရာနှင့် ပတ်သက်ဆက်စပ်ကာ ကိုလှပို၊ ထည့်ရောပြီး အတောမသတ် ချဲ့တွေးနေမိပြန်၏။ ဤတစ်ကြိမ်တွေးရသည်မှာ မြမြတင်အဖို့ အလွန် လွယ်ကူနေပုံရ၏။

ကိုသင်းမောင်သည် ရှေ့ကျင်သား ဖြစ်သည့်အတိုင်း မနုကြည်နှင့် ဟိုစဉ်ကတည်းက ခင်မင်မှုအခြေရှိမည်။ နောက်ဆုံး ရိုးရိုးခင်မင်ရာမှ...မနုကြည်အား ဇနီးလောင်းအဖြစ် ရည်မှန်းသော ရင်းနှီးမှုမျိုးအထိ တိုးတက်တောင်းဆိုလိုသည့် ဆန္ဒဖြင့် မနုကြည်အား အရေးဆိုကောင်း ဆိုဖူးပေမည်။ သို့သော် ယင်းသည့်ကိစ္စ အပြုအမဲ မကွဲပြားမီ မနုကြည် ရန်ကုန်ရောက်လာခြင်း ဖြစ်ရမည်။

သို့တိုင်အောင် မနုကြည်၏ မေတ္တာသည် ကိုသင်းမောင် အပေါ်၌ မသိမသာ ငြိတွယ်ကောင်း ငြိတွယ်နေမည်။ ထို့ကြောင့်ပင် ကိုသင်းမောင် လာလည်စ, ပထမသုံးခေါက်လောက်က မနုကြည် အတော်ကလေး အရေးပေးခဲ့သည်။ ညဈေးတန်းသို့ပင် လိုက်၍ မုန့်ဟင်းခါးအတူ စားခဲ့ကြသည်။





ယင်းကဲ့သို့ ကိုသင်းမောင်နှင့် မနုကြည်တို့၏ မေတ္တာနှောင်ကြိုးမပွားမီသေးမီ စပ်ကူးမတ်ကူးအချိန်၌ လင်တစ်ယောက်အနေဖြင့် သွားရည်ကျလောက်စရာ အဘက်ဘက်က ဗဟုသုတပြည့်နေသော ကိုလှပိုအပေါ်တွင် မနုကြည် စိတ်ယိုင်ကောင်း ယိုင်ပေမည်။ လက်ကိုင်ပုဝါကိစ္စတစ်ခုတည်းနှင့်ပင် ယိုင်သည့်ဟိုဘက်သို့ လွန်နေပြီဟုလည်း ဆိုနိုင်၏။

ဤလို အခြေမျိုးကျမှ ကိုသင်းမောင် ရောက်လာ၏။ အခါကား နှောင်းခဲ့လေပြီ၊ သို့သော် နောက်ကြောင်းက ခင်မင်မှုလက်စ,ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်လည်းကောင်း၊ တစ်ကြောင်းကြောင်းကို ထောက်ထားသောအားဖြင့် မနုကြည်က အလိုက်သင့် ဆက်ဆံခဲ့၏။

တစ်ခါတစ်ရံတွင်မူ မနုကြည်က ပိုပိုသာသာကလေးပင် ညည်း ခရာသံကလေးဖြင့်...ပြောတတ်ဆိုတတ်ရုံသာမက ညဈေးတန်းသို့ထိအောင် လိုက်သွားရသည်မှာ တစ်ကြိမ်သောအခါက ကိုသင်းမောင်နှင့်ပင် အတော်ကြီး ရင်းနှီးခဲ့၍လော၊ သို့တည်းမဟုတ် ကိုလှပိုပင် အလိုစမ်းလို၍လောဟု မြမြတင် အတောမသတ် တွေးနေမိ၏။

ဒုတိယအချက်မှာ အတော်ကလေး နီးစပ်သော အတွေးဖြစ်၏။ ယခင်လာလည်ဖူးသည့် သုံးခေါက်အနက်က နှစ်ခေါက်တိတိ ကိုသင်းမောင်နှင့် မနုကြည် ညဈေးတန်းဘက် လိုက်သွားဖူးရာတွင် ထိုနှစ်ကြိမ်လုံး၌ တွေ့ရသော ကိုလှပို၏ မျက်နှာထားမှာ ရှုံ့ရှုံ့ရှားရှားနှင့် ထူးထူးခြားခြား မကျေနပ်သည့် အသွင်ဆောင်ခဲ့၏။ ရေးနေသော စာရင်းတွေလည်း လုပ်ရင်း ဆုတ်ရင်းနှင့် စိတ်ထားမငြိမ်တိုင်း အကြိမ်ကြိမ်မှားခဲ့သည်ကို မြမြတင် အကဲခတ်မိခဲ့၏။

ယနေ့တွင်မူ ချစ်သူနှစ်ယောက်ကြား၌ ဗျာများနေရမှု တိတိကျကျ တစ်ယောက်ကို ရွေးချယ်ပြီးပြီဟု ဆုံးဖြတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ဘိသကဲ့သို့ မနုကြည်၏ ဆက်ဆံခြင်းသည် ကိုသင်းမောင် အပေါ်၌ ရှင်းရှင်းကလေး ပြောင်းသွား၏။

မနုကြည်သည် သူ့မေတ္တာကို ကိုလှပိုအား ကြိုက်သလိုသုံးဖို့ လုံးလုံးလျားလျား ပုံအပ်ရန် ဆုံးဖြတ်လိုက်လေပြီလော၊ တစ်ကြိမ်တစ်လေကော ပုံအပ်ခဲ့ဖူးပြီလော…

မြမြတင်လည်း ဤလိုတွေးရင်းက တန်းပေါ်တွင် ဖြန့်လှမ်းနေသော ကိုလှပိုနှင့် လက်ကိုင်ပုဝါကလေးကို မြင်ယောင်လာ၏။ တကူးတကတွေး၍ မြင်ယောင်လာခြင်းကား မဟုတ်၊ ခေါက်ဆွဲစားချင်စိတ်ပေါက်လာရုံနှင့် ဝက်သား၊ ငရုပ်သီးစိမ်းနှင့် ကြက်သွန်ချဉ်ကို အလိုအလျောက် မြင်လာသကဲ့သို့ပင် ဖြစ်၏။

ဤလိုတွေး၍ ဤပုံမြင်ခဲ့ရသည့် အကြိမ်ပေါင်းမှာလည်း များခဲ့ပြီ ဖြစ်သည်တစ်ကြောင်း၊ ယခုထိ ခံနိုင်ရည်လည်း ရှိနေပြီဖြစ်၍ တစ်ကြောင်းကြောင့် မြမြတင်တွင် ထူးထူးခြားခြား တုန်လှုပ်ခြင်း မရှိစေကာမူ မျက်ရည်ကိုကား ဆီးတား၍မရ၊ အတွေတွေ ကျလျက်ရှိ၏။ တစ်ယောက်ယောက် ဝင်လာလျှင် မြင်သွားမည်လည်း စိုးရသေးသောကြောင့်… မျက်ရည်ကို တစ်သုတ်တ[illegible]း သုတ်နေရသည်မှာလည်း အနီးတစ်ထည်လုံး စိုရွှဲမတတ် ရှိနေတော့၏။

ကလေးပုခက်ဆောင်းတွင် ကွေးကွေးကလေး လဲ့ရင်း၊ ရှေ့ရေးကိုကျော်၍ တမျှော်တခေါ်ကြီး တွေးမိသည်မှာ အဘယ်မျှကြာသွားသည်မသိ၊ အင့်ခနဲ ငြီးလိုက်သော ကလေးအသံကြား၍ အူယားဖားယား ထ,ထိုင်မိမှပင် သူ–မေ့ခနဲ အိပ်ပျော်သွားသည့် အဖြစ်ကို သတိရလာတော့၏။

ချက်ခြင်းပင် လွှမ်းအုပ်ထားသော ဇာပါးကလေးကို အသာလှပ်၍ ကြည့်လိုက်သည်၌ သူ့သမီးကလေးသည် တစ်ချက်မျှသာ လွန့်ပြီး ရုတ်တရက် ပြန်၍ ငြိမ်သွားသည်ကို တွေ့ရ၏။





"ခြင်ထိုးသလား–ဂျပိုး ကိုက်သလား၊ ဩော်…, နေသားပေါက်တယ် ထင်ပါရဲ့"

တစ်ဆက်တည်းပင် အမျိုးမျိုးတွေးလိုက်ပြီးမှ မြမြတင်သည် ကလေးကို ပွေ့ယူတော့မည်ကဲ့သို့ ပုခက်ထဲသို့ လက်အလျှိုလိုက်တွင် သူတို့အိပ်ခန်းထဲမှ တီးတိုးရေရွတ်သံလိုလို ထွက်လာသည်နှင့် မြမြတင်လည်း ကလေးကိုပင် ဇာပြန်မအုပ်နိုင်တော့ဘဲ ရုတ်တရက် ထ,ရပ်လိုက်၏။

လေသံမျှဖြင့် ပြောနေဟန်တူသော စကားများကိုလည်း… မသဲမကွဲ ကြားနေရသေးသည်နှင့် မြမြတင်လည်း ခြေဖော့ကလေးနှင်း၍ တစ်လှမ်းချင်းလျှောက်သွား၏။ အခန်းတံခါးဝ,နားသို့ ရောက်သည်နှင့်…

"အချစ်ဆိုတာ…"

"… မှာ… ဒီစိတ်မျိုးရှိတာပဲ…ဒါပေမယ့်…"

"ကျွန်မကတော့…ချစ်မိနေပြီ…"

"ကျွန်တော်လည်း…ပါတယ်…ဒါပေမယ့်…မဖြစ်နိုင်ဘူးဟို…"

"စဉ်းစားပါတယ်…, ကျွန်မ…"

"အို… ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး မနုကြည်…"

"ရှူး… တိုးတိုး…"

ဆက်၍ နားမထောင်ဝံ့တော့သလို… မြမြတင်လည်း ချက်ခြင်းပင် လှည့်ထွက်လာခဲ့၏။ ထ,သွားစဉ်ကလို ထူထူမတ်မတ်မဟုတ်တော့ဘဲ၊ ထရံကို ကပ်မှေး၍ ဖြေးဖြေးချင်း လျှောက်လာရ၏။ သူ့ကိုယ်ကလေး ယိမ်းမသွားအောင်လည်း အနိုင်နိုင်ထိန်းချုပ်လှမ်းခဲ့ရရှာ၏။

www.burmeseclassic.com



ကလေးပုခက်အနီးတွင် ထိုင်မိသည့်ဏိုင်အောင် သူ့တွင် ဘာလုပ်ရမည်မသိ၊ စကားသံများကိုလည်း ခပ်သဲ့သဲ့ ကြားနေရသေး၏။ အံကလေး တကြိတ်ကြိတ်နှင့် အော်ဟစ်၍ ငိုလိုက်ချင်သော စိတ်ကို အနိုင်နိုင်ထိန်းရင်း… ယခုချက်ခြင်းပင် အခန်းထဲ ထပြေးပြီး ထိုအရေးကို ရှင်းလိုက်ရမည်လော… အိပ်ချင်ယောင်ဆောင်နေပြီးမှ အရိပ်အခြေကို စောင့်ကာ… ပိုင်လောက်မှ ပြောရလျှင် ကောင်းမည်လား… ဟု ခပ်သုတ်သုတ် တွေးမိရာမှပင် ပုခက်လေးတွင် လှဲချလိုက်မိရာ၏။

မျက်လုံးကလေး စုံမှိတ်၍ အိပ်နေဟန် အမူအရာနှင့်ပင် ဆုံးဖြတ်ချက်ကို သွက်သွက်ရှာရင်း တစ်စုံတစ်ခုကို သတိရလာ၏။

"အို… ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး မနုကြည်…"

သူ… နောက်ဆုံးကြားခဲ့ရသော စကားအတိုင်းဆိုလျှင် ကိုလှပိုသည် အရှောင်သမားလုံးလုံးအဖြစ် မြမြတင် သတိထားမိလာ၏။ အတိုချုပ်အားဖြင့်လည်း ခပ်သုတ်သုတ်တွေးမိသည်မှာ မနုကြည်က လိုက်လိုက်လျောလျော စားစားရှိနေသလောက်… ကိုလှပိုက တူးတူးခါးခါး ငြင်းနေသည့် သဘောပင် ဖြစ်၏။

ဤအတိုင်းမှန်က သူ့ချစ်လင်အတွက် တစ်ဘက်က စိတ်ချရလေပြီဟု မြမြတင်တွေး၏။ ဝမ်းလည်းသာသွား၏။ ဤဇာတ်ထုပ်ကို ရှုပ်အောင် ဖန်တီးသူမှာ မနုကြည်သာလျှင် ဖြစ်သည်ဟူ၍လည်း မှတ်ချက်ချလိုက်၏။

ယခုသိရသောအခြေမှာ လူတွင်လည်းမပါ ကျားကလည်း မကိုက်သေးသောကြောင့် အဆင်ခြင်ဉာဏ်ရှိသော မိန်းကလေးပီပီ အေးအေးဆေးဆေးသာလျှင် ဖြေရှင်းသင့်သည်ဟု မြမြတင် ယူဆ၏။ မနုကြည်၊ ကိုလှပိုနှင့် သူ သုံးဦးသုံးဘက် မည်သူမျှ မျက်နှာ



မပျက်ဘဲ အရှည်သဖြင့် ဆက်သွယ်၍ ဖြစ်နိုင်သောနည်းသာလျှင် အလျော်ကန်ဆုံးဟူ၍လည်း မြမြတင်သဘောပေါက်လာ၏။

သို့လျှင်…. အံ့စရာကောင်းလောက်အောင် သူ့ကိုယ်သူ ချုပ်သိမ်း၍ စိတ်ကလေး ထိန်းထားနိုင်သည်မှာ… အမှန်စင်စစ် ရင့်နေပြီဖြစ်သော မြမြတင်၏ အဆင်ခြင်ဉာဏ်တစ်ခုတည်းကြောင့်သာမဟုတ်၊ "ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး မနုကြည်" ဟူသော စကားအရ ကိုလှပို ကိုယ်၌က မနုကြည် ဆွဲဆောင်ရာ မပါသေးဟု သိလိုက်ရသည့်အချက်ကလည်း… တစ်ဘက်မှ ထိန်းပေးလိုက်သလို ဖြစ်သွားဟန်တူ၏။

"မြရေ… မြ…"

မြမြတင် ရင်နှနုကလေးမှာ ဒုခနဲ ထိတ်သွား၏။ သို့သော်… အိပ်ချင်ဟန်ဆောင်မှုကလေး ယုတ္တိတန်သွားစေခြင်း အလို့ငှါ၊ နှစ်ခါလောက်နှင့် မထူးသေးဘဲ သုံးကြိမ်တိုင် ခေါ်လှုပ်နှိုးမှ အလူးအလဲ ထ,ထိုင်လိုက်ကာ…

"ကြည့်စမ်း… မြ အိပ်ပျော်သွားလိုက်တာ တုံးပဲ…"

စောစောက ငိုထားသဖြင့် နီနေသော မျက်လုံးများကို ပရိယာယ်ဖြင့် ဖုံးရန်လောမသိ၊ ခပ်နာနာကလေး ဖိ၍ အတန်ကြာ ပွတ်နေသောကြောင့်–

"အို… ဘာလို့ သိပ်ပွတ်နေရတာလဲ မြရဲ့… မျက်စိကို ဒီလိုပွတ်တာ မကောင်းဘူး၊ ကဲ… ထ,အခန်းထဲဝင်ကြစို့ နော်"

"ဝင်မယ်လေ… ခု… ဟင်… ကိုးနာရီတောင် ခွဲနေပြီပဲ"

"အေးပေါ့၊ ခုနတောင် ကိုပို တစ်ခါလာကြည့်သေးတယ်၊ မြ အိပ်ပျော်နေတာနဲ့ ခြင်နိုင်ဆေးတွေ ဘာတွေတောင် ပက်ပေးခဲ့သေးတယ်…"

"ဟင်… မြဖြင့် ဘာမှ မသိဘူး"

"ကဲ့…ဝင်ကြစို့နော်…"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ..."

သူရော ကလေးပါ အခန့်ထဲရောက်မှ မြမြတင်လည်း ကလေးကို အသာထုတ်၍ အနီးကို စမ်းကြည့်၏။ သေးမယိုသော်လည်း ချွေးအနည်းငယ် စိုနေသဖြင့် ပေါင်ဒါတဖတ်ဖတ် ရိုက်ကာ အနီးသစ်နှင့် လဲပတ်ပြီးမှ ကလေးကို ရင်ဝယ်အပ်ကာ နို့ချိုကလေး တပ်ပေးလိုက်၏။

"ဒီနေ့... သိပ်အိုက်တာပဲနော် မြ..."

"ဟုတ်တယ် ကိုပို၊ ဒါကြောင့် မြတို့ အပြင်ခဏ ထွက်နေကြတာပေါ့၊ ဟိုမှာက လေနည်းနည်း ပိုရတယ်"

"ကလေး နို့တိုက်ပြီးရင် ရေတစ်ပုံးနှစ်ပုံးလောက် သွားလောင်းချည်ပါလား... ဟင်၊ ကိုပိုတော့ မြ အိပ်နေတုန်းက တစ်ခါ ချိုးပြီးပြီ..."

ကိုလှပိုလည်း ဤသို့ပြောနေရင်းကပင် မြမြတင်၏ ဆံနွယ်ကလေးများကို တယုတယ သပ်ပေးနေ၏။

"ချိုးမယ်လေ ကိုပို လိုက်စောင့်ပေးမလား၊ မြတစ်ယောက်တည်းတော့ ကြောက်တယ်"

"နို့... ကလေးကို ဘယ်သူကြည့်မလဲ..."

"အို... ခဏလေးပဲဟာ"

"အေး... အေး... ကိုပို လိုက်စောင့်ပေးမယ်... နော်"

ကိုလှပို၏ အပြုအမူရော မျက်နှာထားပါ၊ မြမြတင်အပေါ်၌ ဘာတစ်ခုမျှမယုတ်မလျော့ မပျက်မပျယ် ခင်တွယ်လျက် မြတ်နိုးလျက် အယုအယလည်း သွက်နေသည်ကိုသာ တွေ့ရ၏။

ကိုလှပို၏ ကြင်နာမှုကို စိတ်ကလေး အမြှုသားနှင့် အနှုအညွှတ် ခံစားနေရာကပင် မကြည်မလင် ညှိုး၍ မျက်နှာကလေး တစ်မျိုးပြောင်းသွားပြန်၏။



"ယောက်ျားတွေဟာ အင်မတန် ပရိယာယ်များသတဲ့၊ မယားကြီးမှာ ဘာအပြစ်မှ မရှိဘဲနဲ့ သူတို့ သားငယ်၊ မယားငယ် ယူချင်လာပြီဆိုရင် ဖြစ်စေ၊ မယားကြီးသဘောမတူ နိုင်မယ့် ကိစ္စတစ်ခုခု လုပ်ချင်လာရင်ဖြစ်စေ၊ သူတို့ဟာ မယားကြီးကို ပိုပြီး အရေးပေးလာတတ်တယ်၊ ယုယတတ်တယ်၊ ခါတိုင်းထက်ပိုပြီး ချစ်သယောင်ယောင် ဟန်ဆောင်လာတတ်တယ်တဲ့"

မြမြတင်ကလည်း သူဖတ်ခဲ့၊ မှတ်ခဲ့ရဖူးသည်တို့ကိုပါ အကိုးအကား ပြု၍ သူ့ချစ်လင်၏ ကြင်နာခြင်းကို သက်သာမကင်းသလို ရင်ကလေးဖိုနေမိပြန်၏။

"ဒါနဲ့ မြရေ... ရာသီဥတုက ရှေ့လျှောက်ဆို ပူတော့မယ်၊ အဲဒါ...ကိုယ်တို့ သမီးကလေးကို ကျောက်ထိုးပေးဖို့ အချိန်တော်ပြီထင်ပါရဲ့"ဟု ကိုလှပိုက ကြားဖောက်၍ ပြောလိုက်သဖြင့် သူ့အတွေးလည်း ပျောက်သွားရပြန်၏။

"ကြိုတင် ကာကွယ်တာတော့ ကောင်းပါတယ်...ဒါပေမယ့် ကလေးက ငယ်သေးလားလို့"

"အေး...ကိုပိုလည်း အဲဒါ စဉ်းစားနေတာပဲ၊ နက်ဖြန်မှ ဖေဖေတို့နဲ့ တိုင်ပင်ပြီး ကြည့်လုပ်တာပေါ့ကွယ် နော်..."

ထိုညအဖို့၌ မြမြတင်တွင် ယခင် ညများကလောက် စိတ်သောကရောက်ဟန်မရှိ၊ သိသိသာသာပင် ရွှင်နေသည်ကို တွေ့ရ၏။ သို့-သောကနှင့် ဆွေးစရာ လျော့သွားသည်တိုင်အောင် သူ့တွင် ဆွေးစရာကား ရှိနေသေး၏။

သိခဲ့ရသမျှသော စာစာပိုင်းက ကိစ္စနှင့်ပတ်သက်၍ သူ၏ ချစ်လင်သည် ယခုတိုင်အောင် သူ့အပေါ်၌ သစ္စာမဖောက်နိုင်သေးမြဲလျက် ရှိသည်ဟု သူအမိပွါယ်ကောက်၏။ မနုကြည်သာလှုပ်ရှားကဝင်နှောက်၍ သူတို့အချစ်ကို ကမောက်ကမ လုပ်နေမှုဟု

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်ချခဲ့ပြီး ဖြစ်သည့်အတိုင်း သူ့ချစ်လင်ဘက်မှ တစ်ဝက်သာသာ စိတ်ချခဲ့၏။

ဤမျှသိရလျှင် သူ့အဖို့ ရောမ အားတက်စရာဟု လက်ရှိခေတ်မိန်းမသားပီပီ လျှော့ချေးစနစ်ဖြင့် နှစ်သိမ့်နေတော့၏။ ဤအဖြစ်အပျက်ကို ပြောင်းပြန်အဖြစ် မှောက်လှန့်ကာ... မြမြတင်ကသာ သူတစ်ထူးနှင့် ခလောက်ဆန်သည်ဆိုဘိမူ၊ အူ ရှည်မျိုးဟု အချောက်တိုက် ဂုဏ်ယူနေသည့် ယောကျ်ားစာရင်းတွင် အပါအဝင်ဖြစ်သော ကိုလှပိုသည် မြမြတင် ခွင့်လွှတ်သလို သူ-ခွင့်လွှတ်နိုင်ပါမည်လော...

အူတိုမျိုးဟု ဆိုးဆိုးဝါးဝါး အသမှတ်ခံနေရသည့် ဣတ္ထိယနွယ်ဝင် မြမြတင်ကလေးကမူ၊ ကိုလှပို၏ လက်တွေ့မျက်မြင်အမှားကို လားလားမျှ ဗွေမယူသည့်အပြင် "တစ်ဘက်က ချော့တာတောင် ငါ့လင်က မပျော့ဘူး၊ ဘယ်လောက်သစ္စာရှိသလဲ..." ဟူ၍ပင် ဂုဏ်တင်ကျေနပ်နေချေသေး၏။

♥

မနေ့ညက စိတ်ချမ်းသာမှုကလေး ရသင့်သလောက် ရခဲ့သည့်အတွက် ယခင် ပျက်ခဲ့သော အိပ်ရေးများကိုပါ ပေါင်း၍အတိုးနှင့် ဆောင်းကာ... စိတ်လက်တချ ကောင်းကောင်းကြီးအိပ်ခဲ့ရ၍လောမသိ၊ နံနက် ၉-နာရီ လောက်မှပင် အိပ်ရာထနိုးခဲ့လျက်...

"ဟင်"ဟူသော ရေရွတ်သံကလေးနှင့်အတူ ပြူးပြူးပျာပျာနှင့် ခုတင်ပတ်ချာလည် ကြည့်လိုက်ပြီးမှ သုတ်သီးသုတ်ပျာထ,ထွက်သွား၏။





"အမလေး မမထွေးရယ်... မြဖြင့် ရင်ထဲကို ဘယ်လိုကြီးဖြစ်သွားမှန်း မသိဘူး... ကလေးမတွေ့လို့"

ဖျာတစ်ချပ်အစန့်သား ခင်း၍ ညှော်ခန်းတွင်း၌ ဇိမ်ကျနေသော မထွေးနှင့် ကလေးကို တစ်လှည့်စီကြည့်ရင်း မြမြတင်က ပြောလိုက်သဖြင့်...

"မနက်ကလေ... အစောကြီးရယ် ထသွားပြီး ဟောဒီနို့ဘူးရော၊ နို့မှုန့်ပါ သွားဝယ်လာတယ်... နောက်ချက်ခြင်းပဲ သူ့ဟာသူ ကိုယ်တိုင်ဖျော်တယ်... မမထွေးကိုလည်း ဖျော်ပုံဖျော်နည်းတွေ ပြသွားတယ်... ကလေးကိုလည်း သူကိုယ်တိုင် အိမ်ရှေ့ထုတ်ပေးသွားတယ်လေ... ငိုရင် နို့ဘူးနဲ့ တိုက်တဲ့..."

မထွေးက...သို့...ရှင်းပြောရင်း...နို့ဘူးကို လှမ်းယူပြနေသောကြောင့်...

"အို့ဟို...ဘယ်လိုများ စိတ်ကူးပေါက်ပြန်ပါလိမ့်မလဲ...သူ..."

"ကိုလှပိုကတော့ ပြောသွားတာပဲ၊ မြမြဟာ နေ့လည်းကောင်းကောင်းမအိပ်ရ၊ ညလည်း အိပ်ရေးပျက်နဲ့မို့၊ အဲဒါ-နို့ဘူးကလေးတော့ ကူပေးမှ ကောင်းမယ်တဲ့... သူပြောတာလည်း ဟုတ်တာပဲ နို့မို့ရင် မြမြ ဒီအချိန်ထိ အိပ်ရဖို့တောင် ဝေးသားပဲ... မြမြ သမီးကလေးက ၆-နာရီလောက်ကတည်းက နိုးနေတာ..."

မြမြတင်လည်း ကလေးကိုပင် ကောက်ချီယုယခြင်း မပြုနိုင်သေးဘဲ လေးစားအားကိုးလောက်သော ချစ်လင်၏ ဂရုဏာတရားကို သမုဒယာပွားရင်း ပီတိစိမ့်ကာ အမြိန့်သား ကြည်နူးနေမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

[illegible]မှုအပါအဝင် နံနက်ပိုင်းကိစ္စ အစစ ပြီးစီးသည် ဆိုပါ[illegible] မြမြတင်လည်း စိတ်ရောကိုယ်ပါ ပေါ့ပေါ့ပါးပါး [illegible]၍ ခုတင်တွင် မှီထိုင်ရင်း ခေါင်းရှင်းရှင်းနှင့် တစ်စုံ [illegible]ကို စဉ်းစားလျက်ရှိ၏။

"ခုတော့ သူတို့ပြဿနာ ရပ်လုံးပေါ်ပြီ၊ ငါဘာလုပ်ရမလဲ၊ မကြည်ကို ရွှေကျင် ပြန်ပို့ဖို့ မေမေ့ကို တစ်နည်းနည်းနဲ့ လှည့်ပြောရ ကောင်းမလား..."

သူ့တွင် အရေးတကြီး တွေးစရာဆို၍ ဤကိစ္စသာ ရှိ၏။ ထိုကဲ့သို့ ရေရွတ်ရင်း တွေးလိုက်ပြီးမှ...

"ဒီလိုလည်း... ဖြစ်သေးဘူး ထင်ပါရဲ့... ဘာပြုလို့လဲ သမီးရဲ့... လို့ မေမေက မေးရင်တောင် ဖြေဖို့ရာ မလွယ်ဘူး၊ ငါ–ဘယ်လို အကြောင်းပြမလဲ၊ ပြီးတော့ တို့ဆေးလိပ်လုပ်ငန်းက ခုမှအစဆိုတော့ ကိုပို နားလည်တယ်ပဲ ထားဦးတော့... လိပ်သား တွေနဲ့ ဆက်ဆံဖို့ဆိုတာ မိန်းမချင်းက ပိုကောင်းတယ်၊ အို... ဒါလည်း ငါ ကျန်းမာလာတော့ တာဝန်ယူလုပ်လည်း ဖြစ်တာပဲလေ၊ အရေးကြီးတာက မမကြည်ကို တို့နဲ့အတူ ထားလို့ မဖြစ်တဲ့ကိစ္စက အကြောင်းပြအဆင်ပြေဖို့ပဲ လိုတယ်၊ ကဲ–ငါဘယ်လို အကြောင်း ပြမလဲ..."

ဤအချက်မှာ မြမြတင်အဖို့ လွယ်မယောင်နှင့် ခက်နေ၏။ တစ်ဖန်... သူသိပြီးသမျှကို ပြောင်ပြောင်ပင် ကိုလှပိုအား ရှင်းပြလိုက်ပြီး နောင်တွင် ဆင်ခြင်၍ ခပ်ကင်းကင်း နေရန် သတိပေးရကောင်းလေမည်လားဟုလည်း တစ်နည်းတွေးပြန်၏။

"ဒီလိုလည်း မကောင်းသေးဘူး ကိုပိုဟာ ငါ့ကို အင်မတန် ချစ်တယ်... မြတ်နိုးတယ်၊ သူ့ကိုယ်ကျင့်တရားကိုလည်း သူ့ အင်မတန် တန်ဖိုးထားတဲ့ လူတစ်ယောက် ဒီတော့ ခုလို ဖောက် လွဲဖောက်ပြန် ကိစ္စမျိုး ဖြစ်ရတာကို ငါ–သိစေချင်မယ် မဟုတ်ဘူး... တကယ်ဆိုတော့လည်း သူက ကျူးလွန်ရတာလည်း မဟုတ်ဘူး"

မြမြတင်–တွေးနေပြန်၏။

"နို့... ဒီကိစ္စကို သူဘာပြုလို့ ငါ့ကို ဖွင့်မပြောသလဲ၊ သူ့ရိုးသားပါသဖြင့် ဆိုရင်ပြောရမယ်၊ အို... ဒီလိုလည်း ဘယ်ဖြစ်မလဲ တစ်ဖက်က မိန်းမသားကို ငဲ့ဖို့က ရှိသေးတာပဲ၊ ဘာဖြစ်ဖြစ် တစ်ဖက်က ဘယ်လိုပဲဆွယ်ဆွယ် သူနည်းနဲ့ သူ–ရှောင်ပြီး ငါ့အပေါ် သစ္စာ မဖောက်ရင် ပြီးတာပဲ မဟုတ်လား..."

သူ့ချစ်လင် အပြစ်ပေါ့ရေးအတွက် မြမြတင်သည် လျှော့နိုင်သမျှ လျှော့၍ တွေးနေ၏။

"အင်း... သူ–ငါ့ကို ဒီကိစ္စ ဖွင့်မပြောတာဟာလည်း စင်စစ်တော့... ငါစိတ်ဆင်းရဲမှာ စိုးလို့ ဖြစ်မှာပဲ၊ ပြီး–မမကြည် ဟာလည်း နိုကိုးရာမဲ့လို ဖြစ်နေလို့ ငါတို့ စိတ်ကွက်သွားရင် ခက်ရချည့်ရဲ့လို့ ကိုပိုက တွေးချင်တွေးမယ်၊ အဲသလို အားလုံး အတွက် အကောင်းဆုံးဖြစ်အောင် သူ့နည်းနဲ့ သူရှောင်တိမ်းနေ တုန်းမှာ ငါက ဖွင့်ပြောလိုက်ရင်၊ သူ–ဘယ်လောက် ရှက်သွားရှာမလဲ၊ တစ်သက်လုံး သူစိတ်ကောင်းနိုင်တော့မှာ မဟုတ်ဘူး၊ ရှုပ်ပါ တယ်လေ ငါမသိချင်ယောင်ဘဲ ဆောင်နေပြီး၊ သူ့နည်းနဲ့သူ စခန်းသွားတာကိုပဲ ငါစောင့်ကြည့်နေတော့မယ်..."

စိတ်ကလေး ဤတွင်မှ ရှင်းသွားသလိုသက်ပြင်းတစ်ချက် ချလိုက်၏။ ထိုအခိုက်အတန့်မှာပင် အတွေးတစ်ခု ဝင်လာပြန်သဖြင့် မျက်လုံးကလေး ကျယ်သွားပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး၊ ဒီလိုကိစ္စမျိုးက ကြိုးရှည်ရှည်နဲ့ လှန်ထားလို့ရတဲ့ ပြဿနာမျိုးမဟုတ်ဘူး၊ ဒီလိုအတွေးမျိုးကို ဘယ်လောက်ကြာကြာ ကိုပို ရှောင်နိုင်မတဲ့လဲ..."

"ဤအတွေးသည် ရေးရေးမှ တဖြည်းဖြည်း ရုပ်လုံးပေါ်သွား၏။ မြမြတင်သည် သူ့ဖေဖေတစ်ခါက ပမာပြဖူးသော ကညာပျိုအတွေ့နှင့် ရသေ့ရဟန္တာအကြောင်းကို မြမြတင် ကြားယောင်လာ၏။ ဤသည်နှင့် ဆက်စပ်၍ မနုကြည်နှင့် သူ့အလှကိုပင် နှိုင်းယှဉ်၍ တွေးနေမိ၏။

မြမြတင် လှသကဲ့သို့ပင် မနုကြည်လည်း ချောသူဖြစ်၏။ မျက်နှာထားသွင်ပြင်ချင်း ယှဉ်လိုက်လျှင် မြမြတင်က လုံးလုံးကလေးနှင့် ဝိုင်း၍ မနုကြည်ကမူ သွယ်သွယ်ပြောင်းပြောင်းနှင့် တစ်မျိုးစီ ကြည့်ကောင်းကြ၏။ ကိုယ်နေ အလုံးအဖန်အားဖြင့် မြမြတင်က ကျစ်ကျစ်သေးသေးနှင့် တစ်တွေးတစ်ပိုက်စာ အနေတော်ယဉ်သလောက်၊ မနုကြည်ကသော် ထွားထွားမောက်မောက်နှင့် တောင့်တောင့်တင်းတင်း ရှိလှ၏။ နွဲ့လည်း နွဲ့နှောင်း၏။

"အို...ဒီလို ချောတာ၊ လှတာ တောင့်တာ၊ ပိန်တာတွေက အကြောင်း မဟုတ်ပါဘူးလေ၊ ယောက်ျားဆိုတာမျိုးက မိန်းမနဲ့ ပတ်သက်လာရင် လွယ်–လွယ်သလို ငယ်သောကြီးသော ဖြူသော မဲသော ရွေးမှာမဟုတ်ဘူး၊ သူတို့အဖို့တော့...အသားချင်း ထိလိုက်ရလည်း အမြတ်ပဲလို့ သဘောထားချင် ထားမှာ..."

အတွေးနယ်ကို ကျယ်နိုင်သမျှ ကျယ်ကျယ် တွေးလာမိသည်နှင့်အမျှ မြမြတင်တွင် နောက်ဆုံး အဘယ်နည်း ဖယားချရမည်ပင် စဉ်းစား၍ မပေါ် အတော်ကလေး ခေါင်းရှုပ် နေရှာ၏။



"ဟုတ်တယ်... ဒီမီးဟာ ငါ့ကိုငါ လောင်မဲ့မီးပဲ၊ ဖြစ်ချင်ရာ ဖြစ်ပါစေ ပြောင်ပြောင်ပဲမေးပြီး ဘွင်းဘွင်းပဲ ရှင်းပစ်လိုက်တာ ကောင်းလိမ့်မယ်"

မျက်နှာထား တင်းတင်းနှင့် ရှင်းရှင်းကလေး ဆုံးဖြတ်လိုက်ပြန်ပြီးမှ...

"အမှန်ကတော့... ကိုအေးတင့်နဲ့ ခင်ဆိုင်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် စိတ်ထဲကသာ ချစ်နေကြတာကိုး... အဲဒါ မမကြည်က မဟုတ်တန်းတရား စွပ်စွဲလိုက်ကာမှ... လားလား သူတို့ချင်း ညားကြဖို့ ကြားကဝင် အောင်သွယ်ပေးလိုက်သလို..."

မြမြတင်လည်း ဤသည်ကို တွေးမိသည်နှင့် စောစောက ဆုံးဖြတ်ချက်ကို သွက်သွက်ကလေး ပြန်ရုပ်သိမ်းလိုက်၏။

"ဖြစ်သေးဘူး ငါ့စွပ်စွဲချက်က ခိုင်လုံလို့... သူတို့နှစ်ယောက်စလုံးက မငြင်းနိုင်ဘူးပဲထား ငါက... ငါက ဘွင်းဘွင်းရှင်းရှင်း ထုတ်မေးလိုက်တဲ့အတွက် ဘယ်လို အဖြေပေါ်လာမလဲ... မမကြည်မှာ ဒီတစ်သက် တို့နဲ့ မျက်နှာချင်းမဆိုင်ဝံ့အောင် ဖြစ်သွားရှာမယ်... ကိုပိုကလည်း အရှက်ကြီးရှက်ပြီး တို့အိမ်ထောင်ရေးမှာလည်း အမဲစက်တစ်စက် စွန်းသွားမှာက လွဲလို့ ဘာမှ အကြောင်းထူးဘူး... ဒီတော့..."

မြမြတင်အတွေးမှာ ကရွက်ကင်းပတ်သလို ဤတွင်ပင် တန့်နေပြန်၏။ ခေါင်းကလေး တကုတ်ကုတ်ဖြင့် အတန်ကြာမျှ စဉ်းစားနေရာမှ... တစ်စုံတစ်ရာ အဖြေထွက်လာသလို ရုတ်တရက် မျက်နှာကလေး ကြည်လာကာ..."

"ဒါ–အကောင်းဆုံးပဲ... မမကြည်လာရင် ငါမေးမယ်... ကိုသင်းမောင်နဲ့ မမကြည် မေတ္တာရှိနေသလားလို့ မေးကြည့်မယ်...

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်မေးလို့ကတော့ မလွှန်နိုင်ပါဘူး...ဟုတ်တယ် မေတ္တာရှိတယ်ဆိုရင် မေမေတို့ကို ဖွင့်ပြောပြီး ပေးစားနိုင်းလိုက်ရုံပဲ"

မြမြတင် အတော်ကလေး မြူးနေ၏။ ခေါင်းရှင်းသွားသလောက် မျက်နှာကလေး လင်းလာ၏။ မျက်လုံးကလေးပါ ဝင်းလာ၏။

"နို့... မမကြည်က တောက်တီးတောက်တဲ့ ညီမရယ်လို့ ငြင်းခဲ့ရင်ကော၊ မဟုတ်ရပါဘူး ဆိုရင်ကော၊ ရိုးရိုးခင်တာပါလို့ ပြောရင်ကော"

ကြည်နေသော မျက်နှာနှင့် စောစောက တွေးကွက်လေးသည် ယခု သွက်သွက် လည်သွားပြန်လေပြီ။

"ဟင်း... ကိုသင်းမောင်နဲ့ ဘာလိုလို... ကိုပိုကလည်း ကိုသင်းမောင်လာတာကို မကြိုက်၊ ဘာကြောင့် မကြိုက်ရသလဲ... ညစျေးတန်းကို မမကြည် လိုက်သွားတော့ကော ကိုပိုက ဘာလို့ ဒေါ်တွေမောတွေ ပွနေတာတဲ့လဲ၊ ညက သူတို့ပြောတဲ့ စကားတွေကလည်း ငါ-ပြည့်ပြည့်စုံစုံ ကြားရတာမဟုတ်၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ မနကြည်ဆိုတာကကော၊ ဘာကို ပြောတာလဲ ဘယ်သူနဲ့ မဖြစ်နိုင်တာလဲ ကိုသင်းမောင်နဲ့ မဖြစ်နိုင်တာလား သူနဲ့လား ဒါမှမဟုတ်..."

မြမြတင် ခေါင်းရှုပ်သွားပြန်လေပြီ...

"(ကျွန်တော်ကလည်း...ပါတယ်...)တဲ့ ဘာလဲ-ချစ်ပါတယ်လို့ ပြောတာလား၊ ပြီး-မမကြည်က (စဉ်းစားပါတယ်... ကျွန်မ...)တဲ့-ဟင်း..."

မြမြတင်လည်း... သို့ကလို၊ ဟင်း... ကလေးဖြင့်သာ အဆုံးသတ်လိုက်ရတော့၏။ ဘာကိုမျှ ရှင်းအောင်တွေး၍မရ

နေသည်သာ တဖြည်းဖြည်း စောင်းကျသွားသည်၊ အဖြေဟူ၍ သူ့တွင် ဘာအကြောင်းမျှမထူး၊ မူးနောက်နောက်နှင့် လှဲခွေလိုက်ရသည့် အဖြစ်သာလျှင် အဖတ်တင်နေတော့၏။

တစ်ရေးတစ်မော ဟူ၍ လုံးဝ,ရည်ရွယ်ချက်မရှိ၊ မသိမသာ လှဲ၍ မှိန်းနေရာမှပင်...အငြိမ်းစား အိပ်ပျော်သွားသည်မှာ ညနေ ၄-နာရီလောက်က စ,ခဲ့ပြီး ၆-နာရီခန့်တွင် အလန့်တကြား နိုးလာ၏။

"ကိုပိုတို့ ပြန်လာပြီလား မမထွေး... ဟင်"

ကလေးပါးစပ်တွင် နို့ဘူးတပ်၍ ပေါင်တဆတ်ဆတ်လှုပ်ရင်း ယုယနေသော မထွေးအား မြမြတင်က အရေးတကြီး မေးလိုက်၏။

"တအောင့်လောက်ရှိသွားပြီလေ-သူတို့ ပြန်ရောက်တာ... ခုလေးတင်ပဲ... ကိုလှပို ထမင်းစားဆင်းသွားတယ်"

မြမြတင်လည်း တစ်စုံတစ်ရာ ဘာမျှ မပြောသေးဘဲ မထွေးပေါင်ပေါ်တွင် ငြိမ်၍ နို့စို့နေသော ကလေးကို ကြည့်ရင်း တွေနေပြီးမှ...

"နေဦးနော်... ကျွန်မ အောက်ခဏသွားဦးမယ်"

"အင်း... တော်ကြာ ကိုလှပိုက ဆူနေဦးမယ်နော်... တက်ချည်ဆင်းချည် လုပ်နေပြန်ပလားလို့"

ထိုစကားကြားလိုက်ရမှပင် မြမြတင်ပို၍ ဆင်းချင်လာ၏။ ဆင်းလည်း ဆင်းသွား၏။ သို့သော်... သွက်သွက်လက်လက် မဟုတ်၊ ဆင်ခြင်ရမည့် ကိစ္စက ရှိနေသေး၍ ဖြည်းဖြည်းပင် ဆင်းသွား၏။ ရည်ရွယ်ချက်ဟူ၍ကား မယ်မယ်ရရ မရှိ၊ ဆင်းချင်ချင်နှင့်သာ ဆင်းလာခဲ့၍ ထမင်းစားခန်း အနီးသို့ ရောက်သည် ဆိုလျှင်ပင် ညည်းသံလိုလို ညုသံလိုလို မကွဲမပြားနှင့် မနကြည်အသံ များကို စ၍ ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မြမြတင်လည်း… ချက်ခြင်းပင် ထရံတွင် ကပ်လိုက်၏။ ရပ်၍ နေရမလို ပြန်တက်လျှင် ကောင်းမလိုနှင့် ကပိုကရို ဖြစ်နေ၏။ လက်တစ်ဖက်က ထရံကို ဖေးကာ… တစ်ဖက်က ရင်ညွန့်ကလေးကို ဖိရင်း… တစ်လှမ်းချင်း ဆုတ်လာခဲ့၏။

ဤတွင်တစ်ဖန် ဆုသံလား… မှုသံလားဟု ခွဲခြားမရသော ကိုလှပို၏ စကားကို မရှင်းမလင်း ကြားလိုက်ရပြန်သည်နှင့်… ဆုတ်လာသော မြမြတင်၏ ခြေကလေးများသည် ရွေ့ခနဲ ရှေ့သို့ လှမ်းသွားမိ၏။ အခန်းတံခါးဆီသို့ နီးသွားသည်နှင့်အမျှ စကားလုံးများသည်လည်း တဖြည်းဖြည်း ကွဲပြားလာ၏။

"ချစ်…မချစ်သာ ပြောပါရှင်…"

"ဟာ… မနက်ကြည် ခုလို မေးတာတောင် လွန်လှပြီ… ချစ်သမှ…အသက်နဲ့ထပ်တူ…သိလား…ဘယ်သူ့ကို ချစ်တာနဲ့မှ မတူဘူး…"

"ကဲ…အရေးအကြီးဆုံးက ဒါပဲ မဟုတ်လား၊ ချစ်ရင်… ဘာမဆို ဖြစ်နိုင်ရမယ်… ဒီလိုမဟုတ်လား… ကိုလှပို…"

ဤတွင်… နှစ်ယောက်စလုံး အသံပျောက်သွား၏။

မြမြတင်ကလေးမှာလည်း… ရင်တလှပ်လှပ်ခုန်၍ အသားတွေလည်း တဆတ်ဆတ် တုန်ကာ… တစ်မျက်နှာလုံးတွင်လည်း ချွေးသီးများဖြင့်…ဖုံးနေတော့၏။ ဤနေရာတွင် ကြာကြာရပ်နေ၍ မဖြစ်၊ သို့…မဖြစ်သည်မှာ သူ့ကိုယ်ကလေးကို နိုင်နိုင်မတ်မတ် ရပ်နေခြင်းငှါ မတတ်နိုင်, မထိန်းနိုင်တော့၍ မဖြစ်သည်ကို သူသိ၏။ သိသောကြောင့်လည်း အပေါ်သို့ ပြန်တက်ရန် သူ့ကိုယ်ကလေးကို အားယူ၍ လှည့်လိုက်၏။ ကိုယ်ကလေးသာ လှည့်သွားသည်၊ ခြေကား လှမ်း၍ မရသေး၊ သွက်သွက်ခါ တုန်နေသော ဒူးကိုပင် ဘယ်ညာမယိမ်းအောင် ကြိုးစား၍ ထိန်းနေရရှာ၏။

"ချစ်တာက… လွယ်ပါတယ်လေ…"

"ဘာက… ခက်သမို့လဲ ကိုလှပို… ကျွန်မ… သလို… ချစ်ရင် ဖြစ်နိုင်ရမပေါ့…"

"အဲ့ဒိုလွယ်ရင်… တစ်နေ့ကျတော့…"

"လောကကြီး…ရှင်လည်း သိသားပဲ…တယ်နေရာမှာမဆို၊ ဖြစ်နေတာပဲ… ဒါ–အဆန်းလား ကိုလှပို…"

"ကျွန်တော်…မယ်…သားနဲ့မယားနဲ့ဆိုတော့…မဟုတ်လား–ခက်သားပဲ…"

"ဘာခက်လဲရှင့်… ကွာပစ်လိုက်ရုံပေါ့…"

ဤတွင်တစ်ကြိမ် အသံတွေ တိမ်သွားပြန်၏။

မြမြတင်မှာလည်း ထိုနေရာတွင်ပင် ရှိနေသေး၏။ ထိုစကားများကို နားထောင်ချင်သေး၍ ရှိနေသေးချင်းမဟုတ်၊ အပေါ်သို့ ပြေးတက်ချင်နေသည်မှာ ရောက်စကတည်းကပင် ဖြစ်သော်လည်း… ခြေကိုလှမ်း၍ မရနိုင်ရှိနေသောကြောင့်သာ ဤနေရာမှ မရွေ့သေးခြင်း ဖြစ်၏။

ခုန်နေသော ရင်ကို သတိနှင့် ဖိထားရသော လက်ကလေးများသည် ယခုမူ ပါးစပ်ကို ပိတ်လျက်…အသံမထွက်အောင် ကြိုးစားနေရပြန်၏။ ဒူးတွေမှာလည်း တုန်သည်ထက်သာ တုန်နေ၏။ ခြေတစ်ဖက် ကြွလိုက်လျှင်ပင် မတ်တတ်က ပြိုလဲတော့မည်ဟု သူ့ကိုယ်သူ သိ၏။

"ဘယ့်နှယ့်လဲ ကိုလှပို… ကွာပစ်လိုက်ရင် ပြီးတာပဲ မဟုတ်လား…"

www.burmeseclassic.com



"ကွာပစ်ဖို့ဆိုတာကတော့ လွယ်သားပဲ မနုကြည်၊ ဒါပေမယ့်..."

"အို...ချိုးမွှမ်းလည်း ခုနစ်ရက်၊ ကဲ့ရဲ့လည်း ခုနစ်ရက်ပေါ့..."

"ကောင်းပြီလေ... အချိန်တွေ ရှိသေးတာပဲ... စဉ်းစား"

ပါးစပ်တွင် အုပ်ထားသော မြမြတင်၏ လက်များသည် ယခု–နားနှစ်ဖက်ကို ဖိပိတ်ထားလိုက်ပြီ ဖြစ်၏။ ဆက်လက်၍ သူ–ဘာမျှ မကြားလို... သို့နှင့် ထရံကိုမှီရင်း ဖြည်းဖြည်းချင်း ရွေ့လာခဲ့၏။

လက်နှစ်ဖက်ကို ထရံတွင်ဖေးလျက်... အတော်ကလေး ကြိုးကြိုးစားစား ရွေ့လှမ်းလာခဲ့ရသော မြမြတင်မှာ လှေကားရင်း အနီးသို့ ရောက်လာသည့်တိုင်အောင် ရုတ်တရက် မတက်နိုင်သေး၊ သူရပ်နေရာ နံရံနှင့် လှေကားမှာ ၄–၅ ပေ သာသာလောက် ကွာ၏။ မှီထားသော နံရံမှ ခွါထွက်ပြီး အကိုင်အတွယ် မပါဘဲ လှေကားဆီသို့ လာရန်ပင် မြမြတင်၌ အတော် ခဲယဉ်းသလို ဖြစ်နေ၏။

ထိုအခိုက်တွင် စူးစူးရှရှကလေး ရယ်လိုက်သော မနုကြည်၏ အသံကြောင့် မြမြတင်တွင် မျက်လုံးကလေးကျယ်သွား၏။ သို့... တုန်လှုပ်ထိတ်လန့်သွားရခြင်းသည်ပင် မြမြတင်အဖို့ အားဖြည့်ပေးလိုက်သလို ရှိသွား၍လားမသိ... လှေကား လက်ရမ်းကို ကိုယ်လုံးပစ် လှမ်းကိုင်မိသည်အထိ... စောစောကထက် သွက်လာသည်ကို တွေ့ရ၏။

"ဟင်... မြမြ... ဘာဖြစ်လာတာလဲ... အို... ဒုက္ခပါပဲ"

ဒယိမ်းဒယိုင်ဝင်လာပြီး ခုတင်ပေါ် ပစ်လှဲလိုက်သော မြမြတင်၏ အဖြစ်ကို တွေ့လိုက်ရသည်နှင့် မထွေးတွင် ထိုမျှသာ မေးလိုက်နိုင်ပြီး...ရုတ်တရက် ငေးနေမိ၏။ နောက်မှ ကလေးကို အသာချ၍ မြမြတင်ဆီသို့ ပြေးလာကာ...ပုံပန်းမကျ လှဲခွေရင်း... တဟင်းဟင်း ဖြစ်နေသော မြမြတင်၏ ကိုယ်ကလေးကို နေသားတကျ ပြင်ပေးလိုက်၏။

"အို... တစ်ကိုယ်လုံးလည်း ရွှဲလို့... ဘာဖြစ်တာလဲ... မြမြ ဟင် ဘာလို့ ငိုလာရတာလဲ... မမထွေးကို ပြောစမ်းပါဦး"

အဖြေဆို၍ ဘာတစ်ခွန်းမျှ ထွက်မလာ၊ တလှိုက်လှိုက်နှင့် ရှိုက်နေပုံမှာလည်း မထွေးတစ်သက်တာတွင် ဤတစ်ခါသာ မြင်ရ၊ ကြုံရဖူးသည့်ပမာ...မြမြတင် တစ်ကိုယ်လုံး သွက်သွက်ခါနေ၏။ ကြည့်ရသည်မှာလည်း မသက်သာ ချွေးရော မျက်ရည်ပါ တစ်မျက်နှာလုံး ဖြာ၍ ရွှဲနေသည့်ပြင်၊ အံတကြိတ်ကြိတ်နှင့် ညည်းရင်း ရှိုက်ရင်းကပင်... ပါးစပ်မှလည်း တံထွေးလိုလို အမြှုပ်လိုလိုနှင့် မြင်မကောင်းအောင် တစီစီ ထွက်နေပြန်သော ကြောင့် မထွေးတွင် ဘာမျှ မလုပ်တတ်တော့ဘဲ ခြေလှမ်းကြီးနှင့် ဆင်းပြေးသွားတော့၏။

ချက်ခြင်းပင် မထွေးနှင့်အတူ ကိုလှပို့တို့ပါ ရောက်လာ၏။

"မြ... မြ... ဘာဖြစ်တာလဲ... ဟင်... ပြောစမ်း... ကိုပို့ကို ပြောစမ်း... အို..."

ကိုလှပို့တို့ ရောက်လာသည့်အချိန်၌ မြမြတင်မှာ အံတကြိတ်ကြိတ်နှင့် မေးရေနေပြီ။ လက်သီးကလေးများကိုလည်း ကျစ်ကျစ်ပါ အောင် ဆုပ်လျက်၊ ခြေနှစ်ဖက်သည်ပင် တောင့်တောင့်ကလေး တန်းနေ၏။ ပါးစပ်မှလည်း အမြှုပ်နှင့် တံထွေးများနှင့် တပွက်ပွက် ထွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုလှပို... သူတက်လိမ့်မယ်... ရှင်က လက်နှစ်ဖက်ကို ဖြည်ပေး... ကျွန်မက ဘဝင်ကိုထောက်မယ်၊ မထွေးက ခြေဖျား ကလေးတွေ လှန်ပေး... ကဲ... မြန်မြန်လုပ်..."

စကြွန့်ပိုင်းအတွင်းမှာပင် သုံးယောက်ပြိုင်တူ ကိုယ့်နေရာ ကိုယ်ယူရင်း မြမြတင်အား ပြုစုနေကြတော့၏။ သို့သော်... ဘာမျှ မထူးခြား၊ မြမြတင်မှာ တဟီးဟီး တဟင်းဟင်းဖြင့် အပြင်းအထန် ရှိုက်နေဆဲပင် ရှိနေသေး၏။

"မြ... ဘာဖြစ်တာလဲကွယ်... ဟင်၊ ကိုပို အနားမှာ ရှိတယ်လေ... ပြောစမ်း... မြ... သတိရတယ် မဟုတ်လား"

"ဘာလို့ မေးနေရဲတာလဲ ကိုလှပို...ဒီလောက်ဖြစ်နေတာ... သူ–ဘယ်ပြောနိုင်မှာလဲရှင့်... နေစမ်းပါဦး"ဟု မနုကြည်က ရုတ်တရက် ဟန့်တားရင်း တစ်စုံတစ်ခုကို စဉ်းစားသလို ခပ်သုတ်သုတ် တွေးနေပြီးမှ...

"ကဲ...ကိုလှပို လက်ဖျားကလေးတွေသာ အတင်းဖြန့်ပြီး ဆုပ်ထားနော်... မမထွေးကလည်း ခြေဖျားတွေ မကုတ်စေနဲ့... အားကလေးစိုက်ပြီး လှန်ထား"

ဤသို့လည်း... ညွှန်ကြား၍ သူကလည်း ဘဝင်ကို လက်တရွှေ့ရွှေ့ ထောက်နေပြီးမှ...

"ဘယ်လို ဖြစ်သွားတာလဲ... မမထွေး... ဟင်..."

"ခုန...သူနိုးနိုးချင်းပဲ ကိုလှပိုကို မေးတယ်...ကျွန်မက အောက်မှာ ထမင်းစားနေတယ်လို့ ပြောတာနဲ့... ခဏ–ဆိုပြီး ဆင်းသွားတာပဲ... ကျွန်မကတောင် ပြောလိုက်သေးတယ်... ဆင်းချည် တက်ချည်လုပ်လို့ ကိုလှပို ဆူဦးမယ်နော်... လို့၊ နောက်ပြန်တက်လာတော့..."



သို့လျှင်...သူမြင်တွေ့ သိရှိသမျှ...မထွေးက တစ်လုံးမကျန် ရှင်းပြသည်ကို ကြားလိုက်ရသည်နှင့် ကိုလှပိုနှင့် မနုကြည်တို့ လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အကြောင်း ရှာသလို တွေနေကြတော့၏။

"အဲ...မဟုတ်မှလွဲရော...ကျွန်မတို့ ပြောတဲ့ စကားတွေ နားစွန်နားဖျား ကြားပြီး အထင်လွဲသွားတာ ထင်တယ် ကိုလှပို... ကဲ... လုပ်ပါဦး"

မနုကြည်က မိန်းမတွက် တွက်၍ သို့လျှင် မှတ်ချက်ချလိုက်သည်နှင့်...

"ဟုတ်လား... မြ... ဟင်... ကိုပိုတို့ ပြောတာတွေ ကြားပြီး..."

"အို...သူ့ကို မမေးနဲ့လေ...အမှန်အတိုင်းသာ ရှင်းပြလိုက်ပါ... ကိုလှပို"ဟု လှမ်းပြောလိုက်ပြီးမှ မြမြတင်အား ငုံ့ကြည့် ပြန်ကာ...

"ညီမလေး...သတိမလစ်စေနဲ့နော်၊ ညီမလေး ထင်သလို မဟုတ်ဘူးကွဲ့...မမတို့ တိုင်ပင်တာက တစ်ခြားကိစ္စ...သိလား"

မြမြတင်ကမူ...ဘာတစ်ခွန်းမျှမပြော အရိပ်လက္ခဏာလည်း မပြ၊ သို့သော်...သတိကား ရှိနေသေး၏။ ရင်ညွှန့်ကလေးသာလျှင် လှိုင်းထသလို တလွန့်လွန့် လှုပ်ရှားနေ၏။

"ဒီမှာ...ကိုပိုတို့ ခုနပြောနေကြတဲ့ စကားတွေဟာလေ... တစ်ခြားမဟုတ်ဘူး မြရဲ့..."

အဘယ်ကြောင့်ဟူ၍ မသိ ထိုစကားကြားလိုက်ရမှပင် မြမြတင် ပို၍ လှုပ်ရှားလာ၏။ အားစိုက်၍လည်း ရုန်းလား... ကန်လား လှုပ်လာ၏။ တဟီးဟီးနှင့် ညည်းသံမှာလည်း ပို၍ ပြင်းထန်ပြီး မြန်လာသောကြောင့်...

www.burmeseclassic.com

www.burmeseclassic.com

“ကဲ…ညီမလေး…ငိုချင်သလား၊ ငိုချလိုက်၊ အော်ပြီးတော့သာ ငိုလိုက်၊ နို့မို့ရင် ညီမလေး ဒုက္ခရောက်လိမ့်မယ်… သိလား… ငိုစမ်း”

ဤတွင် ကိုလှပိုကလည်း…

“မြ… ငိုလိုက်စမ်း၊ ကိုပို့ကိုချစ်ရင် ငိုချလိုက်စမ်းပါ၊ မြရယ်၊ ကဲ… ငို… ငို…”

တုန်တုန်လှုပ်လှုပ်ကြီး ပြောလိုက်သော ကိုလှပိုအသံကြားမှပင် မြမြတင်လည်း အသံပါထုတ်၍ တစ်မဟုတ်ချင်း ငိုချလိုက်တော့၏။ သို့ လွတ်လွတ်ကျွတ်ကျွတ် ငိုလိုက်ရသဖြင့်လည်း၊ မြမြတင်တွင် အတော်ကလေး ရင်ချောင်သွားသည် ထင်ရ၏။

“မြ… သတိထားနော်၊ ကိုပို ရှင်းပြမယ်”

“ကိုလှပို နိဒါန်းတွေ ချီမနေပါနဲ့ရှင်၊ လိုရင်းကို စ,ပြောလိုက်၊ ဒါမှ သူ့–ချက်ခြင်း စိတ်ပေါ့သွားမယ်…”

မနုကြည်လည်း သို့ပြောနေရာမှ မြမြတင်အား ငုံ့ကြည့်ပြန်ကာ…

“ဒီမှာ ညီမလေး…ခုနက ကိုလှပိုနဲ့ တိုင်ပင်တဲ့ စကားဟာ မမကြည်နဲ့ ကိုသင်းမောင်တို့ မေတ္တာရှိနေတဲ့ ကိစ္စပါ ညီမရယ်၊ ဒီကိစ္စတိုင်ပင်တာဟာလည်း ဒီတစ်ခါသာ မဟုတ်ဘူး၊ လေးငါးခေါက်ခါ ရှိပါပြီ၊ ပုံးလျှိုးကွယ်လျှိုးလည်း မဟုတ်ပါဘူးကွယ်၊ ဟော…မထွေးရှေ့မှာတောင် နှစ်ခါသုံးခါ ဆွေးနွေးခဲ့ဖူးပါတယ် ညီမရဲ့…”

လိုရင်းကိုပြောမှ မြမြတင် သက်သာရာ ရမည်ဟူသော မနုကြည်၏ ယူဆချက်သည်မှန်၏။ ယခု ထိုစကားများအနက် “မထွေးရှေ့မှာတောင်”ဟူသော ဝါကျသည် မြမြတင်အား အမြန်ဆုံး



သက်သာရာရသွားစေသော အပိုဒ်ကလေးပင် ဖြစ်၍လောမသိ၊ မြမြတင် လွန့်ခုန်နေသော ရင်အုံကလေးသည်လည်း အရှိန်နှေးပြီး တဖြည်းဖြည်း ငြိမ်စပြုလာ၏။

“မြ…နားထောင်နော်၊ ကိုပိုရှင်းပြမယ်၊ အတိုချုပ်ကတော့ မနုကြည်နဲ့ ကိုအေးတင့်တို့ ကွဲသွားပြီး ကတည်းက… ကိုသင်းမောင်က မနုကြည်ရဲ့ အချစ်ကို တောင်းခံခဲ့တယ်ဆိုတာ… ကိုသင်းမောင် ရန်ကုန်ရောက်တဲ့နေ့မှာပဲ မနုကြည်က ကိုပို့ကို ဖွင့်ပြောပြီး အကြံဉာဏ်တောင်းတယ် မြရဲ့…”

ကိုလှပိုလည်း မြမြတင်၏ လက်ကလေးနှစ်ဖက်ကို တယုတယ ဆုပ်ကိုင်ထားရင်းကပင် လိုရင်းကို ရှင်းပြနေ၏။

“ခက်တာက ကိုသင်းမောင်ဟာ လွတ်လွတ်လပ်လပ် မဟုတ်ဘူး၊ မယားကြီးရှိနေတယ်၊ အဲဒါကို…”

ကိုလှပိုတွင် ရုတ်တရက် လျှာလေးသွားပြီး မနုကြည်အား လှမ်းကြည့်လိုက်သည်နှင့်…

“မထူးပါဘူး ကိုလှပို အားလုံးပဲ ရှင်းရှင်း ဖွင့်ပြောလိုက်ပါ” ဟု ကြားဖြတ်ထောက်လိုက်ပြီးမှ မနုကြည်လည်း မြမြတင်ဘက် လှည့်လိုက်ကာ…

“ဒီလို ညီမရဲ့ ရှက်စရာလည်း မလိုတော့ပါဘူး၊ ညီမရယ် ကိုလှပိုပါ သိနေပြီဟာပဲ၊ အမှန်အတိုင်းဆိုရင် ကိုသင်းမောင်မှာ မယားကြီး ရှိနေပေမယ့်လည်း မမကြည်က ချစ်နေမိတယ်၊ ကိုသင်းမောင်ကတော့ ဖွင့်မပြောဘူးပေါ့၊ စဉ်းစားပါရစေဦးလို့ပဲ အချိန်ဆွဲထားခဲ့ပြီး၊ ကိုလှပိုနဲ့ တိုင်ပင်ကြည့်တယ်၊ အဲဒါကိုလှပိုက လုံးဝ သဘောမတူဘူး…”

ထိုထိုစကားများကို ဂရုတစိုက် နားစွင့်လာနိုင်သည့်အထိ မြမြတင်တွင် နေသာထိုင်သာ ရှိနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုသင်းမောင်မှာ မယားကြီးရှိတယ် ဆိုပေမယ့်လည်း သူတို့ချင်း မသင့်မမြတ် ဖြစ်နေကြတာ ကြာပြီ၊ မမကြည်နဲ့ ကိုအေးတင့်တို့ မကွဲခင်ကတည်းက သူတို့ ကတောက်ကဆ ဖြစ်နေခဲ့ကြတယ်၊ ဒါကြောင့်လည်း တစ်ကြောင်း... မမကြည် ကိုယ်၌ကလည်း ကိုသင်းမောင်အပေါ်မှာ ယိမ်းယိုင်နေတာမို့ သူ့မယားကြီးကို ကွာရှင်းပေးမယ်ဆိုရင် မမကြည်က ယူမယ်လို့ စိတ်ကူးတယ်၊ ကိုလှပိုက ဖွတ်တားတယ်... မဖြစ်နိုင်ပါဘူးတဲ့"

မြမြတင်လည်း မျက်လုံးကလေး တလည်လည်နှင့်သာ နားစွင့်နေ၏။ ဘာတစ်ခွန်းမျှ မေးလားပြောလား မလုပ်သေးသည်နှင့်...

"မြ-စိတ်ထဲမှာ မရှင်းတာရှိရင် မေးနော်၊ ဘာပဲဖြစ်ဖြစ် မေးသာမေး ကိုပို ရှင်းပြမယ်... ဝမ်းထဲတော့ မြိုမထားနဲ့"ဟု ကိုလှပိုက မြမြတင်၏ ဆံစပ်ကလေးကို ပွတ်သတ်ရင်း ပြောလိုက်သည်တွင်...

"အဲဒါပဲ... မမကြည်ကတော့ ကိုသင်းမောင်အပေါ်မှာ အတော်ကလေး ခုံမင်နေမိတာမို့၊ သူ့မယားကြီးကို ကွာပစ်လိုက်ရင် ပြီးတာပဲလို့ ယူဆတယ်၊ ကိုလှပိုကတော့ မယားကြီး ကွာလိုက်တယ် ဆိုကတည်းက မမကြည်ကို လိုချင်လို့ ကွာရတဲ့ အဖြစ်မျိုး ရောက်မှာမို့ မမကြည်မှာ အပြစ်မကင်းဘူးတဲ့ ဖွတ်ကန့်ကွက်တယ် ညီမရဲ့..."

ယခုမူ မြမြတင်လည်း ခေါင်းကလေးပင် ညိတ်ဖော်ရလာပြီဖြစ်၏။

"ဒါနဲ့ မမကြည်ကလည်း ကိုယ်လိုရာ ကိုယ်ဆွဲပြီး လောကမှာ ဒီလိုကိစ္စတွေ အနှံ့အပြား ဖြစ်နေကြတာပဲ မဟုတ်လားလို့ ပြော



တော့ ကိုလှပိုက အဲဒီလို ကိစ္စတွေ ဖြစ်ကြပျက်ကြတာဟာ လူနည်းစုလား၊ လူများစုလား၊ တမင်ဖြစ်ချင်လို့ ဖြစ်ကြတာလား၊ မလွှဲသာလို့ ဖြစ်ကြရတာလား-တဲ့၊ ကိုလှပိုက ပြန်မေးတယ်၊ ဒီတော့ မမကြည်ကလည်း အကြပ်ကိုင်တာပေါ့၊ ကဲ... ဒါဖြင့်... မြကို ဘယ်လောက်ချစ်သလဲလို့ မေးတော့... သူက မေးတာ တောင်လွန်လှပြီတဲ့... နောက်... အသက်နဲ့ထပ်တူ ချစ်သတဲ့... ဒါနဲ့ မမကြည်က လောကမှာ ချစ်ရင် ဘာမဆို ဖြစ်နိုင်ရမယ် မဟုတ်လား၊ ကျွန်မလည်း ကိုသင်းမောင်ကို အဲသလိုပဲ ချစ်နေပြီလို့ သူ့စကားနဲ့ သူ့ကို ပြန်တုတ်လိုက်တယ်။ ဒီတော့ ကိုလှပိုလည်း စိတ်ရှုပ်သွားတယ် ထင်ပါရဲ့၊ အချိန်တွေ့ ရှိသေးသားပဲ... စဉ်းစားကြသေးတာပေါ့၊ ခုနအောက်မှာ ဆွေးနွေးကြတာက ဒါပဲ ညီမရဲ့"

လုံးဝဥဿုံ မြမြတင်၌ ယခုမှပင် အကုန်ရှင်းသွားတော့၏။ တစ်ခွန်းတစ်လေသော်မျှ အမေးအဖြေ လုပ်ဖော်မရသေးသော်လည်း သူ့မျက်နှာထား အမူအရာတွင် ကိုလှပိုရော၊ မနကြည်ကိုပါ အားတောင့်အားနာဖြစ်သည့် အသွင်မျိုးဆောင်နေရှာ၏။

"ညီမလေးစိတ်ထဲမှာ ရှင်းရဲ့လား...ဟင်"

မြမြတင်လည်း သွက်သွက်ကလေး ခေါင်းညိတ်လိုက်၏။

"အေး... ကောင်းပါလေ့ ညီမရယ်... အမှန်တော့ ဒီကိစ္စဟာ ကိုယ့်မိန်းမချင်းဟာ ညီမလေးနဲ့ တိုင်ပင်ဖို့ပဲ... ဒါပေမယ့်- ဒီကိစ္စမျိုးမှာ ကိုလှပိုက ညီမလေးထက် ဗဟုသုတ များလိမ့်မယ် ဆိုတာတစ်ကြောင်း... ညီမလေးသာသိရင်ဖြင့် မယားကြီးနဲ့ လူမို့ ဖွတ်ဖျက်တော့မှာပဲဆိုတာ သိလို့တစ်ကြောင်း၊ ဒါကြောင့် ညီမလေးနဲ့ မတိုင်ပင်တာပဲ... နောက်-ဒီကိစ္စကို မထွေးရေ့မှာတောင် ပြောခဲ့ ဖူးသေးတယ်၊ ပြီး... ခုနပြောနေကြတာလဲ နှစ်ကိုယ်ကြားဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ ဘယ်ပြောမလဲ မထွေးဖြစ်ဖြစ်၊ ကိုဘတူဖြစ်ဖြစ် ဝင်လာရင် ကြားသွားမှာကို မမတို့ စိုးရိမ်မှာပေါ့”

မနုကြည် ပြောလိုက်သည့် အချက်အလက်မှာ အဘက်ဘက်က ခိုင်လုံ၏။ အကယ်၍ သူ့ကို့နှစ်ယောက်တည်း၏ ကိုယ်ရေးကိစ္စဖြစ်ပါမူ အိမ်၌ ပြောစရာမလို၊ နှစ်ယောက်အတူ သွားနေကျဖြစ်၍ မည်သည့်အခါမဆို လွတ်လပ်စွာ ပြောနိုင်သည်ကို မြမြတင် တွေးမိလာ၏။

“မြ... စိတ်ထဲမှာ ကျေကျေနပ်နပ် ရှိရဲ့လား–ဟင်၊ မြ–ပြောစမ်း...”ဟု ကိုလှပိုလည်း အားမလို အားမရ အမူအရာမျိုးဖြင့် မေးနေပြန်၏။

မြမြတင်ကမူ ရုတ်တရက် မပြောသေး၊ ပါးစပ်တပြင်ပြင်နှင့် မျက်လုံးကလေး လှန်ကြည့်နေပြီးမှ...

“ရှင်းပါတယ် ကိုပို၊ မြ... ကျေနပ်ပါတယ်”ဟု ပြန်ဖြေလိုက်၍မှ စကားမဆုံးမီ မျက်ရည်များ အလုံးလိုက် လိမ့်ဆင်းလာပြန်သောကြောင့် ကိုလှပိုတို့ သုံးယောက်သားတွင် ပျာပျာသလဲ လှုပ်ရှားသွားရပြန်တော့လျက်...

“ငိုချင်သေးလား... ဟင်၊ ငိုလိုက် ငိုသာငို၊ ပြောချင်တာရှိလည်း ပြောနော်၊ ငါ့ညီမ–ဘယ်သူ့မှ အားမနာနဲ့...”

မြမြတင်လည်း တရှုံ့ရှုံ့ လှုပ်နေသော နှုတ်ခမ်းကလေးများကို လျှာဖျားဖြင့် သတ်လိုက်ပြီးမှ...

“တစ်ခြားကြောင့် မဟုတ်ပါဘူး၊ ကိုပိုတို့၊ မမကြည်တို့ကို အထင်လွဲမိလို့ ငိုတာပါ၊ မြကို ခွင့်လွှတ်ကြပါနော်...”

“အို... ဘာမှ ခွင့်လွှတ်နေစရာမလိုပါဘူး ညီမရယ်၊ မြမြမှာ ဘာအပြစ် ရှိလို့လဲ၊ အဲဒါ–မမကြည်တို့ အပြစ်သီလား၊



မမထွေး ရှေ့မှာတောင် ပြောခဲ့ဆိုခဲ့ကြပြီး၊ ငါ့ညီမကိုတော့ အစိုးရိမ်ပိုပြီး ပြောမပြမိတာ၊ မမကြည်ဟို့ အမှားပဲ အေးလေ–ဖြုန်းခနဲဆိုတော့ မြမြမပြောနဲ့၊ ဘယ်မိန်းကလေးမဆို ဒီလိုပဲ စိတ်ထိခိုက်သွားမှာပဲ...”

မြမြတင်လည်း ဤတွင် ပါးစပ်တပြင်ပြင် လှုပ်လာပြန်၏။ “ဖြုန်းခနဲ ဆိုတော့...” ဟူသည့် စကားကို သူလက်မခံနိုင်။ ဘယ်အချိန်က စ၍ သိပြီး၊ အဘယ်လို စေတနာတွေဖြင့် သူမျိုသိပ်ထားနိုင်ခဲ့သည်ကို မနုကြည်ရော၊ ကိုလှပိုပါ သိစေလို၏။

“ဘာပြောချင်လဲ မြ...ပြောလေ”ဟု ကိုလှပို ထောက်လိုက်သည်နှင့်...

“မြလည်း... မှန်တိုင်း ပြောမယ်နော်”

“ပြောပေါ့ မြရယ်... ဘာဖြစ်သလဲ”

“မြလည်း... စဝေစဝါ ထင်မိခဲ့တာကြာပြီ၊ ဟိုတစ်ညက မြ အိမ်ရှေ့မှာ အိပ်နေတုန်း ကိုပိုတို့ ပြောကြတာတွေလည်း တစ်လုံးစ, နှစ်လုံးစ, မြ ကြားခဲ့တယ်၊ ပြီးတော့ ကိုသင်းမောင်အပေါ်မှာ ကိုပို ဆက်ဆံပုံ မှုပျက်တာကိုလည်း မြ သတိထားခဲ့တယ်”

“ဒါ...ကိုပို မငြင်းဘူး။ သူ့စာရိတ္တကို သိပ်သဘောမကျလို့ပဲ...ဟိုတုန်းကတည်းက မနုကြည်နဲ့ မေတ္တာရှိခဲ့ကြဖူးတယ်ထား၊ ခုလိုအခါမျိုးမှာ လူကြီးတွေမျက်နှာကို ငဲ့ဖို့ကောင်းတယ် မဟုတ်လား၊ ပြီး–သူ့မှာလည်း မယားကြီးနဲ့၊ ဒါကြောင့်...ကိုသင်းမောင်ကို ခပ်တန်းတန်း ဆက်ဆံနေတာပဲ...”

ကိုလှပိုလည်း ပြောရင်းကပင် မြမြတင်၏ မျက်နှာမှ ချွေးများကို သုတ်ပေးလိုက်ပြီး...

“နောက်ပြီး ပြောဦးမယ်... ဟိုတစ်နေ့က ကိုပိုရော မနုကြည်ရော အတော်ပင်ပန်းသွားတယ်...ပစ္စည်းတွေ သယ်ရ

www.burmeseclassic.com

www.burmeseclassic.com



နေရာပြင်ဆင်ရနဲ့၊ အဲဒါ မနုကြည်က ကိုပို့ လက်ကိုင်ပုဝါကို ယူပြီး မျက်နှာသုတ်လို့ နှုတ်ခမ်းနီတွေ ဘာတွေ ပေလာတယ်… နောက်နေ့မနက်ကျမှ ကိုပိုလျှော်ပြီး လှန်းနေတော့ မြက မေးတယ် မဟုတ်လား၊ ဒါကို ကိုပိုက စက်ဆီပေတာလို့ လိမ်ပြောမိတယ်၊ နောက်မှ ကိုပို မှားသွားပြီဆိုတာ သတိရပေမယ့် မြကလည်း အမှုအရာမပျက်လို့ ဒီကိစ္စ ပြီးပြီလို့ သဘောထားလိုက်တယ်၊ ဘာကြောင့် လိမ်ပြောရသလဲဆိုတော့ ကိုပို့အတွေးက မနုကြည် ယူသုတ်တာ ဘာညာဆိုရင် စကားဟာ ရှည်နေမယ်၊ မြလည်း တစ်မျိုးတစ်မည် တွေးပြီး စိတ်မကောင်းဖြစ်ချင် ဖြစ်နေမယ်။ အဲသလို စိုးရိမ်လို့ လိမ်ပြောမိတာပဲ၊ ဒါပေမယ့် ကိုပိုတို့ သန့်ရှင်းတယ်၊ မူလကတည်းက မရှိးသားရင် ဒီလက်ကိုင်ပုဝါ အိမ်အထိ ပါလာမယ် မဟုတ်တော့ဘူး၊ ရှင်းရဲ့လား မြ–ဟင်…"

မြမြတင်က ကြည်ကြည်လင်လင်လေး ခေါင်းညိတ်လိုက်ပြီး–

"ဒါလည်း မြသိတာပဲ…"

"ဟာ… ချက်ချင်းပဲ မေးလိုက်ပါတော့ မြရယ်… ဒီလိုဆို တစ်ခါတည်း ရှင်းသွားမှာ"

"မြ… မမေးရက်ဘူးလေ ကိုပိုပဲ ရှက်သွားမလား၊ မြက သက်သမကင်းသလို မေးရမှာမို့၊ သဝန်ကြောင်ရာပဲ ကျမလား၊ ပြီး… ကိုပိုတို့ အနေရ အထိုင်ရ ကြပ်တည်းသွားမလားဆိုတာ တွေးတွေးပြီး…"

"မဟုတ်ဘူး၊ ဒါ–မြမှားတယ်၊ လင်ကို ဒီလောက်အထိ ပေါက်လွှတ်ပဲစား ချစ်ဖို့ မဟုတ်ဘူး၊ မြ အလိမ္မာပိုသွားပြီ၊ အဲသလောက် လိမ္မာပြီး လင်ကို အဲဒီအထိ ကြိုတွေးပြီး ချစ်ရင် တစ်နေ့ ဒုက္ခတွေ့လိမ့်မယ်၊ ကြည့်လေ ခုတောင် ကံကောင်းလို့…"

ထိုစကားသည် မြမြတင်အဖို့ အဆီနှင့် အသားချည့်လို ဖြစ်နေတော့၏။

"အင်း… ဒီကိစ္စမှာ ကိုပိုလည်း မှားတာပဲ၊ အသေးအမွှား ဆိုပြီး လက်ကိုင်ပုဝါကိစ္စ ကိုပိုလိမ်ခဲ့တာကိုက မဟာအမှားတော်ကြီးပဲ… ဟုတ်တယ်… ဒါ–ဆရာပဲ၊ နောက်နောင်ကို မြရော ကိုပိုရော… ချီးယို သေးပေါက်တာကအစ အမှန်အတိုင်း ပြောကြစို့နော်"

မြမြတင်က ပြုံးပြုံးကလေး ခေါင်းညိတ်လိုက်ပြီး မနုကြည်ဘက် လှည့်လိုက်ကာ…

"ဒီကိစ္စတွေ အားလုံး မေ့ပစ်လိုက်ကြစို့လား မမကြည်… နော်…"

"နဂိုကတည်းက မမကြည်တို့က သန့်ရှင်းပြီးသားပဲ ညီမရယ်–မေ့ပစ်ဖို့တောင် မလိုပါဘူး"

"မှတ်ဖူးလေ… မြ… အထင်လွဲမိတာကို"

"အို… ဒါက ညီမလေး မေ့ပစ်နိုင်ဖို့သာ မမကြည်တို့က တောင်းပန်ရမှာ မဟုတ်လား တကယ်ဆိုတော့ မမကြည်လည်း မှားတာပဲ၊ ကိုယ့်အချင်းချင်း သန့်ရှင်းရင် ပြီးတာပဲရယ်လို့ တစ်ခါတစ်လေ ကားနောက်မှာ ပစ္စည်းတွေ တင်လာတဲ့ အလှည့်များကိုလှပိုနဲ့တောင် ရှေ့မှာ တွဲထိုင်မိတယ်၊ ဒါလည်း… မဟုတ်သေးဘူး"

"ဒီထိအောင်တော့လည်း အသေးစိပ်ဖို့ မလိုပါဘူး မမကြည်ရယ်…"

ဤတွင် သုံးယောက်စလုံး ငြိမ်သွားကြ၏။ မတွေးအမှုကလေးကို မွေ့ထားရင်း နို့ဘူးတစ်လုံးဖြင့် တပြုံးပြုံးဖြစ်နေ၏။

www.burmeseclassic.com

ဟိုစကား ဒီပို့၊ ဒီကစကား ဟိုပြောနှင့် သောသောရှုပ်ရှုပ် လုပ်တတ်ခြင်းမရှိ၊ ကိုယ်နှင့်မဆိုင်လျှင် ဘာသိဘာသာ နေတတ်သူ ဖြစ်သည့်အတိုင်း ယခုလည်း မထွေးသည် ကလေးနှင့်ပင် လွတ်လွတ် ကျွတ်ကျွတ် ကြည်နူးနေတော့၏။

"တကယ်ပါ… မမကြည်၊ ဒီလိုကိစ္စတွေ မြ–ဇဝေဇဝါ ထင်ခဲ့တာ အတော်ကလေး ကြာခဲ့ပြီ၊ ဒါပေမယ့် ကိုပိုရော၊ မမကြည်ရော ဒီလိုစိတ်မျိုး ရှိလိမ့်မယ်လို့ မြ နည်းနည်းမှ သံသယ မရှိမိပါဘူး၊ အခြေအနေတွေကသာ…"

"ဟုတ်တာပေါ့ ညီမရယ် ထင်လည်း ထင်စရာ ဖြစ်ကုန်တာ ကိုး၊ မမကြည် ဒီလောက် မိုက်မဲပါ့မလား၊ မိုက်ဦးတော့ ကိုလှပိုဟာ သာမန်ယောကျ်ား တစ်ယောက်မဟုတ်ဘူးဆိုတာ ငါ့ညီမသိသလို မမလည်း သိတာပဲ…"

"ဒါကြောင့်လည်း၊ မြ–ဒီအထိ စောင့်ကြည့်ခဲ့တာပေါ့… မမကြည်"

"ဒီမှာမြ… စကားစပ်မိလို့ ပြောထားရဦးမယ်… ဒီတစ်သက်မှာလေ သားငယ်၊ မယားငယ်ယူဖို့၊ ဖောက်လွဲဖောက်ပြန် လုပ်ဖို့ဆိုတာ ကိုပို့အနေနဲ့တော့ ကိုယ့်ကိုယ်ကို သတ်သေရသလောက် မလွယ်ဘူးလို့ မြ–ကောင်းကောင်းကြီး စိတ်ချလိုက်တော့ ကိုပို ကတိပေးတယ်…"

ထိုစကား ကြားလိုက်ရသည်နှင့် မြမြတင်၏ မျက်လုံးများသည် အပြုံးကလေးနှင့် ကြည်လာပြီး တစ်စုံတစ်ရာ မေးခွန်း ထုတ်လိုဟန် နှုတ်ခမ်းကလေး ပြင်နေခိုက်တွင်…

"အဲသလိုကတိမျိုးကို ဥပမာဆိုပါတော့… ခင်ကလွဲရင် ဖွဲနဲ့ ဆန်ကွဲ၊ ဒီတစ်သက်မှာ ဘယ်တော့မှ သားငယ်မယားငယ် မယူဘူးဆိုတဲ့ အဲဒီကတိမျိုးကို ကိုပိုသာ မဟုတ်ဘူး၊ ဘယ်ယောကျ်ား



မဆို ပေးနိုင်တယ်… ပေးလည်း ပေးနေကြတာပဲ၊ ဘာခက်လို့လဲ… (ညွှဲသည်တစ်ယောက်ကို ထမင်းစားပါဦးလား)လို့ ခေါ်သလို အပြောရလွယ်တဲ့ စကားမျိုးပဲ၊ ဒီကတိပေးရတာ ဘာမှ ခဲယဉ်းစရာ မလိုဘူး မဟုတ်လား…"

ရလးနက်တော့မယောင်နှင့် ပေါ့ပျက်ပျက် နိုင်လှသော ကိုလှပိုစကားကြောင့် မြမြတင်ရော မနုကြည်ပါ ကိုယ်စီ မျက်လုံး ကလေးများ ဝိုင်းဝိုင်းလည်သွားကြတော့၏။

"အေး… ခု… ကိုပိုပေးတဲ့ ကတိကတော့ ဒီပြင် ယောကျ်ားတွေလို (စိတ်ချပါကွယ်၊ သားငယ် မယားငယ်တော့ ကိုယ်ဘယ်တော့မှ စိတ်မကူးပါဘူး)လို့… ထမင်းစားပြီး ရေသောက်သလို ခပ်ပေါ့ပေါ့ အပြောမျိုးနဲ့ ပေးမယ့် ကတိမျိုး မဟုတ်ဘူး၊ ကဲ–ပါ ကိုပို အထောက်အထားနဲ့ ပြမယ်"

မြမြတင်နှင့် မနုကြည်တို့ကို မဆိုထားဘိ၊ ဘာသိဘာသာ နေတတ်သော မထွေးသည်ပင် ကိုလှပို၏ စကားကြောင့် စူးစူးစိုက် စိုက် ဖြစ်လာတော့၏။

"အမှန်ကတော့… ကိုပိုဟာ၊ သွေးနဲ့ကိုယ် သားနဲ့ကိုယ် သူလိုငါလို ယောကျ်ားတစ်ယောက်ပဲ၊ ဒီတော့ ဥပမာ ဆိုကြပါစို့၊ ဒီပြင်ယောကျ်ားတစ်ဦးဟာ မယားငယ်ဆယ်ယောက်လောက် ယူချင်တဲ့ စိတ်မျိုး ရှိတယ်ဆိုရင်၊ ကိုပိုလည်း ဒီအတိုင်းပဲ၊ အပျို ချောချောကလေး မြင်ရင် လိုချင်တဲ့ စိတ်မျိုးတော့ ပေါ်လာတာပဲ"

မြမြတင်နှင့် မနုကြည်တို့လည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ငေးနေမိကြ၏။

"ကဲ… ခုလို အမှန်ကို ထုတ်ပြောတော့ မြရော၊ မနုကြည်ပါ မျက်လုံးပြူးသွားတယ် မဟုတ်လား၊ (သွားလေရာမှာ–ဘာဖြစ်ရ

www.burmeseclassic.com



စေရဲ့… နောက်မယား ယောင်လို့တောင် ' စိတ်မကူးဘူး)လို့ သာမန်လောက် ပြောလိုက်မယ်ဆိုရင်တော့ မိန်းမတွေဟာ တစ်ခါတည်း ပီတိကျသွားတာပဲ၊ အလကားစကားတွေ ဘယ်ယောကျ်ားဖြစ်ဖြစ် ကျွေးနိုင်တဲ့ အင်အားရှိလို့ကတော့ မိန်းမဆယ်ယောက်မဟုတ်ဘူး၊ တစ်ရာလောက်လည်း ထပ်ယူချင်ကြတာပဲ၊ ကိုပိုကော စိတ်မကူးဘူးလားလို့ မေးကြည့်၊ အင်း… သွားရင်းလာရင်း မိန်းမပျိုချောချော လှလှကလေး တွေ့လိုက်တာနဲ့ စိတ်ထဲကတော့ ပစ်မှားမိတာပဲ၊ ဘုရားစူးစေ့… ကျိန်ပြောရင် ယုံတော့…”

ကိုလှပိုမှအပ အားလုံးပင် ပြုံးပြုံးကြီး ရယ်မိသွားကြလျက်…

“ကျိန်တော့ မကျိန်ပါနဲ့ ကိုပိုရယ်…မြ–ယုံပါတယ်”ဟူသော မြမြတင် စကားအဆုံးတွင်…

“အေးလေကွယ်၊ ဒီပြင်ယောကျ်ားတွေ ယောင်လို့မှ စိတ်မကူးဘူးလို့ ကျိန်ပြောတယ်၊ ကိုလှပိုကတော့ ပြစ်မှားမိတာပဲ… ဘုရားစူ–ကျမ်းစူးတောင် ကျိန်ပြောနေတယ်… အံ့… ရော…”

“ဟုတ်တယ်မနုကြည်…မိန်းမပျိုလှလှကလေး တစ်ယောက် လျှောက်သွားတာကို… အကြာဆုံး ငေးကြည့်တတ်တဲ့ လူဟာ မယားကြီးရှိတဲ့ ယောကျ်ားလို့သာမှတ်… လွဲခဲ့တယ်”

တစ်ဖန် မြမြတင်ဘက် လှည့်လိုက်ပြန်ကာ…

“ကိုင်း… ခုလို ကိုပိုက ကျိန်တွယ်ပြီး ဝန်ခံထားတော့ ကိုပို့ကို စိတ်ချစရာ ဘယ်မှာတစ်ကွက် ရှိတော့မလဲ… ကဲ… ရှင်းပြဦးမယ်…အပျိုကလေးတစ်ယောက်ကို မျက်စေ့ကျသွားတယ်ထား…ကိုပိုကလည်း ဒါလေးနဲ့များ…ငါ–ဖူးစာဖက်လိုက်ရရင်ဆိုပြီး စိတ်ကူးယဉ်လိုက်တယ် ဆိုပါတော့၊ အဲ… သူကလည်း ကိုပို့ကို သဘောကျပြီး၊ တဲ… နောက်ဆုံးမှာ ရှင်နဲ့ကျွန်မ ယူကြပါစို့လား…လို့…တကယ်တန်း ပြောလာပြီ ဆိုပါတော့… မရယ်ကြနဲ့လေ… ဒီက ဥပမာပြောနေတာ”



ဤလို ကိုလှပိုကပါ ရောချ' ပြုံးရင်း ဟန့်လိုက်မှ…

“ဟုတ်ပါဘူး… ကိုပိုတို့ ကြိုက်သွားပုံ မြန်ဆန်လွန်းအားကြီးလို့…”

“ဥပမာဆိုမှပဲ…ကဲ…အဲသလိုတစ်ယောက်နဲ့ တစ်ယောက် ယူကြစို့ဆိုတဲ့ အခြေမျိုး ရောက်ဖို့ဆိုတာ ဖယ်ထား… ကိုယ်က ကြည့်လို့ သူက ပြုံးပြတယ်ဆိုရင်ပဲ…ကိုပို စဉ်းစားရတော့မယ်…

ယခုသော်… အားလုံးပင် အိမြွေရရ နားစွင့်နေကြ၏။

“ကောင်းပြီ…အဲဒီမိန်းကလေးက မြထက်လည်း ဆယ်ပြန်လောက် လှတယ်… ပညာအရည်အချင်းလည်း သာတယ်… ပြီးတော့”

“ပိုက်ဆံလည်း မြတို့ထက် ချမ်းသာတယ်”ဟု မြမြတင်က ဝင်ထောက်လိုက်သည်ကို ဟျာဟျာသလဲ ကိုလှပို လက်ကာပြရင်း–

“ဟား… ကိုပို့အချစ်မှာ ပိုက်ဆံမပါဘူး”

“ဘွာ… ဘွာ… ကိုပို မြ–မှားသွားတယ်”ဟု ဝမ်းနည်းအားနာ အမူအရာကလေးဖြင့် ကိုလှပို လက်မောင်းကို ဆုပ်ကိုင်ရင်း တောင်းပန်နေသည်နှင့်–

“အို…ဒီလိုပေါ့… တစ်ခါတစ်လေ မတော်တဆ စကားချော်တတ်တာပဲ…ကဲ…ခုန ကိုပိုပြောတဲ့အတိုင်း အဘက်ဘက်က သာလို့…ကိုပိုကပဲ ဒီမိန်းကလေးရဲ့ အချစ်ကို မရမက တောင်းတယ်ဆိုပါတော့…ကိုင်း…သူက ပြန်ကြိုက်ပြီပဲထား ကိုပို့မှာ မယားကြီးရှိတာ သူသိသွားမယ်တဲ့…သူ–ယူနိုင်ဦးမလား…ကိုပို့ကို ဟင်”

“မယားကြီးကို ကွာပေးမယ်လို့ ပြောပေါ့…”ဟု မြမြတင်က ဝင်ထောက်ရန် ဟန်ပြင်လိုက်ပြီးမှ… မနုကြည်ကို ငေါသလိုဖြစ်စရာ ရှိနေသည်နှင့် အသာငြိမ်နေလိုက်ရရှာ၏။

“ခု–ကိုပိုပြောနေတာက မယားကြီးကိုပစ်ပြီး နောက်မယား ယူဖို့ကိစ္စမျိုး မဟုတ်ဘူးနော်…မယားငယ်ထပ်ယူတဲ့ ပြ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပြောနေတာ...သိလား...ရောမသွားစေနဲ့ဦး...ကဲ...ခုန ပြောတဲ့ မိန်းကလေးက (ကိစ္စမရှိပါဘူး ကျွန်မ မယားငယ်အဖြစ်နဲ့ပဲ ချစ်ပါ့မယ်)လို့ ဆိုပါပြီတဲ့...ဒါလည်း စဉ်းစားရဦးမှာပဲ..."

"ဟင်...ဒါတောင် စဉ်းစားဖို့က လိုသေးသလား ကိုပို"

"လိုပြီလား မြရဲ့... ကိုယ့်မယားကြီးက ကျေနပ်မယ်-မကျေနပ်ဘူး ဆိုတာက ရှိသေးတယ် မဟုတ်လား"

မြမြတင်လည်း ပြုံးနေသော မနုကြည်အား တစ်ချက် လှည့်လိုက်ပြီးမှ...

"ကဲ...မယားကြီးကလည်း ကျေကျေနပ်နပ် ခွင့်ပြုပြီဆိုပါတော့..."

"ဒါလည်း စဉ်းစားရဦးမှာပဲ... ဒီကိစ္စက ကိုပို့အဖို့တော့ မလွယ်ဘူး"

"ဟင်..."

"မဟင်နဲ့လေ...သူကလည်း မယားငယ်ခံမယ်...ကိုယ့် မယားကြီးကလည်း ကျေကျေနပ်နပ် ခွင့်ပြုပြီပဲ ထားဦးတော့... ဟိုမိန်းကလေးရဲ့ မိဘဆွေမျိုးသားချင်းက ကျေနပ်နိုင်ပါ့မလား၊ ဘယ်မိဘမဆို ကိုယ့်သမီး ထွတ်ထွတ်ကလေးကို ဆင်းရဲတာ-အရုပ်ဆိုးတာ ဖယ်ထား...သူများရဲ့ မယားငယ်ဘဝ ရောက်တာ တော့ ကြည့်ချင်မယ်မဟုတ်ပေဘူး၊ ကိုင်း... ထားတော့ ဟို မိန်းကလေးရဲ့ မိဘကလည်း ကျေနပ်ပါပြီတဲ့၊ ဒါလည်း... စဉ်းစားရဦးမှာပဲ..."

မထွေးအပါအဝင် မိန်းမသား သုံးယောက်စလုံးပင် ဝိုးခနဲ ရယ်မိကြတော့၏။

"ကဲ...ဘယ်လို စဉ်းစားမှာလဲကိုပို..."

"ကိုယ့်မယားကြီးရဲ့ မိဘဆွေမျိုးကလည်း ရှိသေးတယ် မဟုတ်လား၊ ခုနေကိုပို မယားငယ် ယူကြည့်ပါလား မေမေ

မပြောနဲ့ ဟောဒီ... မနုကြည်တောင် ကျေနပ်မှာ မဟုတ်ဘူး... သိလား"

"ဘာရမလဲ...ရှင်ရော၊ မယားငယ်ပါ ဖွတ်ဖွတ်ကြေသွားမယ်... နားလည်လား"

မနုကြည်က လက်သီးလက်မောင်းတန်း၍ ဒေါသတွေ မာန်တွေနှင့် ဟန်ရေးပြနေသောကြောင့်...

"ကဲ... ဒါ့ကြောင့် ပြောတယ်မဟုတ်လား... ကိုပို့အဖို့တော့ မယားငယ်ဆိုတာ လွယ်ကို မလွယ်ဘူးလို့"

"နို့... မေမေတို့ရော... ဆွေမျိုးတွေကပါ သဘောတူပါပြီတဲ့... အဲသလိုဆိုရင်ကော ကိုပို"

"အင်း... စဉ်းစားရမှာပဲ"

ဤတွင်လည်း တသောသော ဖြစ်သွားပြန်သေး၏။

"ဟုတ်တယ်လေ... အားလုံးလည်း သဘောတူကျေနပ် ကြတယ်ထားဦး...ကိုယ့်မှာက မယားနှစ်ယောက်နဲ့ ဖြစ်လာတော့ အင်း...မယားကြီး၊ မယားငယ်ဆိုတာ ထုံးစံအတိုင်း ငွေရေးကြေးရေးမှာ သူနည်းတယ်... ငါများတယ်ဆိုတာရယ်... သူ့တော့ ရုပ်ရှင် ဘယ်နှစ်ခါပို့တယ်၊ ငါ့တော့ အဝတ်အစား ဘယ်နှစ်ထည်ပဲ ဝယ်ပေးတယ်...ဟိုမှာ သုံးညနေပြီး ဒီမှာတော့ ဘာဖြစ်တယ်နဲ့... အချိန်နာရီကအစ နေ့နဲ့ ညကိုပါ သူ့ဘက်ငါ့ဘက် လုကြမယ် မဟုတ်လား မြရဲ့... ဟင်"

စကားသာမဟုတ် အမူအရာပါ ဟန်ပါလှသောကြောင့် မြမြတို့တွင် စောစောက အမှောင်ဖုံးခဲ့သလောက်...ယခု တပြုံးပြုံး ဖြစ်နေကြတော့၏။

"ကဲ... ကိုပိုရယ် မယားကြီးကရော၊ မယားငယ်ကပါ ဒီကိစ္စတွေ ဘာမှ မပြောပါဘူး... နားလည်း မပူပါဘူး... ကိုယ့် စီမံရာ နာခံပါ့မယ်လို့ ကတိပေးကြပါပြီတဲ့...ဒီလောက်ဆိုရင်တော့ စဉ်းစားဖို့ မလိုတော့ဘူး မဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com

"လိုသေးတာပဲ..."

ဝါးခနဲ ရယ်လိုက်သောအသံမှာ လှုခြေတိတ်နေသဖြင့် တစ်ရပ်ကွက်လုံး ဆူညံသွားသည် ထင်လိုက်၏။

"တကယ်ပြောတာ မနုကြည်... ကျွန်တော်တို့အဖို့မှာ မလွယ်ဘူး၊ ခု-မြပြောသလို နားမပူကြဘူးပဲထားတော့ ကိုယ့်မယားကြီးမှာ ကလေးရှိနေပြီ... ကဲ မယားငယ်ကလည်း မွေးချင်မွေးလာဦးမှာပဲ...အဲဒီတော့ ကိုယ်က မယားကြီးရယ်...မယားငယ်ရယ် သဘောမထားဘဲ၊ ဘယ်သူကမွေးမွေး... ကိုယ့်သွေးပဲလို့ တန်းတူထားပြီး ချစ်ပေမယ့် သူတို့ကတော့ ဇနောင့်ဇနင်း ဖြစ်ဦးမှာပဲ ...မယားကြီးကလေး ပိုချစ်သလိုလို၊ မယားငယ်ကလေး ပိုချစ်သလိုလို ဟုတ်ဘူးလား ကျွန်တော်ပြောတာ"

"အင်း...ကိုလှပို ယောက်ျားမျိုးတော့ ဒီတစ်ခါပဲ ကျွန်မတွေ့ဖူးသေးတယ်...တွေးလည်း တွေးတတ်ပါပေ့ရဲ့ရှင်...ရှာရှာဖွေဖွေ..."

"ဒါ...သိပ်ခဲခဲယဉ်းယဉ်း တွေးရတဲ့ ကိစ္စမျိုး မဟုတ်ပါဘူး မနုကြည်၊ လောကမှာ လူတွေ ဘာပဲလုပ်လုပ်... အကောင်းနဲ့ အဆိုး ဒီနှစ်မျိုးပဲ အဖြေပေါ်နိုင်မယ် မဟုတ်လား...နောက်တစ်ချက်က ကိုယ့်မှာတင် ကောင်းပြီး သူတစ်ထူးမှာ အကျိုးယုတ်မလားဆိုတာ အပြန်ပြန် အလှန်လှန် တွေးဖို့ရှိတယ်...ဒါတွေကို တစ်ကိုယ်ကောင်း စိတ်တွေ ဖယ်ပြီး ကိုယ်ချင်းစာတရားနဲ့ တွေးလိုက် ဆုံးဖြတ်လိုက်ရင် မှန်မြတ်တဲ့ အဖြေမှန်ဟာ ဘယ်ချောင်မှာမှ ကပ်မနေနိုင်ပါဘူး မနုကြည်"

မြမြတင်တွင် ပီတိတွေ ဖြာနေသလောက်...မနုကြည်မှာလည်း ကိုလှပိုအား လေးစားကြည်ညို အလိုလို ရှိသေမိသော အသွင်ဖြင့်... စူးစိုက်ကြည့်နေမိ၏။

"ကဲရှင်...ခုနပြောသလို နှစ်ဘက်မိဘလည်း ကျေနပ်မယ် မယားကြီး၊ မယားငယ်ကလည်း ကြည်ဖြူမယ်... မွေးလာတဲ့ ကလေးတွေကိုလည်း ကိုလှပို ညီတူညီမျှ ချစ်တယ်ဆိုတာကို ယုံကြည်ပါသတဲ့၊ အဲသလို ဆိုရင်တော့ ကိုလှပို စဉ်းစားဖို့ မလိုတော့ဘူး မဟုတ်လား" ဟု မနုကြည်က ဆက်၍ မေးလိုက်ပြန်သည်နှင့်...



"ဟာ...လိုတာပေါ့ မနုကြည်...ကျွန်တော့်အနေနဲ့တော့ စဉ်းစားရဦးမှာပဲ"

ဤတွင်လည်း ဝုံးခနဲ တရုန်းရုန်း ပွဲကျသွားပြန်တော့၏။

"ရှင်-စဉ်းစားရမှာကလည်း... ကုန်မကုန်နိုင်ဘူးလား ကိုလှပို"

"ကုန်ဖို့ ဆိုတာဖယ်ထား၊ ခု-ပြောနေတဲ့ အတွေးအခေါ်တွေဟာ ကျွန်တော် စဉ်းစားမိတာတွေနဲ့စာရင်၊ ဒါ-လေးပုံ တစ်ပုံလောက်ပဲ ရှိမယ် မနုကြည်..."

"ဟင်...ဒါဖြင့်၊ အများကြီး ကျန်သေးတယ်ပေါ့"

"ကိစ္စများမြောင်...ဆိုတဲ့ စကားအတိုင်းပဲလေ မနုကြည်၊ ခု-ကျွန်တော် ပြောနေတာဟာ နိဒါန်းလောက်ပဲ ရှိဦးမယ်"

"ဒါဖြင့်လည်း... ကိုလှပို ဘယ်အထိ တွေးလို့ ရထားတယ်ဆိုတာတွေ ပြောပြပါလားရှင်၊ ခု-ကြားရတဲ့ လေးပုံ တစ်ပုံလောက်ဆိုတာတောင် ဒီလောက် လေးနက်ပြီး..."

"အင်း... ခုန မနုကြည်ပြောသလို မယားကြီးရော၊ မယားငယ်ကပါ ကြည်ဖြူမယ်၊ နှစ်ဘက်မိဘဆွေမျိုးကလည်း ကျေနပ်မယ်၊ ငွေရေးကြေးရေးက အစ ဘာမှနားမပူဘဲ၊ ကျွန်တော် စီမံရာနာခံပြီး...မယားနှစ်ယောက်စလုံးက မွေးလာမယ့် သားသမီးတွေကို ကျွန်တော်က တန်းတူချစ်တယ် ဆိုတာကိုပါ နှစ်ဘက်စလုံးက ယုံကြည်ကြမယ်ဆိုတဲ့အထိ အဆင်ပြေဖို့ဆိုတာ အိပ်မက်ထဲတောင် ဖြစ်နိုင်တဲ့ကိစ္စမျိုး မဟုတ်ဘူးနော်..."

"ခဲယဉ်းသားပဲရှင်... စကားအဖြစ်သာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ... အဲသလောက်ထိအောင် အဆင်ပြေမယ် ဆိုဦးတော့... ကျွန်တော် စဉ်းစားရဦးမှာပဲ"

ကိုလှပိုလည်း... ဤတွင် စကားစ,ဖြတ်လျက်၊ တစ်စုံတစ်ရာကို ခပ်သွက်သွက် တွေးလိုက်ပြီးမှ...

"ကျွန်တော် နားလည်သလောက် ပြောရရင်၊ မိန်းမတွေဟာ သားမယားရယ်လို့ ဖြစ်လာပြီဆိုရင် ကိုယ့်လင်နဲ့မှ အတူတူနေချင်မယ်... အတူတူ စားချင်မယ်၊ အတူတူသွားချင်မယ်၊ အတူတူ ပျော်ချင်မယ်၊ အချိန်ရှိသရွေ့ လင့်မျက်နှာကိုပဲ ကြည့်နေချင်မယ် မဟုတ်လား၊ အဲဒီတော့ မယားကြီးအိမ်သွားနေတဲ့ အချိန်ဟာ မယားငယ်အဖို့ ဆုံးရှုံးမယ်...မယားငယ်နဲ့ ရုပ်ရှင်ကြည့်တဲ့အချိန်ဟာ မယားကြီးအဖို့၊ အို...အများကြီးပါ မနုကြည်၊ ကျွန်တော် စဉ်းစားသဘောပေါက်ထားသမျှသာ အသေးစိတ်ပြီး ပြောရရင် ဒီတစ်ည မိုးလင်းလို့ နောက်တစ်နေ့ မိုးချုပ်တောင် ဆုံးဦးမှာမဟုတ်ဘူး၊ ကဲ...နက်ဖြန်မှပဲ အေးအေးဆေးဆေး ပြောပါရစေတော့ဗျာ... နော်..."

ထိုစကားဆုံးသည်နှင့် မနုကြည်က မြမြတင်ဘက် လှည့်လိုက်ကာ...

"ဟော... အဲဒါသိလား ညီမလေး... မနုကြည်တို့ကို နှင်တာကွဲ့... အချိန်မရှိတော့ဘူး၊ ကိုယ့်အခန်းကို ပြန်ကြတော့ ဆိုတဲ့ သဘောပဲ ထင်ပါရဲ့၊ ကဲ...မထွေးရေ...လာ...ပြန်ကြစို့"

သို့လျှင် မနုကြည်က ခပ်တည်တည် ပြောလိုက်သဖြင့် ကိုလှပိုကလည်း အားပါးတရ ရယ်ရင်း တစ်စုံတစ်ရာပြောတော့မည် အပြု... မနုကြည်ကပင် ဆွဲတွယ်လျက်၍...

"အလကား ရယ်စရာပြောတာပါရှင်... ကျွန်မတို့လည်း အမှတ်တမဲ့သာ ထိုင်စကားကောင်းနေကြတယ် ၁၀-နာရီတောင် ထိုးလုနေပြီ"



ပြောပြောဆိုဆိုပင် ထ,လိုက်သည်နှင့်...

"ဒါပဲနော် မမကြည် မြမြကို တကယ်ခွင့်လွှတ်တာဖြင့် ခါတိုင်းလိုပဲ ကိုပိုနဲ့ သွားရလာရ ပြောရဆိုရမယ် မြမြ-မသက်သာ စိုးလို့ဆိုတဲ့ ဆင်ခြင်မှုမျိုးတွေ လုပ်မနေရဘူး"

"အေးပါ ညီမရယ်... အစကတည်းက နှစ်ယောက်စလုံး သန့်ရှင်းခဲ့တာပဲ ဥစ္စာ ဘာမှ မှိုးတိုးရှန့်တန့် ဖြစ်စရာမလိုပါဘူး၊ ခုလို ရှင်းသွားပြီ ဆိုတော့ သာလို့တောင် အဆင်ပြေဦးမယ်"

ထိုအချိန်၌ မထွေးလည်း ကလေးကို နေရာတကျ သိပ်၍ ရိပ်ခံနဲ့ ထွက်သွားပြီ ဖြစ်၏။ မနုကြည်လည်း သူ့စကားအဆုံးမှာပင် အပြုံးနှင့် လှည့်ထွက်သွား၏။

နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် ကျန်ရစ်ခဲ့သော ကိုလှပိုနှင့် မြမြတင်တို့မှာမူ တစ်ယောက်နှင့်တစ်ယောက် ဘာစကား ကစ,၍ ပြောရမည် မသိသလို ချစ်ရည်အိနေသော မျက်လုံးများဖြင့် ကြည့်နေကြရင်းကပင်၊ ကိုလှပိုလည်း မြမြတင်အား ကပိုကရို သိမ်းဖက်လိုက်၏။ အချက်ပေါင်းများစွာ တစ်မျက်နှာလုံးအနှံ့ ဆိုးဆိုးဆတ်ဆတ် မွှေးပစ်လိုက်ပြီးမှ...

"အင်း... ကိုပိုဖြင့် ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိဘူး...အဟုတ်ပဲ တစ်သက်နဲ့ တစ်ကိုယ် ဒီတစ်ခါပဲ ဒီလောက် တုန်လှုပ်ဖူးတယ်၊ တကယ်ပဲ...မြ သိလား၊ ဘုရား အဆူဆူချွတ်လို့"

"အို...ကျွန်နဲ့ ကိုပို၊ ကျွန်လည်း မကျွန်နဲ့ ဒီအကြောင်းလည်း ထပ်မပြောနဲ့တော့၊ ကိုပိုတို့အပေါ်မှာ ခုလို အထင်မှားမိတဲ့အတွက် တွေးမိတိုင်း...မြ စိတ်ကောင်းနိုင်မှာ မဟုတ်တော့ဘူး သိလား..."

"မဟုတ်ဘူး... ဒါ-ကိုပို့အပြစ်၊ တကယ်ဆိုရင်..."

"ဟင့်အင်း...ဒီစကားတွေ ဒီမှာတင် ရပ်တော့...နောက် နောင်သာ ခုန ကိုပိုပြောသလို တစ်ယောက်နဲ့ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

အိအိးယို–ရှုရှုပေါက်တာက အစ, မှန်တဲ့အတိုင်း ပြောတမ်းဟုတ်လား…”ဟု ပြောရင်း ပြုံးနေသောကြောင့်…

“အေး…ကိုပိုလည်း ဒေါ်မှာ မိန်းမပျို ဘယ်လောက်တွေ့ပြီး ဘယ်နှစ်ခါ ပြစ်မှားခဲ့တယ်ဆိုတာပါ နေ့တိုင်း အစီရင်ခံမယ်”

“ဟင်–ဒါဖြင့် မြကလည်း ယောကျ်ား ဘယ်နှစ်ယောက်ကို သဘောကျပြီး ဘယ်နှစ်ခါ ပြစ်မှားမိ”

“ဟိတ်…တော်လျော့ပြီးတော့ မြရယ်…အိမ်ထောင်ရှင် မိန်းမသားတွေမှာ ယောကျ်ားချောချောမြင်တိုင်း ပြစ်မှားတတ်တဲ့ စိတ်မျိုး မရှိပါဘူး မြရဲ့၊ ရှိရင်တောင် တစ်သောင်းမှာ တစ်ယောက်ထက် မပိုနိုင်ပါဘူး…”

ယောကျ်ားတစ်ယောက်အနေဖြင့် အမြင်သန့်ရှုံသာမဟုတ်ဘဲ မိန်းမများဘက်ကလည်း ယောကျ်ားတိုင်း မမြင်သော သဘောတရားနှင့် မှုမှန်သဘာဝကို တိတိကျကျ ရှာတတ်ပြီး၊ ရှာတွေ့သော်လည်း အခွင့်ကြုံတိုင်း ဖော်ထုတ်ချီးကျူးလေ့ရှိသော ကိုလှပိုအား မြမြတင်သည် အကောင်းဆုံးနည်းဖြင့် အဘယ်ပုံကြည်ညိုရမည်ပင် မတွေးတတ်အောင် ရှိနေတော့၏။

“ဒီမှာ ကိုပို…မြ…ကိုပိုနဲ့ ရတာ သိပ်ကံကောင်းတာပဲနော်”

မြမြတင်တွင် ဤသို့ ပြောလိုက်ရသည်မှာ အရသာရှိသလောက် သုံးလိုက်ရသော စကားမှာမူ အကောင်းဆုံး အနေဖြင့် ပြည့်စုံခြင်း မရှိသေးဟု ယူဆမိကာ မချင့်မရဲ ရှိနေရှာ၏။

“အေး…ကိုပိုလည်း၊ မြနဲ့ ညားတာ သိပ်ကံကောင်းတာပဲလို့ အမြဲယူဆထားတယ် မြ ယုံရဲ့လား”

“ယုံပြီလား ကိုပိုရယ်၊ နို့…အဲသလို ကံကောင်းတယ်လို့ ဘာကြောင့် ကိုပို ထင်နေတာလဲ… ဟင်”

“အင်း…အဲဒါခက်တာပဲ၊ ပြောရင်တော့ ရယ်စရာကြီးလို ဖြစ်ချင်ဖြစ်နေမလား မသိဘူး၊ ကိုပို–မြနဲ့ ညားတာ ကံကောင်းတယ်



ဆိုတဲ့ စကားကို သုံးရတာတောင်၊ ဒီစကားထက် လေးနက်တဲ့ ဒီပြင်စကားလုံး ရှာမရလို့… သိလား”

စောစောက သေလုမျောပါး မောခဲ့ရသဖြင့် အိပ်ရာထက်တွင်ပင် ပက်လက်ကလေး ငြိမ်နေသော မြမြတင်သည် ထိုစကားကြားလိုက်ရသည်နှင့် အူယားဖားယား ထ၍ ကိုလှပိုအား သိမ်းကြုံးဖက်တွယ်ကာ သွက်သွက်လည်အောင် မွှေးပစ်လိုက်၏။

“မြလည်း–ဒီအတိုင်းပါပဲ ကိုပို–ဟုတ်တယ်၊ ခု–ကိုပိုပြောသလိုပဲ”ဟု ပြောရင်း ကိုလှပိုအား စူးစိုက်ကြည့်နေပြီးမှ…

“ဟုတ်တယ်နော်၊ ဒီပြင် လင်မယားတွေအဖို့မှာတော့ ဘယ်လောက် ချစ်တယ်…ဘယ်လို ကုသိုလ်ထူးလို့ ညားကြတယ်ရယ်လို့… ပြောစရာ စကားတွေ ရှိနေပေမယ့် မြတို့မှာတော့–တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုချစ်ပြီး… ဘယ်လောက်ကြင်နာလို့ ဘယ်အထိ မြတ်နိုးမယ်…ဆိုတာကို အဓိပ္ပါယ်ပေါ်လွင်လာအောင် သုံးနိုင်တဲ့ စကားလုံးမျိုး ရှာလို့ မရသေးဘူးနော်”

“ဘယ်ရှာလို့ရမလဲ၊ မြက… မရှိတဲ့ နေရာမှာ… လိုက်ရှာနေတာကိုး”

“ဟင်…နို့–ရှိကောရှိလို့လား…ဒါဖြင့် ပြော ဘယ်နေရာမှာလဲ…”

“နှစ်ခုသော နေရာမှာပေါ့… တစ်ခုက…မြရဲ့ အသည်းထဲမှာ… နောက်တစ်ခုက ကိုပို့ အသည်းနှလုံးထဲမှာ…”

ပြီးပါပြီ

♥ ♥ ♥ ♥ ♥ ♥ ♥

သဉ္ဇု

www.burmeseclassic.com